www.burmeseclassic.com



တက္ကသိုလ်

# နေလင်းဒေါင်

သိုင်းတုံ့ပွင့်ရျှို ပထွေသိ

နေဝင်းသစ်ဟာပေ

စာစဉ် - ၅

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ် နေလင်းအောင်

# သိုင်းတုံပွင့်လျှံ ပလွေသံ

စာစဉ် ( ၅ )

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်

---

# ပြည်သူ့သဘောထား

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ကျင်ကြ၊

— နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊

— နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

အခန်း (၆၃)

## ကျန်လုဂိုဏ်း၏ ညှော်ခံပွဲ

မိန်းကလေးသည် သူ့ခါးဖြင့် အမိနှိပ်ပေးနိုင်သည်ကို တွေ့ရှိလိုက်ရသောအခါ အလွန်တရာ ဝမ်းသာသွားသည်။

စောစောကပလွေသံသည် သူ့ခါးစွမ်းကို ပျက်ပြယ်စေခဲ့သည်။

ယခုအခါ သူမသည် ဆန်ကွမ်းချီကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီ။

သူမသည် အချိန်မဖြုန်းတော့ပေ။

လှေကြီးပေါ်သို့ ခုန်တက်လိုက်၏။

လှေကြီးပေါ်သို့ ရောက်သောအခါ ဆန်ကွမ်းချီအား လှမ်းခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'လှေပေါ်ပြန်...'

သူ့မျက်အမိန့်ပေးခေါ် ယူသော မဆုံးမိက္ကာလေး၌ပင် လူရိပ်တစ်ခု လှေငယ်ပေါ်သို့ ပြေးလွှားခုန်တက်လာသည်။

ထိုလူရိပ်ကား ယွမ်ရှောက်တည်း။

'အစ်ကိုကြီး'

သူသည် ဆန်ကွမ်းချီနှင့် ဖန်မုဆရာတော်အကြား၌ ရပ်ကာ သူ့အစ်ကိုကြီးအား လှမ်းခေါ်၏။

သူ့အစ်ကိုကြီးက သူ့အား ငေးကြောင်ကြောင်ကြည့်နေမှန်း တွေ့လိုက်ရသောအခါ မိန်းကလေးခတ်ထားသည့်အဆိပ်ဆေး မပြယ်သေးကြောင်း ရိပ်မိလိုက်၏။

သူသည် ဖန်မုဆရာတော်အား လှည့်၍တောင်းပန်လိုက်၏။

'ကျုပ်အစ်ကိုကြီးဟာ သတိကောင်းကောင်း မရသေးပါဘူး။ သူ့ကို ဖွေမယူပါနဲ့'

ဖန်မုဆရာတော်သည် အခြေအနေအားလုံးကို သုံးသပ်ကြည့်လိုက်၏။

ချင်းချန်မားနှစ်ဖော်သည် သူတို့ကို ရှေကျုံနှင့်ရှေနန်း တိုက်ခိုက်နေသည်။



ဆန်ကွမ်းချီလည်း ပြန်လည်လွတ်မြောက်သွားပြီ။

ယွမ်ရှောက်ဆိုသည့်လူငယ်လည်း ပြန်လည်ရောက်ရှိလာခဲ့ပြီ။

အခြေအနေသည် သူတို့အတွက် အကောင်းဘက်မှာ မရှိတော့ပြီ။

သူသည် ချင်းချန်မားနှစ်ဖော်အား တိုက်ခိုက်နေရင်းမှ ဖေကိုးလျှန်အား သတိပေးလေ၏။

'ဒကာကြီး ဖေကိုးလျှန်...ကျုပ်တို့ ကမ်းစပ်ပေါ် ပြန်တက်မှ ဖြစ်မယ်၊ အခြေအနေက လုံမလေးဝန်းဘက်က သာနေတယ်'

ဖေကိုးလျှန်ကလည်း သဘောပေါက်သည်။

ချင်းချန်မားနှစ်ဖော်နှင့် တိုက်ခိုက်နေသော်လည်း အခြေအနေအရပ်ရပ်ကို အကဲခတ်နိုင်ခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် ခေါင်းညိတ်သည်။

'မှန်တယ် ဆရာတော်၊ ဂိုဏ်းချုပ်ကြီး အို့ရန်တု ဘာတွေ စီစဉ်နေသလဲတော့ မသိဘူး၊ သူ့အစီအစဉ်ကို ပြန်နားထောင်ရင် ကောင်းမယ်နဲ့တူတယ်'

'ကောင်းတယ် ဒကာကြီး၊ ကျုပ်ကလဲ ဒါပဲ ပြောချင်နေတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



တက်မုဆရာတော်သည် လှေကလေးပေါ်သို့ ရှေးဦးစွာ ခုန်ချသွားပြီး ဖန်မုဆရာတော်၏လက်ကိုဆွဲကာ ကျောက်တုံးမှ တစ်ဆင့် ကမ်းစပ်သို့ ခုန်တက်သွားသည်။

သူ့နောက်မှ ဖေကုံးလျှန်လည်း တပ်ခေါက်နောက်ဆုတ်ပြီး ခုန်ချလာသည်။

မိန်းကလေးသည် တပ်ဆုတ်သွားသည့် တက်မုဆရာတော်၊ ဖန်မုဆရာတော်နှင့် ဖေကုံးလျှန်တို့ကို စိန်းစိန်းကြီးကြည့်နေသေး၏။

သူမလှေကြီး၏ ပတ်ဝန်းကျင်၌ စက်ဝိုင်းပမာလှည့်ပတ်နေသည့်လောင်းလှေကလေး ဆယ်နှစ်စင်းကိုလည်းအကဲခတ်သည်။

ကျန်လုဂိုဏ်းချုပ်ကြီးသည် သူမတို့အား ယခုထက် ပို၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်ရန် ထပ်မံအင်အားစုဆောင်းခြင်း ဖြစ်မည်ဟု သူမ တွက်ဆ၏။

မည်သို့ပင်ဖြစ်စေ လှေကလေးပေါ်၌လည်းကောင်း၊ လှေကြီးပေါ်၌လည်းကောင်း မိမိတို့၏လူများသာ ရှိတော့သဖြင့် သိပ်စိုးရိမ်စရာ မရှိတော့ပေ။

ထို့ကြောင့် လှေကလေးပေါ်သို့ခုန်ချလိုက်ပြီး ယွမ်ရှောက်နှင့် ရှင်ဆိုင်၏။

'ရှင် စောစောက ဘယ်ကိုပြေးသွားတာလဲ'



'ကျုပ်ရဲ့ အဘဆရာကြီးကို သွားရှာတာဗျ'

'ရှင့်အဘ ဆရာကြီးဆိုတာ ဘယ်သူလဲ'

'ကျုပ်အစ်ကိုကြီးရဲ့ အဘဆရာကြီးပေါ့ဗျ'

မိန်းကလေးသည် ယွမ်လျှောက်၏မျက်နှာကို လှမ်းကြည့်မိ၏၊

ယွမ်ရှောက် နောက်ပြောင်နေသည် မဟုတ်ကြောင်း သေချာသွား၏။

'ရှင်တို့က တစ်ဆရာတည်း တပည့်တွေပေါ့'

'အဘဆရာကြီးဟာ အစ်ကိုကြီးရဲ့ ဆရာပဲ၊ ကျုပ်ရဲ့ဆရာလဲ သူပဲ'

'ရှင်တို့က ဘယ်ဂိုဏ်းကလဲ'

'ဘာဂိုဏ်းလဲ'

'ရှင်တို့ အဘဆရာကြီးဟာ သိုင်းဆရာကြီး မဟုတ်ဘူးလား'

'ဟုတ်တယ်၊ အဘဆရာကြီးကို ဘယ်သူကမှ မမီဘူး၊ အဘဆရာကြီးဟာ သိပ်တော်တယ်'

'ရှင်တို့မှာ တပည့်တွေ အများကြီးရှိမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'မရှိပါဘူး၊ အစ်ကိုကြီးနဲ့ကျုပ်တို့ နှစ်ယောက်ပဲရှိတယ်'

သူမသည် ယွမ်ရှောက်၏ ထူးခြားသောရုပ်ရည်နှင့် စကားပြောရာ၌ လေးလေးပင်ပင် ရှိပုံကို သတိပြုမိသည်။

အာမန်လူများနှင့် ပြောဆိုဆက်ဆံသလို မြန်မြန်ဆန်ဆန် ပြောဆိုဆက်ဆံ၍ မရကြောင်းကိုလည်း သတိပြုမိ၏။

တစ်ခုခုတော့ တစ်ခုခုပဲဟု သူမ သံသယရှိသည်။

သို့သော် ယွမ်ရှောက်၏တောတွင်းသားဘဝ ဇာတိကိုတော့ လွင်းဖောက်မသိနိုင်ခဲ့ပေ။

'ရှင့်နာမည်ကို ဘယ်လိုခေါ်သလဲ'

'ယွမ်ရှောက်'

မိန်းကလေး အံ့ဩသွားသည်။

ယွမ်ဆို သည်မှာ မြောက်အမည်ဖြစ်၏။



လူ့ရုပ်က မြောက်ရုပ်နဲ့တူနေလို့ သူ့ကို ယွမ်ရှောက်လို့ ခေါ်တာပဲ ဖြစ်မည်ဟုတွေးနေ၏။

ယွမ်ရှောက်က ဆက်ပြော၏။

'ကျုပ်အစ်ကိုကြီးရဲ့ အမည်ကိုကော သိချင်သေးသလား၊ ကျုပ်အစ်ကိုကြီးရဲ့အမည်က ဆန်ကွမ်းချီတဲ့'

'ရှင့်အစ်ကိုကြီးရဲ့နာမည်ကို ကျွန်မ မမေးသေးဘူး'

'မမေးလို့မရဘူး၊ ကျုပ်အစ်ကိုကြီးဟာ ကျုပ် အချစ်ဆုံးပုဂ္ဂိုလ်ပဲ၊ သူ့ကိုမေးရမယ်'

'နောက်ထပ် ရှင်ချစ်တဲ့ပုဂ္ဂိုလ် ရှိသေးသလား'

'ရှိတာပေါ့၊ ကျုပ်ရဲ့ အဘဆရာကြီးပေါ့ဗျ'

မိန်းကလေးသည် ဆန်ကွမ်းချီအား ထိန်းချုပ်နိုင်သမျှကာလပတ်လုံး ယွမ်ရှောက်ကိုပါ ထိန်းချုပ်ထားနိုင်မည် ဖြစ်ကြောင်း သိ၍ နားလည်သဘောပေါက်လာသည်။

သူမသည် ခေါင်းကိုငဲ့ယမ်းပြီး ဆန်ကွမ်းချီကို အမိန့်ပေးလိုက်၏။

'ရှင် လှေပေါ်ပြန်တက်လိုက်ပါ'

ဆန်ကွမ်းချီသည် ခေါင်းကိုတစ်ချက်ကြည့်လိုက်ပြီး လှေကြီးပေါ်သို့ ခုန်တက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ရှောက်မှာမူ လှေကလေးအပေါ်၌ ရပ်ကာ ခုန်တက်သွားသည့် သူ့အစ်ကိုကြီးအား ငေးကြည့်နေ၏။

'ရှင်ကော ဘာဖြစ်လို့တစ်ယောက်တည်း ကျန်နေရစ်ခဲ့တာလဲ၊ ရှင့်အစ်ကိုကြီး လှေပေါ်တက်သွားပြီ၊ ရှင်လဲ လိုက်တက်လေ၊ ဘာလဲ ကျွန်မတို့နဲ့အတူတူ မလိုက်တော့ဘူးလား'

မိန်းကလေး၏ ဆော်သြသံကို ကြားလိုက်ရသည့်အခါ ယွမ်ရှောက်မှာ ဆတ်ခနဲဖြစ်သွား၏။

တစ်ခေါက်ကလုံး၌ သူအခင်တွယ် အားထားရဆုံး ပုဂ္ဂိုလ်ဆို၍ ဆန်ကွမ်းချီတစ်ယောက်တည်းသာရှိရာ သူ့အနေဖြင့် အဘယ်မှာလျှင် မလိုက်ဘဲ ရှိပါအံ့နည်း။

'လိုက်မှာပေါ့၊ ကျုပ်အစ်ကိုကြီး ရှိတဲ့နေရာမှန်သမျှ ကျုပ်လိုက်နေရမှာပဲ'

'ဒီလိုဆိုရင် လှေပေါ်တက်လေ'

'ကျုပ်အစ်ကိုကြီးကို အန္တရာယ် မပေးရဘူးနော်'

'မပေးပါဘူး၊ ရှင့်အစ်ကိုကြီးကို ကျွန်မတို့က အားကိုးနေရတာရှင့်၊ ရှင်မျက်မြင်ပဲလေ'

ယွမ်ရှောက်သည် လှေပေါ်သို့ ခုန်တက်သွားလေတော့၏။



မိန်းကလေးသည် ဆန်ကွမ်းချီ၊ ယွမ်ရှောက်၊ တုထန်ဟိုနှင့် ချင်းချန်မားနှစ်ဖော်တို့ကို လှေဝမ်းကြီးထဲဝင်ရန် အမိန့်ပေးလိုက်လေ၏။

ထိုအချိန်တွင် ကမ်းနဖူး၌ ဂိုဏ်းချုပ်အို့ယန်ထု၊ ထန်ရှင်ကွမ်းစန်စင်၊ တက်မုဆရာတော်၊ ဖန်မုဆရာတော်၊ ဖေကုလျှန်၊ ဝမ်ကန်း စသည်တို့သည် ဝိုင်းဖွဲ့တိုင်ပင်နေ၏။

တက်မုဆရာတော်က....

'အခု လောလောဆယ်တော့ ကျုပ်တို့ ဘာလုပ်ကြရင်ကောင်းမလဲ၊ ဂိုဏ်းချုပ်ကြီးပဲ အမိန့်ရှိပါ'

အို့ယန်ထု စကားမပြောပါ။

ထန်ရှင်အား ကြည့်သည်။

ထန်ရှင်က....

'ဂိုဏ်းချုပ်ကြီးရဲ့ မိတ်ဆွေဟောင်းကြီးတွေ အားလုံး ဘာမှ မစားသောက်ကြရသေးဘူးဆိုတာ ဂိုဏ်းချုပ်ကြီး သိရှိပြီးသားဖြစ်ပါတယ်၊ ယာယီဌာနချုပ်ကို လိုက်ပြီး အနားယူကြဖို့ ဂိုဏ်းချုပ်ကြီးကိုယ်စား ကျုပ်ကပဲ ဖိတ်ခေါ်ပါတယ်'

ထိုစကားကို ကြည့်သည်အားလုံး သဘောပေါက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထု နှင့် ထန်ရှင်တို့သည် မိန်းကလေးကိစ္စ၊ ကျွန်လုံ ဝမ်ကိစ္စကို အေးအေးဆေးဆေးတိုင်ပင်ရန် ဤသို့ဖိတ်ခေါ်ခြင်း ဖြစ်ပေလိမ့်မည်။

ဖေကုံးလျှန်သည် တပင်တိုင် ရှက်လှေကြီးကိုကြည့်ပြီး စိတ်ပူပန်စွာပြော၏။

'ကျုပ်တို့ ဒီကထွက်ခွာသွားတဲ့ အချိန်မှာ ဟို မိန်းမဆိုး ကလေးကလဲ ဒီကထွက်ခွာသွားလိမ့်မယ်၊ သူ့ကို နောက်ထပ် ဖမ်းမိဖို့ မလွယ်တော့ဘူးဗျ'

အို့ယန်ထု လည်း ထိုလှေကြီးကို လှမ်းကြည့်၏။

'နောင်ကြီး ဖေကုံးလျှန် ဒီအတွက်တော့ စိတ်ချပါ၊ ဒီမိန်း ကလေး မိုးကုပ်စက်ဝိုင်းအပြင်ဘက် ထွက်ပြေးလို့လဲ ကျုပ်လူ တွေရဲ့ မျက်စိအောက်က မလွတ်နိုင်ပါဘူး၊ တကယ်လို့ တိုက်ခို ခိုက်ကြမယ်ဆိုရင်လဲ ကျုပ်တပည့် ရေသူရဲ လေးဆယ့်ရှစ်ယောက် က ဝိုင်းပြီး တိုက်ခိုက်ကြပါလိမ့်မယ်၊ သူဘယ်လိုမှ မလွတ်ပါ ဘူး'

ထန်ရှင်က....

'ကျုပ် အမြင်တော့ ဒီလှေကြီးဟာ မလေးငါးနာရီအတွင်း လှုပ်ရှားဦးမယ် မထင်ဘူး'

ဖေကုံးလျှန်က စူးစမ်းလိုက်၏။



'ဘာကြောင့် မထင်တာလဲ'

'မိန်းကလေး လှေကလေးပေါ်ကနေ လှေကြီးပေါ် တက် သွားတာ ကြာပြီဗျ၊ ခုဆက်ထိ လှေကြီးဆီက လှုပ်ရှားမှုမတွေ့ ရသေးဘူး'

'ဘာသဘောလဲ'

'တစ်ခုခုကို စောင့်နေတဲ့ သဘောပေါ့ဗျာ'

'စစ်ကူများလား'

'ဖြစ်နိုင်တာပဲ၊ ဒါမှမဟုတ် သူတို့ဂိုဏ်းက အကြီးအကဲတစ် ဦးဦးကို စောင့်နေတာ ဖြစ်နိုင်ပါတယ်'

ဖေကုံးလျှန် နှုတ်ဆိတ်သွား၏။

ဂိုဏ်းချုပ်ကြီးအို့ယန်ထု နှင့် ပညာရှိထန်ရှင်တို့သည် ဤမိန်း ကလေးကို လက်လွတ်ခံမည်မဟုတ်ဟု ယုံကြည်သွား၏။

ထိုအကြောင်းကြောင့် ကျွန်လုဂိုဏ်း၏ ယာယီဌာနချုပ်သို့ လိုက်ပါအနားယူရန် အားလုံးသဘောတူညီလိုက်ကြသည်။

ဂိုဏ်းချုပ်ကြီးအို့ယန်ထု က ဦးဆောင်ပြီး ယာယီဌာနချုပ် သို့ သွားကြသည်။

မကြာမီ အချိန်အတွင်းမှာပင် သစ်ခက်တဲ ထိုးထားသည့် နေရာသို့ ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကောင်းသော သစ်ပင်ကြီးများအောက်၌ ဝါးခုံ များကို စားပွဲမဟာ စင်များရိုက်ထား၏။

ထိုစားပွဲများပေါ်၌ အရက်နှင့် ဟင်းလျာများ၊ ဖွယ်ဖွယ် ရာ ပြင်ဆင်ထားသည်။

တောထဲ တောင်ထဲ ဤသို့ ပြင်ဆင်ထားနိုင်သည်မှာ အံ့ စရာပင်။

ဝမ်ကန်းက တအံ့တသြ ချီးကျူးသည်။

'အား....ကျွန်လုဂိုဏ်း မလုပ်နိုင်တဲ့အရာဆိုလို့ ဘာမှမရှိတော့ ကလား'

သူ့စကားကို ကြားလိုက်ရသောအခါ ဂိုဏ်းချုပ်ကြီး အို့ ယန်ထို ပြုံးမိသည်။

'မိတ်ဆွေ ဝမ်ကန်း....အဲဒီစကားကတော့ ကျွန်လုဂိုဏ်း အလွန်အကျံ ချီးကျူးလိုက်တာပဲ၊ ကျွန်လုဂိုဏ်းဟာ မိတ် ထင်သလောက် မစွမ်းသေးပါဘူး၊ စွမ်းရင် ဟိုလုံမလေး ဆိုတဲ့ မိန်းကလေးကို အခု ဖမ်းခေါ်လာနိုင်မှာပေါ့ဗျာ'

သူတို့ တဲပတ်ဝန်းကျင်တွင် ကျွန်လုဂိုဏ်းသားများ ကျိုး ကျဲတဲ တွေ့ရ၏။



အခြား မမြင်ကွယ်ရာ အရပ်များ၌ မည်မျှအထိ ကင်းချ ထားမည်ကို ဝမ်ကန်းတို့ မခန့်မှန်းနိုင်ကြချေ။

ဂိုဏ်းချုပ်ကြီး အို့ယန်ထို သွားလေရာနောက်၌ သံမဏိ ကိုယ်ရံတော်နှစ်ဦး အမြဲတမ်း ထက်ကြပ်မကွာ ပါရှိသည်။

ဖေကုံးလျှန်သည် ထိုနှစ်ယောက်ကို ကြည့်ပြီး အို့ယန်ထို အား မေးလိုက်၏။

'ဂိုဏ်းချုပ်ကြီး....ဂိုဏ်းချုပ်ကြီး နောက်ပါးက ထက်ကြပ် မကွာလိုက်နေတဲ့ လူနှစ်ဦးဟာ သံမဏိကိုယ်ရံတော်နှစ်ဦးလား'

'ဟုတ်ပါတယ်၊ ကဲ....အရက်ကော အစားအသောက်ကော အပြည့်အစုံ စီစဉ်ထားပါတယ်၊ ဧည့်သည်တော်အားလုံး စား သုံးကြပါ'

တက်မုဆရာတော်က....

'အရက်ကိုတော့ ခွင့်လွှတ်ပါ ဒကာကြီး၊ ကျုပ်တို့က ဘုန်းကြီးဆိုတော့ အရက်နဲ့ လုံးဝမအပ်စပ်ဘူး'

အို့ယန်ထို က ကပျာကယာ တောင်းပန်သည်။

'သည်းခံပါ ဆရာတော်...,သည်းခံပါ၊ တပည့်တော် သတိ မေ့သွားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထုသည် တက်မုဆရာတော်နှင့် ဖန်မုဆရာတော်၏ ရှေ့မှ အရက်အိုးများကို ဖယ်ရှားပစ်တော့သည်။

အစားအသောက်များကို ဖြည့်တင်းပေးမည့် ကျွန်လုဂိုဏ်းသားများနှင့်သမဏကိုယ်ရံတော်နှစ်ဦးမှာ ပျာပျာသလဲဖြစ်သွားပြီး စားပွဲပေါ်မှ အရက်အိုးများကို ဂိုဏ်းချုပ်ကြီး အို့ယန်ထုမကိုင်မီ အရေးတကြီး ဖယ်ရှားကြလေ၏။

အရက်အိုးများ ရှင်းလင်းသွားသောအခါမှ စားသောက်ရင်း စကားစမြည် ပြောဆိုကြသည်။

ထန်ရှင်က...။

'အခု နောင်ကြီးတို့ ကျုပ်တို့ တွေ့ရတဲ့ ရန်သူဟာ သေးသေးကွေးကွေး ရန်သူမဟုတ်ပါဘူး၊ သိုင်းလောကကြီးတစ်ခုလုံးကို ခြိမ်းခြောက်နေတဲ့ ရန်သူကြီးပဲ ဖြစ်ပါတယ်'

တက်မုဆရာတော်က ဝင်ထောက်၏။

'လုံမလေးဝန်ဟာ ဘယ်အဆင့်သောက် ရှိမလဲ'

'ဩော်...ဆရာတို့က ကျုပ်တို့ဂိုဏ်းက လေ့ကျင့်ရေးမှူးကြီး ကွမ်းစန်စင်နဲ့ မိုတ်ဆွေကြီး ဝမ်ကန်းတို့ တွေ့ကြုံခဲ့တဲ့ အတွေ့အကြုံကို မသိရသေးဘဲ ရှိနေပုံရတယ်'

လေ့ကျင့်ရေးမှူးကြီး ကွမ်းစန်စင်သည် ဂိုဏ်းချုပ်ကြီး အို့ယန်ထုအား ဂါရဝပြုပြီး ဘုရားကျောင်းပျက်ကြီးအတွင်း



သူနှင့် ညသိမ်းငှက် ဝမ်ကန်းတို့ တွေ့ကြုံခဲ့သည့် အဖြစ်အပျက်များကို ပြန်လှန်ပြောပြလေ၏။

ကွမ်းစန်စင်၏စကားဆုံးသောအခါ ထန်ရှင်ကရှင်းပြလေ၏။

'ကွန်လုံဝမ်ဆိုတဲ့လူဟာ ကျုပ်တို့ရဲ့ရန်သူကြီးဆိုတာ သေချာနေပြီ၊ မိန်းကလေးကတော့ သူ့လက်ထောက် အဆင့်ဆိုတာ ခန့်မှန်းနိုင်ပါတယ်'

တက်မုဆရာတော်က ကွမ်းစန်စင်အား လှမ်းမေး၏။

'ဒကာကြီး ကွမ်းစန်စင်...အဲဒီကွန်လုံဝမ်ဆိုတဲ့လူရဲ့မျက်နှာကို မမြင်လိုက်ရဘူးလား'

ကွမ်းစန်စင်မှာ မသက်မသာ ဖြစ်သွားသည်။

'ပြောရရင်တော့ ရှက်စရာ ကောင်းလှပါတယ် ဆရာတော်၊ အဲဒီလူ အစိမ်းရောင်ဝတ်စုံဝတ်ထားတယ်ဆိုတာပဲ တပည့်တော် သိလိုက်ပါတယ်၊ သူ့မျက်နှာကို လုံးဝ မတွေ့မြင်လိုက်ရပါဘူး၊ ဘုရားကျောင်းပျက်ထဲက ပြေးထွက်သွားတာကလဲ့ အလွန်ပဲ လျင်မြန်လှပါတယ်၊ မီးခိုးတွေ လေထဲ လွင့်သွားတဲ့အတိုင်း ပါပဲ'

ဝမ်ကန်းလည်း ထိုနောက် ထောက်ခံရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါတယ် ခင်ဗျာ၊ ကျုပ်ဟာ နောင်ကြီး ကွမ်းဇနိစင် အတူ နတ်ရုပ်ကြီးနောက်ကနေ ချောင်းကြည့်ခဲ့ပါတယ်၊ ကွန် ဝမ်ဆိုတဲ့လူရဲ့ မျက်နှာကို လုံးဝ မမြင်တွေ့ခဲ့ရပါဘူး'

ကွန်လုံဝမ်ဆိုသူသည် အစိမ်းရောင်ဝတ်စုံဝတ်ဆင်တတ်သည် ဆိုသည်မှအပ အခြား မည်သည့်ထူးခြားချက်မျှ မတွေ့ကြရ

ထန်ရှင်က ဝင်၍ရှင်းသည်။

'ကွန်လုံဝမ်ဆိုတဲ့ အမည်ဟာ သိုင်းလောကထဲ ထိုးဖော ဝင်ရောက်လာတာ လေးငါးခြောက်နှစ် ရှိနေပြီ၊ ကွန်လုံ ဘယ်သူလဲဆိုတာ ဘယ်သူမှ မသိကြဘူး၊ ဒဲ့ဒီအချက်ကိုက ကွ လုံဝမ်ဟာ အင်မတန် ကြောက်စရာကောင်းတဲ့လူဖြစ်ကြော ဖော်ပြနေတယ်'

ဖေကုံးလျှန်သည် အတွေးအခေါ်သမား မဟုတ်သဖြ ထန်ရှင်၏စကားကို နားမရှင်းပေ။

'နောင်ကြီးထန်ရှင် ဘာကိုဆိုလိုတာလဲဗျ၊ အကျယ်ချဲ့ ပါဦး'

'ဒီလိုပါ၊ သိုင်းလောကထဲမှာ ကျော်ကြားလာတဲ့ ဘယ် ကိုမဆိုသိုင်းသမားတွေမြင်ဖူးလာကြတာပဲ၊မြင်ဖူးမှလဲအကော နဲ့ ဒြပ်နဲ့ကျော်ကြားမှာပေါ့၊ အခုတော့ဒီလိုမဟုတ်ဘူး၊ လူသ ကျော်ကြားလာတယ်၊ သူ့ကို ဘယ်သူမှမမြင်ဖူးကြဘူး၊ ဘ



လိုသူဟာ ဒီလောက် လျှို့ဝှက်နေရသလဲ၊ မကောင်းတဲ့ ကြံအစည်ရှိလို့လျှို့ဝှက်တယ်ဆိုတာ ထင်ရှားတာပေါ့'

'ဟုတ်ကဲ့....ကျုပ်သဘောပေါက်ပါပြီ'

'ဖစ်ခုရှိတယ်၊ ကွန်လုံဝမ်ကျော်ကြားလာပေမယ့် ယွင်ကြို ဆိုတဲ့သိုင်းသမားကြီးတစ်ယောက်တော့ ပျောက်ကွယ်နေခဲ့ ယ်၊ ယွင်ကြိုလုံပျောက်ကွယ်တာ ဒီကွန်လုံဝမ်နဲ့ ဆက်စပ်နေ သားလို့ ကျုပ်တို့ မှန်းဆ တွေးတောလို့ရတယ်'

ထိုအခါ ဝမ်ကန်းက ဝင်ပြော၏။

သူသည်လည်း ဓားပြတစ်ဦးဖြစ်သည့်အားလျော်စွာ နေရာ တာ စပ်စပ်စုစု ရှိသည်ကတော့ အမှန်ပင်။

'ယွင်ကြိုလုံဟာ အမြဲတမ်းလိုလို ခရီးထွက်တတ်တယ်၊ ခရီး က်တဲ့အခါတိုင်း သူ့တပည့်အကျော်အမော်တွေကိုပါ တစ်ပါ ည်းခေါ်သွားလေ့ရှိတယ်၊ သူ တစ်နေ့ရာရာကို ခရီးလွန်မနေ အတွက် သိုင်းလောကထဲက ပျောက်ကွယ်နေတာ ဖြစ်ချင် ယ်'

ထန်ရှင်က....

'သိုင်းသမားကြီး ယွင်ကြိုလုံဟာ အင်မတန် ဖော်ရွေလိုလှ တော့အမှန်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



တက်မုဆရာတော်က ခေါင်းခါ၏၊

'သူဟာ အပေါယံ ချိုသလောက် အတွင်းက တက
ကောက်ကျစ်တဲ့လူလို့ အများကပြောကြတာပဲ၊ မြေခွေးစဉ်း
လို့ ခေါ်ကြသေးတယ်မဟုတ်လား'

ထန်းရွှင်အံ့ဩသွားသည်၊

တက်မုဆရာတော်က ဆက်ပြောသည်၊

'သူဟာ ဖော်ဖော်ရွေရွေနေပေမယ့် ကျွန်နန်သိုင်းလော
ကြီး တစ်နိုင်လုံးကို ချယ်လှယ်နေတဲ့လူလို့ သိုင်းသမားတိုင်
ပြောကြတာပဲ'

ထန်းရွှင် ရယ်သည်၊

'ဒါနဲ့တော့ သူ့ကို လူဆိုးလို့ ပြောလို့ မရသေးဘူးနဲ့
တယ်၊ သူ့ကို ပတ်ဝန်းကျင်ကောင်းကောင်းနဲ့ ပြုပြင်မယ်ဆို
ယွင်ကြိုလိုဟာ သူရဲကောင်းတစ်ယောက်ဖြစ်လာမယ့်လူပါ'

ဖေကိုးလျှန်က....

'ဒါဖြင့်လဲဗျာ၊ ဘာတွေရှည်ရှည်ဝေးဝေးပြောစရာလိုသေ
သလဲ၊ ဂိုဏ်းချုပ်ကြီး အိုယန်ထု နဲ့ ယွင်ကြိုလို ရင်းနှီး
မဟုတ်လား၊ စာတစ်စောင်ရေးပြီးဖိတ်ခေါ်လိုက်ရင် ပြီးတ
ဥစ္စာ'



အိုယန်ထု ခေါင်းညိတ်၏၊

'ကောင်းပါတယ်၊ ကျုပ် စာတစ်စောင်ရေးပြီး ပေးခိုင်း
လိုက်ပါမယ်'

သူသည် နောက်သို့လှည့်၍ အမိန့်ပေးလိုက်၏၊

'ပေါ့ကုန်းပေါင်....ငါစာရေးမယ်'

ပေါ့ကုန်းပေါင်မှာ လွန်စွာအကင်းပါးသည်၊

အိုယန်ထု အမိန့်ပေးနေစဉ် အတောအတွင်း စာအဝသို့
ပြန်ရောက်နေပေပြီ၊

စာရေးတော့ဆိုကတည်းက လိုအပ်သောပစ္စည်းများ သွား
ယူခြင်းဖြစ်သည်၊

သူပြန်ထွက်လာသောအခါ ဂလောင်တံ၊ မင်အိုးနှင့် စာ
ရွက်များပါလာ၏၊

အိုယန်ထု သည် စာလေးငါးကြောင်း ကောက်ရေးလိုက်
သည်၊

စာအိတ်တစ်အိတ်တွင်ထည့်ကာ ပေါ့ကုန်းပေါင်၏ လက်ထဲ
သို့ ပေးအပ်လိုက်၏၊

ပေါ့ကုန်းပေါင်သည် စာကိုလက်ခံယူရင်း....

www.burmeseclassic.com

www.burmeseclassic.com



'ဂိုဏ်းချုပ်ကြီး…အဘယ်၍ ယွင်ကြိုလုံကို မတွေ့ခဲ့ရင်ကော ခင်ဗျာ၊ ဘယ်သူ့လက်ထဲပေးအပ်ခဲ့ရမလဲ၊ အမိန့်ရှိပါ ခင်ဗျာ'

'သူ့ဇနီးကိုဖဘ်ခိုင်းလိုက်၊ အကျိုးအကြောင်း နားဆောင်လာခဲ့'

'ဟုတ်ကဲ့…အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်ခင်ဗျာ'

ပေါ့ကုန်းပေါင် ပြေးထွက်သွားသည်၊

ပေါ့ကုန်းပေါင် ပြေးထွက်သွားပုံ လျင်မြန်လှသည်၊

သိုင်းသမားတိုင်း အံ့ဩကြသည်၊

ဖေကုံးလျှန်က….

'ဩော်…ဒါကြောင့်လဲ သူတို့ကို နတ် ခြေမြန်တော်လို့ ခေါ်ကြသေးတာကိုး၊ သူတို့ အကြောင်းမဲ့ ကျော်တာမဟုတ်ပဲကိုး'

အို့ယန်ထုံက ပြုံး၍ပြောသည်၊

'အကြောင်းမဲ့ ကျော်တာပါဗျာ'

'သူတို့ ဒီသတင်းကို ဘယ်အချိန်လောက် ပြန်ယူခဲ့မလဲ'

'ည နှစ်ချက်တီးလောက်ဆိုရင် ပြန်ရောက်နိုင်တယ်'



ဖေကုံးလျှန် အံ့ဩသွားရလေသည်၊

'ဘုရားရေ…ဒီလောက်ဝေးကွာတဲ့ခရီးကို သူ ဒီလောက် မြန်မြန်သွားနိုင်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား'

အို့ယန်ထုံက ပြုံး၍ ပြော၏၊

'သွားနိုင်ပါတယ်၊ မယုံရင်စောင့်ကြည့်ပေါ့ဗျာ'

တက်မုဆရာတော်က….

'ယွှင်ကြိုလုံကိစ္စကို အသာ ဘေးဖယ်ထားလိုက်ကြပါ၊ ယိုလုံမလေးဝန်ကို ဘယ်လို ဖမ်းဆီးကြမယ်ဆိုတာ ညှိနှိုင်းရင်ကောင်းမယ်နဲ့တူတယ်'

ထန်ရှင်က ရှင်းပြသည်၊

'အခု ပုံစံအတိုင်း ဝင်ဖမ်းရင်တော့ နှစ်ဦးနှစ်ဖက်အပြင်းအထန် ဒဏ်ရာရကြလိမ့်မယ်၊ ကျုပ်တို့ဒဏ်ရာရပြီးမှ သူတို့ကို ဖမ်းနိုင်လိုက်တော့ အလကားပါပဲ၊ ကွန်လုံဝမ်သိပ်သဘောကျသွားလိမ့်မယ်'

တက်မုဆရာတော်က မေး၏၊

'ဒကာကြီးထန်ရှင်က ဘယ်လိုလုပ်ချင်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်ကတော့ ရေသူရဲ လေးဆယ့်ရှစ်ယောက်ကို အသုံးပြုပြီး သူတို့လှေဝမ်းကို ရေအောက်က ဖောက်ခိုင်းမယ် ကြံတာပဲ၊ ပြီးမှဖမ်းမယ်လို့ စိတ်ကူးထားတယ်၊ ဒါကို ခဏ ဆေးဖယ်ထားပါလေ၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းကလေးဟာ ကျွန်လုံဝမ်ရဲ့ အရိပ်ဖြစ်နေတော့ အရိပ်နောက်ကို လိုက်ရင် အကောင်တွေ့နိုင်လို့ပါပဲ'

တက်မုဆရာတော်နှင့် ဖန်မုဆရာတော်တို့သည် ထိုအချက်ကို လက်ခံကြ၏။

'ဒါလဲဟုတ်တာပဲ'

ထန်ရှင်က...

'အဲဒါက သိပ်အရေးမကြီးဘူး၊ အရေးကြီးတာက ဆရာတော်တို့နဲ့ နောင်ကြီး ဖေကုလျှန်တို့ အဆိပ်မိနေတဲ့ ကိစ္စပဲ'

တက်မုဆရာတော်က ခေါင်းညိတ်၏။

'ဟုတ်တယ်၊ ဒါပေမယ့် ခုချိန်မှာတော့ ဘာမှမလုပ်နိုင်သေးဘူး၊ ရှောင်လင်ကျောင်းတော်ကို ရောက်ပြီးတဲ့အခါကျမှပဲ ကုသရတော့မယ်'

ဖေကုလျှန်မှာ ပြုံးနေသည်။

သူနှင့်ထန်ရှင် သဘောထားကွဲပြားခဲ့သော အဆိပ်ကိစ္စသို့ တစ်ဖန်ပြန်လည် ဆွေးနွေးမိလာသောကြောင့် ဖြစ်သည်။



ထန်ရှင်က ဆက်၍ ရှင်းပြ၏။

'ဆရာတော်တို့အနေနဲ့ အဆိပ်ကို လုံးဝ မကုနိုင်သေးရင် အဆိပ်တားဆေးစားထားဖို့ ကောင်းပါတယ်၊ ဒါမှ လုပ်စရာရှိတာကိုလုပ်နိုင်ပြီး ကိုယ့်ကိုကိုယ် ကိုယ့်ဌာနချုပ် ရောက်ရင် ကိုယ့်အသက်ကို ပြန်ကယ်နိုင်မယ်'

ညသိမ်းငှက်ဘမ်ကန်းက ဝင်၍ တောင်းပန်သည်၊

'ဆရာကြီးထန်ရှင်၊ အဆိပ်ပညာနဲ့ပတ်သက်ပြီး ကျွန်တော် နည်းနည်းပါးပါးသိချင်ပါတယ်၊ အခွင့်ကြုံကြိုက်တုန်း ရှင်းပြပါလားခင်ဗျာ'

ထန်ရှင် ခေါင်းညိတ်၏။

'အဆိပ်ရဲ့သဘောက အင်မတန် အံ့သြစရာ ကောင်းတယ်၊ အဆိပ်နှစ်ခုပူးပေါင်းပြီး ပို့အစွမ်းထက်သွားတဲ့ အဆိပ်မျိုး သလို ပူးပေါင်းပြီးမှ အစွမ်းပြယ်သွားတဲ့အဆိပ်မျိုးလဲ ရှိတယ်၊ သူ့ချည်းပဲ ထိမိကိုင်မိရင် ဘာမှမဖြစ်ပေမယ့် အပူနဲ့ ရေနဲ့ တွေ့ပြီး အစွမ်းပြတတ်တဲ့ အဆိပ်လဲရှိတယ်၊ အနံ့အရသာ အောင် ဖော်စပ်ထားတဲ့အဆိပ်ကတော့ ကြောက်စရာအကောင်းဆုံးပဲ၊ တက်မုဆရာတော်၊ ဖန်မုဆရာတော် နောင်ကြီးဖေကုလျှန်နဲ့ လေကျင့်ရေးမှူးကြီးတို့ အမိခံထားရတဲ့ အဆိပ်ဟာ အဲဒီအဆိပ်မျိုးပါပဲ'

တက်မုဆရာတော် အံ့အားသင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့လေးယောက် အဆိပ်မိနေတာကို ဒကာကြီးထန်ရှင် သိနေတာ သိပ်အံ့ဩစရာကောင်းတာပဲ၊ ကျုပ်အကြောင်းတော့ ဘုရားကြောင်းပျက်ထဲမှာပြောပြလို့ ဒကာကြီးသိပြီးသားတာ ထားပါတော့၊ ဒကာကြီးဖေကုးလျှန်နဲ့ ဒကာကြီးကွမ်းစန်စင် တို့ဟာ ခုထက်ထိ အဆိပ်ရဲ့တုံ့ပြန်မှုကို မခံရသေးဘူး၊ ဒါတောင် ဒကာကြီးက သေချာပေါက်ပြောနိုင်တာ သိပ် အံ့ဩစရာ ကောင်းတာပဲ'

ထန်ရှင်က ခေါင်းယမ်း၍ ရယ်မောလိုက်လေ၏။

❖

အခန်း (၆၄)

## လက်ဦးသောရန်သူ

'ဟို လုံမလေးဝန်ဟာ ဝမ်ဂေဟာထဲက ခန်းမဆောင်ကြီး ထဲက သေစာရင်း မှတ်တမ်းစာအုပ်ထဲမှာ လက်မှတ်ရေးထိုးခိုင်း ခဲ့တယ်လို့ လေ့ကျင့်ရေးမှူးကြီး ကွမ်းစန်စင်က ကျုပ်တို့ကို ပြန် ပြောပြခဲ့ပါတယ်၊ အဲဒီအဖြစ်အပျက် အမှန်ပါပဲလားဗျာ'

'အမှန်ပဲ၊ အမှန်ပါပဲ'

အားလုံးက ဝိုင်း၀န်းထောက်ခံကြ၏။

'အဲဒီစကားကို ကြားလိုက်ပြီးကတည်းက ဆရာတော်တို့ အားလုံး အဆိပ်သင့်ကုန်ပြီဆိုတာ သိလိုက်မိတာပါပဲ'

ထိုအခါကျမှ သိုင်းသမားကြီးများ ရှိပ်မိကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'နားလည်ပါပြီ၊ ကလောင်တံမှာပဲဖြစ်ဖြစ်၊ စာရွက်တွေမှာပဲဖြစ်ဖြစ် မမြင်ရတဲ့အဆိပ်တွေ သုတ်လိမ်းထားလိုက်မယ်လို့ ဆိုလိုတာမဟုတ်လား'

တက်မုဆရာတော်၏အမေးစကားကို ထန်ရှင်က ခေါင်းညိတ်ပြလေ၏။

'မှန်ပါတယ်၊ တပည့်တော်က အဲဒီလို ထင်မှတ်ထားပါတယ်၊ ဆရာတော်တို့ကို လာပင့်ဖိတ်ရင်း ဘုရားကျောင်းပျက်ထဲမှာတွေ့တော့ အရှင်ဘုရားကတော်င် အတွင်းအားလေ့ကျင့်ရင်း တစ်စုံတစ်ခုတားဆီးထားတယ်လို့ ပြောသေးတယ်မဟုတ်လား၊ ဒီတော့ ပိုသေချာသွားတာပေါ့'

တက်မုဆရာတော်က မေးမြန်းသည်။

'ဒကာကြီးဆီမှာ အဆိပ်ဖြေဆေးများ ရှိနေမလား'

'တပည့်တော်ဟာ ဆေးကျမ်း၊ အဆိပ်ကျမ်း တော်တော်များများကို လေ့လာခဲ့ပါတယ်၊ ဆရာတော်တို့မိထားတဲ့ အဆိပ်ကို လုံးဝပြေပျောက်စေမယ်လို့ အာမမခံနိုင်ပေမယ့် တစ်ကိုယ်လုံးကို မပျံ့နှံ့အောင်တော့ တားဆီးစေနိုင်မယ်လို့ အာမခံနိုင်ပါတယ်'

သူသည် အိတ်အတွင်းမှ ပုလင်းဖြူတစ်လုံးကို ထုတ်ယူပြီး ဆေးလုံးအချို့ကို လက်ပေါ်သို့သွန်ချလိုက်တာ အဆိပ်မိထားသူအားလုံးထံသို့ လက်ဖြန့်ပေးသည်။



တက်မုဆရာတော် အပါအဝင်လူအားလုံး တစ်လုံးစီ လှမ်းယူကြ၏။

'ဒီဆေးလုံးကလေးတွေကို ရဲရဲသာသုံးဆောင်ကြပါ၊ ကျုပ်အနေနဲ့ ဘယ်သူ့ကိုမှ လုပ်ကြံဖို့ အကြောင်းမရှိဘူးဆိုတာ အားလုံး အသိပါပဲ'

'ဟာ...ဒကာကြီး အဲဒီလိုမပြောပါနဲ့၊ ကျုပ်တို့ဘစ်တွေက မိတ်ဆွေတွေမဲ့ဥစ္စာ'

တက်မုဆရာတော်က ဆေးလုံးတစ်လုံးကို လှမ်းယူမျိုချလိုက်ဖြင့် ကျန်လူများလည်း တစ်လုံးစီ ကောက်ယူမျိုချလိုက်၏။

'ကောင်းတယ်၊ ဒီဆေးကိုသောက်ရင် လှုပ်လှုပ်ရှားရှား ငြိမ်ပေးရပါတယ်၊ ဆရာတော်တို့လူစုကတော့ ဝါစဉ်ကြီးသိုင်းသမားတွေချည်းဖြစ်လို့ လှုပ်လှုပ်ရှားရှားလုပ်ဖို့ မလိုပါဘူး၊ အတွင်းအားကျင့်စဉ် ကျင့်ပေးရုံနဲ့ အဆိပ်က တစ်ကိုယ်လုံးကို နှံ့သွားနိုင်ပါတယ်'

ဆရာတော်က ပြုံးပြီး ခေါင်းညိတ်လိုက်၏၊

သူကိုယ်တိုင် တင်ပျဉ်ခွေထိုင်ပြီး အတွင်းအားလေ့ကျင့်မှုပြုသောအခါ အခြားလူများကလည်း ဆရာတော်ကဲ့သို့ပင် ချက်ချင်းလိုက်လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်အောက်မှ အပူလုံးတစ်ခု တဖြည်းဖြည်းတက်လာပြီး တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားကြောင်း အဆိပ်မိသူတိုင်း ခံစားသိရှိ လိုက်ကြရသည်။

ထန်ရှင်သည် သူ၏ဆေးပုလင်းလေးကို တယုတယ ပြန်လည် သိမ်းဆည်းလိုက်သည်။

အဆိပ်မိသူများအားလုံး၏မျက်နှာကို အကဲခတ်လိုက်သော အခါ လူတိုင်းလူတိုင်း၏မျက်နှာ၌ ပန်းရောင်လွှမ်းလာကြောင်း တွေ့ရှိရသဖြင့် အဆိပ်ဖြေဆေး အစွမ်းပြလာပြီဖြစ်ကြောင်း ရိပ်မိ လိုက်သည်။

ထိုအချက်ကို အဆိပ်မိသူများ သဘောပေါက် မပေါက် မသိနိုင်သဖြင့် ထန်ရှင်က ခပ်ဖြည်းဖြည်း မေးလိုက်၏။

'ဆရာတော်...ခန္ဓာကိုယ်ထဲမှာ အပူလုံးတစ်ခု ကြွတက်လာ တာကို မခံစားရဘူးလား'

ဆရာတော်က မျက်လုံး ဖွင့်ကြည့်၏။

ခေါင်းညိတ်ပြသည်။

'မှန်ပါတယ်၊ ခံစားရပါတယ်'

'မကြောက်ကြပါနဲ့၊ အဲဒါ တပည့်တော်ရဲ့ အဆိပ်ဖြေဆေး အစိပ် ရင်ဆိုင်ထိုးပိတ်တိုက်တွေ့တဲ့ သဘောပါပဲ၊ ခန္ဓာကိုယ်အတွင်း



မှာ အပြောင်းအလဲတွေ ဖြစ်လာပါတယ်၊ ထမင်းအိုး တစ်လုံး ကျက်ပြီးတဲ့ အချိန်လောက်မှာ ခန္ဓာကိုယ်ဟာ မူလအတိုင်း ပြန် ကောင်းသွားပါလိမ့်မယ်'

ဖေကုံးလျှန်၏ ခန္ဓာကိုယ်အတွင်း ခံစားရချက်မှာ အခြား များထက် ပြင်းထန်သည်။

သူ၏အတွင်းအားသည် တက်မုဆရာတော်လောက်မကောင်း သော်လည်း အကြောင်းတစ်စုံတစ်ခုကြောင့် အဆိပ်ကို ပို၍ ပြိုပ်ထားနိုင်ခဲ့၏။

ထိုအကြောင်းကြောင့် သူကိုယ်တိုင် အဆိပ်မိသည်ဟု မယုံ ဘဲ ဖြစ်နေသည်။

ယခုခံစားရသည့် အပူဓာတ်မှာ အတော်ကလေး ပြင်းထန် သဖြင့် လုံမလေး၀န်၏ အဆိပ်ဓာတ်မမိ။

ထန်ရှင်၏အဆိပ်ဖြေဆေးကတော့ ဒုက္ခပေးပြီဟု ဖေကုံး လျှန် ယူဆမိသည်။

ဖေကုံးလျှန်သည် ထန်ရှင်အား ဒေါသ အရိပ်အယောင် များပေါ်နေသည့် မျက်လုံးများဖြင့် ကြည့်လိုက်သည်။

'နောင်ကြီးထန်ရှင်....ခင်ဗျားရဲ့အဆိပ်ဖြေဆေးဟာ အတော် လေး အပူဓာတ် ပြင်းထန်နေတယ်၊ ဒါကို အဆိပ်ဖြေဆေးလို့ ဆိုရမှာ ခပ်ခက်ခက်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်က ပြုံး၍ဖြေ၏။

'နောင်ကြီး ဖေကုံးလျှန်....လုံမလေးဝန်ရဲ့ အဆိပ်ကို ခံရတုန်းက ဘယ်လိုမှ မခံစားကြရဘူး မဟုတ်လား၊ အဆိပ် ခေါင်းမြီးခြုံပြီး ဝင်တတ်တယ်၊ အဆိပ်ဖြေဆေးကတော့ ဖြေ ပြောင်တင်းတင်းပဲ ဝင်တတ်တယ်၊ အဆိပ်က ဖရိုးသွား အဆိပ်ဖြေဆေးက ရိုးသွားတယ်၊ အဆိပ်က ခုချက်ချင်း မပေးဘူး၊ သိုးကလေးတစ်ကောင်လို ငြိမ်နေမယ်၊ နောက်တစ် လောက်လဲ ကြာရော ကျားဆိုးလို သောင်းကျန်းလိမ့်မ ကျုပ်ရဲ့ အဆိပ်ဖြေဆေးကတော့ ခင်ဗျားတို့ ခန္ဓာကိုယ် ဝင်ဝင်ချင်း ဆောက်နဲ့ထွင်းလိမ့်မယ်၊ ကျားဆိုးလို သောင်းက လိမ့်မယ်၊ ဒါကတော့ သူ သောင်းကျန်းချင်လို့ သောင်းက တာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ခန္ဓာကိုယ်ထဲ ပုန်းလျှိုးကွယ် ဝင်ခိုနေတဲ့အဆိပ်ကို ထိုးနှက်ခိုက်ခိုက်နေတာပါ'

ရှည်လျားစွာ ရှင်းပြပြီးနောက် သူ့မျက်နှာမှအပြုံး ပျော သွားသည်။

'နောင်ကြီးဖေကုံးလျှန်....ကျုပ်ဟာ သူတစ်ပါးကို ကူညီ ကြိုးစားတယ်၊ ဒုက္ခပေးဖို့ မကြိုးစားပါဘူး၊ ကျုပ်ကို အ အကြည်မဲ့တဲ့ အကြည့်မျိုးနဲ့ မကြည့်သင့်ဘူး၊ မယုံကြည် အခုကတည်းက ကျုပ်ရဲ့အဆိပ်ဖြေဆေးကို မသောက်သင့်

ဖေကုံးလျှန်သည် ထန်ရှင်အား စကားဖြင့် ချေပခြင်းမ ထန်ရှင်၏ 'ဆန်ရင်ကြော'သို့ လက်ညှိုးဖြင့် ထောက်လိုက်



ဆန်ရင်ကြောမှာ လူ့ခန္ဓာကိုယ်၏ ချက်ကောင်းနေရာဖြစ်၏၊ ရက်ရွက်၊ အူမ၊ အသည်းသွေးကြော စသည့် သုံးနေရာ သို့ နေရာဖြစ်သည်။

အလွန်တရာ အရေးကြီး၏။

ဖေကုံးလျှန်က မမျှော်လင့်ဘဲ အကြောထိုး ပိတ်လိုက်ခြင်း င့် ထန်ရှင်ခမျာ ချက်ချင်းရေခဲရေထဲ တစ်ကိုယ်လုံး အစိမ် လို ဖြစ်သွားပြီး တဆိုက်ဆိုက် တုန်လာတော့သည်။

က်နှာမှာလည်း တဖြည်းဖြည်း သွေးဆုတ်ဖြူလာ၏။

က်ချုပ်ကြီး အို့ယန်ထို၏မျက်နှာမှာ ဆေးနီဖြင့် ဖျန်း ယက်သို့ ရဲခနဲဖြစ်သွား၏။

သော် ချက်ချင်းပင် သွေးရောင်ပြန်ကျသွားသည်။

ို့နောက်....

အလွန်တရာ အေးစက်သည့်လေသံဖြင့် ဖေကုံးလျှန်အား ပြောလေ၏။

'နောင်ကြီး ဖေကုံးလျှန်...မိတ်ဆွေအဖြစ် ဆက်ဆံတဲ့လူကို ည်ပေးအပ်တဲ့တန်ဖိုးက ဒါပဲလား'

ကုံးလျှန်၏အပြုအမူမှာ အလွန်တရာစော်ကားသည့် အပြု သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်လုဂိုဏ်းချုပ်ကြီးအပါအဝင် ထိပ်သီးသိုင်းသမား အားလုံးရှေ့မှောက်၌ အဆိပ်ဖြေဆေးပေးသူ ပညာရှိ အား အကြောပိတ်ခြင်းမှာ ကျန်လုဂိုဏ်းကို စော်ကားခြ ဖြစ်တော့သည်။

ဖေကုံးလျှန်ကမူ မည်သူ့ကိုမျှ အရေးမထား၊ အ မထားပေ။

'ကျုပ်ကို အဆိပ်ဖြေဆေးပေးတယ်ဆိုတာ ကျုပ်မေ ကျုပ်မသေရင် သူမသေပါဘူး၊ စိတ်သာချပါ'

အို့ယန်ထိုက...

'အင်း...သိုင်းလောကက စကားတင်း ဆိုကြတယ်၊ တွောင်က ဖေကုံးလျှန်ဟာ အင်မတန် ပေါင်းသင်းသ ခက်တယ်လို့ ဆိုခဲ့တယ်၊ အခုတွေ့တော့မှ တကယ် မှန်ကေ တွေ့ရတော့တယ်'

'ဂိုဏ်းချုပ်ကြီး အို့ယန်ထိုး...သိုင်းလောကရဲ့ စကာ ဆိုမှုကို ကျုပ် ဂရုမစိုက်ပါဘူး၊ ကျုပ်က တိုက်ခိ သေလိုတယ်၊ အဆိပ်နဲ့တော့ မသေလိုဘူး'

အို့ယန်ထိုးသည် စကားပြောပြီးသည်နှင့် ထန်ရှင်၏ ကို ထိုးဖွင့်ပေးလိုက်သည်။



ထိုအခါကျမှ ပညာရှိထန်ရှင်မှာ မျက်နှာ၌ သွေးရောင် လာသည်။

ထန်ရှင်သည် ဖေကုံးလျှန်ကို စိတ်ဆိုးဟန်မပြပေ။

'နောင်ကြီးဖေကုံးလျှန်၊ ကစ်မှုတော့ စိတ်ချပါ၊ ခင်ဗျား ချင် ကျုပ်ပါ နောက်က လိုက်သေပြမှာပါ၊ အခုတော့ အဆိပ် ဆေး ပျို့နှံ့အောင် အတွင်းအား ကျင့်စည်ကိုပဲ ဂရုစိုက်ပြီး ပါ'

အို့ယန်ထိုးသည် ထန်ရှင်၏မျက်နှာကိုကြည့်ပြီး တောင်း သည်။

'နောင်ကြီးထန်ရှင်၊ ခဏလောက် အနားယူလိုက်ပါလား၊ တော့မှ ဆွေးနွေးစရာရှိတာ ဆွေးနွေးကြတာပေါ့'

ထန်ရှင်က ဂိုဏ်းချုပ်ကြီးအား....

'ကိစ္စမရှိပါဘူး ဂိုဏ်းချုပ်ကြီး၊ တက်မှုဆရာတော်တို့ ဖန်မှု ဆရာတော်တို့ နောင်ကြီး ဖေကုံးလျှန်တို့ဟာ ထိပ်သီး သိုင်း ကျော်အမော်ကြီးတွေပဲ၊ သူတို့ကို ဒီမှာထားရစ်ခဲ့ပြီး ကျွန် တော် သွားအနားယူလို့ ဘယ်သင့်လျော်ပါ့မလဲ၊ ကျွန်တော် ကိုပြောရတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ ဂိုဏ်းချုပ် ကြီး'

www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်၊ ကျုပ်က နောင်ကြီးထန်ရှင် ပင်ပန်းနေ
စီးလို့ပါ'

တက်မုဆရာတော်သည် ထန်ရှင်နှင့် အို့ယန်ထုံတို့ ပြော
သည့် စကားများကို နားထောင်ပြီး စိတ်ထဲမှ ဤသို့တွေးနေ

'အင်း...ပညာရှိထန်ရှင်ဟာ ဂိုဏ်းချုပ်ကြီး အို့ယန်
အတော်လေးစားတယ်၊ ဂိုဏ်းချုပ်ကြီးအို့ယန်ထုံကလဲ ပည
ထန်ရှင်ကို ဆက်ဆံပုံဟာ သူ့ရဲ့ဂိုဏ်းတူညီအစ်ကိုကြီးငါစ်ယော
ကို ဆက်ဆံတဲ့ ပုံစံမျိုးပဲ'

တက်မုဆရာတော်သည် ဖေကုံးလျှန်ဘက်သို့ လှည့်ကြ
တာ....

'ဒတာကြီးကော ဘယ့်နှယ်နေသေးသလဲ'

'အပူတွေလျှံတက်တာ ပျောက်သွားပါပြီ၊ အတော်က
သက်သာသွားတယ်ဆိုပါတော့၊ ဆရာတော်ကော ဘယ့်နှယ်
သေးသလဲ'

'ကျုပ်ကိုယ်ကတော့ ပေါ့ပေါ့ပါးပါး ဖြစ်နေတယ်၊ က
ခမ်းထဲကအဆိပ်ကို အခုတော်ကလေး တားဆီးနိုင်ပြီလို့ ယုံကြ
တယ်'

ဖေကုံးလျှန်က မရေမရာပြော၏



'အင်း....တပည့်တော် ဝမ်းထဲမှာ တကယ်တမ်း အဆိပ်ဝင်
နေရင်လဲ ဆရာတော်ပြောသလိုပဲ ပြောရတော့မှာပဲ'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် ဖေကုံးလျှန်အား အတော်
လေး သည်းခံ၍ ကြည့်နေရသည်၊

'ကဲ....ကဲ...အလုပ်ကိစ္စ ဆက်ဆွေးနွေးကြဦးစို့'

တက်မုဆရာတော်က မေးခွန်းထုတ်လိုက်၏၊

'ဒတာကြီးထန်ရှင်၊ လုံမလေးဝန်ကိစ္စကို ဘယ်လိုဖြေရှင်း
ယ်လို့ ကြံစည်ထားသလဲ'

'တပည့်တော် စိတ်ကူးကတော့ သူတို့လျှော်ကြီးသွဲ လူလွှတ်
မေ့ဆေးခတ်ခိုင်းဖို့ ကြံထားတာပဲ'

'လွယ်ပါ့မလား'

'သိပ်တော့ မလွယ်ပါဘူး၊ ဒါပေမယ့် ကြိုးစားကြည့်ရ
ကဘာပေါ့၊ ကိုယ့်ဘက်က အထိအခိုက် မများချင်တော့ ဒီလိုလုပ်
ကြတာပဲလေ'

'ကျုပ်တို့ဘက် အထိအခိုက်များမယ်လို့ ဒတာကြီးထန်ရှင်
ထင်ထားသလား'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာတော်ပဲ စဉ်းစားကြည့်ပါ၊ ဟို...ချက်နှာမှာ ရုပ်ဖျက်ထားပုံရတဲ့ လူငယ်ရဲ့ သိုင်းပညာဟာ ဆရာတော်နဲ့ တန်းတူ ရည်တူလောက်ရှိနေပါတယ်၊ အဲဒီလူငယ်ကို ယံယောဇဉ်ရှိတဲ့ လူလိုလိုမျောက်လိုလို သူငယ်ရဲ့ ပညာကလဲ ဟိုလူငယ်နဲ့ ပိန်မသာ လိမ်မသာရှိနေတယ်လို့ တပည့်တော်တို့ရဲ့ ဒလကျင့်ရေးမှူးကြီးက ထုတ်ဖော်ပြောဆိုခဲ့ပါတယ်'

တက်မုဆရာတော်က ခေါင်းညိတ်၏၊

'အဲဒီ လူလိုလိုမျောက်လိုလိုနဲ့ အင်မတန်ကြံ့ခိုင်တဲ့ လူငယ်ဟာ သိုင်းပညာ အတော်ကလေးကောင်းတယ်ဆိုတာ မှန်ပါတယ်'

ထန်ရှင်က....

'နောက်ပြီး လိုမ့်လေးဝန်ရဲ့ သိုင်းပညာကလဲ မဆိုးဘူး၊ တိဗက်ကသိုင်းဆရာကြီး တုဆန်ဟိုအိုဘာကလဲ တကယ့်နာမည်ကျော်ပဲ၊ နောက်ပြီး ချင်းချန်ခွားနှစ်ဖော်၊ နောက်ပြီး ကိုယ်ကျပ်အင်္ကျီဝတ်ထားတဲ့ ခါးသမားဆယ့်နှစ်ယောက် စာရင်းချုပ်လိုက်ရင် လိုမလေးဝန်ရဲ့ အင်အားဟာ အတော်ကလေး ကြီးမားနေတယ်၊ တပည့်တော်တို့ ရင်ဆိုင်တိုက်လို့ မနိုင်ဘူးလို့ မဆိုလိုပါဘူး၊ တကယ်တိုက်ရင် တပည့်တော်တို့ဘက်မှာ ဆုံးရှုံးနစ်နာမှုတွေ အများကြီး ရှိနိုင်ပါတယ်'

'ဩော်...ဒါကြောင့်မို့ ဒကာကြီးက လျှမ်းပေါ်ဘက် ဆေးခတ်ခိုင်းတာကိုး'



'အောင်မြင်မလားလို့ စမ်းနိုင်းလိုက်တာပါ၊ အောင်မြင်ချင်မှလဲ အောင်မြင်မှာပါ၊ အောင်မြင်ခဲ့ရင်တော့ တပည့်တော်တို့ အတိအခိုက် မများနိုင်တော့ဘူးပေါ့'

'တကယ်လို့ လိုမ့်လေးဝန်ကို ဖမ်းမိခဲ့ရင် ကျန်လုဂိုဏ်းရဲ့ ငွေနချုပ်ကို ဖမ်းဆီးခေါ်ဆောင်သွားဦးမှာလား'

'မသွားတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဂိုဏ်းချုပ်ကြီး ကိုယ်တိုင် ဒီမှာရှိနေပြီပဲ'

'ကျုပ် စိတ်ထင်တော့ လိုမလေးဝန်ဟာ ဘာတစ်ခွန်းမှ ထုတ်ဖော်ပြောမယ်မထင်ဘူး၊ ထုတ်မပြောရင် ဒကာကြီးတို့ ညှဉ်းပန်းနှိပ်စက်ပြီး စစ်မေးဦးမှာလား'

'အဲဒါကတော့ အတော် အောက်တန်းကျတဲ့အလုပ်ပဲ၊ ဒါပေမယ့် အခြေအနေအရ မီးစင်ကြည့်ကရမှာပဲ၊ သိုင်းလောကကြီးတစ်ခုလုံးရဲ့ ကောင်းကျိုးကို ဆောင်ရွက်တဲ့အခါမှာ တစ်ယောက်တည်းသမားကိုငဲ့ပြီး အထက်တန်းကျအောင် လုပ်နေလို့ မဖြစ်သေးဘူး'

ပညာရှိထန်ရှင်၏စကားမှာ ရှင်းလင်းပြတ်သားလှသည်။

တက်မုဆရာတော်က ဆက်မေး၏၊

'တကယ်လို့ သူတို့ကို ဖမ်းဆေးမခတ်နိုင်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ'

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ရဲ့ စစ်ကူတွေမလာခင် လျှပ်တစ်ပြက် ဝင်တိုက်ရမှာပဲ'

ဖေကုံးလျှန်က ဝင်ပြီးပြော၏။

'နောင်ကြီးထန်ရှင် ကျုပ်အနေနဲ့ တင်ပါသည့်ယောင်ဆောင်ပြီး လှေကြီးရဲ့ အခြေအနေကို စုံစမ်းဖို့ လိုသေးသလား'

'မလိုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရေသူရဲလေးဆယ့်ရှစ်ဦးရဲ့ လှောင်းလှေတွေက ဒီလှေကြီးကို ဝိုင်းပတ်စောင့်ကြည့်ထားလို့ပဲ၊ သတင်းထူးရင် သူတို့အကြောင်းကြားမှာပါ'

တက်မုဆရာတော်က....

'သူတို့စစ်ကူလာမယ်ဆိုတာ ဒကာကြီး ဘယ်လိုသိသလဲ'

'ဒီပတ်ဝန်းကျင်မှာ အမှတ်အသား သုံးလေးခု တွေ့ရတယ်၊ အားလုံး မြစ်ဆိပ်ဆီကိုပဲ ညွှန်ပြနေတယ်၊ ဒါကြောင့် ထွက်လမ်းဝင်လမ်းသာတဲ့ နေရာအားလုံးမှာ ထောင်ချောက်တွေ ဆင်ထားပါတယ်၊ ဒီထောင်ချောက်တွေကတော့ အခုမှဆင်တာ မဟုတ်ပါဘူး၊ တပည့်တော်တို့ ဂိုဏ်းချုပ်ကြီး ယာယီစခန်းချတဲ့နေရာတိုင်း ထောင်ချောက်ဆင်တာချည်းပါပဲ၊ အခုဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ တပည့်တော်တို့လုပ်ထားတဲ့ ထောင်ချောက်တွေဟာ မမျှော်လင့်ဘဲ အသုံးဝင်သွားတာပါပဲ'

'ဟို...လိုမလေးဝန်နဲ့ ပတ်သက်ပြီး အခုကတည်းက ရှင်းရှင်းလင်းလင်း ပြောပြထားချင်တယ်'



'အမိန့်ရှိပါ...ဆရာတော်'

'ဒကာကြီးတို့စစ်မေးပြီးရင်တော့လိုမလေးဝန်ကို ရှောင်လင်ကျောင်းကို ခေါ်သွားရပါလိမ့်မယ်'

ထန်ရှင်သည် ဂိုဏ်းချုပ်ကြီးအား လှမ်းကြည့်လိုက်၏။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ၏ အဆုံးအဖြတ်ကို နာခံသည့်သဘောပင်။

အို့ယန်ထုံက မသိမသာ ခေါင်းညိတ်ပြ၏။

ထန်ရှင်က....

'ဖြစ်ပါတယ် ဆရာတော် ခေါ်သွားနိုင်ပါတယ်၊ တပည့်တော်တို့ကတော့ ရှောင်လင်ကျောင်းတော်ကတော့ သိုင်းလောကကြီး အေးချမ်းစေချင်တဲ့သဘောနဲ့ လိုမလေးဝန်ကို စစ်မေးချင်ကြတာပါပဲ၊ အားလုံး ဖြစ်နိုင်ပါတယ်'

ထိုစဉ် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက....

'မိတ်ဆွေတို့ ကျုပ်ရဲ့လက်ယာဘက်ကော လက်ဝဲဘက်ကော လက်ရုံးနှစ်ဖက်စလုံးကို အားကိုးတဲ့ နောင်ကြီး ထန်ရှင်ဟာ ဘယ်တုန်းကမှ မုသားမပြောခဲ့ဘူး။ ဆိုခဲ့စေမြဲစေဆိုတဲ့စကားကို အမြဲတမ်း လက်ကိုင်ထားတဲ့သူလဲဖြစ်ပါတယ်၊ ဆရာတော်တို့ မိနေတဲ့အဆိပ်နဲ့ပတ်သက်လို့ တပည့်တော်ကတော့ နောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်ရဲ့စကားကို ခြင်းချက်မရှိ လုံးဝဥဿုံ ယုံကြည်ပါတယ်၊ ဒါကြောင့်မို့ အဆိုပါမြို့ကို ကူသမှု ခံယူချင်တယ်ဆိုခင်တော့ ကျွန်လုဂိုဏ်းဌာနချုပ်ဘည်မှတဲ့ တံ့ထိန်ဟူတောင်ကို ကြွခဲ့ကြပါ၊ လာမယ်နှစ်လအတွင်း လာခဲ့ကြပါလို့ အခုကတည်းက ကြိုပြောထားချင်ပါတယ်'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် ထိုစကားကိုပြောရင်း ဆို့နင့်သွားသည်။

တက်မုဆရာတော်သည် မျက်နှာထား အလွန်တည်ကြည်သည့် ဂိုဏ်းချုပ်ကြီး အို့ယန်ထု၏ ကြေကွဲဟန် ပေါ်လာသော မျက်နှာကိုကြည့်၍ တစ်စုံတစ်ရာ ထူးနေပြီဟု အလိုလို ခံစားသိရှိလာမိသည်။

'ဒကာတော် ဂိုဏ်းချုပ်ကြီး၊ လာမယ့်နှစ်လအတွင်းဆိုတာက ဘာအဓိပ္ပာယ်လဲ'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် ဟင်းခနဲ သက်ပြင်းချလိုက်တော့သည်။

'တပည့်တော်အနေနဲ့ ဒီနှစ်လဆိုတာကို မေ့ထားလိုက်ချင်ပါတယ်၊ ဒါပေမယ့် မေ့လို့လဲ မဖြစ်ဘူးလေ'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် အဝေးသို့ ငေးမျှော်ကြည့်ပြီးနောက် တစ်လုံးချင်း ပြောကြားလေတော့၏။



သူပြောသမျှ စကားများသည် ကျွန်လုဂိုဏ်း၏ လျှို့ဝှက်ချက်များပင် ဖြစ်တော့သည်။

ဤစကားများကို တက်မုဆရာတော် အပါအဝင် ဝါကြီး သိုင်းသမားအားလုံး ကုသိုလ်ကံ့ဘူးသဖြင့် ကြားသိရခြင်း ဖြစ်တော့သည်။

'ကျုပ်ဟာ ကျွန်လုဂိုဏ်းကို ဦးစီးဦးဆောင် ပြုလာခဲ့တာ အနှစ်နှစ်ဆယ် ကျော်ခဲ့ပါပြီ၊ အနှစ်နှစ်ဆယ်ကျော်ရဲ့ ပထမ ဆယ်နှစ်တာကာလဟာ ကျွန်လုဂိုဏ်းအဖို့ အင်မတန် အင်အားချည့်နဲ့ခဲ့ရတယ်၊ ကျုပ်ဟာ တရုတ်ပြည် တစ်ပြည်လုံးမှာရှိတဲ့ ကျွန်လုဂိုဏ်းသားတွေကို ကောက်သင်းကောက် စည်းကားကြပ်မတ်ခဲ့တယ်၊ ဒါပေမယ့် အိတ်ပေါက်နဲ့ ဖားကောက်သလို အားလုံး အဆင်မပြေ ဖြစ်ခဲ့ရတယ်၊ ကဲ...ဒုတိယပိုင်းဆယ်နှစ် မဝေးမီကလေးမှာပဲ နောင်ကြီး ထန်ရှင်ရဲ့ အကူအညီကို ရယူရတယ်၊ ကျုပ်တို့ဂိုဏ်းကြီး ကြာခြေရှည်ဖြစ်နေပြီလို့ ယူဆခနတုန်းမှာပဲ သူရဲ့ကောင်းကြီး ဝမ်ကျိုးသာ် သေသုံးခဲ့ရပြီး သူ့မတ်သက်ဆက်နွယ်လာတဲ့ ကြီးမားတဲ့သိုင်းဂယက်ကြီးနဲ့ ကြုံခဲ့ရပြန်တော့တယ်'

တက်မုဆရာတော်က ငြိမ်၍နှစ်သိမ့်သည်။

'ဒကာတော် ဂိုဏ်းချုပ်ကြီး...ဒီအတွက်တော့ အထူးစိတ်မကောင်း မဖြစ်သင့်ပါဘူး၊ သိုင်းလောကဟာ ဗွိုင်းလေထုဝဲ ရေပြင်ကြီးလိုပါပဲ၊ အခု လှိုင်းလုံးကြီးတစ်လုံး လာပြီးရင်

www.burmeseclassic.com

www.burmeseclassic.com



ဟော….နောက်ထပ် လှိုင်းလုံးကြီးတစ်လုံး လာပြန်တော့တာပဲ၊ ဘယ်တော့မှ ငြိမ်းအေးမယ် မထင်ပါနဲ့၊ ငြိမ်သက်ခြင်းက တစ်ခဏပါ၊ လှုပ်ရှားခြင်းက ထာဝရပါ၊ သိုင်းလောကမှာ ရန်ငြိုးရယ်၊ ကာလဲ့စားရယ်၊ ကျော်ကြားလိုမှုရယ် ဒါပဲ ရှိပါတယ်၊ ဒါတွေနဲ့ လုံးထွေးရစ်ချာလိုက်ပြီး သိုင်းလောကကြီးဟာ အမြဲတမ်း ဆူပွက်လှုပ်ရှားနေတာပါ ဒကာကြီး’

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက တက်မုဆရာတော်၏စကားကို ထပ်မံရေရွတ်နေ၏။

‘ရန်ငြိုးရယ်၊ ကာလဲ့စားရယ်၊ ကျော်ကြားလိုမှုရယ် မှန်တယ် သိပ်မှန်တယ်၊ ကွန်လုံဝမ်ဟာ ဘာလုပ်နေတယ်ဆိုတာတော့ တပည့်တော် မသိဘူး၊ ဒါပေမယ့် ဒီလူဟာ သိုင်းလောကကြီးကို ချုပ်ကိုင်ချင်နေတယ်ဆိုတာတော့ တပည့်တော် သိတယ်၊ သိုင်းလောကကို ချုပ်ကိုင်ချင်တာဟာ သိုင်းလောကရဲ့ ကေရာဇ်ဖြစ်ချင်လို့ပဲ၊ ကေရာဇ်ဖြစ်ချင်တာဟာ ကျော်ကြားလိုလို့ပဲ’

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် သက်ပြင်းရှည်ကြီးချကာ….

‘ကျုပ်ဟာ သိုင်းလောကကြီးကို ကျောခိုင်းပြီး တောထဲမှာ ကေစာ ကျင့်မယ်လို့ အကြိမ်ကြိမ် ကြံစည်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် သိုင်းလောကကို မိုချီးမျှစ်ချီး ချီးသလိုကို ချီးမယ့် ကေရာဇ်ဗျူးတွေရဲ့ လက်ထဲမှာ သိုင်းလောကသားတွေကို



ပစ်မထားချင်တာနဲ့ ကျုပ်ရဲ့ ကျွန်လုဂိုဏ်းကြီးကို ဖက်တွယ်နေရတာပါ’

တက်မုဆရာတော်၊ ဖန်မုဆရာတော်၊ ဖေကုံးလျှန်နှင့် ဇမ်ကန်းတို့မှာ ခံစားချက် အပြည့်အဝနှင့် ပြောပြနေသည့် ကျန်လုဂိုဏ်းချုပ်ကြီး အို့ယန်ထုံ၏ စကားထဲ၌ နစ်မျောနေကြတော့သည်။

အို့ယန်ထုံက….

‘ဆရာတော်….ဒီနေ့ တရုတ်ပြက္ခဒိန်အရ ခုနစ်လနဲ့ ဆယ့်လေးရက် မဟုတ်လား’

‘ဟုတ်တယ် ဒကာကြီး၊ ဘာဖြစ်လို့လဲ’

‘ဘာဖြစ်လို့လဲဆိုတော့ တရုတ်ပြက္ခဒိန် ကိုးလနဲ့ ဆယ့်ငါးရက်မှာ နောင်ကြီးထန်ရှင်ဟာ ကျုပ်တို့ရဲ့ တုံ့ထိန်ဟူတောင်မှာ ရှိနေမှာမဟုတ်တော့လို့ဘဲ’

‘ဘာယ်လို….ဘာဖြစ်လို့ မရှိရမှာလဲ ဒကာကြီး’

‘ဘာဖြစ်လို့လဲဆိုတော့ နောင်ကြီး ထန်ရှင်နဲ့ တပည့်တော်တို့ဟာ ကတိစကား ထားခဲ့ကြလို့ပါပဲ၊ နောင်ကြီး ထန်ရှင်က ကျုပ်တို့ကျန်လုဂိုဏ်းကို ဆယ်နှစ်တာ ဝင်ရောက်ကူညီမယ်လို့ ကတိထားခဲ့တယ်၊ နောင်ကြီး ထန်ရှင်ဟာ ဆယ်နှစ်တာ ပြည့်တော့မယ့် အချိန်အထိ ဆရာတော်တို့ မြင်တဲ့အတိုင်း အပေါ်က်

www.burmeseclassic.com



အမြဲ ဗရုပ္ပ၊ အဖုအထေး ဗရုပ္ပ အင်္ကျီကိုလိ ဝတ်ဆင်ခဲ့တယ်[...] လာမယ့် ကိုးလဆယ့်ငါးရက်မှာ ဆယ့်နှစ်နှစ် စေ့သွားပြီဖြစ်[...] သူဟာ တောထဲမှာ တစ်ဦးတည်း ကေစာရီအကျင့် သွားကျင့်[...] တော့မယ်'

ကျွန်လုဂိုဏ်း၏ ဝါစဉ်ကြီး သိုင်းဆရာကြီးဖြစ်သော ကွမ်[း] စန်စင်မှာ အထိတ်တလန့် ထခုန်မိလေတော့၏။

သူပင်လျှင် ထိုကတိစကားကို မသိရှိခဲ့ပေ။

'နောင်ကြီး ထန်ရှင်.... ကျွန်တော်တို့ကို ဒီလိုဖော့ [...] မသွားပါနဲ့'

ဂိုဏ်းချုပ်ကြီး အို့ယန်ထု သည် လေ့ကျင့်ရေးမှူးကြ[...] ကွမ်းစန်စင်ကို ကြွင်နာစွာ ကြည့်ပြီး....

'နောင်ကြီး ကွမ်းစန်စင်၊ စိတ်မကောင်းမဖြစ်ပါနဲ့၊ က[...] စကားဟာ ကတိစကားပဲ၊ ကျုပ်တို့ဂိုဏ်းရဲ့ ကိုယ်ကျိုးတို့ချ[...] ကြည့်လို့တော့ ဘယ်ဖြစ်မလဲ၊ နောင်ကြီးထန်ရှင်ရဲ့ စိတ်[...] သာမှုကိုလဲ ကြည့်ရဦးမှာပေါ့'

ကွမ်းစန်စင်က တုန်ယင်လှိုက်လှဲစွာ မေးလေ၏။

'နောင်ကြီးထန်ရှင် တကယ်ပဲ သွားတော့မလား ခင်[...]

ထန်ရှင်၏မျက်နှာမှာ ပြုံးမနေတော့ပေ။



သူလည်း စိတ်မကောင်းဖြစ်သွားသည်။

သူ၏ယပ်တောင်ကို ခေါက်သိမ်းလိုက်ပြီး တိုးညင်းစွာပြော သည်။

'နောက်နှစ်လတောင် အချိန်ရှိသေးတာပဲ၊ အချိန်ဆိုတာ တန်ဖိုးရှိရှိအသုံးချတတ်ရင် နှစ်လမပြောနဲ့ တစ်ရက်တည်း တောင် တန်ဖိုးရှိပါတယ်၊ အခုအချိန်က ရန်သူကို ဘယ်လို အနိုင်တိုက်ရမလဲဆိုတဲ့ မဟာဗျူဟာကော၊ နည်းဗျူဟာကော ကြံဆထုတ်သုံးရမယ့် အချိန်ပဲ'

ပညာရှိထန်ရှင် ကျွန်လုဂိုဏ်းထဲမှထွက်ခွာမည့်ကိစ္စမှာ ကျွန် လုဂိုဏ်း၏ အတွင်းရေးဖြစ်သည်။

ထို့ကြောင့် တက်မုဆရာတော်၊ ဖန်မုဆရာတော်၊ ဖေကျုံး လျှန်နှင့် ညည်မ်းဝှက်ဝမ်ကန်းတို့မှာ မည်သည့်စကားမျှမပြော နိုင်ဘဲ နှုတ်ဆိတ်နေကြလေ၏။

ပညာထန်ရှင်၏ ကျော်ကြားမှုကို သူတို့အားလုံး သိရှိကြ သည်၊

ပညာရှိထန်ရှင်၏ကျော်ကြားမှုသည် ဂိုဏ်းချုပ်ကြီး အို့ယန် ထုံ၏ ကျော်ကြားမှုနှင့် ဝန်းတူလိုက်၏။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံကလည်း မည်သည့် အခါကမျှ ထန်ရှင်အား မနှိမ့်ချခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုရေးဆိုစရာရှိတိုင်း ပညာရှိထန်ရှင်အား ချီးမြှောက်ပြောကြားခဲ့လေ့ရှိသည်။

ပညာရှိထန်ရှင် ကျန်လုဂိုဏ်းမှထွက်ခွာသွားပါက ကျန်လုဂိုဏ်းအတွက် ကြီးစွာသော ဆုံးရှုံးမှုကြီးဖြစ်ကြောင်း အားလုံးက နားလည်သဘောပေါက်ကြသည်။

ထို့ကြောင့် လူအားလုံး အတွေးကိုယ်စီတွေးနေကြသဖြင့် ပတ်ဝန်းကျင် တစ်ခုလုံး ငြိမ်သက် တိတ်ဆိတ်သွားလေတော့သည်။

'ဖျပ်....ဖျပ်....ဖျပ်....ဖျပ်'

ငြိမ်သက်နေသော ပတ်ဝန်းကျင်ကို ပြေးလွှားလာသည့် ခြေသံက ဖြိုခွင်းဖျက်ဆီးပစ်လိုက်သည်။

မီးခိုးရောင် ဝတ်ဆင်ထားသည့် ကျန်လုဂိုဏ်းသား နှစ်ဦးသည် ဂိုဏ်းချုပ်ကြီးအို့ယန်ထုံနှင့် ဧည့်သည်တော်များရှိရာသို့ ပြေးလွှားလာကြ၏။

သူတို့သည် မျက်နှာကို လှမ်းကြည့်ရုံမျှဖြင့် အကြောင်းထူး တစ်စုံတရာရှိနေပြီဖြစ်ကြောင်း အားလုံး ရိပ်မိလိုက်ကြသည်။

ထန်ရှင်က ထိုင်ရာမှထ၍ စောင့်သည်။



ကျန်လုဂိုဏ်းသားနှစ်ယောက်သည် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံအား ဦးညွှတ်ဂါရဝပြုပြီးမှ ထန်ရှင်ကို ဂါရဝပြုသည်။

ထန်ရှင်က....

'ရန်သူစစ်ကူတွေ ရောက်လာပြီလား'

ကျန်လုဂိုဏ်းသားတစ်ဦးက ဖြေ၏။

'စစ်ကူရောက်ပြီလို့ ဆိုနိုင်မလားတော့ မသိဘူး ဆရာကြီး၊ အဆောင်ချောက်တွေအားလုံး ဖျက်ဆီးခံရပါတယ်'

'အစောင့်တွေကော'

'အစောင့်တွေလဲ သေနေပါတယ်'

လေ့ကျင့်ရေးမှူးကြီး ကွမ်းစန့်စင်မှာလည်း ထိုင်ရာမှဖြုန်း ထရပ်မိတော့သည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ တစ်ယောက်သာ အလွန်တရာ အေးဆေး တည်ငြိမ်မှုရှိသည်။

ကွမ်းဖန့်စင်က....

'အားလုံး သေတာလား၊ တစ်ယောက် တလေတောင် မကျန်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'မကျန်ပါဘူး၊ အားလုံးသေတာပါ'

'ငကျာ တွေ့သလား'

'မရှာရသေးပါဘူး၊ မျက်နှာတွေကတော့ စိမ်းပြာပြာဖြ
နေပါတယ်'

'ဒါဆို အဆိပ်မိတာပေါ့'

'ကျွန်တော်တို့လဲ မဆုံးဖြတ်တတ်ပါဘူး ခင်ဗျာ'

တက်မုဆရာတော်မှာ ဘုရားတနေမိသည်။

ရန်သူသည် မိမိတို့ထက်ပင် လက်ဦးမှု ရယူခနဲ့ပြီ မဟုတ်
လား၊

ကွမ်းစန်စင်က...

'အလောင်းတွေ ဘယ်လိုထားသလဲ'

'ဒီအတိုင်းပဲထားပါတယ်၊ ဆရာကြီးတို့ကြည့်ချင်ရင် ကြ
နိုင်အောင်လို့ပါ၊ လုံးဝ ခြေရာလက်ရာမပျက်ပါဘူး'

ထန်ရှင်က ဝင်ပြောသည်။

'ဟောဒီက ဧည့်သည်တော်ကြီးတွေကိုတော့ အားနာ
နာနဲ့ တောင်းပန်ရဦးမှာပဲ၊ ဧည့်သည့်တော်ကြီးတွေ အ



ဒီမှာ ခေတ္တအနားယူကြပါ၊ ကျုပ်နဲ့ လေ့ကျင့်ရေးမှူးကြီး
ကွမ်းစန်စင်ကတော့ အခြေအနေကို သွားရောက် စစ်ဆေး
လိုက်ပါဦးမယ်'

ဖေကုံးလျှန်က...

'ဟာ...ဖြစ်ပါ့မလား နောင်ကြီးထန်ရှင်၊ အခု ကျုပ်တို့
တွေ့ဆုံရတဲ့ ရန်သူတော်ကြီးတွေက နှယ်နှယ်ရရရန်သူတွေမဟုတ်
ဘူး၊ ကျုပ်တို့ပါ လိုက်ခဲ့မယ်ဗျာ၊ ပြဿနာ တစ်ခုခုပေါ်ရင်
ခါမှ ကျုပ်တို့ ဝင်ကူနိုင်မယ်'

ညသိမ်းငှက် ဝမ်ကန်းကလည်း ထပ်မံပြောသည်။

'ဆရာကြီးထန်ရှင်၊ ဆရာကြီးနဲ့အတူ ကျွန်တော် အဖော်
အဖြစ် လိုက်ပါရစေ'

ထန်ရှင်က ပြုံး၍ ခေါင်းခါ၏။

'ကိစ္စမရှိပါဘူး၊ နောင်ကြီးဖေကုံးလျှန်နဲ့ မိတ်ဆွေ ဝမ်
ကန်းတို့ သိပ်ပြီး စိတ်မပူကြပါနဲ့၊ သူတို့ဟာ ကျုပ်တို့လာတဲ့
အချိန်အထိ ချောင်းမြောင်းနေကြမှာ မဟုတ်ပါဘူး၊ ကျုပ်တို့
တွေကိုသတ်ပြီးတာနဲ့ သူတို့ရဲ့စခန်းကို ပြေးသွားမှာ အေ
နာပါတယ်၊ ကဲ...သတင်းလာပို့တဲ့ဂိုဏ်းသားနှစ်ယောက် ရှေ့
ကလမ်းပြပေတော့'

www.burmeseclassic.com

www.burmeseclassic.com



တက်မှုဆရာတော်နှင့်ဖန်မှုဆရာတော်တို့ကမူ ကျန်လူဂိုဏ်း၏ အတွင်းရေးကိစ္စ ဖြစ်နေသဖြင့် မည်သို့မျှ ဝင်ရောက် စွက်ဖက်ခြင်းမပြုကြပေ။

အသာ နှုတ်ဆိတ်၍ နေကြသည်။

သတင်းလာပို့သည့် ဂိုဏ်းသား နှစ်ယောက်သည် ရှေ့မှ လမ်းပြ၍ ထွက်ခွာကြ၏။

သူတို့ဂိုဏ်း၏ ပညာရှိကြီးထန်ရှင် သိုင်းပညာမတတ်သည်ကို သိကြသည်ဖြစ်၍ မည်သူမျှ ပြေးခွာခြင်း မပြုကြပေ။

ကွမ်းစန်စင်က ထန်ရှင်အား တိုးတိုးလှမ်းပြောသည်။

'နောင်ကြီး ထန်ရှင်.... ကျွန်တော်တို့ မြင်းလှည်းနဲ့သွားရင် မကောင်းဘူးလား'

ထန်ရှင်က ရယ်သည်။

'ဟုတ်ပေသားပဲ၊ ကျုပ်က ကိုယ်ဖော့သိုင်းပညာမှ မတတ်တာပဲ၊ လှည်းနဲ့ သွားရင်တော့ မြန်ကြာ ရှိသွားတာပေါ့'

ကွမ်းစန်စင်သည် လမ်းပြ နှစ်ယောက်အနက် တစ်ယောက်အား စခန်းသို့ ပြန်လွှတ်လိုက်သည်။

ထိုလူက မြင်းလှည်းတစ်စီးကို မောင်းနှင်ယူလာသည်။



ကွမ်းစန်စင်သည် မြင်းလှည်းပေါ်တက်ပြီးမြင်းလှည်းမောင်း သမားနေရာ၌ နေရာယူ၏။

'နေရာကျပြီ၊ မင်းတို့နှစ်ယောက် ရှေ့ကပြေးပြီး လမ်းပြကြပေတော့၊ ငါက နောင်ကြီးထန်ရှင်ကို မြင်းလှည်းနဲ့ တင်ခေါ်ပြီး မင်းတို့နောက်ကို လိုက်မယ်'

'ဟုတ်ကဲ့....အမိန့်အတိုင်းပါ'

လမ်းပြနှစ်ဦးသည် ကိုယ်ဖော့ပညာသုံးပြီး ရှေ့မှပြေး၏။ ကွမ်းစန်စင်နှင့် ထန်ရှင်တို့က နောက်မှလိုက်သည်။

ထိုစဉ် သူတို့နောက်မှ အော်သံကြားလိုက်ရသဖြင့် လှည့်ပြီး ကြည့်မိကြသည်။

'ဆရာကြီးထန်ရှင်....ဆရာကြီးကွမ်းစန်စင်'

'အလို....ဝမ့်ကန်းပါလား၊ ဘာဖြစ်လို့များပါလိမ့်'

ကွမ်းစန်စင်က မြင်းလှည်းကို ဆွဲရပ်လိုက်၏။

'ဝမ်ကန်း....ဘာဖြစ်လို့လဲ'

'ဆရာကြီး....ကျုပ်လဲ လိုက်ပါရစေ၊ ကူညီတန် ကူညီရအောင်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန်စင်က ငြင်းပယ်မည်ပြုစဉ် ထန်ရှင်က ကွမ်းစန်စင်၏ လက်ကို ယပ်တောင်နှင့် ပုတ်၍ ဖမတ္တာရပ်ခဲ့သည်။

'သေ ကျင့်ဖရေးနှုံးကြီး... ဒ္ဒီသေလာက် လိုက်ချင်ရင်လဲ လိုက် ပါစေတော့'

ကွမ်းစန်စင်မှာ ထန်ရှင်၏ စကားကို မညီသည့်အခါကမျှ ငြင်းပယ်ခဲ့သူ မဟုတ်ချေ။

ထို့ကြောင့် ချက်ချင်းပင် ခေါင်းညိတ်ပြမိလေ၏။

'ကောင်းပြီ၊ လှည်းနောက်မြီးပေါ် ခုန်တက်ပြီး လိုက်ခဲ့ ပေတော့'

ဝမ်ကန်းသည် ထန်ရှင်နှင့်ကွမ်းစန်စင်တို့နှစ်ဦးအား ဦးညွှတ် ဂါရဝပြုပြီး မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်၏။

မြင်းလှည်းသည် တရိပ်ရိပ် ပြေးနေလေတော့၏။

ဝမ်ကန်းသည် ညသိမ်းငှက် ဟူသော ဘွဲ့အမည်နှင့် လို အောင်မျက်စိလျှင်သူဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံးအား အဆ မပြတ် အကဲခတ်လာ၏။

သူ လိုက်လာရသည့် အဓိကရည်ရွယ်ချက်မှာ ပညာရှိထန်ရှ ခလုတ်မထိ ဆူးမငြိစေရန် ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်



အတော်အဲဟန် ခရီးရောက်ပြီးသောအခါ ကွမ်းစန်စင်သည် ြင်းဇက်ကြိုးကိုဆွဲ၍ ရပ်တန့်လိုက်လေ၏။

ဒရှ့မှ လမ်းပြနှစ်ဦးက မြင်းလှည်းရပ်တန့်ရန် အချက်ပြ သောကြောင့်ဟည်း။

'ဆရာကြီးတို့ ကျွန်တော်တို့ရဲ့ ပထမအဆင့် သောင်ချောက် နေရာကို ရောက်ပါပြီ'

ကွမ်းစန်စင်က ခုန်ဆင်းလိုက်သည်၊

ထန်ရှင်က အသာအယာ ခုန်ဆင်းသည်။

'ကျွန်တော်တို့ရဲ့ ပထမအဆင့် သောင်ချောက်တွေအားလုံး ကိစ္စကုန်ပါပြီ၊ အလောင်းတွေကတော့ ချုံပုတ်တွေကြား ထဲမှာ ရှိနေပါတယ်'

ထန်ရှင်က ယပ်တောင်ကို ဖြန့်၍ ယပ်ခတ်ရင်း....

'ကောင်းပြီ၊ အလောင်းတွေ ရှိတဲ့နေရာကို အရင်သွား၊ အလောင်းတွေရှိတဲ့နေရာကို အရင်ဆုံး စစ်ဆေးကြည့်ရှုမယ်'

ကျွန်လုဂိုဏ်းသည် အသွန်တရာ ကြီးမားသော သိုင်းအဖွဲ့ အစည်းကြီး ဖြစ်သည်၊

တရုတ်ပြည်တစ်ပြည်လုံး၌ ဂိုဏ်းသားများပျံ့နှံ့နေသည်၊

www.burmeseclassic.com

ကျွမ်းစန်စင်အနေဖြင့် ရာထူးအဆင့်မြင့်သည့် ဂိုဏ်းသားများကိုသာ မှတ်မိသိရှိသည်။

လက်အောက်ငယ်သား ဂိုဏ်းသားများကိုမူ မှတ်မိသိရှိခြင်း မရှိပေ။

သို့သော်....

ယခု သေဆုံးသူများသည် သူ့မျက်နှာသိဖြစ်သည့် လက်အောက်ငယ်သား ဂိုဏ်းသားများလောဟု သိချင်နေမိသည်။

မကြာမီ....

မှောက်လျက်သေဆုံးနေသော အလောင်းကောင်နှစ်ကောင်ကြားသို့ ရောက်ရှိသွားကြ၏။

ဝမ်ကန်းက အလောင်းများကို ဆွဲလှန်ရန် ဟန်ပြင်လိုက်သည်။

ထန်ရှင်က ဝမ်ကန်း၏ပခုံးကို လှမ်းဆွဲ၏။

'မိတ်ဆွေ ဝမ်ကန်း အရမ်းမလုပ်နဲ့၊ သူတို့အသားကို မထိတာ အကောင်းဆုံးပဲ'

'ဘာဖြစ်လို့လဲဆရာကြီး'

'သတိထားလို့ မှားတယ်ဆိုတာမရှိပါဘူး၊ သစ်ကိုင်းတစ်ကိုင်းကို ချိုးလိုက်ပါ၊ သစ်ကိုင်းကိုအသုံးပြုပြီး သူတို့ကိုယ်တွေကို ဆွဲလှန်ပါ၊ သူတို့မျက်နှာတွေကို စစ်ဆေးကြည့်ရအောင်'



ဝမ်ကန်းသည် ပညာရှိထန်ရှင် ပြောသည့်အတိုင်း လိုက်လုပ်သည်။

အလောင်းများကို ဆွဲလှန်လိုက်သောအခါ မျက်နှာများ ညိုညစ်နေသည်ကို တွေ့ရ၏။

အလောင်းနှစ်လောင်း၏ မျက်နှာများကိုကြည့်ပြီး ထန်ရှင် မှတ်ချက်ချလေ၏။

'အင်း...အလောင်းတွေကို ကြည့်ရတာ အဆိပ်မိသွားတဲ့ ပုံရတာပဲ၊ သူတို့ရဲ့ ခန္ဓာကိုယ်ကို မထိတာ အကောင်းဆုံးပဲ၊ ကိုင်မိရင် ကိုယ်ပါ အဆိပ်မိသွားနိုင်တယ်'

ကျွမ်းစန်ဝင်က....

'နောင်ကြီးထန်ရှင်၊ အဆိပ်မိသေဆုံးသွားသူကို ကိုင်မိရုံနဲ့ အဆိပ်သင့် ခံရနိုင်ပါသလား'

'လေ့ကျင့်ရေးမှူးကြီးအနေနဲ့ နည်းနည်းကလေး အတွေးအခေါ် ခုန်ကျော်သွားပုံရပါတယ်၊ လေ့ကျင့်ရေးမှူးကြီးတို့တွေအားလုံး ကလောင်တံကိုင်၊ မင်အိုးကိုင်၊ စာအုပ်ကိုင်ရုံကလေးနဲ့တောင် အဆိပ်မိသေးရင် အဆိပ်သင့်သေဆုံးသူရဲ့ ခန္ဓာကိုယ်ကို ကိုင်တဲ့လူက ပိုဆိုးစေတာပေါ့'

'ဟုတ်ကဲ့...ကျွန်တော် အတွေးအခေါ် နည်းနည်းလိုသွားတယ်'

www.burmeseclassic.com



ထန်ရှင်က ရယ်၍ပြောသည်။

'အခု ကျုပ်တို့နဲ့ တွေ့ဆုံရင်ဆိုင်နေရတဲ့အုပ်စုဟာ အင်မတ
ရက်စက်တယ်၊ ဓါးလေးသုံးသူတွေရဲ့ အဝတ်အစားပေါ်မှာ အ
မဘာနံ ပြင်းထန်တဲ့အဆိပ်မှုန့်တွေ ဖြူးပသွားဘူးလို့ ဘယ်သူ
အာမခံနိုင်ပါဘူး'

ထန်ရှင်သည် လမ်းပြဂိုဏ်းသားနှစ်ယောက်ဘက်သို့ လှည့်
မေး၏။

'ကျန်တဲ့အလောင်းတွေ ဘယ်မှာလဲ လိုက်ပြကြပါ'

လမ်းပြဂိုဏ်းသားနှစ်ဦးသည် ဦးညွှတ် ဂါရဝပြုပြီးနော
ရှေ့မှ ဦးဆောင်ထွက်သွား၏။

ဤတစ်ကြိမ်တွင်တော့ ထန်ရှင်နှင့် ကွမ်းစန်စင်တို့သည် မြ
လှည်း စီးကြတော့ပေ။

ခရီးကွာဝေးမှုမရှိ၍ လမ်းလျှောက်ကြသည်။

ထောင်ချောက်များအနီး၌ စောင့်နေသူများ၏ အလော
ကို နှစ်လောင်းစီ၊ သုံးလောင်းစီတွေ့ခဲ့ရသည်။

အချို့မှာ အဆိပ်မိသေနေပြီး အချို့မှာ ကျောက်လက်
ဖြင့် အရိုက်ခံရပြီး သေနေသည်ကို တွေ့ရသည်။



ထန်ရှင်က လမ်းပြဂိုဏ်းသားနှစ်ဦးကို လှည့်၍ အမိန့်ပေး
လိုက်၏။

'သူတို့အလောင်းတွေကို ကြိုးတွေ အသုံးပြုပြီး တစ်နေရာ
တည်းစုလိုက်၊ နောက်ပြီး အားလုံးကို မီးသင်္ဂြိုဟ်ပစ်လိုက်၊
ဆက်နဲ့တော့ လုံးဝမထိမကိုင်ကြနဲ့'

ထန်ရှင်သည် ကွမ်းစန်စင်နှင့် ဝမ်ကန်းတို့ဘက်သို့ လှည့်၍
ပြောလိုက်သည်။

'ကဲ...ကျုပ်တို့လဲ ပြန်ကြစို့'

ကွမ်းစန်စင်နှင့် ဝမ်ကန်းတို့သည် ပျက်စီးသွားသည့် ထောင်
ချောက်များကို စစ်ဆေးခြင်းမရှိဘဲ ပြန်တော့မည်ဆို၍ အံ့အား
သင့်သွားလေ၏။

www.burmeseclassic.com

## အခန်း (၆၅)

### ဒုတိယအကြိမ် မြစ်ယံတွင်းတိုက်ပွဲ

အဘယ်ကြောင့် ကွမ်းစန်စင် အံ့သြသွားသနည်း၊
အကြောင်းရှိပါသည်။
ပညာရှိထန်ရှင်သည် အကြောင်းအရာတစ်ခုခုကို လေ့လာ
စစ်ဆေးလျှင် အလွန်တရာ စေ့စပ်သေချာ၏။
မည်သည့်အခါမျှ အပေါ်ယံကြော လေ့လာလေ့မရှိပေ။
ယခုကဲ့သို့ ထောင်ချောက်များကို မစစ်ဆေးဘဲ ပြန်မည်
ဖြစ်ကြောင်း ပြောလိမ့်မည် မထင်မိခဲ့ပေ။
ထန်ရှင်သည် ကွမ်းစန်စင်၏ အံ့သြသော မျက်နှာကိုကြည့်ပြီး
အေးအေးသက်သာပင် ပြောသည်။



'လေ့ကျင့်ရေးမှူးကြီး အံ့သြနေသလား၊ ဆင်ကောင်လုံး
ကြီးကို မြင်ပြီးမှတော့ ဆင်ခြေရာရှာဖို့ မလိုတော့ပါဘူး၊ ထောင်
ချောက်တွေကို စောင့်ရှောက်နေတဲ့ လူတွေ သေနေမှတော့
ထောင်ချောက်တွေကို စစ်ဆေးဖို့ မလိုတော့ပါဘူး၊ အခု ကျုပ်
တို့ ပြန်ကြမယ်၊ ရန်သူကို ဘယ်လိုရင်ဆိုင်မယ်ဆိုတာ အစီအစဉ်
ဆွဲရမယ်၊ ကဲ...သွားကြစို့'

သူတို့သည် ထားပစ်ခဲ့သည့်မြင်းလှည်းအနီးပြန်လည်ရောက်ရှိ
ပြီဖြစ်၍ ကွမ်းစန်စင်က မြင်းလှည်းပေါ်တက်၍ မောင်း
သွားသည်။

ကွမ်းစန်စင်သည် သူတို့၏ယာယီစခန်းသို့ အမြန်ဆုံးရောက်ရှိ
အောင် မြင်းလှည်းကို အပြင်းနှင်လာသည်။

မကြာမီ သူတို့ထွက်ခွာခဲ့သည့်စခန်းသို့ ပြန်လည် ရောက်ရှိ
လာလေတော့၏။

အသင့်စောင့်ကြိုနေဟန်ရှိသော ဂိုဏ်းချုပ်ကြီး အိုယန်သုံက
အတတ်ရပ်၍ ကြိုဆိုသည်။

ဘက်မုဆရာတော်က လက်အုပ်ချီပြီး မေးမြန်းစုံစမ်းလေ
သည်။

'အကာကြီး.... ဘာများ ထူးခြားချက်တွေ တွေ့ရှိပါသလဲ'

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်သည် မြင်းလှည်းပေါ်မှ ဆင်းသော်ရင်း လက်အ... ချီ၍ တင်လျှောက်လေ၏။

'မှန်ပါ၊ ဟိုလုံမလေးဝန်ရဲ့ တပင်တိုင်လှေကြီး ဒီနားမှ... ဆိုက်ကပ်ထားခြင်းဟာ အစ်စုံတစ်ခုသော အကြံကြီးနဲ့ ဆို... ကပ်ထားတယ်ဆိုတာ သေချာသလောက် ရှိနေပါပြီ၊ တ... တော်ရဲ့ ထောင်ချောက်တွေကော ကင်းသမားတွေပါ အား... မသကြေပျက်စီးကုန်ပါပြီ'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက မှတ်ချက်ပြုသည်။

'ဟိုတပင်တိုင်ရွက်လှေ ချက်ချင်း ထွက်ခွာမသွားဘဲ စော... နေတာက ကျုပ်တို့ကို တမင်မျှားခေါ်ချင်လို့ ကျော့ကွက်ချ... တာလား မသိဘူး၊ သူတို့မှာ ထူးခြားတဲ့ အကြံအစည်တ... ရှိနေမှာတော့ သေချာသလောက်ပါပဲ'

ပညာရှိထန်ရှင်သည် စားပွဲဝိုင်းများ အလယ်သို့ ဝင်လာ... အားလုံး ထိတ်လန့်သွားနိုင်မည့်စကားကို ပြောကြားလိုက်... တော့၏။

'ဂိုဏ်းချုပ်ကြီး...ကင်းထောင်ချောက်တွေကို ကျွန်တော်... လျှို့ဝှက်ပြီး ချထားခဲ့တာပါ၊ တာဝန်ကျသူအချို့နဲ့ ကျွန်... ဂိုဏ်းရဲ့ ထိပ်တန်းပုဂ္ဂိုလ်တချို့ပဲ ဒီသတင်းကို သိရှိကြပါတ... ပါပေမယ့် အခုတော့ အဲဒီကင်းထောင်ချောက်တွေ အား... ပျက်စီးကုန်ပါပြီ'



တက်မှုဆရာတော်၊ ဖန်မှုဆရာတော်၊ ဖေကုံးလျှန်နှင့် ဝမ်ကန်းတို့မှာ ထိတ်လန့်တုန်လှုပ်သွားကြသည်။

လျှို့ဝှက်သတင်း ပေါက်ကြားမှုတွင် လူစိမ်းဧည့်သည်များ တာဝန်ရှိသလို ဖြစ်နေသောကြောင့်တည်း။

လူအားလုံး စကားမပြောနိုင်ကြဘဲ တိတ်ဆိတ် ငြိမ်သက်သွားကြ၏။

'နောင်ကြီး ထန်ရှင်....ခင်ဗျားတို့ ကျွန်လုဂိုဏ်းထဲမှာ သစ္စာဖောက်ရှိနေပြီလို့ ဆိုလိုချင်တာလား'

တိတ်ဆိတ် ငြိမ်သက်မှုကို ဖေကုံးလျှန်က ဖြိုခွဲဖျက်ဆီးပစ်လိုက်၏။

ထန်ရှင်က လေးပင်စွာ ခေါင်းညိတ်၏။

'စဉ်းစားစရာပဲလေ၊ ကျုပ်တို့ဂိုဏ်းထဲမှာ သစ္စာဖောက်ရှိနေရင်လဲ ရှိရမယ်၊ နောက်တစ်ကြောင်းက ရန်သူစစ်ကူတွေဟာ ဘာကောင်းထောက်ပြီး ကင်းသမားတွေ မတွေ့ခင် သူတို့က ကင်းသမားတွေကို တွေ့ပြီး သတ်ပစ်တာလဲ ဖြစ်နိုင်တယ်'

ဖေကုံးလျှန်က....

'နောင်ကြီးထန်ရှင်ပြောတဲ့ အချက်အရဆိုရင် နောင်ကြီးတို့ဂိုဏ်းထဲက သစ္စာဖောက်တာ'

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်က ခေါင်းညိတ်၏။

'မှန်ပါတယ်၊ ကျုပ်တို့ အထက်ပိုင်း ခေါင်းဆောင်တွေ နီးနီးကပ်ကပ်ရှိနေတဲ့' လူတွေထဲကပဲ ဖြစ်ရပါမယ်'

ကွမ်းစန်စင်သည် ထန်ရှင်အား အလွန်တရာ လေးစား ရှိသည်။

သို့သော် သူ အထူးတလည် လေ့ကျင့်ပေးခဲ့ရသည့် ဂိုဏ်း သားများကိုလည်း ခြွင်းချက်မရှိ ယုံကြည်မှုရှိသည်။

'နောင်ကြီး ထန်ရှင်....ဒီလိုတော့ ရယ်စရာစကား မပြေ ပါနဲ့၊ ဂိုဏ်းချုပ်ကြီးရဲ့ နောက်လိုက်ငယ်သားတိုင်းဟာ ဂိုဏ် ချုပ်ကြီးအပေါ်ကော၊ ဂိုဏ်းကြီးအပေါ်မှာကော အလွန်တ သစ္စာရှိကြပါတယ်'

ထန်ရှင်က ချောင်းတစ်ချက်ဟန့်ပြီး....

'ကျုပ်က အကြောင်းနှစ်ချက်ကိုပဲ တွေးမိတာကိုး၊ ဒုတိ အချက်လဲ ဖြစ်နိုင်ပါတယ်၊ ရန်သူတွေဟာ မြစ်ဆိပ်ကို ဆ လာတုန်း တိုက်တိုက်ဆိုင်ဆိုင် ကင်းထောင်ချောက်တွေကို သွားတာ ဖြစ်နိုင်ပါတယ်'

တက်မုဆရာတော်က ဝင်၍ထောက်ခံလေ၏။

'ဒုတိယအကြောင်းအချက်ကလဲ ဖြစ်နိုင်တာပါပဲ၊ ဘယ် ကိုမှ အမှန်လို့တော့ အတိအကျယူလို့တော့ မရဘူးပေါ့



ဖေကုန်းလျှန်ကလည်း ခေါင်းညိတ်၏။

'ဒီနေရာက ဘယ်သူမှ တွက်ခွာခဲ့သေးတာမှမဟုတ်ဘဲ၊ ဒုတိယ ချက်က ပိုဖြစ်နိုင်ပါတယ်'

ထိုအချိန်မှာပင် ကြောက်မက်ဖွယ်ရာအော်သံနှင့်အတူ လူရိပ် ခု အပြေးအလွှားလာနေသည်ကို တွေ့ရ၏။

ထိုလူသည် နက်ပြာရောင် ဝတ်စုံကို ဝတ်ဆင်ထားသဖြင့် င်းသမားတစ်ဦးဖြစ်ကြောင်း ထင်ထင်ရှားရှား သိရှိခွင့်ရကြ ည်။

ထိုလူသည် ရှိစုမဲ့စု ခွန်အားများကို အသုံးပြု၍ ဂိုဏ်းချုပ် အို့ယန်ထိုတို့ လူစုရှိရာသို့ ပြေးလွှားလာနေ၏။

သိမ်းထိုး၍ပြေးလာနေသည့်ဟန်ပန်ကနေရာတွင်ပင်ချက်ချင်း ကျတော့မည်ကဲ့သို့ ဖြစ်နေသည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထု မှာ မျက်ခုံးများ မြင့်တက်သွား ည်။

ထို့နောက် ကွမ်းစန်စင်အား အစေးတကြီး အမိန့်ပေး လေ၏။

'ဒီလူ ဒဏ်ရာရလာပုံရတယ်၊ လေ့ကျင့်ရေးမှူးကြီး သွားပြီး လိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန်စင်သည် အမိန့်ရသည်နှင့် ခုန်ထွက်သွား

သို့သော် ထိုလူအနီးသို့ သူ မရောက်မီကလေးမှာပင် သည် လဲကျသွားလေတော့၏။

ကွမ်းစန်စင်သည် ထိုလူကို ပွေ့ချီပြီး ဂိုဏ်းချုပ်ကြီး ယန်ထုံ့တို့ လူစုရှိရာသို့ ပြေးလွှားလာလေ၏။

ပညာရှိထန်ရှင်က ယပ်တောင်ကိုယပ်၍ ခေါ်လေ

'လေ ကျင့်ရေးမှူးကြီး ကွမ်း၊ ဒီဘက်ကိုချီလာခဲ့ပါ ကယ်နိုင်သေးသလားလို့ စစ်ဆေးကြည့်ရှုကြရအောင်'

ကွမ်းစန်စင်က လူနာကို ပွေ့ချီယူလာပြီး ထန်ရှင် မှောက်သို့ ချပေးလိုက်၏။

လူနာ၏ မျက်နှာမှာ စိမ်းညိုရောင်သမ်းနေ၏။

အဆိပ်မိထားသလို ပုံစံမျိုးဖြစ်နေသည်။

အသက်ရှူပုံကလည်း အားရစရာမရှိတော့ချေ။

တက်မူဆရာတော်သည် ဖျတ်လတ်သွက်လက်သော များဖြင့် ငေးကြည့်ရင်း....

'သူဟာ ဒကာကြီးတို့ ကျွန်လုဂိုဏ်းရဲ့ ဂိုဏ်းသားပုံမရပါဘူး'



ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက ခေါင်းညိတ်၏။

'တပည့်တော်တို့ ဂိုဏ်းသားဆိုရင် တပည့်တော် ဒီလောက် ခင် အံ့ဩမှာမဟုတ်ပါဘူး၊ အခုတော့ တကယ့်ကို အံ့ဩမိ ယ်'

'ဒါဖြင့် ဒကာကြီးတို့ဂိုဏ်းသား မဟုတ်ဘူးဆိုတာ သေချာ ပြီပေါ့'

'သိပ်သေချာပါတယ်'

'ဒါဖြင့် ဘာဖြစ်လို့ အစောင့်အထပ်ထပ်ချထားတဲ့ ဒကာ ကိုစခန်းထဲ ဝင်ပြေးလာနိုင်တာလဲ'

'ဒါလဲ တပည့်တော် ရှင်းမပြတတ်ဘူး၊ တပည့်တော်တို့ရဲ့ ဝန်းကျင်မှာရှိတဲ့ ကင်းစခန်းတွေမှာ ချွတ်ယွင်းချက်ရှိနေပြီ တာတော့ သေချာပြီ'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် ထန်ရှင်အား ရှုတ်တရက် းကြည့်လိုက်သည်။

'နောင်ကြီး ထန်ရှင်၊ ဒီလူ့ကို ကယ်နိုင်သေးသလား'

ထန်ရှင်သည် ထိုလူ၏ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာများကို စစ် ဆေးကြည့်ရှုပြီးနောက်....

www.burmeseclassic.com

www.burmeseclassic.com



'သူ့ဓာတ်ရာက သိပ်ပြင်းထန်တယ်၊ ဒါပေမယ့် ချက်ချင်း မသေနိုင်အောင်တော့ တားထားနိုင်ပါတယ်၊ သူ့သွေးကြော ကို တစ်ချက်ဖွင့်ပေးပြီး ဆေးတိုက်လိုက်မယ်၊ ယာယီတော့ အသက်ရှင်လာမှာပါ၊ သူတာတွေပြောချင်သလဲဆိုတာ စော နားထောင်ရအောင်'

'နောင်ကြီး ထန်ရှင်၊ ကယ်နိုင်ရင် သိပ်ကောင်းပါတယ် ကျေးဇူးပြုပြီး မြန်မြန်ကယ်လိုက်ပါ၊ ကျုပ်လဲ စစ်မေးစရာ တာ စစ်မေးရအာပေါ့'

တန်ရှင်သည် ဆေးပုလင်းငယ်တစ်လုံးကို ထုတ်ကာ ထဲ နေသူအား ကြည့်လိုက်၏ ထို့နောက်....

'လေကျင့်ရေးမှူးကြီး၊ သူ့ရဲ့'ချီမှိန်'သွေးကြောကို ထော ပေးလိုက်ပါ'

ကုမ်းစန်စင်က ပညာရှိထန်ရှင် ပြောသည့်အတိုင်း ချီ သွေးကြောကို ထောက်ပေးလိုက်၏။

ထန်ရှင်သည် ပုလင်းထဲမှ ဆေးလုံးတစ်လုံးကို ယူပြီး လူ ပါးစပ်ထဲသို့ ထည့်ပေးသည်။

ဖေကုံးလျှန်က စိတ်ထဲမှ စဉ်းစားသည်၊



'ထန်ရှင်ဟာ အဆိပ်ကျွမ်းတွေ လေ့လာဖူးတယ်လို့တော့ ပြောတယ်၊ ဆေးပညာနဲ့ ပတ်သက်ပြီးတော့လဲ အတော်ကလေး ကျွမ်းကျွမ်းကျင်ကျင် ရှိပုံရတယ်၊ တကယ် ကျွမ်းကျင်တယ် ကျွမ်းကျင်ဘူးဆိုတာ အခုလူနာကို ကုသနေတဲ့ အဖြစ်အပျက် က သက်သေအဖြစ် ပြလိမ့်မယ်'

ဖေကုံးလျှန်သည် လူနာ၏ ထူးခြားမှုကို စောင့်ကြည့်နေ သည်။

အချိန်အနည်းငယ် ကြာသောအခါ လူနာ လူးလွန့်လာ သည်။

ထို့နောက်....

လေပြင်းတစ်ချက် မှုတ်ထုတ်ကာ ထထိုင်သည်၊

ထိုလူသည် ပတ်ဝန်းကျင်ကို ဟိုဟိုသည်သည် ဝေ့ဝှေ့ကြည့်

ပညာရှိထန်ရှင်၏ဆေး စွမ်းပေစွတကား။

ဖေကုံးလျှန် ချီးကျူးမိလေ၏။

အိုယန်ထုက ထိုလူအား စူးစူးစိုက်စိုက်ကြည့်လျက် လှမ်း လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'မိတ်ဆွေ....ခင်ဗျား ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ကျွန်ုပ်လုဂိုဏ်းရဲ့ ယာယီစခန်းထဲ ပြေးဝင်လာသလဲ'

'နာမည်ကိုတော့ မပြောပါရစေနဲ့'

'မျိုးရိုးအမည်လောက်တော့ ပြောပြပါ'

'ဟုန်မျိုးရိုးပါ'

'မိတ်ဆွေဟုန်....ဘာပြောချင်လဲ၊ ပြောပါ'

အင်္ကျီဘောင်းဘီ နက်ပြာရောင် ဝတ်ဆင်ထားသူသည် ဂိုဏ်းချုပ်ကြီး အိုယန်ထုကို ခြေဆုံးခေါင်းဆုံး အသေအချာ ကြည့်ပြီး မေးမြန်း၏။

'ကျွန်ုပ်လုဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးလို့ ထင်ပါတယ်'

'ဟုတ်ပါတယ်၊ ကျုပ်က ကျွန်ုပ်လုဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးပါပဲ၊ ပြောစရာရှိတာ ပြောနိုင်ပါတယ်'

'ဂိုဏ်းချုပ်ကြီးဆိုရင် ကျွန်တော့်ဆီမှာ စာတစ်စောင်ပေးစရာ ရှိပါတယ်'

ထိုလူသည် ပြောပြောဆိုဆိုဖြင့် သူ့အတွင်းအိတ်ထဲမှ စာတစ်စောင်ကို ဆွဲထုတ်သည်။

စာကိုကိုင်ပြီး ဒယီးဒယိုင် ထ၏။



ထို့နောက် ဂိုဏ်းချုပ်ကြီးကို ရိုရိုသေသေ လှမ်းပေးသည်။

အိုယန်ထုသည် စာကို ဖွင့်ဖောက်ရန် ဟန်ပြင်လိုက်သည်။

'ဂိုဏ်းချုပ်ကြီး....စာကို ဖွင့်မဖတ်ပါနဲ့ဦး၊ ကျွန်တော့်ကို ဆေးပေးပါဦး'

အိုယန်ထုမှာ မသိမသာ သက်ပြင်းချမိသည်။

ထို့နောက် စာကို ထန်ရှင်၏လက်ထဲသို့ ပေးအပ်လိုက်လေ၏။

ထန်ရှင်သည် စာကို ယပ်တောင်ပေါ်တင်ပြီး ရှေ့သို့ ထိုးပြကာ မေးမြန်းလေ၏။

'မိတ်ဆွေ....ဒီစာကို ဘယ်သူက ပေးခိုင်းလိုက်တာပါလဲ'

ဒဏ်ရာနှင့်လူစိမ်းက....

'ဘာလဲ....ခင်ဗျားတို့က ကျုပ်ကိုတောင် သူခိုးတစ်ယောက်လို စစ်မေးချင်သေးလို့လား'

'မိတ်ဆွေ သိထားဖို့က ဂိုဏ်းချုပ်ကြီးဆီ ရောက်တဲ့စာတိုင်းကို ကျုပ်က ရှေးဦးစွာ ဖွင့်ဖောက်လေ့ရှိတယ်'

'ဘယ်သူပဲဖတ်ဖတ် ကျုပ်အပူမဟုတ်ဘူး၊ ကျုပ်တာဝန်က ဂိုဏ်းချုပ်ကြီးလက်ထဲ စာရောက်ဖို့ပဲ၊ အခု ကျုပ်တာဝန်လဲပြီး ပြတ်သွားပြီ၊ ကျုပ်လဲ သွားတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် စကားဆုံးသည်နှင့် ဧယီးဧယိုင် ခွေ့ချွာက်ထွက်သွားသည်။

လေကျင့်ရေးမှူးကြီး ကွမ်းစန်စင်က လှမ်းအော်လိုက်၏။

'ဟေ...မှင်း လာချင်လာ၊ ထွက်ချင်တိုင်း ထွက်လို့ရမယ် ထင်နေသလား'

ပညာရှိထန်ရှင်က တားလိုက်၏။

'လေကျင့်ရေးမှူးကြီး ကွမ်းစန်စင်၊ သူသွားပါစေ'

ကွမ်းစန်စင်က အရေးတကြီးတင်ပြလေ၏။

'နေ့ဘင်ကြီးထန်ရှင်၊ သူတို့စိတ်ထဲမှာ ကျန်လုဂိုဏ်းကို ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်လို့ရတယ်လို့ ထင်သွားမှတော့ ကျွန်တော်တို့ ကျန်လုဂိုဏ်းအခနနဲ့ ဘယ်မှာ သိက္ခာရှိတော့မလဲ'

ပညာရှိထန်ရှင်က ခပ်တိုးတိုးပြောသည်။

'လေကျင့်ရေးမှူးကြီးကွမ်း၊ ဒီအတွက်တော့ သိပ်ပြီး စိတ်မပူပါနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို လုံးဝ အသက်ရှင်နိုင်



အောင် မကယ်တင်နိုင်ခဲ့လို့ပါပဲ၊ သူ လမ်းခုလတ်မှာပဲ သေဆုံးသွားပါလိမ့်မယ်'

ထန်ရှင်သည် ကွမ်းစန်စင်ကို တိုးတိုးပြောပြီးနောက် ဧယီးဧယိုင် ထွက်ခွာသွားသည့် 'ဟုန်'မျိုးရိုးနာမည်ရှိသူအား အော်နှုတ်ဆက်လိုက်၏။

'မိတ်ဆွေဟုန်...ခင်ဗျားရဲ့ ဌာနချုပ်ကို ဘေးကင်း ရန်ကင်း ရောက်သွားပါစေလို့ ကျုပ်ဆုတောင်းလိုက်ပါတယ်၊ ခင်ဗျား ရောက်သွားခဲ့ရင် ကျုပ်ဆုတောင်းပြည့်တယ်လို့ဆိုရမှာပဲ၊ ကျုပ်တို့ လိုက်မပို့နိုင်တာကိုတော့ ခွင့်လွှတ်ပါတော့ဗျာ'

တဲစခန်းအနီးရှိ လူအားလုံးသည် ထိုလူ ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေကြ၏။

ထန်ရှင်က စာကို အိုယန်ထုံလက်ထဲသို့ လှမ်းပေးသည်။

'ဂိုဏ်းချုပ်ကြီး စာကို သတိရှိရှိနဲ့ ဖွင့်ဖတ်ပါ၊ ဘယ်လို အကြောင်းနဲ့ လာတဲ့စာဆိုတာ ဘယ်သူမှ ကြိုတင် မသိနိုင်ပါဘူး'

အိုယန်ထုံသည် စာကို လက်ခံယူပြီး စာအိတ်ကို ဆွဲဖြဲလိုက်၏။

စာဖတ်နေသည့် သူ့အမူအရာ တဖြည်းဖြည်း ပြောင်းလဲသွားကြောင်း ပတ်ဝန်းကျင်ရှိ သိုင်းသမားတိုင်း သတိပြုမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်မှာလျှင် သတိမပြုမိဘဲ ရှိအံ့နည်း။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ၏ မျက်နှာမှာ အတော်ကလေး ဖြူဖပ်ဖြူရော်ဖြစ်သွားသည် မဟုတ်ပါလား။

ပညာရှိထန်ရှင်သည် စိတ်ထဲ၌ မသက်မသာဖြစ်သွားသည်။

ဂိုဏ်းချုပ်ကြီးအို့ယန်ထုံကဲ့သို့သော ပုဂ္ဂိုလ်မျိုးမှာ တော်ရုံတန်ရုံကိစ္စများနှင့်ပတ်သက်၍ မျက်နှာပျက်သူ မဟုတ်ပေ။

စာထဲ၌ အလွန်တရာ ထူးခြားသည့် အကြောင်းအရာတစ်ရပ်ရပ်ပါနေသောကြောင့်သာ ဤသို့ မျက်နှာပျက်သွားရခြင်း ဖြစ်မည်ဟု တွက်ဆသည်။

တက်မုဆရာတော်သည်လည်း လက်အုပ်ချီပြီးနောက် စိုးရိမ်မကင်း မေးမြန်းလိုက်၏။

'ဒကာကြီး နေကောင်းရဲ့လား'

ပတ်ဝန်းကျင်ရှိ သိုင်းသမားကြီးများအားလုံး သူ့မျက်နှာပျက်သွားသည်ကို ရိပ်မိကြောင်း ဂိုဏ်းချုပ်ကြီး အို့ယန်ထုံနားလည် သဘောပေါက်လေ၏။

သို့သော် သူ့မျက်နှာကို မပြင်နိုင်ခဲ့ချေ။

အတန်ကြာဒေးငိုင်ပြီးမှ စာကို ရင်ခွင်ထဲသို့ သိမ်းဆည်းလိုက်နိုင်သည်။



ပညာရှိထန်ရှင်သည် စဉ်းစားဉာဏ် အမြော်အမြင်နှင့်ပြည့်သော်လည်း ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ၏ လက်ထဲမှ စာပါအကြောင်းအရာကိုမူ စဉ်းစား ကြံဆနိုင်စွမ်းမရှိဘဲ ဖြစ်နေခဲ့သည်။

ဂိုဏ်းချုပ်ကြီးအို့ယန်ထုံက သူ့ဆီသို့ လက်ကမ်းမပေးဘဲ သိမ်းဆည်းလိုက်သည့်အချက်ကြောင့် ပညာရှိထန်ရှင်၏စိတ်ထဲ၌ အတော်ကလေး မသက်မသာဖြစ်သွားခဲ့ရသည်။

'ဟင်း....အရင်တုန်းကဆိုရင် ဂိုဏ်းချုပ်ကြီးဟာ ဒီလိုမပြုမူဘူး၊ ဘယ်လောက်အရေးကြီးတဲ့ကိစ္စပဲဖြစ်ဖြစ် ငါနဲ့တိုင်ပင်ပြီး အဆုံးအဖြတ် ယူလေ့ရှိတယ်၊ ခုတော့ ငါ့ကိုတောင် မပြဘဲ စာကို သိမ်းဆည်းလိုက်တယ်၊ ဘယ်လောက်များ အရေးကြီးနေသလဲ့ မသိဘူး'

'...........'

တက်မုဆရာတော်မေးမြန်းလိုက်သည့် ခဏခွန်းမှာ အတော်ကလေးကျယ်လောင်သည်။

သို့တိုင် ဂိုဏ်းချုပ်ကြီးအို့ယန်ထုံမှာ မဖြေနိုင်ဘဲ ငူငူငိုင်ငိုင်ကြီး ဖြစ်နေသည်။

တက်မုဆရာတော်သည် အသံကိုမြှင့်ပြီး ထပ်မံမေးမြန်းလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒကာဇေတဝ်ဂိုဏ်းချုပ်ကြီး မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေတယ်၊ နေကောင်းပါရဲ့လား'

ထိုအခါကျမှ အို့ယန်ထု ဟင်းခနဲဖြစ်သွားသည်။

'ဆရာတော် ဘာမေးတာလဲ'

'ဒကာကြီး နေကောင်းရဲ့လားလို့ မေးတာပါ'

'အာ...ကောင်းပါတယ်၊ ကောင်းပါတယ်'

'ဒကာကြီးမျက်နှာက ဖြူဖပ်ဖြူရော်ဖြစ်နေတယ်'

'ဘာမှမဖြစ်ဘူး၊ ဆရာတော်တို့ စိတ်ထင်နေလို့ပါ'

'ဘာမှမဖြစ်လဲ ပြီးတာပါပဲလေ'

'ဆရာတော်တို့ ဘယ်တော့ ရှောင်လင်ကျောင်းကို ပြန်ကြမလဲ ဘုရား'

ထိုစကားမှာ ဂိုဏ်းချုပ်ကြီး အို့ယန်ထုက ပြောသည့်စကား မဟုတ်ပါ။

ပညာရှိထန်ရှင်က ရုတ်တရက် ဝင်မေးသည့်စကားသာ ဖြစ်ပါသည်။

စင်စစ် ထန်ရှင်က စကားလမ်းကြောင်း ပြောင်းလဲသွားစေရန် ဤသို့ ဝင်မေးခြင်းသာဖြစ်ပါသည်။

❖



တက်မုဆရာတော်သည် ဂိုဏ်းချုပ်ကြီး အို့ယန်ထု ဘက်သို့ လှည့်တော့ဘဲ ထန်ရှင်ဘက်သို့ လှည့်လိုက်ရသည်။

'ဒါတော့ ပြောရခက်တယ်'

'ဘာဖြစ်လို့လဲ ဘုရား'

'ရှောင်လင်ကျောင်းတော်က ဂိုဏ်းချုပ်ဆရာတော်ကြီးဟာ ရဲကောင်းကြီး ဝမ်ကျုံးထန် သေဆုံးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အဖြေမှန် ရအောင် ရှာခဲ့ဖို့ အမိန့်ရှိလိုက်ပါတယ်၊ ဒီတော့ ဇျုပ်တို့အနေနဲ့ ပြဿနာရဲ့ အရင်းအမြစ်ကို မသိသိအောင် ပ်ရမှာပဲ၊ မလုပ်ဘဲနဲ့တော့ ရှောင်လင် ကျောင်းတော်ကို န်ဖို့မဖြစ်နိုင်ဘူး'

'အင်း...ဆရာတော်တို့ သဲလွန်စရှာဖို့ကတော့ လိုမလေးဝန် င်ယောက်ပဲရှိတော့တယ်၊ ကျန်တဲ့ သဲလွန်စကိုတော့ ရှာဖို့ လွယ်လှဘူး'

'မှန်တယ်'

'ဒါဖြင့် ဆရာတော်တို့ ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားလဲ'

'ပြဿနာ အရင်းအမြစ်ကို ရှာရမှာပဲ၊ မရရင်တော့ ဒီ မလေးဝန်ဆိုတဲ့ မိန်းမလေးကိုပဲ ရှောင်လင်ကျောင်းတော် ဖမ်းသွားရမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့စကားပြောနေစဉ်မှာပင် သံမဏိကိုယ်ရံတော် တစ် ဖြစ်သည့် ကျိုးတာကြည်သည် ကျန်လုဂိုဏ်းသားနှစ်ဆယ်ကေ ကို ဦးဆောင်ပြီး ဆွဲးနွေးပွဲ စကားဝိုင်းသို့ ရောက်ရှိ နေလေ၏။

ထိုဂိုဏ်းသားများ၏ထူးခြားချက်မှာ ခါးကိုယ်စီလွယ်ထ ကြခြင်းပင်ဖြစ်သည်။

ကျန်လုဂိုဏ်းသားအများစုသည် ဓား၊ လှံ၊ လက်နက်မ ကို ကိုင်ဆောင်လေ့မရှိကြပေ။

များသောအားဖြင့် ကိုင်ဆောင်သောလက်နက်မှာ ဓေ ဝေ့းသာဖြစ်သည်။

ယခုမူ ဓားကိုယ်စီနှင့် ဖြစ်နေကြသည်။

အံတူးလေ့ကျင့်ပေးထားသည့် တပ်သားများဖြစ်ကြေ တက်မှုဆရာတော်အပါအဝင် ညှဲသည်သိုင်းသမား အာ ရိပ်မိ သိရှိလိုက်ကြသည်။

သူတို့သည် ဂိုဏ်းချုပ်ကြီးနှင့် ကိုက်ငါးဆယ်ခန့် အ ရပ်နေကြ၏။

ကျိုးတာကြည်က ဂိုဏ်းချုပ်ကြီးအနီးသို့ ပြေးကပ်လ အစီရင်ခံ၏။



'ဂိုဏ်းချုပ်ကြီးခင်ဗျာ၊ အမှတ်လေးဆယ့်ရှစ်တပ်ဖွဲ့ ရောက် လာပါပြီ'

ဂိုဏ်းချုပ်ကြီးအို့ယန်ထုံက လက်ကို ရွေ့ယမ်းပြပြီး....

'ဒီတပ်ဝန်းကျင်မှာပဲ အနားယူပါစေ၊ ငါလိုရင် အမိန့် ပေးမယ်'

ကျိုးတာကြည်က ဦးညွှတ်ဂါရဝပြုပြီး ပြေးထွက်သွား၏။

သူ့တပ်သားများကို ခပ်တိုးတိုးအမိန့်ပေးလိုက်ရာ သစ်ပင် များအကြား၌ လုံးဝ ပျောက်ကွယ်သွားတော့သည်။

တက်မှုဆရာတော်က....

'ဒကာကြီး၊ မြစ်ကမ်းစပ်ကအခြေအနေကို ဒကာကြီးရဲ့ ည့် စုံစမ်းခဲ့သေးသလား၊ အဲဒီအချက်ကို မေးစမ်းပါဦး'

အို့ယန်ထုံ လက်ခုပ်သုံးချက် တီးလိုက်ရာ ကျိုးတာကြည် ပြေးအလွှားရောက်ရှိလာ၏။

'ကျိုးတာကြည်၊ မြစ်ကမ်းခုံက ရန်သူတွေရဲ့ အခြေအနေ ယ်လိုနေသလဲ၊ စုံစမ်းခဲ့သေးသလား'

'စုံစမ်းခဲ့ပါတယ်ဆရာကြီး၊ ပြောင်းလဲမှုမရှိပါဘူး၊ ရေ ကြီးမှာလဲ အစောင့်တွေရှိတယ်၊ လှေငယ်ကနဲလေး ပေါ်မှာလဲ

www.burmeseclassic.com

www.burmeseclassic.com



အစောင့် ချထားပါတယ်၊ ခုချက်ချင်း ထွက်သွားမယ့်ပုံတော့ မရှိပါဘူး’

‘ဝါတို့ဘက်က ရေသူရဲလှေ ဆယ့်နှစ်စင်းကော ရှိရဲ့လား’

‘ရှိပါတယ်၊ စောင့်နေကြပါတယ်၊ ဂိုဏ်းချုပ်ကြီးရဲ့အ... မရမချင်း ဓလှတပ်ဖွဲ့ဟာ တပ်ဖြုတ်မသွားဝံ့ပါဘူး’

အို့ယန့်ထု က လက်ကို ယမ်းပြလိုက်သဖြင့် ကျီးတာကြ... ထွက်ခွာသွားသည်။

တက်မုဆရာတော်က....

‘အခုအခြေအနေက မှန်တိုင်းမတိုက်ခင် ငြိမ်သက်နေတဲ့ မျိုးပဲ၊ အခုရောက်လာတာ ဒကာကြီးရဲ့ အသူးတပ်ဖွဲ့လား’

‘မှန်ပါတယ်၊ ကြည်းကြောင်းလက်ရွေးစင် နှစ်ဆယ့်လေ... ဖြစ်ပါတယ်’

‘အခုနေ ဝင်တိုက်ရင် ကျုပ်တို့အခြေအနေသာမယ်လို့ ... ဒကာကြီး ဘယ်လိုသဘောရသလဲ’



ဂိုဏ်းချုပ်အို့ယန့်ထု က ပညာရှိထန်ရှင်၏မျက်နှာကို ကြည့်ပြီးနောက်....

‘နောင်ကြီးထန်ရှင် ဘယ်လိုသဘောရသလဲ၊ဆက်ပြီး စောင့်ဆိုင်းရင် ကောင်းမလား’

ထန်ရှင်က....

‘သည်းခံပြီး စောင့်ကြည့်ရင် ကောင်းမယ်လို့ ထင်ပါတယ်’

အို့ယန့်ထု သည် ထန်ရှင်၏ စကားကို သဘောတူသည့် အထိမ်းအမှတ်ဖြင့် ခေါင်းညိတ်ပြ၏။

တက်မုဆရာတော်သည် အို့ယန့်ထု နှင့် ထန်ရှင်တို့၏သဘောကို သိရှိသွားပြီဖြစ်၍ ရှင်းလင်းပြတ်သားစွာ မိန့်ဆိုတော်မူ၏။

‘ဒီလိုဆိုရင် ကျုပ်တို့ကတော့ ဒီထက်ပို့ပြီး မစောင့်လိုတော့ဘူး။ လုံမလေးဝန် လွတ်မြောက်သွားရင် တစ်ခုတည်းသော သဲလွန်စ ပျောက်သွားလိမ့်မယ်၊ သူ့ကို ဖမ်းမိထားရင် ဂိုဏ်းချုပ် ဆရာတော်ကြီးကို ကျုပ်တို့ မျက်နှာပြဝံ့သေးတယ်၊ မမိရင်တော့....’

ဖောင်းလျှန်ကလည်း ဝင်ပြော၏။

‘သခင်ကြီး ဝမ်ကျုံးထန်ရဲ့ ဈာပနကို လာကတည်းက ဆရာတော်တို့နဲ့ တစ်လှေတည်းစီး တစ်ခရီးတည်းသွားလို့ဖြစ်ခဲ့

www.burmeseclassic.com



တဲ့အတွက် တကယ်လို့ ဆရာတော်တို့ သွားတိုက်မယ်ဆိုရင် တပည့်တော်လဲ လိုက်ပါပါမယ်'

'ကောင်းပါလေရဲ့ဗျာ၊ ကျေးဇူးတင်ပါတယ်'

ထန်ရှင်က ပြုံး၍ပြော၏။

'ဆရာတော်တို့နဲ့ နောင်ကြီး ဖောကုံးလျှန်တို့ စမ်းကြည့်ချင်သေးရင် စမ်းကြည့်ကြပါ၊ တပည့်တော်တို့အနေနဲ့ တားမြစ်စရာအကြောင်းမရှိပါဘူး'

ထိုစကားကို ကြားသောအခါ တက်မု၊ ဖန်မုနှင့် ဖောကုံးလျှန်တို့သည် ဂိုဏ်းချုပ်ကြီး အိုယန်ထုံကို ဂါရဝပြုပြီးနောက် ပြေးထွက်သွားကြလေတော့၏။

သူတို့အားလုံး မြစ်ဆိပ်သို့ သွားပြီး လုံမလေးဝန်ခေ မကောင်းဆိုးရွားမကလေးအား ဖမ်းဆီးကြပေတော့မည်။

တကယ်တမ်း ဖမ်းနိုင်၊ မဖမ်းနိုင်ကိုမူ မည်သူမျှ အတိအ မပြောနိုင်ပါချေ။

ထန်ရှင်က သက်ပြင်းချသည်။

အိုယန်ထုံက....

'နောင်ကြီးထန်ရှင်....ဘာဖြစ်လို့လဲ'



'တက်မုဆရာတော်က ကျွန်တော်တို့ ဂက်ဦးမှာ စိုးရိမ်နေခဲ့ရတယ်'

'လုံမလေးဝန်ကို ဖမ်းဆီးဖို့ကိစ္စလား'

'ဟုတ်တယ်၊ ကျွန်တော်တို့ အရင်ဖမ်းမိရင် သူတို့အနေနဲ့ လုံမလေးဝန်ကို ချောင်လင်သချိုင်းကို အခေါ်ရခက်သွားမယ်လေ၊ သူတို့ ဖမ်းမိသွားတော့ ကျွန်တော်တို့က ဖမ်းခေါ်ခဲ့ဆေးဖို့ ခက်သွားတာပေါ့'

'နောင်ကြီး ဘယ်လိုစိတ်ကူးသလဲ၊ ကျုပ်ကတော့ လက်ရွေးစင်တပည့်သား နှစ်ဆယ်သုံးဦးကို ခေါ်လွှတ်ပြီး ကူညီချင်တယ်'

'အဲဒါလဲ ကောင်းတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ကူထားရင် လုံမလေးဝန်ကို ကျုပ်တို့စစ်ပါရစေလို့ တောင်းဆိုနိုင်တာပေါ့'

ထန်ရှင်သည် ယပ်တောင်ကိုဖြန့်၍ ဖြည်းညင်းစွာ ယပ်ခတ်သည်။

ထို့နောက် ဆက်ပြော၏။

'ဂိုဏ်းချုပ်ကြီး.... တကယ်တမ်း ပြောရရင် ဆရာတော်တို့ သုံးယောက်အနေနဲ့ လုံမလေးဝန်ကို ဖမ်းဆီးနိုင်ဖို့ မလွယ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ၊ နောင်ကြီး တွေးဆချက်ကို ပြောပြပါဦး'

'ဒီလိုပါ ဂိုဏ်းချုပ်ကြီး၊ ဟိုဖြူဖြူသွယ်သွယ် လူငယ်လေးရဲ့ အဆင့်ဟာ တက်မုံ၊ ဖန်မုံနဲ့ ဖေကုံးလျှန်တို့ထက် မသာဘူးဆိုရင် တောင် နိမ့်ကျမယ့်လူတွေ မဟုတ်ပါဘူး၊ ဒါကို ဂိုဏ်းချုပ်ကြီး သိမြင်လိမ့်မယ်လို့ ထင်ပါတယ်'

အိုယန်ထုံက ခေါင်းညိတ်ပြ၏။

'ဟုတ်ပါတယ်'

'အခု အဲဒီမှာရှိတဲ့ နောက်ထပ် လူလိုလို မျောက်လိုလို လူ ငယ်တစ်ယောက်နဲ့ တိဗက် 'ကျားပွင့်ဆရာကြီး' တုသန်ဟိုတို့ ရှိပါသေးတယ်၊ လုံမလေးဝန်ကိုလဲ လျှော့တွက်လို့ မရပါဘူး၊ နောက်တစ်ချက် ဆိုးတာက လှေကြီးပေါ်က ကိုယ်ကျပ်အက်ျ ဝတ်လားတဲ့ အစောင့် ဆယ့်နှစ်ယောက်ပဲ၊ သူတို့စွမ်းရည်ကို ဘယ်သူမှ တိတိကျကျ မသိသေးပါဘူး'

'ဒီတော့....'

'ဒီတော့ လုံမလေးဝန်ဘက်က အင်အား သာနေတယ်လို့ ဆိုနိုင်ပါတယ်'

'ဆရာတော်က ဒါတွေကို မတွေးမိဘူးလား'

'တွေးမိမှာပါ၊ ဒါပေမယ့် လုံမလေးဝန်ကို ရှောင်လင် ကျောင်းတော်ကို ခေါ်သွားချင်နေတယ်၊ ဘာဖြစ်ဖြစ်လေ..



ညွှန်တော်တို့ရဲ့ လက်ရွေးစင်တပ်သား နှစ်ဆယ့်လေးယောက်ကို ထုတ်ပေးလိုက်ရင်တော့ တက်မုံဆရာတော်တို့အတွက် အတော် လေး အထောက်အကူဖြစ်မှာ သေချာပါတယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံကလည်း ဤအတိုင်းပင် ဖြစ်စေ ချင်သည်။

'ကောင်းတယ်၊ ကျုပ်တို့လဲ ကမ်းစပ်ကို လိုက်သွားပြီး အခြေအနေ စောင့်ကြည့်ကြတာပေါ့'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံ ဦးဆောင်လျှောက်သွားသဖြင့် ထန် ရှင်၊ ကွမ်းစန့်စင်၊ ဝမ်ကာန်းတို့ လိုက်ပါသွားကြသည်။

ကျိုးတာကြည်က လက်ရွေးစင်တပ်သားနှစ်ဆယ့်လေးဦးကို ဦးဆောင်ခေါ်လာသည်။

သူတို့လူစု မြစ်ကမ်းနဖူးသို့ ရောက်သည့်အခါတွင် မြစ်ထဲ၌ တိုက်ပွဲစနေကြလေပြီ။

ကမ်းစပ်နှင့် လှေကြီး၏စပ်ကြားရေပြင်၌ ငှက်ငယ်ပေါ်တွင် ဖေကုံးလျှန်သည် တိဗက်သိုင်းဆရာကြီးတုသန်ဟိုနှင့် အကြိတ် အနယ် တိုက်ခိုက်လျက်ရှိပြီး လှေကြီးပေါ်တွင် တက်မုံဆရာ တော်နှင့် ဖန်မုံဆရာတော်တို့က ဖြူဖြူသွယ်သွယ် လူငယ်နှင့် တိုက်ခိုက်နေသည်။

အိုယန်ထုံက....

www.burmeseclassic.com

'ဘယ်လိုဖြစ်သွားတာလဲ၊ ဒီတစ်ခါ လှေငယ်ပေါ်မှာ တုထန်ဟို ရောက်နေပါကလား'

ထန်ရှင်က ခေါင်းညိတ်၏။

'ဟုတ်တယ်၊ ဒီတစ်ခါ လုံမလေးဝန်က တူူပဲ ပြောင်းလိုက်တယ်နဲ့တူတယ်'

ဆရာတော်နှစ်ပါးသည် ဖြူဖြူသွယ်သွယ်လှငယ် ဆန်ကွမ်းချီအား အကြိတ်အနယ် တိုက်ခိုက်နေရ၏။

ညှိုကွဲသိုသော လှငယ်တစ်ယောက်က ရှောင်လဲဆရာတော်နှစ်ပါးအား အကြိတ်အနယ် ခုခံတိုက်နေသည့် စွမ်းပကားသည် တော်ရုံတန်ရုံ စွမ်းပကားမဟုတ်ပေ။

တိုစဉ်မှာပင်....

ချင်းချန်ဓားနှစ်ဖော်အမည်ရှိ အဘိုးကြီးနှစ်ဦး ထွက်လာပြီး ဆရာတော်နှစ်ပါးကို ဝင်တိုက်တော့သည်။

လှငယ်က နောက်ဆုတ်သွား၏။



လှေငယ်ပေါ်တွင် တုထန်ဟိုနှင့် ဖေကုံးလျှန်တို့ အကြိတ်အနယ်တိုက်ခိုက်နေကြရာ ဖေကုံးလျှန်က အခရေးသာလျက် ရှိ၏။

ကမ်းစပ်၌ရပ်နေသည့် ထန်ရှင်က ကွမ်းစန်စင်အား လှမ်း၍ပြောသည်။

'နောင်ကြီး ကွမ်းစန်စင်၊ လှေငယ်ပေါ်မှာ တိုက်နေတဲ့ နောင်ကြီး ဖေကုံးလျှန်ကို သွားကူလိုက်ပါ'

'နောင်ကြီးထန်ရှင်၊ ဖေကုံးလျှန် အခရေးသာနေပါတယ်၊ ကျွန်တော်ဝင်ရှိ ယိုပ်ပြာသနိုရော မရှိပါဘူး'

'နောင်ကြီး ကွမ်းစန်စင်၊ အရေးသာသည်ဖြစ်စေ အရေးမသာသည်ဖြစ်စေ ကျုပ်တို့ထဲက တစ်ယောက်ယောက်ကတော့ မကူမဖြစ် ဝင်ကူရမှာပဲ'

'ကျွန်တော် သဘောပေါက်ပါပြီ၊ ဝင်ကူခြင်းအားဖြင့် လုံမလေးဝန်ကို စစ်မေးခွင့်ရနိုင်တယ် ဆိုပါတော့'

ထန်ရှင်က ရယ်ပြီး....

'နောင်ကြီး တော်ပါပေတယ်၊ တစ်ထွာပြရုံနဲ့ တစ်တောင်မြင်ပါပေတယ်၊ အဲဒီအခွင့်အရေးအတွက် နောင်ကြီး ဝင်ကူဖို့ မျှော်ရှမ်ခံနေရတာပါ'

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန်စင်သည် အိုယန်ထုံနှင့် ယန်ရှင်တို့အား ဂါရဝပြု ပြီး ရေစပ်သို့ ဆင်းသွားလေ၏။

သူ လှေပေါ် ခုန်တက်စဉ်မှာပင် လှေကြီးပေါ်မှ လူရိပ်တစ်ခု ခုန်ပျံဆင်းလာတော့သည်။

ကွမ်းစန်စင်မှာ ဖေကျုံးလျှန်အား မကူညီနိုင်ဘဲ ထိုလူနှင့် အကြိတ်အနယ် တိုက်ခိုက်ရတော့သည်။

ထိုလူငယ်ကား ဖြူဖြူသွယ်သွယ် လူငယ် (ဆန်ကွမ်းချို)ပင် ဖြစ်တော့သည်။

ဖေကျုံးလျှန်နှင့် တုထန်ဟိုတို့ တိုက်ခိုက်ကြရာ တစ်ကြိမ်တွင် ဖေကျုံးလျှန်က တုထန်ဟို၏ကျောပွတ်ကို ဖမ်းဆွဲမိသွား၏။

တုထန်ဟိုသည် ကျောပွတ်ကို အတင်းပြန်ဆွဲသည်။

ဖေကျုံးလျှန်၏လက်ဝါးစောင်းက လက်ဝဲဘက် ပခုံးပေါ်သို့ ကျမည်ဖြစ်လာသောအခါ ကျောပွတ်ကို လွှတ်လိုက်ရသည်။

ကျောပွတ်ကို လွှတ်ပြီးပါက သူ၏လက်ဝဲဘက်ပခုံးမှာ ရိုက် ချက်ကို ကောင်းစွာ ရှောင်တိမ်းသွားနိုင်ပြီ ဖြစ်၏။

သို့ရာတွင်....



သူ့ပခုံးသည် ဖေကျုံးလျှန်၏ လက်ဝါးအောက်သို့ အလိုလို ညွှတ်ဝင်လာ၏။

ဖေကျုံးလျှန် အတွေးပေါက်သွားသည်။

'တုထန်ဟိုဟာ ထိပ်သီး သိုင်းဆရာကြီးပဲ၊ အကြောင်းမဲ့ သက်သက်တော့ ဒီလိုဝင်ခဲ့တာ မဟုတ်ဘူး၊ အကြောင်းရှိလိမ့် မယ်'

ဖေကျုံးလျှန်သည် လက်ဝါးစောင်းကို အားအပြည့်မလွှင်း ရလျော့ရိုက်လိုက်၏။

'ဝုန်း'

တုထန်ဟို မနာကျင်ပါ။

ဝုန်းခနဲ လွင့်စဉ်သွားပြီး ရေထဲကျလုကျခင် ဖြစ်သွား

သူသည် ချက်ချင်းပင် လှေကြီးပေါ် ပြေးတက်ရောက်စရာ

ဖေကျုံးလျှန်အား အရှုံးပေးသွားသည့် သနှ

ဝါစဉ်ကြီး
ဒီလူငယ်ရဲ့

ဖေကျုံးလျှန်သည် လှေကြီးပေါ် လိုက်ခုန်တ

အမှန်မှာသူ့အနေဖြင့် လှေကြီးပေါ် ခုန်တက်

ရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီအား အသေအလဲ ခုခံနေရသည့် ကွမ်းစန်စင်အား ဝင်ကူရမည် ဖြစ်သည်။

ယခုသော်....

သူသည် လိုမဲလေးဝန်ကို ဖမ်းဆီးရန်သာ စိတ်အား ထက်သန်နေပေသည်။

ကွမ်းစန်စင်မှာ ဆန်ကွမ်းချီအား လုံးဝမယှဉ်နိုင်ပေ။

တစ်ကွက်မျှ တိုက်စစ်အနေဖြင့် မတိုက်နိုင်ခဲ့ချေ။

သူ့အား မထိခိုက်မိစေရန်သာ အပြင်းအထန် ခုခံကာကွယ်နေရ၏။

ဆန်ကွမ်းချီမှာလည်း လိုမဲလေးဝန်ဆီမှ အထူးအမိန့် မရ တုသဖြင့် ကွမ်းစန်စင်အား သတ်ဖြတ်ရန် မကြိုးစားပေ။

ဖေကျုံးကိုစီးမှသာ စီးစီးပိုးပိုး တိုက်ခိုက်နေသည်။

ကျမည်ဖြစ်လေ့စင်က သူ၏ညာလက်ကိုဆန့်ကာ ရှေ့ချည်မျှင် ကျာပွတ်က ဆန်ကွမ်းချီ၏လက်ကို ထိန်းချုပ်နိုင်ရန် ကြိုးစား ချက်ကို တော

ကျက်တွင် သေးကြောကို ထောက်သည့်အကွက်များ သို့ရာတွင်...ညှပ်ပါသေးသည်။



ထိုသိုင်းကွက်ဖြင့် ထိထိမိမိတိုက်ခိုက်နိုင်ပါက ဆန်ကွမ်းချီ၏ တိုက်စစ်ကို ဟန့်တားနိုင်မည် ဖြစ်သည်။

သို့သော်....

ဆန်ကွမ်းချီသည် သူ့လက်များကို လျှင်မြန်စွာရုပ်သိမ်းပြီး ခြေထောက်ကန်ချက်များဖြင့် အောက်ပိုင်းကိုဖြို၏။

ကွမ်းစန်စင်မှာ ဆန်ကွမ်းချီ၏ လျှင်မြန်သော ထိုးစစ်ကြောင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

သေးငယ်လှသော လှေကလေးပေါ်၌ ခက်ခက်ခဲခဲ ရှောင်တိမ်းရတော့သည်။

ထိုတိုက်ပွဲကို မြင်ကမ်းနဖူး၌ အိုယန်ထုံ၊ ယန်ရှင်နှင့် ဝမ်နန်းတို့က အကဲခတ် စောင့်ကြည့်နေကြ၏။

အိုယန်ထုံက သက်ပြင်းချ၍ ပြောလေ၏။

'အဲဒီလူငယ်ရဲ့ သိုင်းပညာဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ လှေကျင့်ရေးမှူးကြီး ကွမ်းစန်စင်ဟာ ဝါစဉ်ကြီးပင်သခင်းတော့ ဖြစ်တာမှန်ပါတယ်၊ ဒါပေမယ့် ဒီလူငယ်ရဲ့ အတက်တော့ မဟုတ်ဘူး'

ထိုစဉ်....

❀

www.burmeseclassic.com



ကျီးတာကြည် ရုတ်တရက် ရောက်ရှိလာ၏။

'ဂိုဏ်းချုပ်ကြီး...သူလျှိုတစ်ယောက် ဖမ်းမိလာပါတယ်'

အို့ယန်ထု နှင့် ထန်ရှင်တို့ လှည့်ကြည့်လိုက်သောအခါ ထန်ရှင် ဆေးကုသပေးလိုက်သည့် နက်ပြာရောင် လူစိမ်းသိုင်းသမားကို အံ့သြစဖွယ် တွေ့ရှိလိုက်ရ၏။

'ဟင်...ဒီလူ မသေသေးပါကလား'

ထန်ရှင်၏စိတ်ထဲ၌ အလွန်တရာ အံ့သြသွား၏။

ဆေးသည် ထိုလူ၏အသက်ကို ယခုအချိန်အထိ ကယ်တင်နိုင်လိမ့်မည်ဟု မယုံကြည်ခဲ့ချေ။

ထန်ရှင်သည် ဂိုဏ်းချုပ်ကြီး အို့ယန်ထု၏ မျက်နှာကို မသိမသာ အကဲခတ်၏။

အို့ယန်ထု မည်သို့စီစဉ်မည်ကို စောင့်ဆိုင်း ကြည့်ရှုသည်။

အို့ယန်ထုက...

'သူက သူလျှိုမဟုတ်ပါဘူး၊ သူ့ဒဏ်ရာက အတော်ကြီးပြင်းထန်နေတယ်၊ လုံလုံခြုံခြုံ တစ်နေရာမှာ ပို့ထားလိုက်၊ ကောင်းကောင်းအနားယူပါစေ'

အို့ယန်ထုသည် ခေတ္တမျှ စဉ်းစားပြီးနောက် ခပ်တိုးတိုး ဆက်ပြောသည်။



'သူ...ငါတို့စခန်းမှာ ဆက်နေလိုရင်တော့ထား၊ မနေလိုရင်တော့ တားမနေပါနဲ့ သွားပါစေ၊ သူ့ကို ဟိုအကြောင်း ဒီအကြောင်းလဲ မမေးနဲ့၊ သူ့သဘောအတိုင်း သွားလိုရာသွားပါစေ၊ ငါပြောတာသဘောပေါက်ရဲ့လား'

'ဟုတ်ကဲ့၊ ဂိုဏ်းချုပ်ကြီးအမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်'

'ငါတို့ယာယီစခန်းကို သွားပို့ရင် တခြားလူကိုစေလွှတ်ပြီး မပို့ခိုင်းပါနဲ့၊ မင်းကိုယ်တိုင် သွားပို့လိုက်ပါ'

'ဟုတ်ကဲ့...အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်'

ကျီးတာကြည် ပြေးထွက်သွားသော အခါမှ ထန်ရှင်က ဂိုဏ်းချုပ်ကြီး အို့ယန်ထု အား မေးမြန်းလိုက်သည်။

'ဂိုဏ်းချုပ်ကြီး...ဒီလူကို သိထားပါသလား'

အို့ယန်ထုက သက်ပြင်းချ၍ ဖြေ၏။

'ဒီလူ့ကိုတော့ ကျုပ်မသိဘူး၊ သူ့ကို မှာပါးလိုက်တဲ့လူကတော့ ကျုပ်မိတ်ဆွေဟောင်း တစ်ယောက်ပဲ၊ ဒါကြောင့်မို့ သူလျှိုမဟုတ်ဘူးလို့ ပြောရတာပါ'

အို့ယန်ထုသည် ဆက်မပြောတော့ဘဲ မြစ်ထဲ၌ ဖြတ်ပြေးနေသည့် တိုက်ပွဲကို ငေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လန်ရှင်လည်း ဆက်မမေးသာတော့သဖြင့် မခေးတော့ပေ။

လှေပေါ်တွင် ကွမ်းစန်စင်နှင့် ဆန်ကွမ်းချီ တိုက်နေသလို လှေကြီးပေါ်တွင် တက်မူဆရာတော်၊ ဖန်မုဆရာတော်နှင့် ချင်းချန် ခါးနှစ်ဖော်တို့ တိုက်ခိုက်နေကြ၏။

လှေပေါ်မှ ဖေကုံးလျှန်လည်း လှေကြီးအသက်သို့ ရောက်ရှိနေပြီး လုံမလေးဝန်ကို ရှာဖွေလျက်ရှိနေသည်။

'ရှင်က ဘာဖြစ်လို့ သူများကိစ္စကို ဝင်စွက်ဖက်ချင်ရတာလဲ'

အေးစက်စက်စကားသံ ကြားလိုက်ရသဖြင့် ဖေကုံးလျှန် ချာခနဲလှည့်ကြည့်လိုက်၏။

လုံမလေးဝန်ကို ဖေကုံးလျှန် ဖွေရှာလိုက်ရတော့သည်။

ပျောက်သောသူကိုပင် ရှာတွေ့နိုင်ခဲ့ရာ ဤလှေကြီးပေါ် ရှိနေမည့် လုံမလေးဝန်ကို အဘယ်မှာလျှင် ရှာဖွေ၍ မတွေ့ ရှိပါအံ့နည်း။

ဖေကုံးလျှန်က အေးစက်စက် ရယ်မောလိုက်၏။

'သိုင်းလောကကြီး တစ်ခုလုံးနဲ့ ဆက်စပ် ပတ်သက်နေသ ငါနဲ့ ပတ်သက်ဆက်စပ်နေတာပဲ ငါ့ကို ဝင်ရှုပ်တယ်လို့ ဘယ်သူမှ မပြောနိုင်ဘူး၊ မင်းကသာ သိုင်းလောကထဲမှာ ဆူးပြောင့်ခလုတ်ဖြစ်နေတာ၊ မင်းပညာ ဘယ်လောက်ရှိသလဲဆိုတာတော့ စမ်းသပ်ကြည့်ရဦးမှာပဲ'

ဖေကုံးလျှန်သည် ပါးစပ်က ထိုသို့ပြောလိုက်ပြီး စိတ်ထဲမှ ဆက်၍ ကြုံးဝါးလိုက်သေး၏။

'ဟင်း....မြွေဆိုးမလေး၊ ငါတို့က နင့်ကို အရှင်ဖမ်းချင်လို့ လာကြတာ၊ နင့်ကို ကမ်းပေါ် မျှားခေါ်ပြီး အရှင်ဖမ်းရမယ်၊ ဒါမှ တက်မူဆရာတော်ရဲ့ လိုအင်ဆန္ဒပြည့်ဝလိမ့်မယ်'

မိန်းကလေးက အေးစက်စက်ရယ်သည်။

လှောင်ပြောင်သရော်သည့် ရယ်သံမျိုးဖြစ်၏။

'ကျွန်မက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးရှင့်၊ ရှင်တို့အုပ်စုထဲက ဘယ်သူလာလာ ကျွန်မကာ ယှဉ်ပြိုင်ရဲတယ်'

'ဟား...ဟား...ဟား၊ အကောင်သေးသလောက် အပြောကြီးတာ မင်းပဲကိုး၊ မင်းလိုလူမျိုးကို ငါတစ်ယောက်တည်းနဲ့ အသာကလေး ဖမ်းသွားနိုင်တယ်'

'ဒါဖြင့်ရင်လဲ ယှဉ်ကြည့်ကြတာပေါ့'

'ဒီလှေပေါ်က ကျဉ်းတယ်၊ ကမ်းစပ်မှာတိုက်ရင် ပိုကောင်းမယ်၊ ဘယ်လိုသဘောရသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ခစ်....ခစ်....ခစ်....ရယ်စရာပဲ၊ တကယ့် သိုင်းပညာရှင်တ
ဒီလိုလှေကြီးပေါ် မပြောနဲ့၊ ဟိုလှိုလှေကလေးပေါ်မှာတော
တိုက်နိုင်ပါတယ်၊ ကဲ....အဲ့ဒီစကားတွေ ပြောမယ့်အစား၊ တို
ခိုက်ဖို့သာ ပြင်ပေတော့၊ ရှင် ဘာရည်ရွယ်ချက်နဲ့ ပြောတ
ဆိုတာ ကျွန်မသိပြီးပြီ၊ သတ္တိရှိရင် ဒီပေါ်မှာပဲတိုက်'

'ငါက ပညာစွမ်းရှိသလောက် ထုတ်မပြိုင်မှာစိုးလို့ က
ပေါ်မှာ ယှဉ်ပြိုင်ဖို့ပြောတာ၊ မင်းက ဒီပေါ်မှာပဲ ယှဉ်
ချင်တယ်ဆိုရင်တော့ သဘောပဲ'

မိန်းကလေးသည် သူ့ခါးကြားမှ ဓားကို ရှမ်းခနဲ ဆွဲထု
ပြီးတိုက်၏။

ဖေကျော်လျှန်က ပေါ့ပါးစွာပင် ရှောင်တိမ်းသွားသည်။

ထို့နောက် တုဆန်ဟိုထံမှ လုထားသည့် ကျာပွတ်ကို
ထဲ၌ တဝီဝီမြည်အောင် လှည့်ပတ်တော့သည်။

ထို့နောက်....

ကျာပွတ်နှင့် ဓားရှည်တိုက်ပွဲ စတင်လေတော့၏။

မိန်းကလေးသည် တုဆန်ဟို၏ ကျာပွတ်ကို ဖေကျော်လျှ
လက်ထဲ၌ တွေ့ပြီးကတည်းက တုဆန်ဟို အရေးနိမ့်သွားပြီ
ကြောင်း နားလည်လိုက်သည်။



ထို့ကြောင့်....

ဖေကျော်လျှန်အား သတိဝီရိယကြီးစွာဖြင့် ယှဉ်ပြိုင်တိုက်ခိုက်
တော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆၆)

## လက်ရဖမ်းဆီးခြင်း

တကယ်တမ်း တိုက်ခိုက်သည့်အခါတွင် မိန်းကလေး... ပညာ အတော်ကလေး ထက်မြက်ကြောင်း ဖေကုံး... လာ၏။

သိုင်းကွက်များ သစ်ဆန်းရုံမျှမက သူ့တိုက်ကွက်... လည်း အံ့သြဖွယ် ကောင်းလောက်အောင် ရှောင်... ကြောင်း တွေ့ရှိရလေ၏။

မိန်းကလေးသည် လိပ်ပြာကလေးပမာ ဝဲပျံရင်း... တိုက်ခိုက်နေသည်။

ဤသို့ မတိုက်ခိုက်၍လည်း မဖြစ်ပေ။



...ဖေကုံးလျှန်၏လက်ထဲမှ ကျားပွတ်သည် အတော်ကလေးရှည် ...ပြီး သူမ ကိုင်ထားသည့် ဓားက တိုနေသောကြောင့် ...ပေသည်။

ဖေကုံးလျှန်က အပြင်းအထန် လိုက်လံတိုက်ခိုက်သော ...ါ မိန်းကလေးသည် ရွက်ချည်ပြီး လိပ်ထားသည့် ဝါးဝိုင် ...ပေါ်သို့ ခုန်တက်ရှောင်တိမ်းသည်။

ဖေကုံးလျှန်ကလည်း လိုက်ခုန်တက်ကာ အဆက်မပြတ် ...ခိုက်သည်။

...ွက်တိုင် ဝါးလုံးတန်းအပေါ်၌ ရှေ့တိုးလိုက် နောက်ဆုတ် ...် တိုက်ခိုက်နေကြသည့် မြင်ကွင်းသည် လွန်စွာ ရင်သပ် ...ာဖွယ်ရာကောင်းသည့် မြင်ကွင်းဖြစ်ပေသည်။

ကျားပွတ်သံ တဝှီးဝှီးနှင့် ဓားသံ တရွှီးရွှီးတို့မှာ သပင်တိုင် ...လှေကြီး၏ရွက်ကို လိပ်ချည်ထားသောတိုင်၌ အဆက်မပြတ် ...ထွက်နေသည်။

မိန်းကလေး၏တိုက်ကွက်များ ဆန်းသစ်သော်လည်း သူမ ...ည် ဖေကုံးလျှန်ကို တကယ်တမ်း ထိပ်တိုက်မတွေ့ရဲချေ။

အဘယ်ကြောင့်ဆိုသော် သူမ၏ အတွင်းအားပညာမှာ ဖေ ...းလျှန်ကို မယှဉ်နိုင်သောကြောင့် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေကိုးလျှံက အနီးကပ် ပူးကပ်တိုက်ခိုက်လာတိုင်း သ
သည် ပေါ့ပါးစွာ ခုန်ဆုတ်သွား၏။

ဖေကိုးလျှံကလည်း အဆက်မပြတ် ထိုးနှက်တိုက်ခိုက်သ

ဖေကိုးလျှံသည် တိုက်ရင်းခိုက်ရင်း စိတ်ကူးတစ်ခု ေ
လာ၏။

အလျားလိုက် ဆင်ခြေလျှော ချည်နှောင်ထားသည့် ျ
တိုင်ပေါ်မှ တဖြည်းဖြည်း စီးနင်းတိုက်ခိုက်သွားပါက သ
မိန်းကလေး ရေထဲကျသွားနိုင်သည်ဟူသော အတွေးပင်ဖြ

သည်မိန်းကလေး၏ သိုင်းပညာအရဆိုလျှင် ရေထဲကျသ
ပါက မည်သို့မျှ အပေါ်သို့ ပြန်၍ တက်လာနိုင်မည် မဟ
ကြောင်း ကောင်းစွာ သဘောပေါက် ရိပ်မိနေသည်။

သူတို့ ဤရွက်တန်းပေါ်၌ တိုက်ခိုက်နေစဉ် လှေကြ
ကုန်းပတ်ပေါ်၌ တက်မူဆရာတော်၊ ဖန်မူဆရာတော်နှင့် ခ
ချွန် ဓားနှစ်ဖော်တို့က တစ်တွဲ၊ လှေငယ်ကလေးပေါ်၌ ဆ
ကွမ်းချီနှင့် လေကျင့်ရေးမှူးကြီး ကွမ်းစန်စင်တို့က တစ
အပြင်းအထန် တိုက်ခိုက်နေကြဆဲ ဖြစ်သည်။

တက်မူဆရာတော်၊ ဖန်မူဆရာတော်နှင့် ချင်းချွန်ဓားနှစ်
အတွဲမှာ ပိန်မသာ လိမ်မသာ တိုက်ခိုက်နေသော်လည်း ဆ
ကွမ်းချီနှင့် ကွမ်းစန်စင်တို့၏အတွဲမှာမူ အရှုံးအနိုင်ကွဲပြားမ
အရိပ်အယောင်များ ထွက်ပေါ်နေသည်။



ဆန်ကွမ်းချီသည် အထက်စီးမှနေပြီး၊ ကွမ်းစန်စင်မှာ ရှုံး
တော့မည့်ကဲ့သို့ အောက်စီးမှဖြစ်နေ၏။

လေကျင့်ရေးမှူးကြီးသည် သိုင်းပညာ ထက်မြက်သော
ပါစဉ်ကြီး သိုင်းဆရာကြီးတစ်ယောက်ဖြစ်လင့်ကစား ဆန်ကွမ်း
ချီအား လုံးဝ မယှဉ်နိုင်ဘဲဖြစ်နေသည်။

တစ်ချီတွင် ဆန်ကွမ်းချီက ကွမ်းစန်စင်၏အကြောကို အပိုင်
ဆိုးပိတ်ရန် ချိန်ရွယ်လိုက်၏။

ကွမ်းစန်စင်သည်လည်း မည်သို့မျှ မတတ်နိုင်တော့ဘဲ ကြည့်ရင်း
ပေးရတော့မည့် အခြေအနေသို့ ဆိုက်ရောက်သွားသည်။

ထိုအခိုက်အတွင်းမှာပင် ဆန်ကွမ်းချီမှာ ဒူးဆစ်ပုံခေါက်
ကွေး နောက်ဘက်သို့ ကျဉ်ခနဲ ဖြစ်သွားပြီး နေရာ၌ပင် ခွေခနဲ
လဲကျသွားတော့သည်။

✿

ကွမ်းစန်စင်သည် အခွင့်အရေးကို လက်လွှတ်မခံတော့ချေ။

ဆန်ကွမ်းချီက သူ့အား ပြန်လှန် မတိုက်ခိုက်နိုင်စေရန် ကျင်
ကျယ်သေးကြောနေရာသို့ လက်ညှိုးဖြင့် ထိုးပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်ပျက်ရသနည်း။

ဤသို့ဖြစ်ပျက်ရခြင်းတွင် အကြောင်းရင်း ရှိနေသည်။

ထိုအကြောင်းရင်းကို ဖော်ဆောင်သူကား တိဗက်သိုင်းဆရာကြီး တုထန်ဟိုပေတည်း။

အဘယ်သို့နည်း။

တုထန်ဟို သစ္စာဖောက်လေသလော။

အဘယ်ကြောင့်ဆိုသော် ဆန်ကွမ်းချီ၏ ဒူးဆစ်နောက်ဘက် တံကောက်ကွေးရှိအကြောကို သွမ်းထိုးပိတ်သူမှာ တိဗက်သိုင်းဆရာကြီး တုဘန်ဟို ဖြစ်နေသောကြောင့်ပင်တည်း။

ဆန်ကွမ်းချီနှင့် ကွမ်းစန်စင်တို့၏တိုက်ပွဲမှာ တစ်ဖက်သတ်တိုက်ပွဲ ဖြစ်နေပေသည်။

ထိုအချက်ကို ကုန်းပတ်တစ်နေရာ၌ ချောင်းမြောင်းကြည့်ရှုနေသည့် တုထန်ဟိုသည် ကောင်းစွာ မြင်တွေ့နေပေသည်။

အကယ်၍ ဆန်ကွမ်းချီကသာ ကွမ်းစန်စင် ဒဏ်ရာရအောင် လုပ်ခဲ့လျှင် အလွန်တရာ အင်အားကြီးမားသော ကျန်လုဂိုဏ်းကြီးနှင့် ရန်ငြိုးဖွဲ့ရတော့မည်ဖြစ်ကြောင်း တုထန်ဟို နားလည်သတော့ပေါက်သည်။



သူသည် ဆန်ကွမ်းချီအား ညီငယ်တစ်ဦးကဲ့သို့ သဘောထားဖြင့် ဤအဖြစ်မျိုးသို့ အရောက်မခံနိုင်ပေ။

ထို့ကြောင့် သူသည် လှေကြီးပေါ်မှ လျှပ်တစ်ပြက် ခုန်ဆင်းပြီးနောက် ဆန်ကွမ်းချီ၏ဒူးဆစ်နောက်ဘက်ရှိ တံကောက်ကွေးအကြောကို ထိုးပိတ်ခဲ့ခြင်း ဖြစ်ပေသည်။

စင်စစ် ဆန်ကွမ်းချီသာ လုံမလေးဝင်ဟု ခေါ်ဆိုသော ...းကလေး၏ 'ထိန်းချုပ်ဆေး'ကိုသာ အမိမခံခဲ့ရပါလျှင် သူ့...အား ဤသို့ နောက်ဘက်မှ လုပ်ကြံ၍ မရနိုင်ပေ။

ယခုမူ ထိန်းချုပ်ဆေးကြောင့် အာရုံကြောများ ထုံထိုင်းပြီး နောက်ကျောမှ ရောက်လာသူကို သတိမထားနိုင်ဘဲ လုပ်ကြံခံလိုက်ရခြင်း ဖြစ်ပေသည်။

မည်သူ၏ လက်ချက်ဖြင့် လုပ်ကြံခံရသည်၊ မည်သည့်အတွက် ...ကြံခံရသည်၊ ဤသို့ လုပ်ကြံခံရခြင်းမှာ သူ့အကျိုးအတွက် ...သည် စသည် စသည်အချက်များကို ဆန်ကွမ်းချီ လုံးဝမသိရှိ ...ခွေလဲကျသွားရှာလေတော့သည်။

ကွမ်းစန်စင်မှာလည်း ပထမ၌ ကြောင်နေသေးသည်။

သို့သော်....

မကြာမီပင် တုထန်ဟို ကူညီခြင်းဖြစ်ကြောင်း ရိပ်မိလိုက်...ဖြင့် တုထန်ဟိုအားဦးညွှတ်ဂါရဝပြုကာ အပြင်းအထန် တိုက်...နေသည့်လှေကြီးပေါ်သို့ ခုန်တက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ကမ်းနဖူး၌ ရပ်နေသည့် အို့ယန်သုနှင့် ထန်ရှင်တို့သည် ထိုအဖြစ်အပျက်အားလုံးကို ကွင်းကွင်းကွက်ကွက် မြင်တွေ့ရသည်။

မေကုံလျှန်အား တုထန်ဟိုအလွှာ့ပေးသွားပုံ၊ ဆန်ကွမ်ချီက ကွမ်းစန့်စင်အား အပြတ်အသတ် ထိုးနှက်တိုက်ခိုက်တော့မည့်အချိန်၌ တုထန်ဟို လာရောက်ကူညီသဖြင့် ကွမ်းစန့်စင် သေဘေးကင်းသွားပုံတို့ကို ပကတိ ရှင်းလင်းစွာ မြင်တွေ့လိုက်ကြရသည်။

အို့ယန်သုက ထန်ရှင်အား တိုးညင်းစွာ ပြော၏။

'ကျောင်းတော်ဘုရင်ကြီး တုထန်ဟိုဟာ ကျုပ်တို့ကို သက်သက်ကူညီပေးနေတာပဲ၊ အတော်အံ့ဩစရာ ကောင်းနေတယ်'

'ဂိုဏ်းချုပ်ကြီး ဗီအကြောင်းကို မှတ်လုံထားတာ အကောင်းဆုံးပါပဲ၊ ဒါမှ တုထန်ဟိုအတွက် 'ဘေးအကင်းဆုံး ဖြစ်ပါလိမ့်မယ်'

'ကျုပ်လဲ သဘောပေါက်ပါတယ်'

ထိုအချိန်တွင်....

ကွမ်းစန့်စင်သည် လှေကြီးပေါ်သို့ ရောက်ရှိနေလေပြီ။



ရွက်ကိုပတ်ထားသည့် ရွက်တန်းရှည်ပေါ်၌ မေကုံလျှန်နှင့် လုံမလေးဝန်တို့ တိုက်ခိုက်နေပြီး ကုန်းပတ်ပေါ်၌ တက်မှုဆရာတော် ဖန်မုဆရာတော်ဒီနှင့် ချင်းချန်ဓားနှစ်ဖော်တို့ တိုက်ခိုက်နေကြသည်။

ထို့ကြောင့်....

ကွမ်းစန့်စင်သည် လှေဝမ်းထဲသို့ဆင်းသည့် တံခါးပေါက်ဆီသို့ ချဉ်းကပ်သွားသည်။

ထိုတခဏ်အတွင်း အကျိုအနက်ရောင် ကိုယ်ကျပ်ဝတ်ဆင်ထားသည့် ဓားသမားသုံးဦး ခုန်ထွက်လာ၏။

ထိုသုံးဦးသည် ယိမ်းတိုက်ထားသည့်အလား ဓားမြှောက်ကို တညီတညွတ်တည်း ဆွဲထုတ်လိုက်၏။

'ရှမ်း'

ကွမ်းစန့်စင်သည် ရင်ဝ၌ လက်ကိုဆောင့်လိုက်၏။

'ဝှီး....ဝှစ်....ဝှစ်'

ရန်သူသုံးဦးသည် တစ်ပြိုင်နက် ဝင်ရောက်ထိုးခုတ်ကြလေ၏။

ကွမ်းစန့်စင်သည် နဂါးရေခွဲသိုင်းပညာဖြင့် ဓားခြောက်ကြားမှ ဖောက်ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'အိး....အား....အင့်'

ဓားချက်များသည် ကွမ်းစန့်စင်ကို လုံးဝမထိပေ။

သို့သော် ကွမ်းစင်စင်၏ လက်ဝါး၊ လက်ဖျား၊ တံတောင်များက ရန်သူသုံးဦးအား ထိခိုက်သွားသည်။

ထိခိုက်ပုံ မပြင်းထန်သဖြင့် ရန်သူသုံးဦးက ကွမ်းစန့်စင်အား ပြန်လည်၍ ဝိုင်းကြပြန်၏။

နောက်တစ်ကြိမ်....

'ဝှီး....ဝှစ်....ဝှစ်'

ဝိုင်းဝန်းထိုးခုတ်ကြပြန်သည်။

ကိုယ်ကျပ်ဝတ်စုံ ဝတ်ဆင်ထားသည့် ဓားသမားများသည် တော်ရုံတန်ရုံ ဓားသမားများမဟုတ်ပေ။

ကြေးစား ဓားသမားအဆင့်ရှိသော ထိပ်တန်း ဓားသမားများ ဖြစ်ကြသည်။

သို့သော်....

ထိုလူများသည် လေ့ကျင့်ရေးမှူးကြီး ကွမ်းစန့်စင်၏ ပြိုင်ဘက်များ မဟုတ်ကြပေ။



ထိုဓားသမားများထက် တစ်ဆင့်ပိုမြင့်သည့် ရန်သူဖြစ်ပစေ ကွမ်းစန့်စင်ကို ယှဉ်နိုင်မည် မဟုတ်ပါချေ။

နောက်တစ်ကြိမ် ပျားပန်းခတ် လှုပ်ရှားပြီးသည့် နောက်ပိုင်းတွင် ဓားသမားသုံးဦးစလုံး ဓားတခြား ခန္ဓာကိုယ်တခြားစီ လွင့်စဉ်သွားကြ၏။

လုံးဝ သတိလစ်မေ့မြောသွားကြသည်။

ကွမ်းစန့်စင်သည် ထိုသုံးယောက်ဆီသို့ တစ်ယောက်ချင်းစစ်ဆေးပြီး တစ်ယောက်စီကို အကြောထိုးပိတ်သည်။

ဓားတစ်ချောင်းကို ကောက်ယူပြီး ပတ်ဝန်းကျင်ကို အခေါက်ခတ်လိုက်၏။

တက်မုဆရာတော်နှင့် ဖန့်မုဆရာတော်တို့၏ တိုက်ပွဲမှာ မပြီးပြတ်သေးချေ။

တက်မုဆရာတော်က....

'ဒကာကြီးတို့နှစ်ယောက်ဟာ အရင်ကတော့ကျုပ်ရဲ့မိတ်ဆွေတွေပါပဲ၊ အခုတော့ မိတ်ဆွေဆိုပြီးတော့လဲ မခေါ်နိုင်တော့ဘူး၊ ပွဲက သိပ်ပြီး အချိန်ကြာနေခဲ့ပြီ'

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် သူ၏ ညီတော်ဖြစ်သည့် ဖန်မှုဆရာတော်အား အချက်ပြကာ သိုင်းကွက်ပြောင်းပြီး တိုက်ခိုက်လေတော့သည်။

ဆရာတော်နှစ်ပါး၏ လက်ဝါးရိုက်ချက်များကြောင့် ချင်းချန် ဓားနှစ်ဖော် နောက်ဆုတ်သွားရသည်။

'ဆက်ရိုက်'

တက်မှုဆရာတော်၏ အမိန့်ပေးသံကြောင့် ဖန်မှုဆရာတော်သည် နောက်မဆုတ်ဘဲ ဆက်ရိုက်၏။

တက်မှုဆရာတော်နှင့် ထပ်တူ ချိန်ကိုက် ရိုက်မိကြသည်။

ထိုရိုက်ချက်မှာ ရှောင်လင်ကျောင်းတော်၏'လက်ဖဝါးကြီး' သိုင်း ရိုက်ချက်ဖြစ်၏။

အလွန်ပြင်းထန်သည်။

ချင်းချန်ဓားနှစ်ဖော် ဓားများ လွတ်ကျကုန်တော့၏။

'သွေးကြောပိတ်'

တက်မှုဆရာတော်၏ အမိန့်ပေးသံက ပြတ်သားစွာ ထွက်ပေါ်လာပြန်သည်။



ဖန်မှုဆရာတော်သည် ချင်းချန် ဓားနှစ်ဖော်အနက်မှ ညီဖြစ်သူ၏ သွေးကြောကို ဖမ်း၍ပိတ်သည်။

ထိုအချိန်တွင် တက်မှုဆရာတော်က အစ်ကိုဖြစ်သူ၏ သွေးကြောကို လုံးဝ ပိတ်ပြီးနေလေပြီ။

ဆရာတော်နှစ်ပါးသည် ဓားတစ်စင်းကိုင်ပြီး အကဲခတ်နေသည့် လေကျင့်ရေးမှူးကြီး ကွမ်းစန်စင်အား မြင်တွေ့သွား၏။

'ဟာ....ဒကာကြီး ကွမ်းစန်စင်ပါလား'

ဆရာတော်က ရှက်တိုင်တစ်လျှောက် ပြေးလွှားတိုက်ခိုက်နေကြသည့် ဖေကုံးလျှန်နှင့် လုံးမလေးဝန်တို့၏ တိုက်ပွဲကို ညွှန်ပြသည်။

'ဒကာကြီး ကွမ်းစန်စင်၊ ကျုပ်တို့ ဝင်ကူကြဦးမလား၊ ကျုပ်တော့ သိပ်ပြီး စိတ်မပါလှဘူး၊ ဒကာကြီး ဖေကုံးလျှန် ဓားနဲ့ ဖမ်းဆီးနိုင်မယ်လို့ ထင်တယ်၊ ကျုပ်ပဲတို့ ဝင်လိုက်ရင် အိပ်မတရေးရာကျသွားမယ်'

'ဆရာတော် သဘောအတိုင်းပါပဲ၊ဒါဖြင့်ရင်လဲ လှေဝမ်းထဲ ဆင်းကြဘာ့ပေါ့၊ အထဲမှာ ရန်သူတွေ ရှိနေသေးတယ်'

ဖန်မှုဆရာတော်သည် လှေဝမ်းအတွင်းသို့ ဤမျှလောက် ဘဲမဝင်စားပေ။ အဘယ်ကြောင့်ဆိုသော် သူ အကဲခတ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန်တစ်လျှောက်လုံး လုံမလေးဝန်က ဖေကုံးလျှန်အ အကြိတ်အနယ် တိုက်ခိုက်နိုင်သေးသောကြောင့်တည်း။

'ဒါဖြင့် ကျုပ်တို့အားလုံး အထဲဝင်ကြစို့'

တက်မုဆရာတော်၏စကားကို ကြားသောအခါ ဖန်မုဆ တော်က တိုးတိုးပြော၏။

'နောင်တော်….ဒကာကြီး ဖေကုံးလျှန်ရဲ့ အခြေအနေ မကောင်းဘူး၊ ညီတော်တို့ စောင့်ကြည့်ရင် ကောင်းမယ်န် တယ်'

တက်မုဆရာတော်က ကွမ်းစန်စင်၏ သဘောထားကို မြန်းသည့်အနေဖြင့် လှည့်ကြည့်၏။

ကွမ်းစန်စင်က သူ့အား ကြည့်မနေပေ။

ဖေကုံးလျှန်နှင့် လုံမလေးဝန်တို့၏ တိုက်ပွဲအခြေအ မှ ငေးကြည့်နေသည်။

'ဒကာကြီး ကွမ်းစန်စင်….ဒကာကြီး ဖေကုံးလျှန်ကိုက လိုဦးမှာလား'

'လိုအပ်မယ်နဲ့တူတယ်၊ တပည့်တော်တို့သက တစ်ယေ ယောက်နေခဲ့ရင် ကောင်းလိမ့်မယ်'



တက်မုဆရာတော်သည် ဖန်မုဆရာတော်အား လှည့်၍အမိန့် ပေးလိုက်၏။

'ကောင်းပြီ…ဒီလိုဆိုရင် ညီတော်ပဲ ဒီကစောင့်နေပေတော့၊ ဒကာကြီး ဖေကုံးလျှန်အတွက် အကူအညီလိုရင် အကူအညီ ပေးလိုက်ပါ၊ နောင်တော်နဲ့ ဒကာကြီးကွမ်းစန်စင်တို့ လှေဝမ်း ထဲ ဝင်ကြည့်မယ်'

'နောင်တော် အမိန့်အတိုင်း ညီတော် စောင့်နေပါ့မယ်၊ ညီတော်စိတ်ထင် ဒကာကြီးဖေကုံးလျှန်ကို လုံးဝကူညီရမယ် လို့ ထင်ပါတယ်'

ကွမ်းစန်စင်ကလည်း ခေါင်းညိတ်၏။

'ဖြစ်နိုင်တယ်၊ ချင်းချန်ဓားနှစ်ဖော်ဟာ 'ထိန်းချုပ်ဓား' မိနေတာတောင် အတော်ခုခံနိုင်တာပဲ၊ လုံမလေးဝန်ကတော့ လူကောင်းပကတိဆိုတော့ အတော် ဆို ဖမ်းရဆီးရ ခက်လိမ့် မယ်၊ ဆရာတော်တစ်ပါး ကျန်နေခဲ့ရင်တော့ ဘာမှ ပြဿနာ မှာ မဟုတ်ပါဘူး'

'ကဲ… ဒါဖြင့်လဲ ဝင်ကြစို့'

'နောင်တော်….သတိနဲ့ဝင်နော်'

တက်မုဆရာတော်သည် ပြန်လှန်မပြောဆိုတော့ဘဲ အထဲသို့ ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန်စင်လည်း ထက်ကြပ်မကွာ လိုက်ပါသွားသည်၊

'အလို'

တက်မုဆရာတော်နှင့် ကွမ်းစန်စင်တို့သည် အာမေဋိတ်သံ ပြီးနောက် ရှေ့သို့ဆက်မလှမ်းနိုင်ဘဲ ဖြစ်သွားသည်၊

အဘယ်ကြောင့်ဆိုသော်....

အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသည့် ေ သမားကြီးယောက်နှင့် မျောက်နှင့် ခပ်ဆင်ဆင်တူသည့် ယ ရှောက်တို့သည် ရုပ်တုကြီးများသဖွယ် ထိုင်သူကထိုင်ပြီး၊ လျှောင်းသူက လဲလျောင်းဖြင့် ငြိမ်သက်တိတ်ဆိတ်နေကြသေ ကြောင့်တည်း၊

လုံးဝ လှုပ်ရှားမှုမရှိဘဲ ဖြစ်နေပေသည်၊

သိုင်းပညာ အလွန်ကောင်းသည့် ဤလူစုသည် အဘ ကြောင့် ဤပုံဤပန်း ဖြစ်နေရသနည်း၊

အကြောင်းရှိရမည်၊

ထိုအကြောင်းကို ရှာဖွေရမည်၊

ကွမ်းစန်စင်နှင့် တက်မု ဆရာတော်တို့သည် ရှတ်တ အတွင်းပိုင်းအထိရောက်အောင် မဝင်ရဲကြပေ၊



လုံမလေးဝန်ဆိုသည့် မကောင်းဆိုးဝါးမလေး၏ ကာလိန် ကျစ်အကြံဉာဏ်ကို သူတို့ လုံးဝအထင်မသေးရဲချေ၊

တက်မုဆရာတော်က ချောင်းဟန့်သံပေးလိုက်၏၊

'အဟမ်း..,..အဟမ်း'

လှေဝမ်းထဲမှ မည်သည့်သိုင်းသမားမှ မလှုပ်ရှားကြပေ၊

တက်မုဆရာတော်သည် ကွမ်းစန်စင့်အား တိုင်ပင်သည့်အနေ လှမ်းကြည့်၏၊

ကွမ်းစန်စင်က ခေါင်းညိတ်ပြ၏၊

ဝင်ကြမည်ဟူသည့်သဘောတည်း၊

တက်မုဆရာတော်က တီးတိုးပြော၏၊

'ဒကာကြီး ကွမ်းစန်စင်...သတိထားနော်၊ အခြေအနေက ခြားတယ်'

'မှန်ပါ့ဘုရား၊ သတိထားပါမယ်'

သိုင်းသမားကြီးနှစ်ဦးသည် လှေဝမ်းထဲသို့ သတိကြီးစွာ းပြီး ဝင်လာကြ၏၊

လှေဝမ်းထဲမှ သိုင်းသမားများ တုတ်တုတ်မျှမလှုပ်ကြချေ၊

www.burmeseclassic.com

www.burmeseclassic.com



'အိုးစရာပဲ'

ကွမ်းစန့်စင်၏နှုတ်မှ ခင်တိုးတိုး ထွက်ပေါ်လာ၏။

တက်မုဆရာတော်သည် အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဆင်ထားသည့် ဓားသမားတစ်ဦးအား ကိုင်လှုပ်ကြည့်၏။

ထိုဓားသမားလည်း မည်သို့မျှ လှုပ်ရှားမှုမရှိပေ။

တက်မုဆရာတော်က....

'ဒကာကြီး ကိုင်ကြည့်စမ်း'

ကွမ်းစန့်စင်က ကိုင်လှုပ်သည်။

သစ်သားရုပ်ကြီးကို ကိုင်လှုပ်ရသလို ဖြစ်နေသဖြင့် ကွမ်းစန့်စင်က တက်မုဆရာတော်ကဲ့သို့ပင် နားလည် သဘော ကြောင်း အချက်ပြသည့်အနေဖြင့် ခေါင်းညိတ်ပြသည်။

ထိုလူများအားလုံး မျက်စိမှိတ်ထားခြင်း မရှိပေ။

သို့သော်....

ထိုသူများ၏ မျက်လုံးထဲ၌ အမြင်အာရုံမရှိကြောင်း ရှုနှင့် သိရှိနိုင်ခဲ့ပေသည်။

တက်မုဆရာတော်သည် ဤလူစုထဲ၌ အရေးအကြီး ဖြစ်သည့် ယွမ်ရှောက်၏ပခုံးကို သွားကိုင်၏။



ယွမ်ရှောက်လည်း အခြားဓားသမားများကဲ့သို့ပင် လှုပ်ရှား လုံးဝမရှိပေ။

ဆရာတော်သည် ယွမ်ရှောက်၏တစ်ကိုယ်လုံးကို လျှောက်၍ းသပ်ကြည့်၏။

'ဒီလူတွေ အကြောလဲ ပိတ်ခံထားရတယ်၊ ဖြစ်ပုံကတော့ းစားလို့မရလောက်အောင်ပဲ'

သူသည် ကွမ်းစန့်စင်အား ခပ်တိုးတိုးပြောပြီး ချက်ချင်း လိုပင် တုန်လှုပ်သွားသည်။

အဘယ်ကြောင့်ဆိုသော်....

ယွမ်ရှောက်သည် ဆန်ကွမ်းချိန့် လက်ရည်တူဒါးပါး တိုက် ခဲ့သည်ကို ဝမ်ဂေဟာ၏ ခန်းမဆောင်ကြီးအတွင်း၌ သူ ယ်တိုင် တွေ့ခဲ့ဖူးသဖြင့် ဤလိုလူမျိုးအား တော်ရုံတန်ရုံသိုင်း ရာချင်က အကြောမပိတ်နိုင်ကြောင်း စဉ်းစားလိုက်မိသော ကြောင့် ဖြစ်၏။

တက်မုဆရာတော်က ကွမ်းစန့်စင်အား ခပ်တိုးတိုး လှည့် ၏။

'ဒကာကြီး လှေဝမ်းထဲကလူအားလုံး သွေးကြောပိတ်ခံ ရတာ သေချာတယ်၊ ဒါပေမယ့် သူတို့ပုံစံတွေက သွေး ကြောပိတ်ခံရရုံသက်သက် မဟုတ်ပြန်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန်စင်ကလည်း ခပ်တိုးတိုးပင် ပြန်ပြောသည်။

'ဆရာတော် တပည့်တော်တို့အတွက် အကောင်းဆုံး အခြေအနေပဲ'

'လုံမလေး ဝန်ကို ဖမ်းဖို့ အကောင်းဆုံး အခြေအနေပေါ့။ ဒီအုပ်စုထဲက ခွေးသမားသုံးယောက် လဲကျနေပြီ၊ ဟို မျက်နှာဖြူဖြူနဲ့လူငယ်လဲ လှေကလေးထဲမှာ လဲကျနေပြီ၊ ချင်းချန်နှစ်ဖော်လဲ လဲကျနေပြီ၊ ဟို....မကောင်းဆိုးဝါးမကလေး တစ်ယောက်ပဲ နောင်ကြီးဖေကုံးလျှန်နဲ့ တိုက်နေတယ်၊ အခုလို တပည့်တော်တို့ ဝိုင်းဖမ်းရင် လွယ်လွယ်ကလေး မိနိုင်ပါတယ်'

တက်မုဆရာတော်သည် ခေတ္တမျှ တွေဝေစဉ်းစားနေ၏။

ကွမ်းစန်စင်က ဆက်ပြော၏။

'သူတို့ဘက်က စစ်ကူတွေရောက်လာရင် အခြေအနေ ပြောင်းသွားလိမ့်မယ်၊ ဆရာတော် ဘယ်လိုသဘောရပါသလဲ'

တက်မုဆရာတော်က ကွမ်းစန်စင်ဘက်သို့ ပြန်လှန် မေးခွန်း ထုတ်သည်။

ဆရာတော်ထုတ်သည့် မေးခွန်းမှာ ကွမ်းစန်စင်၏ သဘော ထား ထောက်ခံချက်နှင့် မည်သို့မျှပသက်ဆိုင်ဘဲဖြစ်နေသည်။

'ကျုပ်စိတ်ထဲမှာ မရှင်းဘဲဖြစ်နေတယ်၊ ဒီလူတွေ ခုလို အမျိုးဖြစ်အောင် ဘယ်သူတွေလုပ်လိုက်သလဲ၊ ဧကာကြီး အဲဒါကို ခန့်မှန်းမိသလဲ'



'တပည့်တော်ကတော့ နည်းနည်းပါးပါး ရိပ်မိနေပါတယ်'

'လုပ်စမ်းပါဦး ဧကာကြီးရာ၊ ကျုပ်တော့ အတော့်ကို ဦးနှောက်ခြောက်နေတော့တာပဲ'

'တပည့်တော်တို့ဂိုဏ်းထဲမှာ လက်ဝဲရံ၊ လက်ယာရံဆိုတဲ့ လူငယ်နှစ်ဦးရှိတယ်၊ သူတို့လက်ချက်ဖြစ်နိုင်ပါတယ်'

'ဧကာကြီး စဉ်းစားပါဦး၊ သူတို့ရဲ့သွေးကြောကို ပိတ်နိုင်ဖို့ ဆိုတာ မလွယ်ဘူးနော်၊ ဟောဒီ ရုပ်ခပ်ဆိုးဆိုး လူငယ်ကို အကြောပိတ်ဖို့ဆိုရင် အတော့်ကိုခက်မယ်၊ ဧကာကြီးတို့ရဲ့ဂိုဏ်း ချုပ်ကြီး အိုယန်ထုံတောင် သူ့ကို အကြောပိတ်နိုင်မယ် မထင်ဘူး'

စင်စစ် ကွမ်းစန်စင်ကိုယ်တိုင် ပထမပိုင်း၌ အမှန်တကယ် ကြံသြနေခဲ့သည်။

သို့သော် နောက်ပိုင်း၌ အကြောပိတ်ခံရသူများ၏ မျက်လုံး များကိုကြည့်ပြီး တဖြည်းဖြည်း သဘောပေါက်လာခဲ့ခြင်း ဖြစ် သည်။

ဤအဖြစ်အပျက်ကြီး၏ သဲလွန်စကို ရိပ်မိလာခဲ့ခြင်း ဖြစ် သည်။

ကွမ်းစန်စင်သည် သူရိပ်မိလာသည့်အချက်ကို ရှင်းရှင်းလင်း လင်းပင် ဖွင့်ဟ ပြောပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာတော် သူတို့သိုင်းပညာထက်မြက်တာတော့ အမှန်ပါပဲ၊ ဒါပေမယ့် အိပ်ငွေ့ချခံရပြီးတဲ့အခါမှာတော့ သူတို့ သိုင်းပညာကို ဘယ်မှာ ထုတ်သုံးနိုင်တော့မှာလဲ၊ တော်ရုံအခန့်ရုံသိုင်းပညာရှင်ပဲ အိပ်ငွေ့ချခံရပြီးရင် ခုလို အကြောပိတ်ခံရနိုင်တာပါပဲ'

'ဒါဆိုရင် ကျုပ်သဘောပေါက်ပြီ၊ ဧကာကြီးတို့ရဲ့ ပညာရှင်ထန်ရှင်ဟာ သူပြောတဲ့အတိုင်း ဧကာကြီးတို့ ဂိုဏ်းသားတချို့ အဲ...အဲ...လက်ဝဲရံနဲ့ လက်ယာရံနှစ်ယောက်ကို အိပ်ငွေ့ချပြီး စေလွှတ်နိုင်းလိုက်ပြီပေါ့၊ ဟုတ်ရဲ့လား'

'အပြည့်တော့ အဲဒီအတိုင်းပဲ တွေးမိသာတယ်၊ အနောက်ပိုင်းမှာ ဆိုပါတော့လေ'

'အိပ်ငွေ့ချတာသော့ဟုတ်ပါပြီ၊ ဘာဖြစ်လို့ အဲဒီနှစ်ယောက်ကို မ[illegible]ရသေးသာလဲ'

'သူတို့ထွက်သွားတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ တပည့်တော်တို့က တိုက်ပွဲမှာ အာရုံနှစ်မြှုပ်နေခဲ့ကြတာပဲ'

တက်မုဆရာတော်က ခေါင်းညိတ်၏။

'အင်း....ဖြစ်နိုင်ပါတယ်'

ထိုအချိန်မှာပင် တခစ်ခစ်ရယ်သံများကို စတင်ကြားလိုက်ရတော့သည်။

❖



တက်မုဆရာတော်သည် ဆတ်ခနဲဖြစ်သွားပြီး ရှေ့တမျက်လှည့်ကြည့်လိုက်၏။

သူတို့ရှေ့သို့ နှစ်ဆယ့်သုံး နှစ်ဆယ့်လေးနှစ်ခန့် ရှိသော လူငယ်နှစ်ဦး သျှပ်တစ်ပြက် ရောက်ရှိလာကြသည်။

လူငယ်နှစ်ဦးဟုခေါ်ခြင်းထက် ကလေးနှစ်ဦးဟု ခေါ်ခြင်းက ပို၍ သဘာဝကျပေလိမ့်မည်။

ထိုနှစ်ဦးမှာ အလွန်တရာ ငယ်ရွယ်ပျိုမျစ်လှပေသည်။

သူတို့၏ အဝတ်အစားများမှာ ကျွန်လု ဂိုဏ်းသားများ၏ ထုံးစံအသိုင်း အပေါက်အပြဲ အဖာအထေးများစွာဖြင့် ပြည့်နှက်နေသောကြောင့်ပေတည်း။

တက်မုဆရာတော်သည် ထိုကလေး နှစ်ဦးကို သေချာစွာ အကဲခတ်၏။

အသက်အရွယ်ကလည်း ရွယ်တူ ဖြစ်ပုံရသည်။

ရုပ်ချင်းကလည်း ဆင်သည်။

အဝတ်အစား ဝတ်စားထားပုံကလည်း တစ်ပုံစံတည်းဖြစ်သည်။

ပြုံးနေသည့် အပြုံးကလည်း တစ်ပုံစံတည်း ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ့်နှယ် ဒီကလေးနှစ်ယောက်က ဒီလှေဝမ်းထဲ ရော-
နေရတာလဲ'

ကလေးတစ်ဦးက ရယ်၍ပြောသည်၊

'တပည့်တော်တို့ ရောက်နေတာ ကြာပါပြီဘုရား၊ အခု
ရောက်နေတာမဟုတ်ပါဘူး'

ထိုအခါကျမှ တက်မုဆရာတော် သဘောပေါက်တော့၏

သူ့စိတ်ထဲ၌ လက်ဝဲရံလက်ယာရံဆိုသည့် ပုဂ္ဂိုလ်နှစ်ဦးသည်
ဤမျှငယ်လိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့ချေ၊

ကွမ်းစန့်စင်က....

'ဆရာတော်ကို မလေးမစားမလုပ်ကြနဲ့ခလေ၊ ငါတို့ကျန်လူ
ဂိုဏ်းသားတွေကို ရှိုင်းစိုင်းဘယ်လို ဆရာတော် မှတ်ထင်သွား
ပါလိမ့်ဦးမယ်'

ကလေးနှစ်ဦးသည် တက်မုဆရာတော်နှင့် ကွမ်းစန့်စင်တို့
အား လက်အုပ်ချီ၍ ကန်တော့လေ၏၊

'တပည့်တော်တို့ကို အမှားပါရင် ခွင့်လွှတ်ပါဘုရား'

လျှောက်ထား တောင်းပန်သည့်စကားပင် ယိမ်းတိုက်ထား
သလို ကလေးနှစ်ဦး၏နှုတ်မှ ထွက်ပေါ်လာ၏၊



ကွမ်းစန့်စင်က....

'ကလေးတို့၊ မင်းတို့လက်ချက်ဟုတ်ရဲ့လား'

'ဟုတ်ပါတယ်ဆရာကြီး၊ ဘဘကြီးထန်ရဲဒေးမိန့်အရ ဒီလှေ
ဝမ်းထဲကို လျှိုဝင်နေခဲ့ပါတယ်၊ ကျွန်တော်တို့ အိပ်ငွေ့မချခင်
ကလေးမှာပဲ ဒီထဲမှာ အရေးအကြီးဆုံးဆိုတဲ့မိန့်းမက အပြင်
ဘက် ထွက်သွားခဲ့ပါတယ်၊ သူ အိမ်ငွေ့က လွတ်သွားပါပြီ'

ကွမ်းစန့်စင်က....

'ကိစ္စမရှိဘူး၊ ဒီတစ်ပြုံလုံး ဒီပုံစံဖြစ်နေတာ ငါတို့အတွက်
အတော့်ကိုဟန်ကျပါတယ်၊မင်းတို့ရဲ့တာဝန် ကျေပွန်ပါတယ်'

တက်မုဆရာတော်က ကွမ်းစန့်စင်အား လှမ်း၍ မေးလိုက်
သည်၊

'ဒကာကြီး၊ ဒီလူတွေကို ဘယ်လိုလုပ်မလဲ၊ ဒီအတိုင်းပဲထား
ပစ်ခဲ့မလား'

ကလေးငယ်တစ်ဦးက ရှုတ်တရက်ဝင်ပြောလေ၏၊

'စိတ်မပူပါနဲ့ဆရာတော်၊ သူတို့ကို တပည့်တော်တို့ရဲ့ ရေသူငဲ့
လေးဆယ့်ရှစ်ယောက်ရဲ့ လောင်းလှေကလေးတွေနဲ့ သယ်ဆောင်
သွားဖို့ စီစဉ်ပြီးပါပြီ၊ လှေဝမ်းရဲ့အောက်မှာ အပေါက်တောင်
ဖောက်ထားပြီးပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဒကာကြီးကွမ်းစန်စင်၊ သူတို့ကို ဘယ်ကထိ သယ်သွားမှာလဲ'

'ဒါတော့ တပည့်တော်လဲ မသိဘူးဘုရား၊ ဒီကလေးနှစ်ယောက်ကို သီခြားအမိန့်ပေးလိုက်ပုံရပါတယ်၊ သူတို့ တစ်နေရာရာကို သယ်ဆောင်လိမ့်မယ်နဲ့ တူတယ်'

ကွမ်းစန်စင်သည် ဆရာတော်အား ရှင်းလင်း ပြောပြပြီးနောက်....

'ကဲ....ကဲ....မင်းတို့လုပ်စရာရှိတာဆက်လုပ်ပေတော့၊ ငါတို့ဘာမှ ဝင်စွက်စရာ အကြောင်းမရှိပါဘူး'

ကလေးငယ်နှစ်ဦးသည် လှေဝမ်းထဲမှ သိုင်းသမားများကို တစ်ဦးချင်းသယ်ထုတ်သွားရာ တစ်ခဏချင်းပင် လူကုန်သွားလေသည်၊

တက်မှုဆရာတော်က သက်ပြင်းချ၍ ပြောသည်၊

'အင်း....ပညာရှိ ထန်ရှင်ဟာ ဂိုဏ်းချုပ်ကြီး ဒို့ယန်ထုအားကိုးလို့ အားကိုးလောက်စရာပါပဲ၊ သူစီစဉ်လိုက်သမျှဟာ အားလုံး ကွက်တိဖြစ်နေတာပဲ'

ကွမ်းစန်စင်က....

'ဟုတ်ပါတယ်၊ ပညာရှိထန်ရှင်ဟာ တကယ်ပဲ ပညာဉာဏ်ကြီးမားပါတယ်၊ ဂိုဏ်းချုပ်ကြီး စီမံအုပ်ချုပ်ပုံ ကောင်းသလို



ပညာရှိထန်ရှင်ပေးတဲ့အကြံဉာဏ်များကလဲ အင်မတန် တန်ဖိုးရှိလှပါတယ်၊ အခုဆိုရင် လုံမလေးဝန်ကို တပည့်တော်တို့ ကောင်းကောင်းဖမ်းနိုင်ပြီ၊ သူအားကိုးထားတဲ့လူတွေ အားလုံးကို တပည့်တော်တို့ ဖမ်းချုပ်ထားနိုင်ပြီမဟုတ်လား'

'ဟုတ်တယ်၊ ဒကာကြီးပြောတာ မှန်တယ်၊ လှေဝမ်းအပြင်ဘက် ထွက်ကြစို့၊ ဒကာကြီး ဖေကုံးလျှန်ကို သွားကူကြစို့'

တက်မှုဆရာတော်သည် ထိုသို့ ပြောပင် ပြောလိုက်ရသော်လည်း စိတ်ထဲ၌ ကြည်သာလှချေ၊

အဘယ်ကြောင့်ဆိုသော် ယခုပင်လျှင် ကျန်လူဂိုဏ်းသားများ၏ လက်ရာခြေရာများက အလွန်မြှားပြားနေချေပြီ၊

လုံမလေးဝန်ကို ကွမ်းစန်စင်သာ ဖမ်းမိသွားလျှင် သူ့အနေဖြင့် ရှောင်လင်ကျောင်းတော်သို့ ပထမဆုံး မခေါ်ခွင့်တောင်းဆိုရန် ခက်ခဲသွားပေပြီ၊

မည်သို့ပင်ဖြစ်စေ လုံမလေးဝန်ကို ဖမ်းဆီးရမည့် တာဝန်ကတော့ ရှိနေသည်သာဖြစ်၍ ဆရာတော်ကိုယ်တိုင် လှေဝမ်းအပြင်သို့ ဦးဆောင် ခုန်ထွက်သွားတော့သည်၊

ကွမ်းစန်စင်လည်း ထက်ကြပ်မကွာ လိုက်ပါသွားသည်။

သူတို့နှစ်ယောက် လှေကုန်းပတ်ပေါ်သို့ ရောက်သောအခါ ဖေကုံးလျှန်နှင့် လုံမလေးဝန်တို့ တိုက်ခိုက်နေကြဆဲသာဖြစ်ကြောင်း တွေ့ရှိရသည်၊

www.burmeseclassic.com

www.burmeseclassic.com



'ဒကာကြီး ဖေကုံးလျှန်'

တက်မုဆရာတော်က ခပ်ကျယ်ကျယ်ကလေး ဟစ် အော်ခေါ်လိုက်ရာ ဖေကုံးလျှန်သည် လုံမလေးဝန်အား လက်ဓါးတစ်ချက်ရိုက်ပြီး ဆရာတော်ဘေးသို့ ခုန်ချလာခလေ၏။

'ဘာဖြစ်လို့လဲ ဆရာတော်'

'ဒကာကြီး ဖေကုံးလျှန်....လှေဝမ်းထဲမှာ ဘယ်သူမှ မရှိတော့ဘူး၊ ပညာရှိထန်ရှင်ရဲ့ အစီအမံကြောင့် အားလုံးကို ကျွန်လုဂိုဏ်းက ဖမ်းခေါ်သွားပြီ၊ ဒီလှေကြီးပေါ်မှာ ခုခံနိုင်တဲ့လူဆိုလို့ လုံမလေးဝန်တစ်ယောက်ပဲ ရှိတော့တယ်'

ဖေကုံးလျှန်မှာ ဟင်ခနဲ ဖြစ်သွားသည်။

ခံစစ်အား တောင့်တင်းလှသော ဤလှေကြီး၏ခံစစ် ပျက်ပြားသွားပုံကို မယုံနိုင်လောက်အောင် ဖြစ်သွားသည်။

လုံမလေးဝန်သည် အလွန်တရာ ပါးနပ်၏။

ဆရာတော်က ဖေကုံးလျှန်ကို တီးတိုးပြောနေကတည်းက လှေဝမ်းထဲ၌ တစ်စုံတစ်ခု ထူးခြားနေပြီဖြစ်ကြောင်း ရိပ်မိ၏။

ထို့ကြောင့် တန်းပေါ်မှ လွှားခနဲ ခုန်ဆင်းကာ လှေဝမ်းထဲသို့ဆင်းသည့် အပေါက်ဆီသို့ လျှောက်လာ၏။

'ဖြန်း....'



တက်မုဆရာတော်က အကျီလက်ရှည်ဖြင့် ရိုက်ချလိုက်ရာ လုံမလေးဝန်မှာ တံခါးပေါက်ထဲသို့ မဝင်နိုင်ဘဲ ခုန်ဆုတ်သွားရလေ၏။

'ဆရာတော် ဘယ်လိုလုပ်တာလဲ၊ ကျွန်မကို အဆိုးမဆိုနေနှ်'

သူမကပင် တက်မုဆရာတော်ကို ပြန်လည်ကြိမ်းဝါးနေပေသေးသည်။

'ဒကာမလေး ဝင်ကြည့်ဖို့ မလိုတော့ပါဘူး'

'ဘာဖြစ်လို့ မလိုရမှာလဲ၊ ဒီလှေက ကျွန်မတို့ရဲ့ လှေပဲ'

လုံမလေးဝန်သည် ဒုတိယအကြိမ် ခုန်ဝင်လာပြန်၏။

'ဖြန်း....'

တက်မုဆရာတော်က သင်္ကန်းစဖြင့် လေထဲ၌ ဝှေ့ယမ်းသားဆီးလိုက်ရာ လုံမလေးဝန် ခုန်ဆုတ်ရပြန်သည်။

တက်မုဆရာတော်၏ အတွင်းအားပညာမှာ အလွန်တရာကြီးမားသဖြင့် မိန်းကလေးအနေဖြင့် သိုင်းကွက်ချင်းသာ ယှဉ်နိုင်သည်။

အတွင်းအားပညာအရ မယှဉ်နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



'အထဲမှာဘာတွေဖြစ်နေသလဲဆိုတာ ကျွန်မဝင်ကြည့်ရမယ် ဆရာတော်တို့ ပြီးတာ ဖြန်းတာတွေကိုတော့ ကျွန်မ မယုံဘူး'

'ယုံစရာ မလိုဘူး၊ အခုပြောနေတဲ့ အသံတွေကို လှေဝမ်းထဲကလူတွေ မကြားနိုင်ဘူးလား'

'ကြားနိုင်တယ်'

'ကြားရင် သူတို့ ဒီအတိုင်း ငြိမ်နေကြမလား'

လုံမလေးဝန်သည် ဖြေကြားရင်း သဘောပေါက်လာသည်။

လှေဝမ်းထဲမှ သူမ၏ ခံစစ်အင်အားများ ပျက်စီးသွားပြီဟု နားလည်သဘောပေါက်လာသည်။

လုံမလေးဝန်သည် လှေပေါ်မှ ဆင်းပြေးရန် ကြိုးစား၏။

သို့သော် သူမအား တက်မုဆရာတော်၊ ဖန်မုဆရာတော်တို့မှ ပြိုင်ဖက်ကျွန်တို့က ပြေးပေါက်မရှိအောင် ပိတ်ဆို့လိုက်ကြသည်။

လုံမလေးဝန်သည် ထွက်ပြေးရန် မတတ်နိုင်တော့သဖြင့် အပြုံးအထေ့ ခုခံတိုက်ခိုက်တော့သည်။

တက်မုဆရာတော်ကလည်း လုံမလေးဝန်ကို သူကိုယ်တိုင် အမိဖမ်းလိုသည်။

သို့မှသာ လုံမလေးဝန်ကို ရှောင်လင်ကျောင်းတော်သို့ ခေါ်ဆောင်ရန် သူ့အတွက် အခွင့်ကောင်းရမည်ကို ကြိုတင်သိသည်။



မိန်းကလေးသည် 'ဦးခေါင်းခွဲလက်ကုတ်' သိုင်းကွက်ဖြင့် ကြောက်မက်ဖွယ်ရာ တိုက်ခိုက်သည်။

အဆောတလျှင် တိုးဝင်သွားသည့် တက်မုဆရာတော်တော့ ညာရှိ သတိဖြစ်ခဲ့ဆိုသလို ဒုက္ခရောက်ပြီဟု အားလုံးက ထင်မှတ်လိုက်ကြ၏။

သို့သော် ဆရာတော်သည် ကိုယ်တစ်ခြမ်းစာမျှ ရှောင်တိမ်းပြီး သူ့လက်ချောင်းကလေးများကို လျင်မြန်စွာ လှုပ်ရှားစားလိုက်၏။

ထိုလှုပ်ရှားမှုမှာ အလွန်လျင်မြန်သည်။

ထိုသိုင်းကွက်မှာ ရှောင်လင်သိုင်းကွက် ခုနစ်ဆယ့်နှစ်ကွက်မှ 'မီးပုံထဲလက်နှိုက်ခြင်း' သိုင်းကွက် ဖြစ်သည်။

အထွတ်အထိပ်အဆင့်သို့ ရောက်သူမှသာလျှင် ထိုပညာကို သုံးနိုင်စွမ်းရှိပေသည်။

ထိုထူးဆန်းသော သိုင်းကွက်အတွင်းမှ လွတ်အောင်ရှောင်ရန်အရေးမှာ လွန်စွာခက်ခဲလှသည်။

ဆန်ကွမ်းချီ ဝင်၍ရှောင်မည်ဆိုသော်မှ လွန်စွာခက်ခက်ခဲခဲ ရှောင်တိမ်းရပေလိမ့်မည်။

လုံမလေးဝန်သည် စိတ်ထဲ၌ ထိတ်ခနဲဖြစ်သွားပြီး ကြိုးစား၍ ရှောင်တိမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမ၏ လက်မောင်းများကို ဆရာတော်၏ လက် ချောင်းများက ကုပ်ဖမ်းမိသွားပြီးနောက် လုံမလေးဝန်မှ တစ်ကိုယ်လုံး ပျော့ခွေကျသွားလေတော့သည်။

တက်မုဆရာတော်၊ ဖန်မုဆရာတော်နှင့် ဖေကုးလျှန်တို့သ ထိုအခါကျမှ ဟင်းချနိုင်လေတော့သည်။

တက်မုဆရာတော်သည် လုံမလေး ဝန်အား ခပ်တိုးတိ ပြောသည်။

'ဒကာမလေး၊ ကျုပ်ကိုခွင့်လွှတ်ပေတော့၊ ဒကာမလေ ဝေါ်ကားခဲ့တာများလှပြီ၊ ဒီတစ်ခါတော့ ကျုပ်တို့က စစ်ပေ ရတော့မှာပဲ'

ဆရာတော်သည် စကားဆုံးသည်နှင့် လုံမလေးဝန်၏အဓေ ကြီးသော စသွးကြောများကို ထိုးပိတ်လိုက်သည်။

ကွမ်းစန်စင်သည် တက်မုဆရာတော်၏ မီးပုံထဲ လက်နှ ခြင်း သိုင်းကွက်ကို အလွန် အထင်ကြီး လေးစားသွားလေ သည်။

'ရှောင်လင်ကျောင်းတော်ဟာ အမြဲတမ်းပဲ သိုင်းလော ကို ဦးဆောင်ခဲ့ပါတယ်၊ ရှောင်လင်ကျောင်းတော်ရဲ့ သို ကွက်တွေဟာ အင်မတန် ထူးခြားဆန်းကြယ်ဘယ်ဆိုတာလဲ အ ကြားနေခဲ့ပါတယ်၊ အခု ဒီနေ့တော့ ကိုယ်တွေ့မျက်မြင်မြ ရာကယ်မှပဲ ယုံကြည်သွားပါပြီ'



ကွမ်းစန်စင်သည် တက်မုဆရာတော်အား လက်အုပ်ချီပြီး ရိုရဝပြုလိုက်လေ၏။

တက်မုဆရာတော်က ပြုံး၍ ပြောသည်။

'ဘာမှမထူးဆန်းပါဘူး၊ ဒီသိုင်းကွက်ရဲ့ လျှို့ဝှက်ချက်က ဆန်းမှုပါပဲ'

ကွမ်းစန်စင်သည် သိုင်းလောက၏စည်းကမ်းချက်ကို ဖောက် လျက် မအောင့်အည်းနိုင်ဘဲ မေးခွန်းထုတ်လိုက်မိ၏။

'ဆရာတော် ဒီပညာကို....'

ဆရာတော်က ကွမ်းစန်စင်ဆိုလိုသည့်အချက်ကို ချက်ချင်း သဖြင့် ချက်ချင်းပင် ခေါင်းခါသည်။

'ဒါက ရှောင်လင်ကျောင်းရဲ့သိုင်းကွက်တွေပဲ၊ ဘယ်လိုလုပ် လူတွေ သင်ယူနိုင်မှာလဲ၊ ရှောင်လင်ကျောင်းတော်ဟာ နန်းကြီးတွေကိုပဲ သင်ကြားပေးမှလ ရှိပါတယ်'

ထိုစဉ် ဖေကုးလျှန်က အခရုတကြီး ပြောလေ၏။

ဟင်....လှေကလေးပေါ်ကလူတွေ ဘယ်ရောက်ကုန်ပြီလဲ'

ကွမ်းစန်စင်၊ တက်မုဆရာတော်၊ ဖန်မုဆရာတော်တို့ တကြီး လှမ်းကြည့်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ….တစ်ယောက်မှမရှိတော့ဘူး'

ကွမ်းစန်စင်က အရေးတကြီး ပြောလေ၏။

သူသည် တုထန်ဟို၏အကူအညီဖြင့် ဆန်ကွမ်းချီ၏ သေ
ကြောကို ထိုးပိတ်နိုင်ခဲ့သည်။

လှေဝမ်းထဲ၌ ဆန်ကွမ်းချီ ခွေခေါက် ကျသွားခဲ့ရသ

ယခု လှေဝမ်းထဲ၌ ဆန်ကွမ်းချီမရှိတော့ပေ။

တုထန်ဟိုကိုလည်း မတွေ့ရတော့ပေ။

ကွမ်းစန်စင်က ခပ်တိုးတိုး ပြောသည်။

'ဟိုသူငယ်ကို ဆိုင်ဂိုဏ်းဆရာကြီးများ ကယ်တင်သွားပြီ
မသိဘူး'

တက်မှဆရာကော်က….

'တုထန်ဟိုကယ်သွားလဲ ကောင်းတာပဲ၊ အရေးကြီးတ
အချိန်သာ ဟောဒီမိန်းကလေးလက်ထဲ ရောက်မနေဖို့ဘဲ
မြစ်ကမ်းပေါ် တက်ကြစို့'

ကွမ်းစန်စင်သည် အလိုက်သိစွာဖြင့် မိန်းကလေးကို
ပိုက်သည်။



သူတို့သည် လှေကားလေးပေါ်မှတစ်ဆင့် မြစ်ကမ်းစပ်ပေါ်
သို့ အဆင့်ဆင့် ခုန်ဆင်းသွားကြလေ၏။

အောင်ပွဲရလူစုကို ဂိုဏ်းချုပ်ကြီး အိုယန်ထုံနှင့် ပညာရှိ
ထန်ရှင်တို့က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆၄)

### ဟိုကတော်၏ မြေအောက်ဂေဟာ

ကွမ်းစန်စင်သည် ဂိုဏ်းချုပ်ကြီး အို့ယန်ထုနှင့် ပညာရှိ ထန်ရှင်တို့၏ ရှေ့သို့ လုံမလေးဝန်ကို ချပြလိုက်၏။

ပညာရှိ ထန်ရှင်က....

'ဆရာတော်ရဲ့ပညာဟာ တကယ်ပဲ ကြီးမြင့် မြင့်မြတ်ပါပေ တယ်၊ တပည့်တော်တို့ သစ္စာဘက်တော်သားအားလုံး ဘေး မသီ ရန်မခဲ့ဘဲ ဒီမိန်းကလေးကို ဖမ်းဆီးလာနိုင်တာဟာ အင် မိတန် ဂုဏ်ယူဖို့ ကောင်းပါတယ်'

တက်မုဆရာတော်က ခေါင်းခါ၏။

'ဒီလိုလဲ နှိမ့်ချပြီးပြောမနေပါနဲ့လေ၊ ဒကာကြီး ထန်ရှင် သာ ကြိုတင်စီမံမှုမရှိရင် ကျုပ်တို့ ဒီလိုဘယ်မှာအောင်ပွဲဆင် နိုင်မှာလဲ၊ ကျုပ်တို့ ဒီလိုဖမ်းလာနိုင်တာဟာ ဒကာကြီးထန်ရှင် ရဲ့ အစီအမံကောင်းလို့ပါ'



သူတော်ချင်းချင်း၊ သတင်းလွှေ့လွှေ့၊ ပေါင်းဖက်တွေ့ ဆို သည့်စကားအတိုင်း တက်မုဆရာတော်နှင့် ပညာရှိ ထန်ရှင်တို့ သည် ကိုယ်စီကိုယ်စီ နှိမ့်ချပြောနေကြလေ၏။

ထိုစဉ် ကွမ်းစန်စင်က ပညာရှိထန်ရှင်အား ရုတ်တရက် မေးလိုက်လေ၏။

'နောင်ကြီးထန်ရှင်၊ ကျွန်တော် လှေကြီးပေါ်တက်သွား တော့ လှေကလေးထဲမှာ ဆန်ကွမ်းချီနဲ့ တိဗက်သိုင်းဆရာကြီးတို့ ကျန်ရစ်ခဲ့ကြပါတယ်၊ သူတို့ ထွက်ပြေးသွားကြပါသလား'

ထန်ရှင်က ခေါင်းညိတ်၏။

'ဟုတ်တယ်၊ တိဗက်ဆရာကြီး တုထန်ဟိုက ဆန်ကွမ်းချီကို ဖမ်းပြီး ထွက်ပြေးသွားတာပဲ၊ ဒီလူငယ်ဟာ ဒီမိန်းကလေးရဲ့ ဒဏ်းချုပ်မှုခံနေရလို့သာ ကျုပ်တို့ကို ဒုက္ခပေးနေတယ်ဆိုတာ သိရှိထားရတော့ သူတို့ကို ဘာမှမတားမြစ်တော့ဘဲ ဒီအတိုင်း ကြည့်နေလိုက်ပါတယ်၊ နောက်ပြီး တုထန်ဟိုဟာ....'

ပညာရှိထန်ရှင်သည် တုထန်ဟို ကူညီပုံများကို ပြောပြမည် ပြင်ပြီးမှ ရုတ်တရက် စကားလမ်းကြောင်း ပြောင်းလဲပစ် လိုက်တော့သည်။

www.burmeseclassic.com



'တုထန်ပဲဟိုဟာ ကျုပ်တို့ရဲ့ ရန်သူသဲ မဟုတ်ဘူးလေ၊ ဒါ ကြောင့် သူ သယ်ချင်သယ်သွားပါစေဆိုပြီး လွှတ်ပေးလိုက် တာပါပဲ'

တက်မုဆရာတော်က ထန်ရှင်အား ရုတ်တရက် မေးမြန်း လိုက်ပြန်၏။

'ဒကာကြီးထန်ရှင်၊ ဒီမိန်းကလေးဟာ ' စစ်ကူစောင့်ဆိုင်း နေပုံရတယ်လို့ ဒကာကြီးပြောခဲ့တယ်၊ အခု ကျုပ်တို့ဆိုက်ခို နေချိန်ဟာ အတော်ကြာပါတယ်၊ ဘာဖြစ်လို့ သူတို့စစ်ကူတွေ ရောက်မလာတာလဲ မသိဘူး'

ထန်ရှင်က ပြုံး၍ပြောသည်။

'တပည့်တော်တို့လဲ ပေါ်ဆလို့ မရတော့ဘူးလေ၊ တပည့် တော်တို့ရဲ့ လျှို့ဝှက် ထောင်ချောက်တွေကိုဘောင် လာပြီး ဖျက် ဆီး၊ လူသတ်လုပ်နေကြတော့ တပည့်တော်တို့ကလဲ သူတို့ တန်ပြန်တိုက်ခိုက်ရေး လုပ်ရတော့တာပေါ့'

'ဘယ်လိုများလဲ ဒကာကြီး၊ ကျုပ်တို့ သိခွင့်ရှိရင် သိပါ ရစေ'

'မခက်ပါဘူး၊ လုံမလေးဝန်က သစ်ပင်တွေမှာ မြစ်ဆိပ် လာဖို့ အမှတ်အသားတွေ လုပ်ထားတယ်၊ အဲဒီ အမှတ်အသား တွေကိုဖျက်ဆီး၊ ဒီပြင်ဘက်ကို လမ်းညွှန်တဲ့ အမှတ်အသားတွေ



ထပ်လုပ်ပေးလိုက်တာပါပဲ၊ သူတို့ပြထားတဲ့ အမှတ်အသားတွေ ကိုတော့ ခက်ခက်ခဲခဲရှာရတာပေါ့လေ'

'ဒကာကြီးထန်ရှင်၊ အခုချိန်လောက်ဆိုရင် သူတို့ လမ်းလွဲ လိုက်နေပြီဆိုတာ သူတို့ဘာသာ သိလောက်ရောပေါ့'

'သိလဲ ကိစ္စမရှိနိုင်သေးပါဘူး၊ လုံမလေးဝန် ဒီမြစ်ဆိပ်မှာ ရှိနေတယ်ဆိုတာ စစ်ကူတွေအနေနဲ့ ချက်ချင်း မသိနိုင်သေးပါ ဘူး'

ထန်ရှင်သည် တက်မုဆရာတော်အား လက်အုပ်ချီ ရှိခိုးပြီး ရှတ်တရက် ခွင့်ပန်လေ၏။

''ဆရာတော်...ဒီမိန်းကလေးကို တပည့်တော်တို့ ခဏစစ်ဆေး ပါရစေ၊ နည်းနည်းပါးပါး စစ်မေးရုံပါပဲ၊ ပြီးရင်....'

တက်မုဆရာတော်သည် ပညာရှိထန်ရှင်၏စကားကို မငြင်း ပယ်ရက်သဖြင့်....

'ကောင်းပြီလေ...ဒီနေ့တော့ ကြိုက်သလို စစ်မေးပါ၊ မနက် ဖြန်ကျရင်တော့ ကျုပ်တို့ ရှောင်လင်ကျောင်းတော်ကို ခေါ် သွားမယ်၊ အခုပဲ စစ်ဆေးမှာလား၊ ဘယ်မှာ စစ်ဆေးမှာလဲ'

တစ်ချိန်လုံး ငြိမ်သက်စွာနားထောင်နေသည့် ဂိုဏ်းချုပ်ကြီး အို ယန်ဘိုက ရုတ်တရက် ဝင်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်ရဲ့ ယာယီဌာနချုပ်က သိပ်လုံခြုံမှုမရှိတော့လို့ တပည့်တော်တို့ ယာယီဌာနချုပ်ထက် လုံခြုံမှုရှိတဲ့နေရာ တစ် နေရာကို ခေါ်ဆောင်သွားပြီး စစ်ဆေးပါမယ်၊ ဒီက ဆရာ တော်နဲ့ ညီသည်မိတ်ဆွေများလို့ တစ်ပါတည်း လိုက်ခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်'

တက်မုဆရာတော်၊ ဖန်မုဆရာတော်နှင့် ဖေကုံးလျှန်တို့က ခေါင်းညိတ်ကြ၏။

အိုယန်ထိုက ကျေနပ်သော လေသံဖြင့်....

'ကဲ....ဒီလိုဆိုရင် သွားကြစို့၊ တပည့်တော်ကပဲ ဦးဆောင် လမ်းပြသွားပါ့မယ်၊ နောင်ကြီး ထန်ရှင်ကတော့ စီစဉ်စရာ ကလေးတွေရှိနေလို့ ကျန်နေခဲ့ပါလိမ့်ဦးမယ်'

ထိုအချိန်တွင်....

ကျီးတာကြည်နှင့် လက်ရွေးစင်တပ်သားများ မည်သည့် နေရာသို့ ရောက်သွားကြပြီကို မည်သူမျှ မသိရှိကြတော့ပေ၊

ထန်ရှင်သည် သူ့တပ်သားများကို တစ်နေရာရာသို့ ပို့လွှတ် ထားမည်မှာ သေချာသည်ဟု တက်မုဆရာတော်က တွေးနေလေ ၏။

ဂိုဏ်းချုပ်ကြီး အိုယန်ထိုသည် မြစ်ကမ်းစပ်အတိုင်း တစ်မိုင် ခန့် လမ်းလျှောက်ပြီးနောက် ထောင့်မှန်ချိုးချလျက် ခရီးဆက် ပြန်သည်။



နောက်ထပ် နှစ်မိုင်ခန့် လျှောက်ပြီးသောအခါ အတော် အသင့် ကြီးမားသော ရွာကြီးတစ်ရွာအနီးသို့ ရောက်ရှိလာ၏။

သူတို့သည် ရွာတွင်းသို့ မဝင်ပါ။

ရွာစွန်ရှိ ကြီးမားသော ခြံဝင်းကြီးတစ်ခုအတွင်းသို့ ဝင် သွားကြသည်။

တက်မုဆရာတော် အမှူးပြုသည့် ညီသည်များသည် ခြံဝင်း ကြီးထဲမှ ပန်းပွင့်မျိုးစုံ အရောင်မျိုးစုံကို လှည့်ပတ်ကြည့်ရှုမိကြ ၏။

သာမန် ကြေးရည်တတ်တစ်ဦး၏ ခြံဝင်းမျိုးမဟုတ်ပေ။

ပန်းဥယျာဉ်သဖွယ် လွန်စွာသာယာလှပနေသည်။

မွှေးကြိုင်သော ပန်းရနံ့များ လွှမ်းခြုံနေသဖြင့် ဝင်လာသူ အားလုံးစိတ်ထဲ၌ လန်းဆန်းသွားကြသည်၊

ပန်းခြံအလယ်၌ ကျောက်ဖြူလမ်းကလေးရှိရာ ထိုလမ်း ကလေးသည် လှပသော အဆောက်အအုံတစ်ခုကို ဦးတိုက်နေ သည်။

တက်မုဆရာတော်သည် သိုင်းပညာထက်မြက်ရုံမျှမက အတွေ့ အကြုံ ဗဟုသုတပါ အလွန်ကြွယ်ဝသူဖြစ်၍ သူ့ညီတော် ဖန်မု ဆရာတော်အား တီးတိုးသတိပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ညီတော် ဒီလို ကျေးတောရွာမျိုးကလေးမှာ ဒီလို ပန်း ဥယျာဉ်ဆန်းဆန်း ခြံဝင်မျိုးရှိနေတာ သိပ်ထူးဆန်းတယ်၊ သတိ ထားပါ ညီတော်'

'စိတ်ချပါ...နောင်တော်'

ဖေကုံးလျှန်က ဂရုမစိုက်သည့်ဟန်ဖြင့် ဝင်ပြောသည်။

'ဒီဥယျာဉ်ခြံမျိုးက ဘာတူးခြားမှာလဲ၊ အနေသန့်ပြန် သူဟာ ဒီလိုဥယျာဉ်ခြံမျိုး ပြုစုပျိုးထောင်နေမှာပေါ့၊ ဘာ ဂရုစိုက်စရာ မလိုပါဘူး'

တက်မုဆရာတော်သည် ဖေကုံးလျှန်ကို အရေးလုပ်၍စကား မပြောတော့ပေ။

ကျောက်ဖြူလမ်းကလေး အလယ်လောက်တွင် ကျောက်ဖြူ သားဖြင့် ပြုလုပ်ထားသည့် ထိုင်ခုံကလေးများ ရှိသည်။

အို့ယန်ထုံသည် ပန်းခြံအတွင်းသို့ ခြင့်မတောင်းဘဲ ပိုင်စိုးပိုင် နင်း ဝင်လာပြီးနောက် ထိုကျောက်ဖြူ ထိုင်ခုံကလေးများ ဝင်ထိုင်ရန် လက်ဟန်ခြေဟန်ဖြင့် အချက်ပြသည်။

တက်မုဆရာတော်က....

'ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ၊ ဒီနေရာမှာ မိန်းကလေးကို မေးမလိုလား'



'ဟာ...ဒီပန်းခြံထဲမှာတော့ စစ်မေးလို့ ဘယ်ဖြစ်မလဲ၊ လုံခြုံ တဲ့ နေရာမှာ စစ်မေးရမှာပေါ့၊ ယေဘုယျအားဖြင့်တော့ ဒီမှာ ပဲ စစ်မယ်လို့ ပြောလို့ရပါတယ်'

'ဒကာကြီး ရန်သူဘက်က စစ်ကူတွေ လာနိုင်သလား'

'အဲဒီစစ်ကူတွေကိုရှောင်ရင်း ဒီနေရာကို ရောက်လာတာပါ'

ဖေကုံးလျှန်က ဂရုမစိုက်ဟန်ဖြင့် ဝင်ပြော၏။

'အို...ဒီလောက် ထိပ်သီးသိုင်းသမားကြီးတွေ ရှိနေမှတော့ ဘယ်ရန်သူကို ကြောက်နေရမှာလဲ၊ လာချင် လာကြပါစေ၊ ရင် ဆိုင်ကြရုံပေါ့'

တက်မုဆရာတော်ကမူ ခပ်အေးအေးပင် ပြောသည်။

'ဒကာတော်ဂိုဏ်းချုပ်ကြီး၊ ကျုပ်ကတော့ ဒီနေရာကိုရိုးရိုး ပန်းခြံတစ်ခုလို့ မထင်ဘူး'

အို့ယန်ထုံက လက်အုပ်ချီ၍ လျှောက်ထား၏။

'မှန်ပါတယ်ဆရာတော်၊ ရိုးရိုးနေရာတစ်ခုတော့ မဟုတ်ပါ ဘူး၊ သိုင်းအကျော်အမော် တစ်ဦး နေထိုင်တဲ့ နေရာဖြစ်ပါ တယ်၊ အဲဒီသိုင်းအကျော်အမော်နဲ့ ဆရာတော်တို့ကို မိတ်ဆက် ပေးချင်လို့လဲ ဒီနေရာကို ခေါ်ဆောင်လာတာပါ'

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် အစိမ်းရောင် ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ဦးသည် အလွန်ပေါ့ပါးသော ခြေလှမ်းများဖြင့် အို့ယန်ထုံရှိရာသို့ အပြေးကလေးရောက်ရှိလာ၏။

အိမ်ဖော်မလေးတစ်ယောက်သာဖြစ်ကြောင်း သိုင်းသမားကြီးများအားလုံး ရိပ်မိလိုက်ကြသည်၊

ထိုကလေးမသည် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံအား ဦးညွတ်ဂါရဝပြုသည်။

'ဂိုဏ်းချုပ်ကြီးရှင့်၊ သခင်မကြီးက ဂိုဏ်းချုပ်ကြီးတို့လူစုကို အိမ်ထဲကြွရောက်ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်'

အို့ယန်ထုံက ခေါင်းညိတ်၏။

'ကောင်းပါလေရဲ့ကွယ်၊ မိန်းကလေးပဲ ရှေ့ကလမ်းပြပေတော့၊ ကျုပ်တို့အားလုံး လိုက်ခဲ့ကြပါမယ်'

အို့ယန်ထုံ မတ်တတ် ရပ်လိုက်သောအခါ ကျန်လူများအားလုံး မတ်တတ်ရပ်လေ၏။

အိမ်ဖော်မိန်းကလေးနောက်သို့ အို့ယန်ထုံ လိုက်သွားသောအခါ သူတို့လည်း ထက်ကြပ်မကွာ လိုက်သွားကြသည်။

အိမ်ဖော်မိန်းကလေးသည် အဆောက်အအုံရှိရာသို့ တည့်တည့်မတ်မတ်မသွားဘဲ ဘေးသို့ချိုးကွေ့သွားသဖြင့် တက်မု



န်မှ ဆရာတော်၊ ဖေကုံးလျှန်နှင့် ဝမ်ကန်းတို့ အံ့သြသွားသည်၊

'ဒီမိန်းကလေး ဘယ်ကိုသွားတာပါလိမ့်'

ညွှိသည်တိုင်း ထိုကဲ့သို့ ရေရွတ်ကြသည်၊

မိန်းကလေးသည် လူဆယ်ယောက်မျှ ပုန်းခိုနိုင်သည့် ပန်းချုံကြီးအနီးသို့ ရောက်ရှိသောအခါ ရပ်တန့် သွားကြောင်းတွေ့ရသည်၊

မိန်းကလေးသည် ပန်းချုံအတွင်းရှိ တစ်စုံတစ်ခုကိုလက်ဖြင့် နှိပ်လိုက်ရာ ပန်းချုံအတွင်းမှ တကျွိကျွိ မြည်သံများကြားရပြီး သစ်ပင်ပန်းနွယ်များ တဖြည်းဖြည်း ဘေးဘက်သို့ ရွေ့သွား၏။

မြေအောက်သို့ဆင်းသည့် အပေါက်တစ်ပေါက် ပေါ်လာသည်။

တက်မုဆရာတော်က စိတ်ထဲမှ ပြောမိ၏၊

'သြော်...လက်စသတ်တော့ဒီလိုကိုး၊အဆောက်အအုံကလေးက ဟန်ပြပဲ၊ သူတို့က မြေအောက်ခန်းမှာ အခိုင်အမာနေကြတာကိုး၊ ဒါကြောင့် ကျန်လူဂိုဏ်းချုပ်ကြီး အို့ယန်ထုံ ဟာ နေရာကို လုံခြုံတယ်ဆိုပြီး တမင်ရွေးလာတာပဲဖြစ်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



မြေအောက်ခန်း လှေကားထစ်များသို့ဆင်းသက်ရန် ဖော်မိန်းကလေးက ဦးညွှတ် အချက်ပြသဖြင့် လူအား ခေါင်းငုံ့ဝင်ကြသည်။

လိုမလေးဝန်ကို ကွမ်းစန်စင်ကာပင် ချီပိုးလာပေသည်။

'ဒကာကြီး မြေအောက်လိုဏ်ဂူနဲ့ တူတယ်'

အိုယန်ထု က....

'မြေအောက်အခန်းပါ၊ သဘာဝလိုဏ်ဂူ မဟုတ်ပါ အထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ်လဲ့မဟုတ်ပါဘူး'

ဖေကျုံးလှျှန်က ဝင်၍မှတ်ချက်ချ၏။

'အင်း...ဝဲပြည်ကို ဆင်းသလိုများ ဖြစ်နေမလားတော့ မသိဘူး'

ဂိုဏ်းချုပ်ကြီးအိုယန်ထုသည် ဖေကုံးလျှန်၏အပြော အပြုအမူများကို အတော်ကလေး သည်းခံခဲ့ပေသည်။

ယခုမူ....

'မိတ်ဆွေကြီးဖေကုံးလျှန်၊ ဒီနေရာဟာ ကျုပ်တို့ ကျင် ဂိုဏ်းသားတွေရှိနေရာမဟုတ်ပါဘူး၊ ကျုပ်တို့ ဂိုဏ်းသားတွေ နေရာဆိုရင်တော့ ခင်ဗျား ဘယ်လိုပဲ မှတ်ချက်ချချ အဓ

www.burmeseclassic.com



ကြီးပါဘူး၊ ဒီနေရာမှာတော့ ကျုပ်တို့လဲ ညှိသည်သာသာ ရှိတယ်၊ စကားပြောရင် နည်းနည်းဆင်ခြင်ပြီးပြောပါ'

ဖေကုံးလျှန်က ပမာမခန့်ပင် ပြောသည်။

'ကျုပ်က ဘယ်နေရာမှ ဂရုမစိုက်ပါဘူး၊ ဒီနေရာလဲ ကျုပ် ချင်ဝင်၊ ထွက်ချင်ထွက် လုပ်နိုင်တာပဲ'

ဖေကုံးလျှန်၏စကားမှာ ရန်စကားဖြစ်၏။

တက်မုဆရာတော်က ဖေကုံးလျှန်၏ ပခုံးကိုပုတ်ကာ နှစ် မှု ပေးသည်။

'ဒကာကြီး၊ စိတ်ထိန်းပါ၊ ကျုပ်တို့အချင်းချင်း ရန်ဖြစ် ဖို့ မသင့်ပါဘူး'

ဖေကုံးလျှန်သည် ဆရာတော်၏ စကားကြောင့် ငြိမ်သက် သွား၏။

အိုယန်ထုနှင့် အကျယ်အကျယ် မငြိမ်းဖွယ် မဖြစ်တော့

သူတို့အားလုံး ရှည်လျားသော လှေကားထစ်များ တစ် ချောက် ဆင်းသက်လာကြ၏။

မကြာမီ ညီညာသော ကျောက်ခင်း ကြမ်းပြင်ပေါ်သို့ ရောက်ရှိလာကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အသင်းရောင်လည်း ရရှိသည်။

မည်သို့မည်ပုံ မြေအောက်ခန်း ဆောက်လုပ်ထားသည်ကို မည်သူမျှ မသိကြပေ။

ထို့နောက် ကြီးမားသော တံခါးကြီး တစ်ချပ်ရှေ့သို့ ရောက်ရှိလာသည်။

အိမ်ဖော်မိန်းကလေးက ဦးညွှတ်၍ ပြောကြား၏။

'ရောက်ပါပြီ၊ ဂိုဏ်းချုပ်ကြီးတို့အားလုံး တံခါးကို ဖွင့်ပြီး အထဲကိုဝင်နိုင်ပါပြီ'

အို့ယန်ထုံသည် သစ်သားတံခါးကြီးကို တွန်းဖွင့်ပြီး ဦးစွာ ဝင်သွား၏။

ထိုအခန်းကြီးသည် အတော်ကလေး ကျယ်ပြီး သန့်ရှင်းသည်။

စားပွဲကုလားထိုင်များလည်း ရှိသည်။

ဖေကုံးလျှန်သည် ကျောက်သားနံရံများကို လိုက်လံ စမ်းသပ်ဆေးကြည့်ရှုနေ၏။

ကျန်လူများမှာ ဂိုဏ်းချုပ်ကြီးအို့ယန်ထုံ၏ အရိပ်အကဲကိုသာ စောင့်ကြည့်နေကြ၏။



ထိုစဉ် တိုးညင်းသောစကားသံ ထွက်ပေါ်လာလေ၏။

'ညွှတ်သည်ဟာ ညွှတ်သည်လိုနေမှပေါ့၊ ဘယ့်နှယ်သူတစ်ပါးရဲ့အိမ်ကို ဟိုခေါက်ဒီခေါက်နဲ့ စစ်ဆေးနေရတာလဲ၊ ဒါဟာ လူကြီးလူကောင်းတွေရဲ့ အပြုအမူမဟုတ်ပါဘူး'

ဖေကုံးလျှန်သည် အသံကြားရာဘက်သို့ ရုတ်တရက် လှည့်ကြည့်၏။

အတ္တားအိုကြီး တစ်ယောက်သည် ဖေကုံးလျှန်ကို စူးစူးရှားရှားကြည့်နေသည်။

တက်မုဆရာတော်သည် စိတ်ထဲ၌ မသက်မသာဖြစ်သွားပြီး အို့ယန်ထုံဘက်သို့ လှည့်၍ စူးစမ်းလိုက်၏။

'ဒကာတော် ဂိုဏ်းချုပ်ကြီး၊ ဒီနေရာက ဘယ်လိုနေရာမျိုးလဲ၊ စိတ်ချရရဲ့လား'

ထိုအတ္တားအိုကြီးက ရုတ်တရက် ကြားဖြတ်၍ ပြောလေသည်။

'ဆရာတော်....အေးအေးချမ်းချမ်း နေတော်မူပါ၊ တပည့်တော်မတို့က လူကောင်းသူကောင်းတွေကို ဒုက္ခမပေးပါဘူး။ ဘုံးဝ ဒုက္ခမပေးပါဘူး၊ မစိုးရိမ်ပါနဲ့'

အို့ယန်ထုံကလည်း ရယ်၍ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာတော်....ဘာမှ မစိုးရိမ်ပါနဲ့၊ တပည့်တော် မျက်နှာ ရှိပါသေးတယ်'

ဖေကုံးလျှန်ကမူ အဘွားအိုကြီးအား စူးစူးစိုက်စိုက် ပြန်ကြည့်သည်၊

ထို့နောက် ခပ်ထန်ထန်ပင် ပြန်ပြော၏။

သူ့စကားက လုံးဝ ချောင်ခြင်းမရှိပေ၊

'ကျုပ်အသက်လဲ.. မငယ်တော့ပါဘူးဗျ သိုင်းလောက ကျင်လည်ခဲ့တာလဲ ကြာပါပြီ၊ အခု ခင်ဗျားက ကျုပ်ကို အကောက်ကြံချင်လို့လဲ၊ အလကား အလုပ်ပိုတွေ ဖြစ်သွား

အိုယန်ထုံသည် သူ့မျက်နှာကို တတ်နိုင်သမျှအပျော့ပျောင်းဆုံးဖြစ်အောင် ကြိုးစားပြီး ဖေကုံးလျှန်ကို နှုတ်ဆက်ရပ်ခ သည်၊

'မိတ်ဆွေကြီး ဖေကုံးလျှန်....ဘာမှမစိုးရိမ်ပါနဲ့၊ ကျုပ် ခင်ဗျားတို့ကို ခေါ်လာတာပါ၊ ခင်ဗျားတို့ကို ဘယ်သူ အကောက်မကြံစေရပါဘူး၊ ကျုပ် တာဝန်ယူပါတယ်'

ထိုသို့စကားပြောနေစဉ် အစိမ်းရောင်ဝတ်စုံများ ဝတ် ထားသည့် မိန်းမပျိုလေးယောက် ဝင်လာ၏။

ထိုမိန်းကလေးများ၏ မျက်နှာထားများမှာ အလွန်တင်း သည်၊



မြေအောက်ခြေဲ့ခန်းတွင်းသို့ ဝင်လာသူများကိုလည်း စူးစူး ကြည့်သည်၊

တက်မုဆရာတော်နှင့် ဖန်မုဆရာတော်တို့မှာ မျက်လွှာချ ကြသည်။

ဖေကုံးလျှန်က....

'ဒါ ဘယ်သူတွေလဲ၊ သူတို့လေးယောက်ဟာ အိမ်ရှင်တွေ ဖြစ်ပုံမရဘူး'

အိုယန်ထုံက ခေါင်းခါ၏။

'မဟုတ်ပါဘူး၊ အိမ်ရှင်လာပါလိမ့်မယ်'

အိုယန်ထုံ၏ စကားအဆုံးတွင်ပင် အသက်လေးဆယ်ခန့် သော မိန်းမတစ်ယောက် ထွက်လာ၏။

'ဂိုဏ်းချုပ်ကြီး အိုယန်ထုံပါလား၊ မတွေ့တာ တော် တော်ကြာပြီပဲ၊ ကျွန်မကို သတိရလို့ အလည်လာတာလား'

'မှန်တယ်၊ ခင်ဗျား သုံးနှစ်လောက် ဂူတွင်းအောင်းနေတယ် ဆိုတာ သိထားတယ်၊ အခုရက်တွေမှာ ဂူတွင်းအောင်းရာက ထွက်ရက်စေ့ပြီလို့ သိထားတယ်၊ ဒါကြောင့် လာကြည့်တာပဲ'

အိုယန်ထုံသည် သူခေါ်လာသည့် သိုင်းသမားကြီးများအား သည့်ကြည့်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'နောက်တစ်ချက်ကတော့ နာမည်ကျော် သိုင်းသမားကြီး
တွေနဲ့ မိတ်ဆက်ပေးချင်လို့ လာခဲ့တာပါ'

ထိုမိန်းမသည် ဆရာတော်နှစ်ပါးနှင့်တကွ ဧည့်သည်အားလုံး
ကို စူးစူးရဲရဲ အကဲခတ်လိုက်၏။

'ကျွန်မက မုဆိုးမ ဖြစ်ခဲ့တာ နှစ်ပေါင်းနှစ်ဆယ် ကြာခဲ့ပြီ
မြေတွင်းအောင်းတာ သုံးနှစ်ရှိခဲ့ပြီ၊ ဘာကိစ္စကြောင့် ကျွန်မ
မိတ်ဆက်ချင်ကြတာလဲ၊ ကျွန်မမှာ ဘာစိတ်ဝင်စားစရာ ရှိ
လို့လဲ'

တက်မုဆရာတော်က လက်အုပ်ချီပြီး ခပ်တိုးတိုး တားမြစ်
သည်။

'ဒကာမကြီး...ကျုပ်တို့လို တောထွက်ကြီးတွေရှေ့မှာ ဒီလို
စကားမျိုး လုံးဝ မပြောသင့်ပါဘူး'

ထိုမိန်းမက ရယ်၏။

အိုယန်ထိုက အခြေအနေကို ဝင်ရောက်ထိန်းသိမ်းသော
သဘောဖြင့် အလျင်အမြန် ဝင်ပြောရလေ၏။

'ခင်ဗျား စကားကို အရမ်း မပြောပါနဲ့၊ ဒီဆရာတော်
နှစ်ပါးဟာ ရှောင်လင်ဆရာတော်နှစ်ပါး ဖြစ်ပါတယ်၊ တစ်ပါး
က တက်မုဆရာတော်ဖြစ်ပြီး တစ်ပါးက ဖန်မုဆရာတော် ဖြစ်
ပါတယ်'



ထိုမိန်းမက ပေါ့ပေါ့ဆဆပင် ပြောသည်။

'ရှောင်လင်ကျောင်းက တက်မုဆရာတော်နဲ့ ဖန်မုဆရာတော်
ကြီး၊ နာမည်တော့ သိနေတာပဲ'

အိုယန်ထိုက ဖေကုလျှန်ကို လက်ဝှေ့ယမ်းပြပြီး....

'သူကတော့ သိုင်းလောကရဲ့ 'တော်မီး'လို့ တင်စားခံလောက်
တဲ့ သူရဲကောင်းကြီး ဖေကုလျှန် ဖြစ်ပါတယ်၊ အခုထက်ထိလဲ
သူ့နာမည်ဟာ ဟုန်းဟုန်းဟတုန်းပါပဲ'

ထိုမိန်းမက....

'အင်း....သူ့လဲ ကြားဖူးတာပဲ'

စကားဆုံးသောအခါ ထိုမိန်းမက အစိမ်းရောင်ဝတ်စုံ ဝတ်
ဆင်ထားသည့်မိန်းကလေး လေးယောက်ကိုခေါ်ငမ်းလိုက်၏။

'ဧည့်သည်တွေကို ဒီအတိုင်းပဲ ရပ်ခိုင်းထားခိုင်းရသလား၊
ထိုင်ခိုင်းဦးမှပေါ့၊ ရေနွေးကြမ်းအိုးတွေနဲ့ အရက်အိုးတွေယူပြီး
ဧည့်ခံဦးမှပေါ့'

'ဟုတ်...ဟုတ်ကဲ့၊ သခင်မကြီးရဲ့အမိန့်အတိုင်း အခုချက်ချင်း
ဆောင်ရွက်ပါ့မယ်'

ထိုမိန်းမသည် ထိုင်ခုံများဆီသို့ လက်ကို ဝှေ့ယမ်းပြပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ကဲ.... ကဲ.... ဧည့်သည်တွေအားလုံး ထိုင်ကြပါဦး၊ ပြီး စကားပြောကြတာပေါ့'

ကျွမ်းစန့်စင်သည် လိုမဲလေးစေ့အား စားပွဲပေါ်၌တင်ထား ပေးလိုက်၏။

အို့ယန်ထိုက မိန်းကလေးအား ညွှန်ပြလိုက်ပြီး....

'ဟောဒီ မိန်းကလေးကို ခင်ဗျား သိသလား'

ထိုမိန်းမသည် လာကြည့်၏။

ထို့နောက် ခေါင်းခါ၏။

'မသိဘူး'

'လုံးဝ မသိဘူးလား၊ မပတ်သက်ဖူးဘူးလား'

ထိုမိန်းမက အို့ယန်ထိုအား မျက်စောင်းထိုးကြည့်၏။

'မသိပါဘူးလို့ ဆိုနေမှပဲ၊ ဘာဖြစ်လို့ ပတ်သက်ဖူးရမှာလဲ'

'စိတ်မရှိပါနဲ့၊ သေချာအောင် မေးတာပါ၊ ဒီမိန်းကလေး က မိန်းမတန်မဲ့ သိုင်းပညာ သိပ်ထက်မြက်တယ်၊ ဒါကြောင့် မေးရတာပါ'

ထိုမိန်းမသည် ခပ်လှမ်းလှမ်း၌ရှိ ကုလားထိုင်တစ်လုံး၌ သွ ထိုင်ပြီး ခေါင်းယမ်းသည်။



'သူ့သဘာဝ သိုင်းပညာ တော်တာ ကျွန်မနဲ့ ဘာဆိုင်လဲ၊ ဆိုင်တာတွေပြောဖြီး ပြဿနာရှုပ်ထွေးအောင် မလုပ်စမ်းပါ ... ရှင် ဘာအကြောင်းနဲ့ ကျွန်မဆီလာတာလဲ၊ ကျွန်မကို ရှင့် ဂိုဏ်းထဲဝင်ဖို့ လာဆွဲခေါ်တာလား'

'ခင်ဗျားသာ ဝင်မယ်ဆိုရင်တော့ အကောင်းဆုံးပေါ့ဗျာ၊ ကျုပ်ရဲ့ ကျွန်လုဂိုဏ်းက ခင်ဗျားအတွက် အမြဲတမ်း တံခါးဖွင့် ထားပါတယ်'

'ဂိုဏ်းချုပ်ကြီး အို့ယန်ထို၊ ဒီဆရာတော်တွေနဲ့ ဧည့်သည် တွေကိုတော့ ရှင့်ဂိုဏ်းထဲဝင်ဖို့ မဖိတ်ခေါ်ဘူးလား'

ဂိုဏ်းချုပ်ကြီး အို့ယန်ထိုမှာ မျက်နှာပျက်သွား၏။

အဘယ်မှာလျှင် မျက်နှာမပျက်ဘဲရှိအံ့နည်း။

ဆရာတော်နှစ်ပါးကဲ့သို့သော ဝါစဉ်ကြီး ရှောင်လင် ဆရာ တော်ကြီးနှစ်ပါးမှာ သူ့ဂိုဏ်းသိက္ခာနှင့်သူ ပြည့်စုံပြီးဖြစ်သည်။

အခြားတစ်ပါးသော ဂိုဏ်းအကျင်းသို့ ဦးညွှတ်ဝင်မည့်သူ များ မဟုတ်ပေ။

ဝါဆန်းတောင်မှ ဖေကုံးလျှန်မှာ ငါဟူသော အတ္တစွဲအလွန် ကြီးသူဖြစ်ရာ ကျွန်လုဂိုဏ်းထဲသို့ ပို၍ ဝင်မည့်သူ မဟုတ်ပြန်ပေ။

ကျွန်လုဂိုဏ်းထဲသို့ တကယ်တမ်း ဝင်မည့်သူတစ်ယောက်မှာ ညသိမ်းငှက်ဝမ်ကန်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

ဝပ်ကန်းသည်လည်း တစ်ကိုယ်တော်လှုပ်ရှားမှုကို နှစ်ခြိုက်သူဖြစ်၍ ကျန်လုဂိုဏ်းထဲသို့ ဝင်မည့်သူမဟုတ်ပြန်ပေ။

ထိုမိန်းမက လုံမလေးဝန်ကို လက်ညှိုးထိုးပြလိုက်ပြီး....

'ဂိုဏ်းချုပ်ကြီး အို့ယန်ထု၊ ဒီမိန်းကလေးကို ကျွန်မလဲမသိဘူး၊ သူ့အခြေအနေကို ပြန်ဖွင့်ပေးလိုက်ပါ၊ စကားပြောကြည့်ရအောင်'

အို့ယန်ထုသည် တက်မုဆရာတော်၊ ဖန်မုဆရာတော်၊ ဖေကုံးလျှန်တို့ကို ကြည့်လိုက်၏၊

အားလုံး မျက်လွှာချ၍ ထိုင်နေကြသဖြင့် သူ့အဆုံးအဖြတ်သာ အတည်ဖြစ်ကြောင်း နားလည်သဘောပေါက်လိုက်သည်၊

သို့သော်....

သိုင်းသမားကြီးများအားလုံး သူတို့၏ အတွင်းအားများကို တဖြည်းဖြည်း စုစည်းနေသည်ကတော့ အမှန်ပင်ဖြစ်သည်၊

အို့ယန်ထုသည် လုံမလေးဝန်၏အခြေအနေကို ဖွင့်ပေးလိုက်၏၊

လုံမလေးဝန်သည် ဖြည်းညင်းစွာ ထထိုင်၏၊



သူမ၏ လက်မောင်းကလေးများကို မသိမသာ ဆန့်တန်းသည်၊

ထို့နောက် ကပိုကရိုဖြစ်နေသော ဆံပင်များကို အသာအယာ သပ်တင်ပြီး စားပွဲပေါ်မှ လျှောဆင်းလိုက်သည်၊

ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်၊

သူမ၏ အမူအရာဟန်ပန်မှာ အလွန်တရာ အေးဆေးငြိမ်းချမ်းလှသဖြင့် သူမကိုယ်တိုင် အို့ယန်ထု တို့ကဲ့သို့ ညီသည်အစ်ယောက်ပုံစံမျိုး ပေါက်နေ၏၊

အကျဉ်းသမားပုံစံ လုံးဝမပေါက်ပေ၊

လုံမလေးဝန်က ခပ်တိုးတိုး မေး၏၊

'ဒီနေရာက ဘာနေရာလဲ၊ ကြည့်ရတာ တစ်မျိုးပဲ၊ အနံ့အသက်လဲ သိပ်မကောင်းဘူး'

ဖေကုံးလျှန်က ခပ်ဘည်တည်ပြော၏၊

'ဘယ်ကောင်းမလဲ၊ ဒီနေရာက မင်း စွာကျယ်စွာကျယ်လုပ်ခဲ့တဲ့ ဝမ်ဂေဟာခြံကြီးလဲမဟုတ်ဘူး၊ ကပင်တိုင် ရှက်လှေကြီးလဲ မဟုတ်ဘူး၊ အဲဒီတော့ အေးအေးဆေးဆေးသာ နေပါ၊ ကိုယ့်ဒုက္ခကိုယ် မရှာပါနဲ့'

လုံမလေးဝန်သည် ဖေကုံးလျှန်ကို မျက်စောင်းထိုးကြည့်သည်၊

www.burmeseclassic.com



ပတ်ဝန်းကျင်ကို လှည့်ပတ် အကဲခတ်ပြီးနောက် သူမ၏ အကြည့်သည် နောက်ဆုံးမိန်းမကြီးအပေါ်၌ ရပ်တန့်သွား၏

မိန်းမကြီးကလည်း မိန်းကလေးကို ရှုးရှုးရှားရှား အကဲခတ် ကာ သည်ကောင်မလေးဟာ ငါထက်လျှင်တဲ့ပုံပဲဟု တွေးနေ၏

လုံမလေးငန်သည် မိန်းမကြီးကို မြင်သောအခါ တစ်ချ တုန့်ခါသွား၏

ဤမိန်းမကြီး၏မျက်နှာ၌ ကောက်ကျစ်ရက်စက်မည့် အ အနေများကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

သူမသည် ရုတ်တရက် ခုန်ထလိုက်၏။

ဖောကုန်းလျှန်က သူ့ထက်ပို၍ လျှင်မြန်၏။

သူ့ခါးပေါက်သို့ ရှေးဦးစွာ ရောက်ရှိသွားပြီး အပေါက် ကာ၍ ရပ်နေလိုက်သည်။

မိန်းမကြီးက မဲ့မဲ့ရွဲ့ရွဲ့ ပြောလေ၏။

'ကျွန်မအခန်းထဲမှာတော့ ရှုတ်ရှတ်သဲသဲ မလုပ်ကြနဲ့ ကျွန်မက အေးအေးဆေးဆေး နေချင်လို့ တမင် ဒီမြေအော ထဲမှာ လာနေနေတာ'

အို့ယန်ထုံက အေးအေးဆေးဆေးပင် ပြောသည်။



'မိန်းကလေး...အေးအေးဆေးဆေးနေပါ၊ မင်းထွက်ပြေး လဲ မလွတ်ပါဘူး၊ ဒီထဲမှာရှိတဲ့ သိုင်းသမားတိုင်း အရင့်အမာ သိုင်းသမားတွေချည်းပဲ၊ တိုက်လားခိုက်လားလုပ်ရင် မင်းဘာ သာ ဒုက္ခရှာသလို ဖြစ်သွားလိမ့်မယ်'

မိန်းကလေး တွေဝေသွားသည်။

အို့ယန်ထုံ၏စကား မှန်ကန်ကြောင်း သူမ လက်ခံသည်။

ဤအခန်းထဲမှ လွယ်လွယ်ကူကူ လွတ်မြောက်နိုင်မည် မဟုတ် ပေ။

သူမက ချောင်းတစ်ချက်ဟန့်ပြီး....

'ဒေါ်ဒေါ်...ကျွန်မကို ဒီအခန်းထဲက လွတ်မြောက်အောင် ကူညီပါလား၊ ကျေးဇူးဆပ်ပါ့မယ်'

'ညည်းက ဘာနဲ့ကျေးဇူးဆပ်မှာလဲ'

'မြို့ဆယ်မြို့ကို ဝယ်နိုင်လောက်တဲ့ ပုလဲဆယ်လုံးနဲ့ ကျေးဇူး ဆပ်ပါ့မယ်'

မိန်းမကြီးက ရယ်၏။

'ပုလဲက ဘာလုပ်မှာလဲ၊ ငါက တန်ဖိုးမထားပါဘူး'

မိန်းကလေးက အံ့ရေးတကြီးမေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ဒေါ်က ဘာလိုချင်သလဲ ပြောသာပြောပါ၊ ကြ... ချင်ပါသေးတယ်'

'ငါလိုချင်တဲ့ပစ္စည်းကို ညည်း မပေးနိုင်မှာပဲ စိုးရိမ်တ...

'ပြောသာပြောပါ၊ ကျွန်မဆီမှာရှိရင် မတွန့်တိုပါဘူး၊ အန္တရာယ်ထဲက လွတ်မြောက်ဖို့ပဲ့ အရေးကြီးပါတယ်'

မိန်းမကြီးက ပိုင်းဖြတ်သော လေသံဖြင့် ပြော၏။

'ငါ့မှာ သားတစ်ယောက်ရှိတယ်၊ အိမ်ထောင် ချမပေ... သေးဘူး၊ ညည်းသာ 'ဟို'မိသားစုထဲမှာ ငါ့အတွက် ချွေ... လုပ်ပေးနိုင်ရင် ငါတို့ ဟိုမိသားစုဟာ လုံး၀ နာမည်တက်... မှာတော့ သေချာတယ်၊ ငါလိုချင်တာ ဒါပဲ၊ သဘောပေါ... ရဲ့လား'

လုံမလေး၀န်သည် ခေတ္တမျှ တွေဝေစဉ်းစားနေသည်။

စဉ်စားချိန် ကြာလှသည်တော့ မဟုတ်ပေ။

'ကောင်းပြီ၊ ဒေါ်ဒေါ့်သားကရော ကျွန်မကို ကြိုက်... မလား'

'ဟဲ့ ...အမေလုပ်တဲ့လူက ကောင်းရာကောင်း... ခြင်း လ... ပေးတာ သားက ဘာဖြစ်လို့ လက်မခံရမှာလဲ၊ ညည်းလိုသို... ပညာလဲကောင်း၊ ရုပ်ရည်လဲချောတဲ့မိန်းမကို ငါ့သားက ဘ...



...ဖြစ်လို့ မကြိုက်ရမှာလဲ၊ အိမ်ထောင်ပြုတယ်ဆိုတာ လွယ်တဲ့ကိစ္စ ...ထဲ မဟုတ်ဘူးနော်၊ ညည်းလဲ သေသေချာချာ စဉ်းစားဦး'

ထိုစဉ်....

'ဟား....ဟား....ဟား၊ ကျုပ်က ဘယ်သူများလဲ မှတ်နေ ...တာ လက်စသတ်တော့ 'ဟိုကတော်' ဖြစ်နေတာကိုး'

မိန်းမကြီးက....

'ဟိုကတော်လို့ မပြောပါနဲ့တော့၊ ဟိုသခင်ကြီးက သေဆုံး သွားပြီ၊ ဟိုမုဆိုးမလို့ပြောရင် လုံနလာက်ပါတယ်'

'ဒါက အကြောင်းမဟုတ်ပါဘူးဗျာ'

တက်မုဆရာတော်ကလည်း တအံ့တသြ၀င်ပြော၏။

'သြ...ဒကာမကြီးက ဟိုကတော်ကြီးကိုး၊ ဟိုကတော်ကို ချောင်လင်ကျောင်းတော်ကလဲ ကြားဖူးပါထယ်'

'ဟိုကတော်နာမည်ကျော်တာ မကျော်တာက အကြောင်း ...မဟုတ်ပါဘူး၊ အခုဆိုရင် ဟောဒီမိန်းကလေးက ကျွန်မရဲ့ချွေးမ ...လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ၊ အဲဒီတော့ ဒီမိန်းကလေးကို အန္တရာယ်မပြုဖို့ ကျွန်မ တောင်းပန်ပါဘယ်၊ ကျွန်မမျက်နှာကို ထောက်ထားပြီး ဒီမိန်းကလေးကို ထားရစ်ခဲ့ကြပါတော့'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ၏မျက်နှာမှာ အလွန်တင်းမာသွား သည်။

www.burmeseclassic.com



'ခင်ဗျားဆီကို ကျုပ်တို့လာတာ ခွေးမလာဒ်ပို့တာ မဟုတ်ဘူး၊ အင်မတန် ရှုပ်ထွေးတဲ့ ပြဿနာကို ခင်ဗျား ထပ် ... မရှုပ်ချင်စမ်းပါနဲ့'

ဖေကုံးလျှန်က ဝင်ပြော၏။

'နောင်ကြီးဟို အသက်ရှင်နေစဉ်တုန်းက ကျုပ်နဲ့ ညီအစ်ကို အရင်းလို ခင်မင်ခဲ့ကြပါတယ်၊ ခင်ဗျားနဲ့ လူချင်းသာ မမြင်ဖူးတာ၊ နောင်ကြီးဟိုက ခင်ဗျားအကြောင်းတော့ တဖွဖွပြော ခဲ့တာပဲဗျ'

'ဟုတ်လား'

'ဟုတ်ပါတယ်'

'ကျွန်မခင်ပွန်းနဲ့ ရှင်ခင်တယ်ဆိုရင် ကျွန်မဘက်က ဝင် ... ပြီး ပြောပေးပေါ့၊ ဒီမိန်းကလေးက ကျွန်မရဲ့ခွေးမ ဖြစ်တော့ မယ်၊ တခြားအပိုစကားတွေ ပြောမနေစေချင်ဘူး'

ဖေကုံးလျှန်မှာ ပ်ိုယာလေးနှင့် ဘေးအပစ် ခံရသကဲ့သို့ အောင့်သွား၏။

ထပ်၍လည်း စကားမပြောနိုင်တော့ပေ။

ဂိုဏ်းချုပ်ကြီး အိုယန်ထုံက တင်းတင်းမာမာ ပြော၏။



'ဟိုကမ်တော်...ခင်ဗျားနဲ့ ကျုပ်တို့ဟာ မိတ်ဆွေတွေလိုအပြန် အလှန်ဆက်ဆံခဲ့ကြတယ်၊ ကျုပ်တို့ကိစ္စ ဘယ်လောက် အရေး ကြီးနေတယ်ဆိုတာ ခင်ဗျားလဲမသိဘူး၊ ကမ္ဘာမီးလောင်တဲ့ ထဲမှာ ဆီမီးခွက်က ဝင်တောက်တဲ့ပုံစံမျိုးကို မလုပ်စမ်းပါနဲ့'

ဟိုကမ်တော်သည် ရုတ်တရက် ယရှပ်ပြီး ဒေါနှင့် မောနှင့် ... ပြော၏။

'ဩ...ဒီမိန်းကလေးက ကျွန်မခွေးမလုပ်မယ်ဆိုတာကို ရှင် [illegible] မစဉ်းစားဘူးပေါ့၊ ကျွန်မအတွက် ဘယ်လောက် အခွင့် ... ပ်း ကောင်းနေတယ်ဆိုတာလဲ ထည့်စဉ်းစားပါဦး၊ အခုဆို ... သူနဲ့ကျွန်မ နှစ်ဦး သဘောတူပြီးကြပြီ၊ ကျေးဇူးပြုပြီး ရှင်တို့ ... နောက်ဆုတ်ပေးပါလို့ တောင်းပန်ချင်ပါတယ်'

အိုယန်ထုံက ခပ်တန်တန်ပြော၏။

'ဘာလဲဗျ၊ ဒီမိန်းကလေးက ခင်ဗျားသားကိုမယူရင် ခင် ... သား ဒီတင်သက် မိန်းမမရတော့ဘူးတဲ့လား'

ဟိုကမ်တော်က သက်ပြင်းချ၏။

'ကျွန်မသိပ်ပြီး အကျယ်ချဲ့မပြောချင်တော့ဘူး၊ ရှင်တို့အား နောက်ဆုတ်ကြပါလို့ပဲ တောင်းပန်ချင်ပါတယ်'

သသိမ်းငှက်ဝမ်ကန်းက တိုးတိုးပြောလေ၏။

'ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်တို့ နေရာရွှေ့မှားပြီ'

www.burmeseclassic.com

www.burmeseclassic.com



အို့ယန့်ထု ကသည်း စိတ်ပျက်လက်ပျက် ပြောလေ၏။

'ကျုပ်ရဲ့အပြစ်ပါပဲ၊ ဒီလိုဖြစ်လာလိမ့်မယ်လို့ လုံးဝမမျှော် လင့်ခဲ့ဘူး၊ ဒေါင်း....ခအားအော့ဆေးဆေး ဖြန်ရမှာ မဖြစ်ရတော့ ဘူးပေါ့လေ'

တက်မှုဆရာတော်ကလည်း အို့ယန့်ထု အားတီးတိုး လှမ်း ပြောလေ၏။

'ဒကာကြီး၊ မြွားကတော့ လေးညို့ပေါ် ရောက်နေ လွှတ်ချပိုက်ရုံပဲရှိတော့တယ်၊ ဒကာကြီး ဘယ်လိုဆုံးဖြတ်မ

'တပည့်တော် ကြိုးစားပြီး ဖြေရှင်းပါမယ် ဆရာတော် ခေတ္တခဏ သည်းခံတော်မူပါ'

တက်မှုဆရာတော်လည်း ငြိမ်သက်သွားသည်။

အို့ယန့်ထုက ဟိုကတော်အား တည်ကြည်စွာ ပြောသ သည်။

'ဒီနေရာကိုရောက်လာတဲ့ အကြောင်း သုံးချက် ရှိတ ကျုပ်အကြောင်း သုံးချက်ထဲမှာတော့ ခင်ဗျားရဲ့ ချွေးမ လုံးဝမပါဘူးဗျ'

'ရှင့်အကြောင်းသုံးချက်က ဘာတွေလဲ'



'တစ်အချက်....ခင်ဗျား ကျွန်းမှာ မမာ လောကဝတ်အရ ခင်ကြည့် မေးမြန်းတာ၊ နှစ်အချက်က ဟောဒီ မိန်းကလေး တော့ သိုင်းလောကကို အကြီးအကျယ် ပြဿနာဖြစ်စေမယ့်ကိစ္စ ကြီးတစ်ခုကိုကြံဆောင်နေတယ်၊ သူ့ဆီက အရေးကြီးတဲ့အချက် လေးတွေ စစ်မေးစရာရှိလို့ လုံခြုံမယ်လို့ ယူဆရတဲ့ ခင် အားခနရာကိုလာခဲ့တာပဲ၊ အခုတော့ မမျှော်လင့်ဘဲ ခင်ဗျားက ကျုပ်တို့ကို အခက်အခဲပေါ်အောင်လုပ်နေတော့ ကျုပ်တို့မှာ လက်သက် ခေါင်းခဲနေရတယ်'

ဟိုကတော်က သက်ပြင်းချ၍ ပြော၏။

'ဂိုဏ်းချုပ်ကြီးရယ် ကျွန်မ အနူးအညွတ် တောင်းပန်ပါ တယ်၊ ကျွန်မရဲ့သား ချွတ်ယွင်းချက်တွေကိုလဲ ဂိုဏ်းချုပ်ကြီး သိနေတာပဲ၊ ဒီကိစ္စကို ဂိုဏ်းချုပ်ကြီးသာ ခွင့်မပြုရင် ကျွန်မ တို့ ချွေးမတစ်ယောက်ရဖို့ ဘယ်လောက်ခက်ခဲတယ် ဆိုတာ ဂိုဏ်းချုပ်ကြီး အသိပါပဲ'

ထိုစကားကို လုံမလေးဝန်ကြ ကြားလိုက်ရသောအခါ အကြီး အကျယ် ထိတ်လန့်သွားလေ၏။

'ဘာလဲ...ဘာလဲ၊ ရှင့်သားကဘာဖြစ်နေလို့လဲ၊ ကိုယ်လက် အင်္ဂါမစုံဘဲ ဖြစ်နေသလား'

ဟိုကတော်က မိန်းကလေးအား မျက်ခေါင်းထိုးကြည့်ပြီး ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'တကယ်လို့ငါသားသာ ရုပ်ချောချော ကိုယ်လက်အင်္ဂါ ဆိုရင် ညည်းနဲ့ ဒီလောက်စျေးဆစ်နေမှာလား၊ ဒီက ဝါ ကြီး သိုင်းသမားတွေနဲ့ ဘာဖြစ်လို့ အတိုက်အခံပြောနေ မှာလဲ'

အို့ယန်ထုံက ချိချိသံသာ ပြော၏။

'ဒီမှာဟိုကတော်၊ ခင်ဗျားရဲ့ဒုက္ခကို ကျုပ် စာနာပါ ဗျာ၊ ဒါပေမယ့် ဒီမိန်းကလေးနဲ့ပတ်သက်တဲ့ပြဿနာက မ ဘူးဗျ၊ သူ့ကြောင့် ကျုပ်တို့ အဲတော်ကလေး ဦးနှေ ခြောက်ခဲ့ရပါတယ်၊ နောက်ပြီး ဒီမိန်းကလေးဟာ အင် ရက်စက်တယ်၊ သူ့ရဲ့ မွေးသဖခင်ကိုတောင် ပြန်သတ်ခဲ့တဲ့ ကသေးဗျ၊ ခင်ဗျားနဲ့သားလို ချွတ်ယွင်းချက် များနေတဲ့ တော့ ဘာမှပြောစရာမရှိတော့ဘူး၊ ဆယ်ခါပြန်လောက် ပစ်နိုင်တယ်၊ ကျုပ်ပြောတာကို ခင်ဗျား သဘောပေါ လား'

အို့ယန်ထုံတို့ရောက်နေခဲ့သည့် တစ်ချိန်လုံး၌ ဟိုက သည် မည်သူ့ကိုမျှဂရုမစိုက်ဘဲ သူ့ ပြောချင်ရာကိုသာ နေခဲ့သည်။

ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ အားနာခြင်း လ လုံးဝမရှိပေ။

ယခု အို့ယန်ထုံ၏စကားကို ကြားလိုက်ရသော အ အကြီးအကျယ် ထိတ်လန့်သွားလေတော့သည်။



'ဂိုဏ်းချုပ်ကြီး၊ ကိုယ့်ဖခင် ကိုယ်ပြန်သတ်တဲ့ မိန်းကလေး ဒီလောကကြီးမှာ တကယ်ရှိရဲ့လားရှင့်'

'အိုဗျာ....ခင်ဗျားချွေးချယ်ချင်တဲ့ ချွေးမလောင်းဟာ အဲဒီ န်းကလေးမျိုးပဲ၊ ခင်ဗျားပဲစဉ်းစားကြည့်စမ်းပါဦး၊ ရှောင် င်ကျောင်းတော်ကရော၊ ဝါဆန်းဘောင်ကရော ကုန်ကို န်လုဂိုဏ်းကရော အထိတ်တလန့် အရေးတကြီး ဖမ်းခေါ် ရတယ်ဆိုတဲ့ မိန်းကလေးဟာ ဘယ်လိုမိန်းကလေးမျိုး ဖြစ် ယ်ဆိုတာ....'

တက်မုဆရာတော်က ဝင်၍ ရှင်းပြ၏။

'ဒကာမကြီး၊ သူ့ရဲ့ကောင်းကြီး ဝမ်ကျုံးထန် သေဆုံးတဲ့ ကို ဒကာမကြီး ကြားမှာပေါ့'

အို့ယန်ထုံက ဝင်တားရန် ကြံသော်လည်း အချိန်မမီတော့ ။

နောက်ကျသွား၏။

ဟိုကတော်၏မျက်နှာမှာ ရှုံ့မဲ့သွား၏။

'ဘာ....ဟို....ဝမ်ကျုံးထန် ဆိုတဲ့ သေနာကျ အဘိုးကြီး ား'

'ဒကာမကြီး၊ စကားပြောတာ နည်းနည်း ဆင်ခြင်ပါ၊ ကျုပ်တို့ရှေ့မှာ ဒီလောက်ရိုင်းစိုင်းတဲ့အသုံးအနှုန်းတွေ မသုံး သင့်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဟိုကတော်သည် တက်မုဆရာတော်ကို လုံးဝဂရုမစိုက်တော့

လုံးမလေးဘက်သို့ လှည့်လိုက်ပြီး မေးသည်။

'ညည်းဟာ ဝမ်ကျုံးထန်ရဲ့သမီး ဟုတ်ရဲ့လား'

လုံမလေးဝန်သည် သိုင်းသမားကြီးများနှင့် ဟိုကတော်တို့ အချေအတင် စကားပြောနေခိုက်မှာပင် သူမ၏ အတွင်းအ များကို စမ်းသပ် သိရှိခဲ့ရ၏။

ထို့ကြောင့် ခပ်မာမာပင် ပြန်ပြောသည်။

'ရှင်က ဘာယ်လိုထင်လို့လဲ၊ ကျွန်မ ဝမ်ကျုံးထန်ရဲ့ သ ဟုတ်တယ်ဆိုရင် ရှင်က ဘာဆိုးဖြစ်မှာမို့လို့လဲ'

ဟိုကတော်၏မျက်နှာ၌ နာကြည်းသော အရိပ်အယော များ ပေါ်လာ၏။

အံကြိတ်ပြီး ပြောသည်။

'ညည်းအဖေဟာ ရုပ်ရည်ချောမောသလောက် အင်မ စိတ်ဓာတ် ညံ့ဖျင်းတဲ့ လူပဲ'

တက်မုဆရာတော်က ကြားထဲမှ ဝင်ရှင်းသည်။

'ကျုပ်တို့ အပြင်ပန်းက သိရှိသလောက်တော့ ဝမ်ကျုံး တာ သိုင်းလောကရဲ့အကျိုးကို ဆောင်ခဲ့တယ်၊ ဒကာမကြီး



ဘယ်လိုအတွင်းရေးရှိတယ်ဆိုတာတော့ ကျုပ်တို့မသိဘူး၊ ဘာပဲ ဖြစ်ဖြစ် ဝမ်ကျုံးထန်အကြောင်း သေသေချာချာ မသိသေးခင် အပြစ်တင်ဖို့ မကောင်းပါဘူး'

ဟိုကတော်သည် လုံမလေးဝန်၏ အနီးသို့ ဖြည်းညင်းစွာ လျှောက်လာ၏။

မည်သူမျှ မဆင်မှတ်သည့် အလုပ်တစ်ခုကို ဟိုကတော် လုပ်လိုက်သည်။

'ဖြန်း...ဖြန်း'

ဟိုကတော်သည် လုံမလေးဝန်၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်ပစ်လိုက်၏။

လုံမလေးဝန်ပါးပြင်၌ လက်ဝါးရာကြီး ရဲတက်သွားသည်။

လုံမလေးဝန်ကမူ ခေါင်းကို မတ်ထားမြဲပင်။

မျက်လုံးများကမူ ဒေါသစက်စက်။

သည်အကြည့် မည်မျှကြောက်စရာကောင်းသည်ကို ဒေါသလူ များအားလုံး ရိပ်မိ၏။

ဟိုကတော်ကမူ လုံးဝ ဂရုမစိုက်ချေ။

လုပ်ချင်ရာကို စိတ်ထင်တိုင်း လုပ်တတ်သည့် မိန်းမကြီး ပေတည်း။

www.burmeseclassic.com



အို့ယန်ထိုက အေးအေးဆေးဆေးပင် မေးသည်။

'ဟိုကဘော်...အခုဆိုရင် ခင်ဗျား အတော်ကလေး ဇာတ်ရည်လည်လာပြီ၊ ဒီမိန်းကလေးကို ချေးမ တော်ချင်စိတ်ရှိသေးရဲ့လား'

ဟိုကဘော်က....

'ရှင်တို့ ယုဝ်ချင်တာကိုသာ လုပ်ကြပေတော့၊ ဒီဝမ်ကျိုးထန်ဆိုတဲ့လူနဲ့ ကျွန်မ မပတ်သက်ချင်ဘူး'

အို့ယန်ထုသည် နှိုင်းနှိုင်းချိန်ချိန် လုပ်တတ် ပြောတတ်သူဖြစ်၍ အမှန်အတိုင်းပင် ရှင်းပြသည်။

'ဟိုကဘော်... ဒီမိန်းကလေးဟာ သူရဲကောင်း ဝမ်ကျိုးထန်ရဲ့ သမီးရင်း ဟုတ်တယ် မဟုတ်ဘူးဆိုတာလဲ အတိအကျ မသိရသေးပါဘူး၊ တကယ်လို့ ဒီကိစ္စကို ဟိုကဘော် စိတ်ဝင်စားရင် ကျုပ်တို့နဲ့အတူ လက်တွဲပြီး စုံစမ်းနိုင်ပါတယ်'

တက်မုဆရာတော်သည် ထိုအခါကျမှအို့ယန်ထု၏ ပရိယာယ်ကို ရိပ်မိတော့သည်။

အို့ယန်ထုသည် ဝမ်ကျိုးထန်၏ကိစ္စကို အမြစ်ဖော်သည့်ကိစ္စ၌ သိုင်းလောကသားများ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ဖော်ထုတ်ရန် ကြိုးစားနေခြင်းသာ ဖြစ်သည်။

ဟိုကဘော်၏ ပူးပေါင်းမှုကို ရယူရန် ဤမြေအောက်ဂေဟာသို့ ရောက်ရှိလာခြင်း ဖြစ်ပေသတည်း။

❖

အခန်း (၆၈)

## မြေရာခံနိုင်စွမ်းရှိသော ရန်သူ

ဟိုကဘော်က....

'ပထမတော့ ကျွန်မအတွက်ပဲ စဉ်းစားမိခဲ့တယ်၊ ဟို ဝမ်ကျိုးထန်ဆိုတဲ့ လူယုတ်မာနဲ့ ပတ်သက်လာတော့ ကျွန်မလဲ ဒီကိစ္စကို မပတ်သက်ချင်တော့ဘူး၊ ကျွန်မ ကိုယ်တိုင်တောင် ဟိုကောင်မကို သတ်ပစ်လိုက်ချင်တယ်'

'မလုပ်ပါနဲ့လေ'

အို့ယန်ထုက ဖြည်းညင်းစွာ တားမြစ်လိုက်၏။

'ကျုပ်တို့က ဒီမိန်းကလေးကို စစ်မေးဖို့ ဒီကိုခေါ်လာခဲ့တာဗျ၊ ခင်ဗျားရဲ့ မြေအောက်ခန်းက လုံခြုံတယ်ဗဟုတ်လား၊ တခြားရန်သူတွေ ရောက်မလာနိုင်ဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



ဟိုကတော်က....

'ဒီအတွက်တော့ စိတ်ချပါ၊ လမ်းပြ မပါရင် ဒီနေရာက ဘယ်သူမှ မရှာနိုင်ပါဘူး၊ ရှင့် နေရာရွေး မှန်ပါတယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ထုက ပြုံးရယ်ရင်း ပြောလေ၏

'စောစောကတော့ နေရာရွေး မှားပြီလို့ ထင်ခဲ့တာပဲဗျာ'

ဟိုကတော်က ရယ်ပြီး....

'ဒါကတော့လဲ အကြောင်းအမျိုးမျိုးပေါ့ရှင်၊ အခုတော့ ရှင်တို့ စိတ်ချပါ၊ ဒီကောင်လေးကို ကျွန်မ ချေးမ မတော်ချ တော့ပါဘူး၊ ရှင်တို့ ခမ်းချင်တာကိုသာ စစ်မေးကြပါ'

ထိုစဉ် လုံမလေးဝန်က တခစ်ခစ် ရယ်လေတော့၏။

'ခစ်....ခစ်....ခစ်....ရှင်တို့နေရာကို လုံခြုံလှပြီထင်ပြီး သိပ် အပြောကြီးမနေနဲ့ဦးလေ'

'ငါ့အပြောကြီးတယ် မကြီးဘူးဆိုတာ ညည်းစောင့်ကြည့် လေ'

အိုယန်ထုက ကြားဖြတ်၍ အမိန့်ပေးလေ၏။

'မိန်းကလေး....မင်းရဲ့ ခါးထဲမှာရှိတဲ့ ဓားကို ထုတ်ပေးစမ်း ပါ၊ မင်းကို စစ်မေးစရာရှိသလို မင်းရဲ့ ဓားကိုလဲ စစ်ဆေးစရာ ရှိတယ်'



လုံမလေးဝန်သည် ဂိုဏ်းချုပ်ကြီး အိုယန်ထု၏ စကားကို ကြားသည့်အလား ငြိမ်သက်နေလေ၏။

ဂိုဏ်းချုပ်ကြီး အိုယန်ထုက ဖျောင်းဖျသော လေသံဖြင့် ဆက်၍ပြော၏။

'မိန်းကလေး....ကျုပ်တို့က မိန်းကလေးကို ဘာမှ ရန်မမူချင် ပါဘူး၊ ရန်မူဖို့လဲ မလိုဘူး၊ မိန်းကလေးဆီမှာရှိတဲ့ ဓားကိုသာ အေးအေးဆေးဆေး ထုတ်ပေးစမ်းပါ'

လုံမလေးဝန်သည် အတန်ကြာအောင် ငြိမ်သက်တိတ်ဆိတ် နေသည်။

အိုယန်ထုသည် မိန်းကလေး စကားပြောအောင်ပဲ သည်းခံ စောင့်ဆိုင်းသည်။

အတန်ကြာသောအခါမှ....

'ရှင်တို့ သက်သက် အချိန်ဖြုန်းနေကြတာပဲ၊ ကျွန်မ ပြော လိုက်မယ်။ နောက်နှစ်နာရီအတွင်း ကျွန်မကို ကယ်မယ့်လူတွေ ရောက်လာလိမ့်မယ်၊ နှစ်နာရီဆိုတာ ကျွန်မ ပိုပိုသာသာ ပြော လိုက်တာ၊ ဒီလောက်တောင် ကြာမယ်လို့ မထင်ဘူး၊ ကျွန်မ စကားကို သေသေချာချာ မှတ်ထားကြ'

ဟိုကတော်က အားရပါးရ ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီရွာအစွန်မှာ ငါနေတယ်ဆိုတာ ဘယ်သူမှမသိဘူး၊ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ ကလွဲရင်ပေါ့လေ၊ ညည်းကို ကယ်မယ်လို့ ခေတ္တလ လဲ ပန်းခြံဘဲက အိမ်ကလေးဆီကို သွားကြမှာပဲ၊ ဒီခြေ အောက်ခန်းထဲကိုတော့ ဘယ်သူမှ ဝင်မလာနိုင်ဘူး'

'အင်း....ရှင်တို့က ကိုယ့်ကိုယ်ကို အသင်ကြီးနေကြတာကိုး နဂါးမင်း ကွန်ဆိုတဲ့လူနဲ့ တွေ့တော့မှ ရှင်တို့ ဘုရားမတ ကြ

နဂါးမင်းကွန်ဆိုသူမှာ ကွန်လုံဝမ် ဖြစ်သည်၊

အို့ယန်ထုံ က ပြုံး၍ပြော၏၊

'ဒီကောင်းတွေကို စစ်ကူတွေ ရောက်လာတဲ့အခါမှ ပြောသင့်တယ်၊ ခုအချိန်မှာတော့ ကျုပ်တို့ ပြောသမျှ မေးသမျှကို အေးအေးဆေးဆေး နားထောင် ဖြေရှင်းသင့်တယ်'

'ခစ်....ခစ်....ခစ်၊ ကျွန်မက အကျဉ်းသားမှ မဟုတ်တာဘဲ ခု လွတ်လပ်နေပြီလေ၊ ရှင်တို့ဘဲက ဘယ်သူ တက်လာချင်သလဲ တက်လာခဲ့ကြပါ'

အို့ယန်ထုံ က....

'မိန်းကလေး.... မင်း ဘယ်လို အဖမ်းခံလာရတယ်ဆိုတာ မေ့နေပြီလား၊ ဘာဖြစ်လို့ ထပ်ပြီး အသင်ပန်းခံချင်နေရပြ တာလဲ'



'ခစ်....ခစ်....ခစ်၊ ရှင်က ကျွန်မဆီက ဓားကို လိုချင်တယ် မဟုတ်လား'

သူမသည် ပြောပြောဆိုဆို ခါးကြားထဲမှ ဓားကို ဆွဲထုတ်လိုက်ပြီး အို့ယန်ထုံ အား ကမ်းပေး၍ အို့ယန်ထုံ က ဓားကို လက်ခံယူရန် ရှေ့သို့တိုးသွားသည်၊

'ဒကာကြီး'

တက်မုဆရာတော်က သတိပေးရန် ဟန်ပြင်လိုက်သည်၊

အို့ယန်ထုံ က....

'စိတ်ချပါ ဆရာတော်'

အို့ယန်ထုံ သည် ထိုမျှသာပြောပြီး ဓားကို လှမ်းယူ၏၊

လုံမလေးဝန်သည် ဓားကို လျှပ်တစ်ပြက် ဖွေ့ယမ်းပြီး အို့ယန်ထုံ ၏ လက်ကောက်ဝတ်ကို လှီးချ၏၊

အို့ယန်ထုံ ကို ဤကဲ့သို့ လုပ်၍မရပါ၊

ကျွန်လုဂိုဏ်းချုပ်ကြီး၏ သိုင်းပညာမှာ သာမညသိုင်းပညာ မဟုတ်ပါ၊

အို့ယန်ထုံ က ရယ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



'မိန်းကလေးက ကျုပ်တို့ကို ကလေးလေးတွေလို ထင်မှတ်နေတာကိုး၊ မိန်းကလေး ငယ်ပါသေးတယ်၊ သိုင်းလောကမှာ အချိန်အများကြီး လှုပ်ဖို့ ကျန်ပါသေးတယ်၊ ဒီလောက အတိုက်အခံပြောနေတဲ့ မိန်းကလေးဆီက ဓားကို ကျုပ်က သတိမထားဘဲ လက်ခံယူပါ့မလား'

လိုမလေးဝန်သည် လျှပ်တစ်ပြက် ခုန်ဆုတ်သွား၏။

သူမအား အမှုမဲ့အမှတ်မဲ့ နှုန်ဟန်တူသော 'ဟို'ကတော်ကြီး၏ အနီးသို့ ခုန်ဆုတ်သွားခြင်း ဖြစ်သည်။

သို့သော်....

'အောင်မယ်...ညည်းက ရာရာသသ ငါ့ကိုအလစ်လုပ်ကြံမလို့ပေါ့လေ'

'ဝုန်း'

ဟိုကတော်သည် သူမ၏အနီးသို့ ကပ်လာသည့် မိန်းကလေးအား လက်ဝါးဖြင့် ရိုက်ချသည်။

အလွန်တရာ အင်အားကြီးမားသည်ဖြစ်၍ မိန်းကလေး ခုန်ရှောင်ချပြန်သည်။

'ဟင်း....ဒီမိန်းမကြီးရဲ့ သိုင်းပညာက မဆိုးပါကလား၊ ဒကြောင့်မို့လို့ ကျန်လုဂိုဏ်းချုပ်ကြီးက သူ့ကို အရေးပေးဆက်ဆံနေတာကိုး'



ဟိုကတော်သည် တက်ဖြင့် အထိုးအဆွဲခံလိုက်ရသည့် မြွေဟောက်သဖွယ် ရှူးရှူးရှားရှားဖြစ်နေပြီး မိန်းကလေးအား တရကြမ်း လိုက်လံတိုက်ခိုက်တော့သည်။

မိန်းကလေးက သူမ၏ဓားတိုဖြင့် ခုခံသည်။

သူမသည် ခံစစ်သက်သက်ဖြင့် ပြေးလွှား ရှောင်တိမ်းနေရသည်။

အဘယ်ကြောင့်ဆိုသော် သူမ၏ပတ်ဝန်းကျင်၌ ရှိနေသည့် သိုင်းသမားကြီးများ အားလုံးက သူတို့အနီးသို့ သူမ ချဉ်းကပ်လာသည်နှင့် ရိုက်ချရန် အသင့်ပြင်ထားသည်ကို တွေ့နေရသောကြောင့်တည်း။

ဤအခန်းထဲ၌ ဝါစဉ်ကြီး သိုင်းသမားများသာ ရှိမနေလျှင် ဟိုကတော်ကြီးအနေဖြင့် ဤမျှ တရကြမ်း တိုက်ခိုက်နိုင်မည် မဟုတ်ပေ။

မိန်းကလေး၏ ပြင်းထန်သော ထိုးစစ်နှင့် တွေ့ကြုံရမည် ဖြစ်သည်။

ယခုမူ မိန်းကလေးသည် အားလုံးကို ခြိုင့်ချုံ၍ ခုခံနေရသည် ဖြစ်၍ ခံစစ်သက်သက် ကစားနေခြင်းသာ ဖြစ်တော့သည်။

တက်မုဆရာတော်က သူ့ညီတော် ဖန်မုဆရာတော်ကိုအားတိုး ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'ဦမိန်းကလေးရဲ့ပညာဟာ အခု ကစားနေတာထက် ပို ထက်မြက်တယ်၊ သူ့ပညာကို အကုန်မသုံးဘဲ လျှော့ကျ ပြေးလွှားနေတယ်၊ ဒါဟာ ပရိယာယ်သက်သက်ပဲ၊ တစ်ချိန် ချိန်မှာ ပညာကုန်ထုတ်သုံးလိုက်ရင် ဟိုကတော်ကြီး ဒုက္ခရောက် သွားနိုင်တယ်'

တက်မုဆရာတော် ပြောသည့်စကားမှာ အမှန်ပင်ဖြစ်၏။

လုံမလေးဝန်က ဓားကွက်တစ်ကွက် ထုတ်သုံးလိုက်ရာ ဟိုကတော်မှာ အကြီးအကျယ် မျက်စိမျက်နှာ ပျက်သွားပြီး ခုန်ဆုတ်သွား၏။

လုံမလေးဝန်သည် ထိုတစ်ကွက်သာ သုံးသည်။

သူမ၏အစွမ်းကို ဆက်၍ မထုတ်တော့ပေ။

ကျွသို့ အပြန်အလှန် တိုက်ခိုက်နေကြရာမှ လူရှင်းသည့် အခန်းဆောင့်တစ်ဆောင့်သို့ ရောက်ရှိသွားရာ လုံမလေးဝန် ဟိုကတော်အား ဆောင့်ထဲတွင် ပိတ်၍တိုက်ခိုက်တော့သည်။

ထိုသို့ တိုက်ခိုက်ရင်းမှ လေသံကလေးမျှဖြင့် ပြောသည်။

ထိုလေသံကို ဟိုကတော်မှအပ အခြားသိုင်းသမားကြီးများ လုံးဝ မကြားနိုင်ချေ။

'ဟိုကတော်....ရှင် ကျွန်မကို ယှဉ်နိုင်မယ် ထင်သလား'



ဟိုကတော်မှာ နှဖူးမှချွေးများ စီးကျလာသည်။

လုံမလေးဝန် ထုတ်သုံးလိုက်သည့် ဓားကွက်ကို မြင်ပြီးကတည်းက သူမအနေဖြင့် သည်မိန်းကလေး၏ပညာကို မယှဉ်နိုင်တော့ပြီဖြစ်ကြောင်း ရိပ်မိလိုက်၏။

'ညည်း ဘာပြောချင်လို့လဲ'

'ရှင့်ကို ကျွန်မ အနိုင်တိုက်နိုင်တယ်၊ ကျွန်မ အနိုင်တိုက်လိုက်ရင် ရှင်သိက္ခာကျမှာပဲ၊ ရှင့်သိက္ခာကို ထိန်းမလား၊ အကျခံမလား'

'ညည်း ဘာလိုချင်လို့လဲ'

'ကျွန်မနဲ့ တိုက်ကွက်တစ်ရာပြည့်အောင် တိုက်ပါ၊ တိုက်ကွက်တစ်ရာပြည့်ရင် ဓားကိုလွှတ်ချလိုက်မယ်၊ ကျွန်မက ရှင့်ကို ရှုံးသွားပြီဆိုတဲ့ သဘောပေါ့'

'အဲဒီ အဖိုးအခအတွက် ငါက ဘာပေးရမှာလဲ'

'ဘာမှပေးဖို့မလိုဘူး၊ တစ်နေ့ ရှိလောက်ကြာအောင် အချိန်ဆွဲတိုက်ပေးရုံပဲ'

'တိုက်ကွက်တစ်ရာဟာ တစ်နေ့ရှိကြာမှာ မဟုတ်ဘူး'

'ကိစ္စမရှိဘူး၊ နာရီဝက်လောက်ကျော်ရင် ပြီးတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက ဘာသဘောလဲ၊ ရှန်းရှင်းလင်းလင်း သိချ[illegible]
တယ်'

'ကျွန်မကို ကယ်ယ်လူတွေလာလိမ့်မယ်၊ ရှင်နဲ့ ကျွန်မ တို[illegible]
နေရင် သူတို့ ကျွန်မကို ညှဉ်းပန်းစစ်ဆေးချိန်မရဘဲနဲ့ ဒီအတို[illegible]
စောင့်ကြည့်နေရမှာပဲ'

'ညှဉ်းလူတွေ လာမကယ်ရင်ကော'

'ဒါက ကျွန်မ ပူရမယ့်အလုပ်ပါ၊ တိုက်ကွက်တစ်ရာလော[illegible]
တိုက်ပြီးလို့မှ ကယ်တဲ့သူတွေ မလာရင်တော့ ကျွန်မထို[illegible]
ကျွန်မကံပဲ'

'သူတို့က ဝါစဉ်ကြီး သိုင်းသမားကြီးတွေ ဖြစ်တယ်၊ [illegible]
ဟန်ဆောင်တိုက်နေတာကို မသိဘဲဘယ်နေမလဲ'

'မသိပါဘူး၊ ရှင်သာ အစွမ်းကုန်တိုက်ပါ၊ ကျွန်မ လှည့်[illegible]
ရှောင်မယ်၊ သူတို့ ရုတ်တရက် မတွေ့နိုင်ပါဘူး'

ဟိုကတော်သည် မိန်းကလေး၏ ပညာစွမ်းကို တစ်ကျ[illegible]
တည်းနှင့် သိရှိလိုက်ပြီးဖြစ်၍ သူမအား တလေးတစားဆက[illegible]
နေသူများ၏ရှေ့၌ ရှုံးနိမ့်ပြီး ဂုဏ်သိက္ခာကျသွားနိုင်ကြော[illegible]
သိရှိပြီး ဖြစ်သည်။

သူမအနေဖြင့် လုံးဝအရှုံးမခံနိုင်ပေ။



ထို့ကြောင့်....

မိန်းကလေး၏ ညှိနှိုင်းအဆိုပြုချက်ကို လက်သင့်ခံလိုက်သည်။
[illegible]ဘက်မှဆရာတော်၊ ဖန်မှဆရာတော်၊ ကွမ်းစန်စင်နှင့် ဂိုဏ်း
[illegible]ပ်ကြီး အို့ယန်ထုံတို့သည် အတွေ့အကြုံ ကြွယ်ဝသူများဖြစ်၍
[illegible]က်ရင်းခိုက်ရင်း တစ်စုံတစ်ရာပြောဆိုနေကြကြောင်း ကောင်း
[illegible] ရိပ်မိသည်။

ယုံသော်....

မည်သည့် အကြောင်းအရာများကို ပြောဆိုနေကြောင်းကို
[illegible]ာ့ မတွေးမိကြချေ။

ဟိုကတော်သည် စိတ်ထားမြင့်မြတ်သော မိန်းမ မဟုတ်ချေ။

လုံမလေးဝန်နှင့် သဘောတူညီမှု ရယူထားပြီး ဖြစ်သော်
[illegible]ည်း သူမ၏စိတ်ထဲ၌ အလစ်လုပ်ကြံရန် ကြံစည်ထားပြီး ဖြစ်
[illegible]

သို့တိုင်....

တကယ်တမ်း တိုက်ခိုက်သည့် အခါတွင်မူ လုံမလေးဝန်၏
[illegible]ကွင်းသေကွက်ကို တစ်ကြိမ်မျှ နီးစပ်အောင်ပင် မတိုက်နိုင်
[illegible]

မိန်းကလေးသည် လွန်စွာ သတိရှိ ဝီရိယထားပြီး ခုခံနေ
[illegible]ောင်း ထင်ရှားသည်။

www.burmeseclassic.com

www.burmeseclassic.com



တက်မုဆရာတော်အား အို့ယန်ထုက လှမ်းပြော၏၊

'ဆရာတော်...အထက်လမ်းဂိုဏ်းသားအချင်းချင်း တိုက်ခိုက်တာဆိုရင်တော့ သိုင်းလောကရဲ့ ဓလေ့ထုံးတမ်းတွေကို လိုက်နာကြရမှာပါ၊ အခု ဒီမိန်းကလေးကတော့ သိုင်းလောကကို ဒုက္ခပေးမယ့် ကွန်လုံဝမ်လို အမည်ခံထားတဲ့ သိုင်းသမားယောက်ရဲ့ လက်ရုံးဖြစ်နေတယ်၊ ဒီတော့ သိုင်းလောကဓလေ့ထုံးတမ်းတွေကို သိပ်ဂရုစိုက်ဖို့မလိုတော့ဘူး၊ တပည့်တော်အားလုံး ဝိုင်းဖမ်းလိုက်ရင် စောစောစီးစီး ကိစ္စပြတ်သွားတယ်'

တက်မုဆရာတော်က သဘောတူသဖြင့် ခေါင်းညိတ်ပြရှေ့သို့တိုးသွား၏၊

ဟိုကဒ်တော်သည် တိုက်ရင်းခိုက်ရင်းမှ တက်မုဆရာတော်အို့ယန်ထုတို့၏ အရိပ်အာယောင်ဟန်ပန်ကို မြင်သဖြင့် ကကာကန်း လှမ်းတားလိုက်ရ၏၊

'ဂိုဏ်းချုပ်ကြီး အို့ယန်ထု ရှင်တို့ ဘာလုပ်မလို့လဲ၊ ကျွန်ကို သိက္ခာချမလို့လား၊ ဒီကလေးမလေးကို ကျွန်မတစ်ယောက်တည်းနိုင်အောင် တိုက်နိုင်ပါတယ်ရှင်'

တက်မုဆရာတော်နှင့် အို့ယန်ထုတို့သည် နောက်ဆုတ်သွားကြ၏၊



'ဪ...သူလဲ သူ့သိက္ခာကို ထိန်းချင်ရှာပေမှာပဲ' ဟူသော သဘောဖြင့် ကိုယ်ချင်းစာကာ နောက်ဆုတ်သွားကြခြင်း ဖြစ်ပေသည်၊

မိန်းကလေးနှင့်ဟိုကတော်ကြီးတို့သည် အကွက်ပေါင်းတစ်ရာကျော် တိုက်ခိုက်ကြသည်၊

အချိန်ကလည်း နာရီဝက်ကျော်မျှ ကြာသည်၊

ဟိုကတော်ကြီးက ဘယ်နှယ်ရှိစ ဟူသော သဘောမျိုးဖြင့် တိုက်ခိုက်ရင်းမှ မျက်လုံးဖြင့် ပမ်းစတားပြောသည်၊

မိန်းကလေးက ခပ်တိုးတိုးပြော၏၊

'နည်းနည်းပဲ ဆက်တိုက်ပါ၊ ကျွန်မ အရှုံးပေးပါမယ်၊ တိုက်ကယ်မယ့် လူတွေကို နည်းနည်းလေးလောက် ဆက်စောင့်ရအုံး'

'ကောင်းပြီ၊ အကွက်ငါးဆယ် ထပ်တိုက်မယ်'

အကွက်ငါးဆယ် ပြီးဆုံးသွားသော်လည်း ကယ်မည့်သူများ ရောက်ရှိမလာပေ၊

မိန်းကလေးသည် သူ့ဓားကို ရုပ်သိမ်းသွားပြီး ခုန်ဆုတ်၏၊

တက်မုဆရာတော်၊ ဖန်မုဆရာတော်၊ ညသိမ့်ငှက်ဝမ်ကန်း၊ ဘမ်းစန်စင်နှင့် ဂိုဏ်းချုပ်ကြီး အို့ယန်ထုတို့သည် အထူးပြင်ဆင်ထားကြ၏၊

www.burmeseclassic.com

www.burmeseclassic.com



ဤမိန်းကလေးကို လုံးဝ လက်လွှတ်မခံနိုင်ပါပေ။

သို့သော် မိန်းကလေးသည် သူမ၏ ဓားကို ခါးကြား ဓားအိမ်၌ ပြန်ထိုးလိုက်ပြီး လက်နှစ်ဖက်ကို မြှောက်လိုက်၏။

'ကျွန်မ သူ့ကို မနိုင်နိုင်ဘူး၊ ဒါကြောင့်မို့ အရှုံးပေးပါတယ်'

လူအားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။

ဤအဖြစ်ကို သူတို့အားလုံး လုံးဝ မမျှော်လင့်ခဲ့ကြပေ။

ဟိုကတော်ကြီးက မိန်းကလေးအနီးသို့ လျှောက်သွား၍ သွေးကြောပိတ်လိုက်သည်။

'ကဲ...ဒါဆိုရင် ရှင်တို့ စစ်မေးလို့ရပြီပေါ့'

ဟိုကတော်က သက်ပြင်းချရင်း ပြောသည်။

အို့ယန်ထုံက ခေါင်းညိတ်၏။

'ကျေးဇူးတင်ပါတယ်၊ သူ့ကို စစ်မေးတဲ့အခါမှာ ဘာလောက် စိတ်ဝင်စားစရာ ကောင်းတယ်ဆိုတာကို ဟိုကတော် ကြားရပါလိမ့်မယ်'

ထိုစဉ်....

အို့ယန်ထုံတို့ ဤအခန်းထဲသို့ဝင်ဝင်ချင်း တွေ့လိုက်ရသည့် အဘွားအိုကြီးသည် ဟိုကတော်အနီးသို့ ရောက်လာ၏။



'ဟိုကတော်ကြီး...ကျွန်မကို စပ်စုတယ်လို့ မထင်ပါနဲ့'

ဟိုကတော်သည် အဘွားအိုကို လှည့်ကြည့်၏။

'ဘွားဘွားယီ...ဘာပြောချင်လို့လဲ'

အဘွားအိုသည် အမဲခြောက်ကဲ့သို့ အသားအရေ ခြောက်သွေ့ပြီး အကြောပြိုင်းပြိုင်းထနေသော လက်ညှိုးဖြင့် လုံမလေးနေကို ညွှန်ပြလိုက်သည်။

'ဟိုကတော်ကြီး...ဒီမိန်းကလေးဟာ ကျွန်မတို့ 'တောနက်ဂိုဏ်း'နဲ့ ဘာမှ ရန်ငြိုးရန်စ မရှိပါဘူး၊ အခု သူ့ကို ဒီမှာ စစ်ဆေးခွင့် ပေးလိုက်ရင် ကျွန်လုဂိုဏ်းရဲ့ လုပ်ရပ်အတွက် ကျွန်မတို့နဲ့ ဒီမိန်းကလေးရဲ့ဂိုဏ်းဟာ ရန်ငြိုးဖွဲ့ရသလို ဖြစ်သွားလိမ့်မယ်၊ ကျွန်လုဂိုဏ်းအတွက် ကျွန်မတို့ ဓားစာဝခံစရာ မလိုပါဘူး'

'ဘွားဘွားယီ... ဒီလိုတော့ ပြောလို့မရပါဘူး၊ ကျွန်လုဂိုဏ်းဟာ တောနက်ဂိုဏ်းရဲ့ အရင်းနှီးဆုံး သိုင်းဂိုဏ်းကြီးပါ၊ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံဟာ အရေးအကြောင်းရှိရင် ကျွန်မတို့ကို ကူညီနေတဲ့ ပုဂ္ဂိုလ်ပါ'

ဘွားဘွားယီသည် သက်ပြင်းချလိုက်ပြီး....

'ဒီမိန်းကလေးရဲ့ ဓားကွက်တွေကို မြင်ရတော့ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က အဖြစ်အပျက်တွေကို မျက်စိထဲပြန်မြင်လာတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟိုကတော်က အထိတ်တလန့် မေးသေး၏။

'ကျွန်မတို့ အခုအဖြစ်နဲ့ ဆိုင်လို့လား'

'ဆိုင်မယ်လို့ ထင်ရတာပဲ'

'ဘာအဖြစ်အပျက်တွေလဲ'

'လွန်ခဲ့တဲ့အနှစ်သုံးဆယ်လောက်က ဓားသမားတစ်ယောက်ရဲ့ လက်ချက်နဲ့ သိုင်းအကျော်အမော် နှစ်ဆယ့်လေးယောက် သေဆုံးခဲ့တယ်။ အဲဒီအထဲမှာ ရှောင်လင်ကျောင်းက တရုတ်ဘုန်းတော်ကြီးနှစ်ပါး ပါဝင်တယ်'

တက်မုဆရာတော်က လက်အုပ်ချီပြီး....

'ဖြစ်နိုင်ပါတယ်။ ကျုပ်တို့ ရှောင်လင်ကျောင်းရဲ့ မှတ်တမ်းပုရပိုက်မှာ ဘုန်းကြီးနှစ်ပါး ပျောက်ဆုံးသွားတယ်လို့ မှတ်သားထားပါတယ်။ ဒကာမကြီးသိတာ ဆက်ပြောပါဦး'

'တပည့်တော် သိသမျှကတော့ ဒါပါပဲ။ အဲဒီဓားသမားဟာ ကောက်ကျစ်မှုမပါဘဲ ဓားပညာသက်သက်နဲ့ အဲဒီနှစ်ဆယ့်လေးယောက်ကို အနိုင်ယူခဲ့တာပါ'

တက်မုဆရာတော်က...

'ကျုပ်တို့ကျောင်းက ဘုန်းကြီးနှစ်ပါးကို လိုက်စုံစမ်းခဲ့ပါတယ်။ အခုမှ သတင်းမရခဲ့ပါဘူး'



'အရှင်ဘုရားတို့ရဲ့ ဘုန်းကြီးနှစ်ပါးအကြောင်းကိုလဲ တပည့်တော်ကတော့ ဒီလောက်ပဲ သိတာပါပဲ။ တပည့်တော် စိုးရိမ်တာက ဓားကွက်တွေပါ။ အခု မိန်းကလေးသုံးတဲ့ ဓားကွက်တွေဟာ အဲဒီအနှစ်သုံးဆယ်တုန်းက ဓားသမားရဲ့ ဓားကွက်တွေ ဖြစ်နေပါတယ်။ တပည့်တော်က ကျန်လုဂိုဏ်းကို ဝင်ကူပြီးရင် တပည့်တော်ရဲ့ 'အောနက်ဂိုဏ်း'ဟာ [illegible]တော့မှ နားအေးပါးအေး နေရတော့မှာ မဟုတ်တော့ပါဘူး'

အိုယန်ထုသည် ဘွားဘွားယီ၏စကားကို ကြားလိုက်ရသောအခါ ပြုံးလိုက်၏။

ဟိုကတော်ကြီးကို လေးစားစွာ လှမ်းပြောသည်။

'ဟိုကတော်....ကျုပ်တို့ ဒီမှာ စစ်ဆေးတဲ့အတွက် ခင်ဗျားတို့မှာ ဘေးအန္တရာယ်တွေ ကျရောက်မယ်လို့ ထင်နေရင် ကျုပ်ဒီမှာ မစစ်ဆေးတော့ပါဘူး။ ကျုပ်တို့ အခုပဲ ထွက်ခွာသွားပါမယ်'

ဟိုကတော်သည် ဘွားဘွားယီအား ခေါ်ပြောတော့ဘဲ ဂိုဏ်းချုပ်ကြီး အိုယန်ထုဘက်သို့သာ လှည့်ပြောတော့သည်။

'ကိစ္စမရှိဘူးဂိုဏ်းချုပ်ကြီး၊ ကျွန်မ ဂူအောင်းနေရစဉ်တုန်းက ကျုန်လုဂိုဏ်းက စောင့်ရှောက်ခဲ့တာတွေကို ကျွန်မဘယ်မေ့လို့ဖြစ်ပါ့မလဲ၊ အန္တရာယ်တွေ ဘယ်ဆိုလို့တွေ့ပါစေ ကျွန်မ မကြောက်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထုံက....

'စိတ်ချပါ၊ ခင်ဗျားတစ်ယောက်တည်း ရင်ဆိုင်ရမှာလဲ မဟုတ်ပါဘူး၊ ရှောင်လင်ကျောင်းတော်နဲ့ ကျင်လု ဂိုဏ်းဟာ ခင်ဗျားဘေးမှာ မားမားမတ်မတ်ရှိနေမှာပါ'

'ကျွန်မ နားလည်ပါတယ်၊ ရှင်တို့အလုပ်ကို စရာရှိရင် စကြပေတော့'

ဖေကုံးလျှန်က ဝင်ပြော၏၊

'ဟုတ်တယ်....မေးစရာရှိရင်လဲ မြန်မြန်မေးရင် ကောင်းမယ်၊ သူ့ကို ရှောင်လင်ကျောင်းကို ထည့်ပေးရဦးမှာမဟုတ်လား'

ဟိုကာတော်သည် ထိုအခါကျမှ ဘွားဘွားယီဘက်သို့ လှည့်သည်။

'ဘွားဘွားယီဘာမှ သိပ်မစိုးရိမ်ပါနဲ့၊ ဒီမိန်းမဆိုးကလေးကို ဖမ်းလာတာ ကျွန်မတို့မဟုတ်ပါဘူး၊ ကျင်လုဂိုဏ်းနဲ့ ရှောင်လင်ကျောင်းတော်တို့ ဖြစ်ပါတယ်၊ ဒီမိန်းမဆိုးလေးနဲ့ ပတ်သက်တဲ့လူက လက်စားချေရင် ကျင်လုဂိုဏ်းနဲ့ ရှောင်လင်ကျောင်းတော်ကို ပထမဦးဆုံးလက်စားချေမှာပါ၊ အဲဒီဂိုဏ်းကြီး နှစ်ဂိုဏ်းကို ဒီချန်ဘုဖျက်ဆီးနိုင်ရင်တော့ ကျွန်မတို့ မြေလျှိုးမိုးပျံနိုင်တာတောင် လွတ်မှာမဟုတ်တော့ဘူး၊ ဘွားဘွားယီ စိတ်အေးအေးထားပါ'



ဘွားဘွားယီသည် သက်ပြင်းချပြီး ထောင့် တစ်နေရာသို့ သွားထိုင်နေတော့သည်၊

ဟိုကာတော်က လက်ခံပြီးပြီဆိုလျှင် သူမအနေဖြင့် အဘယ်မှာလျှင် တားမြစ်နိုင်ပါတော့မည်နည်း၊

အို့ယန်ထုံက မိန်းကလေးအား မေးလိုက်၏၊

'နဂါးမင်း ကွန်ဆိုတာ ဘယ်သူလဲ'

'ရယ်စရာ သိပ်ကောင်းတဲ့ မေးခွန်းပဲ၊ ကွန်လုံဝမ်ဆိုတာ ကွန်လုံဝမ်ပဲပေါ့၊ ကျွန်မက ဘယ်လိုပြောနိုင်မှာလဲ'

'ကျုပ်တို့ ကောင်းကောင်း မေးနေရင် ကောင်းကောင်းဖြေပါ'

'အာလဲ၊ ရှင်တို့က ကျွန်မကိုနှိပ်စက်ပြီး မေးချင်သေးလို့လား၊ ညှဉ်းပန်းနှိပ်စက်ရုံမကလို့ သတ်ပစ်ချင်လဲ သတ်ပစ်ပါ၊ ကျွန်မအနေနဲ့ကတော့ မသိတာကို သိတယ်လို့ မပြောနိုင်ဘူး'

'ကောင်းပြီ၊ ကွန်လုံဝမ်ရဲ့လက်အောက်မှာ ပင်းဟာ ဘယ်အဆင့် ရှိသလဲ'

'ကျွန်မက ကွန်လုံဝမ်ရဲ့ စတုတ္ထမြောက် ခမ္မာစားသမီးပဲ'

သူမ၏အဖြေက ရှင်းသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဘသိက တိကျပြတ်သားသည်။

မှုသားစကား မဟုတ်ဟု အို ယန်ကု ယုံကြည်၏။

'မင်း ဝမ်ဂေဟာလဲကို ဘယ်သူ့အမိန့်နဲ့ စောင့်နေ ဝင်ရ တာလဲ'

'ကျွန်လုံဝမ်ပေါ့ရှင်'

'သူရဲကောင်းကြီး ဝမ်ကျုံးထန်ရဲ့သမီးအဖြစ် ဝင်ပြီး တင် ဆောင်ရတာ ဘာသဘော....'

'ဝမ်ကျုံးတန်ရဲ့ သမီးနဲ့ ကျွန်မနဲ့က ရုပ်ချင်း ဆင်တယ်။ နောက်တစ်ချက်က ဝမ်းကျုံးထန်ဟာ သားသမီးတွေနဲ့ ရင်း ရင်းနှီးနှီး နေခဲ့လေ့မရှိဘူး။ ဒီတော့ ကျွန်မအဖို့ သိပ်လွယ်နေ တာပေါ့၊ အဲဒီလို ဟန်ဆောင်ရတဲ့ ရည်ရွယ်ချက် ကတော့ ရတနာသုံးမျိုးကိစ္စကြောင့်ပဲ'

'ရွှေငွေ ရတနာတွေလား'

'ဟင့်အင်း...ရတနာသုံးမျိုးလို့ပဲဆိုတယ်၊ ဘာတွေလဲဆိုတာ တော့ ကျွန်မလဲ တိတိကျကျမသိရဘူး'

'ဝမ်ဂေဟာထဲ ဝင်ရတဲ့ရည်ရွယ်ချက်က ဒီတစ်ချက်တည်းပဲ လား'



'ဒုတိယအချက်ကတော့ ကျွန်မအဖေကိုသတ်တဲ့လူကို လက် စားချေဖို့ပဲ'

'ဝမ်ဂေဟာထဲရောက်နေတာ ဘယ်နှစ်နှစ်ရှိပြီလဲ'

'ငါးနှစ်ရှိပြီ'

'အကိုကြီး ဝမ်ကျုံးတန် လုံးဝမရိပ်မိဘူးလား'

'ဘယ်ရိပ်မိမလဲ၊ ကျွန်မက သူ့သမီးနဲ့ အတော်ကလေးတူ တာကိုး'

'ငါးနှစ်စလုံး လုံးဝမရိပ်မိဘူးလား'

ဟိုစည် တက်မှုဆရာတော်က ပင်မေး၏။

'ဒါဖြင့် သမီးရင်းက ဘယ်ရောက်သွားသလဲ'

မိန်းကလေး က စိတ်ဆိုးဟန်ဖြင့် ခပ်ဆတ်ဆတ်ပြော၏။

'ဘယ်သိုလဲ၊ ရှင်တို့ရှိသမျှလူအားလုံး တစ်ယောက် တစ်ခွန်း ဝိုင်းမေးကြတော့မှာလား'

တက်မှုဆရာတော်သည် အသာကလေး နောက်ဆုတ်သွား သေသည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုက မေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...စောစောက စကား ပြန်ဆက်ရအောင်၊ ငါးနှစ်အတွင်းမှာ ဝမ်ကျုံးထန် လုံးဝမရိပ်မိခဲ့ဘူးလား'

'နောက်ဆုံးတစ်နှစ်မှာ သူ ရိပ်မိသွားတယ်၊ ဒါပေမယ့် သူ ဘာမှမတတ်နိုင်တော့ဘူး၊ ဝမ်ဂေဟာတစ်ခုလုံးက သူ့လူတွေဟာ ကျွန်မလူတွေဖြစ်ကုန်ပြီ၊ နောက်ပြီး သူလဲ အိပ်ရာထဲလဲနေပြီလေ၊ ကျွန်မက ရတနာသုံးမျိုးကို အပ်ခိုင်းတယ်'

'ရသလား'

'မရလို့ ငါးနှစ်ကြာအောင် နေနေရတာပေါ့၊ ဒီငါးနှစ်အတွင်းမှာ ဘဏ္ဍာစိုး ကျင်းရှောင်ဟိုကော သားဖြစ်တဲ့ ဝမ်ကျင့်လန်ကိုကော ကောင်းကောင်းကြီး ထိန်းထားနိုင်ခဲ့တယ်'

'ဆက်ပြောပါဦး'

'အဘိုးကြီး ဝမ်ကျုံးထန်ကို နည်းအမျိုးမျိုးနဲ့ နှိပ်စက်ပြီး ရတနာသုံးမျိုးကို မေးခဲ့တယ်၊ သူက မသိဘူးလို့ ဘူးခံတာပဲ နောက်ဆုံးတော့ သူ အမှန်ပြောနေတာပဲဆိုတာ ရိပ်မိလာတယ်'

'ဒီလို ညှဉ်းဆဲခံရလို့ သေတာပဲမဟုတ်လား'

'ဒါက သူ့အပြစ်ဒဏ် သူ ခံသွားရတာပဲ၊ သူက လူကောင်းဟန်ဆောင်ထားတဲ့ လူဆိုးပဲဥစ္စာ'



'ဝမ်ကျုံးထန်ရဲ့ သမီးရင်းကော၊ ဘယ်ရောက်သွားသလဲ၊ သူဟာ အပြစ်မဲ့တဲ့ ကလေးမပါ'

'သူ့ကို ကျွန်မတို့ ဘာမှဒုက္ခမပေးပါဘူး၊ ခုထက်ထိအသက်ရှင်လျက် ရှိနေပါသေးတယ်'

'အခု ဘယ်မှာလဲ'

'အစကတော့ ဝမ်ဂေဟာကြီးထဲမှာ ချုပ်နှောင်ထားခဲ့ပါတယ်၊ ခုတော့ ကျွန်မရဲ့ မွေးစားဖခင်ကြီး ကွန်လုံဝမ် ခေါ်ဆောင်သွားပါပြီ'

'သတ်တော့ မပစ်ပါဘူးနော်'

'မသတ်ပါဘူး၊ သိလှောင်အိမ်နဲ့ ချုပ်ထားတယ်လို့ ဆိုပါတယ်'

အို့ယန်ထုံက တက်မုဆရာတော်ဘက်သို့ လှည့်၍ပြောလေ၏၊

'ဆရာတော်....ဒီမိန်းကလေးဟာ လှုပ်ရှားမှု လျင်မြန်သလို စကားပြောတာလဲ တိုတိုနဲ့လိုရင်းကို မြန်မြန်ပြောဆိုတတ်တယ်၊ တပည့်တော် နောက်ထပ် သုံးလေးခွန်းမေးပြီးရင် ဆရာတော်တို့ အခုနေနဲ့ ရှောင်လင်ကျောင်းတော်ကို ခေါ်သွားလို့ရပါပြီ'

တက်မုဆရာတော်က ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထု့က မိန်းကလေး စိတ်မပူစေရန် ရှင်းလင်းပြော
၏။

'မိန်းကလေး၊ ရွှေလင်ကျောင်းတော်ကို ခေါ်သွားမယ် ဆိုလို့ ဘာမှစိတ်မပူပါနဲ့။ ကျုပ်တို့ ကျွန်လုံကိုလားကတောင် မနို စက်တာ၊ ရွှေလင်ကျောင်းက လုံးဝ နှိပ်စက်မှာ မဟုတ် ဘူး၊ ရွှေလင်ကျောင်းတော်ဟာ သိုင်းလောကကြီးရဲ့ အား ကိုးရာ ကြည်ညိုရာနေရာကြီးပဲ ဖြစ်ပါတယ်'

မိန်းကလေးက မဲ့မဲ့ရွဲ့ရွဲ့ဖြင့် ပြောသည်၊

'ကျွန်မကို နှစ်သိမ့်ဖို့မလိုပါဘူး၊ ကျွန်မဟာ သေရေးရှင်း ကို ဂရုစိုက်တဲ့မိန်းကလေး မဟုတ်ပါဘူး၊ နောက်ပြီး ကျွန် ဟာ အင်မတန်ထူးခြားတဲ့ မိန်းကလေးဖြစ်တယ်၊ ကျွန်မ ရော တဲ့နေရာတိုင်းမှာ ကံဆိုးမိုးမှောင် ကျစေတတ်ပါတယ်'

အို့ယန်ထု့က မြုံးလိုက်၏။

'ဟုတ်ပါတော့၊ မိန်းကလေးရဲ့ နာမည်နဲ့ ဇာတိကို လုံး မသိရသေးဘူး၊ ပြောလာတ်စဉ် တစ်ခါတည်း ပြောလိုက် လား'

'ကျွန်မဖခင်နာမည်က နိုင်ဆန်ပေါင်တဲ့၊ ကျွန်မ့နာမည်က နိုင်ချစ်နော်တဲ့၊ ကျွန်မဘာကြောင့်ဒါပြော့၊ ကျွန်မ ဒါပဲပြောနိုင်တယ်



'မိန်းကလေးရဲ့ အဖြေဟာ ကျေနပ်စရာ ကောင်းနေပါပြီ၊ ဖြစ်စဉ်မသိရလို့လဲ သိပ်တော့ ကိစ္စမရှိပါဘူး'

ထိုစဉ်....

ဖေကုံးလျှန်က 'နိုင်ဆန်ပေါင်....နိုင်ဆန်ပေါင်'ဟု ရေရွတ် နေ၏။

အို့ယန်ထု့က....

'နောင်ကြီး ဖေကုံးလျှန်၊ ဘာတွေရွတ်နေတာလဲ'

'နိုင်ဆန်ပေါင်ဆိုတဲ့ နာမည်ဟာ ကျုပ်အဖို့တော့ အတော် ရင်းနှီးနေတဲ့နာမည် ဖြစ်နေတယ်၊ ဒါပေမယ့် တွေးလို့လဲ့ ဘူး'

နိုင်ချစ်နော်က ခပ်ပြတ်ပြတ် ဝင်ပြော၏။

'အဖေ အရိုး ပြာတောင်ဖြစ်သွားပြီ၊ ဘာဖြစ်လို့ ဦးနှောက် ခြောက်ခံပြီး တွေးနေရတာလဲ'

ဖေကုံးလျှန်သည် ပေါင်းသင်းဆက်ဆံရခက်သော သိုင်း သမားဖြစ်၏။

ဘုကလန့်ကျသော သိုင်းသမားဖြစ်၏။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ကြိမ်တွင်တော့ နိုင်ချစ်နော်ကို ဖြူးပြသည်၊

မည်သည့်စကားမျှ ပြန်မပြောချေ၊

အို. ယန်ထုံက....

'မိန်းကလေး....မင်းရဲ့ ဇာတိဘဝကို ပြောမပြချင် … တော့၊ ကွန်လုံဝမ်ရဲ့ ဇာတုတ္ထမြောက် မွေးစားသမီးအဖြစ် … တဲ့အတွက်တော့ မိန်းကလေးဟာကွန်လုံဝမ်ရဲ့ ဇာစ်မြစ်ကို … နည်းနည်းပါးပါး သိနိုင်မယ်လို့ ယုံကြည်တယ်'

'ဘာလဲ ကွန်လုံဝမ်အကြောင်း မေးချင်ပြန်ပြီလား'

'ဟုတ်ပါတယ်'

'ကျွန် မ မွေး စား ဖ ခင် ဟာ အမြိုးပဲတွေ့ရတဲ့ နဂ … ဦးခေါင်းဘယ်မှာရှိမှန်း မသိနိုင်ခဲ့ဘူး၊ ကျွန်မလဲ မသိ … ကျွန်မထက်ပိုပြီး ရင်းနှီးတဲ့လူလဲမသိနိုင်ဘူး၊ နောက်ဆုံး … မယ်၊ သူ အလွန်ယုံကြည်အားထားတယ်ဆိုတဲ့ ဂိုဏ်းရေး … လဲ သူ့ကိုမသိဘူး'

ကွန်လုံဝမ်အကြောင်းသိရန်မှာ လုံးဝ လမ်းစ ပြတ် … တော့သည်၊

'အခုပြောတဲ့စကားဟာ မှန်တာပြောတာလဲ ဖြစ်ချင် … မယ်၊ လိမ်ပြောတာလဲ ဖြစ်ချင်ဖြစ်မယ်၊ ကျုပ်တို့အဖို့က … ကွန်လုံဝမ်အကြောင်း သိရဖို့ အရေးကြီးဆုံးပဲ'



တိုစဉ်....

သူတို့၏ခေါင်းထက်မှ ကျယ်လောင်သော ပေါက်ကွဲသံကြီး … ားကို ကြားလိုက်ကြရလေ၏၊

… မြေအောက်ခန်းတစ်ခုလုံး သိမ့်သိမ့်တုန်သွားသလို ခံစားရ … သည်၊

အကြောပိတ်ခံထားရသည့် နိုင်ချစ်နော်က ဟက်ဟက်ပက် … ် ရယ်လေ၏၊

'ကျွန်မရဲ့ စစ်ကူတွေရောက်လာပြီ၊ သူတို့ဟာ ဒီမြေအောက် … း ကို မကြာခင် ရှာတွေ့မှာပဲ'

ဟိုကတော်ကြီး မျက်နှာပျက်သွားသည်၊

ဟိုမိသားစုသည် ဤမြေအောက်ခန်း၌ လုံလုံခြုံခြုံနေလာ … ည်မှာ ကြာခဲ့ပေပြီ၊

သူမ၏ တောနက်ဂိုဏ်းဟူသော သိုင်းဂိုဏ်းသည် သိုင်းလော … ၌ လှုပ်ရှားမှုနည်းသဖြင့် ရန်သူလည်းနည်းခဲ့သည်၊

ယခုသော် ရန်သူများသည် ကျန့်လုဂိုဏ်းချုပ်ကြီးနှင့်အတူ … ိပ်ပမာ ကပ်၍လိုက်လာခဲ့ပေပြီ၊

ဟိုကတော်ကြီးသည် အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် … းကလေး လေးယောက်ကို အချက်ပြလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ဟော....တံခါးတွေပိတ်၊ အတွင်းကနေ ကြပ်ကြပ်မတ်မတ် စောင့်နေ'

မိန်းကလေး လေးယောက်သည် ဦးညွှတ်ဂါရဝပြုပြီးနော ပြေးထွက်သွားကြ၏။

ရန်သူများကို တတ်စွမ်းသမျှ ခုခံကြမပေတော့မည်။

တက်မှုဆရာတော်က ညီတော်ဖြစ်သည့် ဖန်မှုဆရာတော်အား ရှုတ်တရက် လှည့်မေးလိုက်၏။

'ညီတော်....ကျောင်းတော်ကို ပြန်ဖို့ ဘယ်နှစ်ရက် လို သလဲ'

ဖန်မှုဆရာတော်က....

'ခုနစ်ရက်လောက် လိုပါသေးတယ် နောင်တော်'

နိုင်ချစ်နော်က ရယ်၍ပြော၏။

'ဘာတွေတွက်နေတာလဲ၊ ရှင်တို့ နောက်ခုနစ်ရက် အ ရှင်ဖို့ မလွယ်တော့ဘူး'

အိုယန်ထုံက အေးအေးဆေးဆေးပင် ပြော၏။

'မိန်းကလေး....သိပ်လဲ ဝမ်းသာမနေပါနဲ့၊ ဒီနေ အင်မတန် လုံခြုံတဲ့နေရာဖြစ်တယ်၊ ဘယ်စစ်ကူမှ မဝင်နိုင်



'ဟင်း....ဟင်း....ဟင်း၊ ရှင်တို့က ဒီလောက် အထင်သေး သလား၊ ကျွန်မတို့လူတွေကို ရှင်တို့ မျက်စိလှည့်နိုင်လဲ ခဏပဲ'

ဟိုကသော်က ဝင်ခဲ၏။

'ဂိုဏ်းချုပ်ကြီးအိုယန်ထုံ၊ ရှင်တို့ ဘာအမှတ်အသားများ ထားခဲ့မိသလဲ'

'ဟင့်အင်း....ဘာမှ မထားခဲ့မိပါဘူး၊ ဘာဖြစ်လို့လဲ'

'ကျွန်မခြံထဲက လျှို့ဝှက် ဝင်ပေါက်တွေကို တော်ရုံတန်ရုံ လူတွေ မတွေ့နိုင်ဘူး၊ အခု လူတို့ပန်းခြံထဲ ရောက်နေပုံရတယ်၊ စမ်းထပ်ဘတွေ ပစ်ဖောက်နေပုံရတယ်'

နိုင်ချစ်နော်က တခစ်ခစ်ရယ်ရင်း....

'ရှင်တို့မှားနေပြီ၊ ကျွန်မရဲ့ခမွေးစားဖခင်ကြီး ကွန်လုံဝမ်ဟာ သိုင်းပညာစွမ်းအား ကြီးမားသလို အတွေးအခေါ်လဲ သိပ် ကောင်းတယ်၊ သူဟာ သူ့လက်အောက်ငယ်သားတွေကို ဘယ် တော့မှ မစွမ်းထားဘူး၊ လေ့ကြီးခေါ်မှာ ကျွန်မတို့ မရှိတာ သိတာနဲ့ ချက်ချင်း ဒီကိုလိုက်လာနိုင်ကြတယ်၊ ကျွန်မကတော့ ကျွန်မကို လာကယ်မယ်ဆိုတာ သေသေချာချာကို ယုံကြည်ထား တယ်ရှင့်'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံက တက်မှုဆရာတော်အား လှည့် ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'နောင်ကြီး ထန်ရှင်သာ ရှိရင်တော့ ဒီလူတွေ ဘယ်က
သဲလွန်စခံပြီး လိုက်လာတယ်ဆိုတာ သိရမှာပဲ'

တက်မှုဆရာတော်က သဘောချင်းညီညွတ်ကြောင်း ခေါင်း
ညိတ်၏။

ဖေကုိးလျှန်က ဝင်ပြော၏။

'ဂိုဏ်းချုပ်ကြီး၊ ဒီရန်သူတွေကို မရှင်းလင်းနိုင်ရင်တော
ဒီမိန်းကလေးဟာ ကွန်လုံဝမ်အကြောင်း ထပ်ပြောမှာမဟုတ်
တော့ဘူး'

နိုင်ချစ်နေ့ဘ်က ရယ်၏။

'ကွန်လုံဝမ်ဆိုတာ အမြီးကိုသာမြင်ရတဲ့ ရေထဲကနဂါး
ကြီးပါလို့ ကျွန်မ ပြောပြီးပြီပဲ၊ ကွန်လုံဝမ်အကြောင်း သိ
မကြိုးစားပါနဲ့တော့၊ ကျွန်မဆီကလဲမသိနိုင်ဘူး၊ တခြား
ဆီကလဲ မသိနိုင်ဘူး၊ ကွန်လုံဝမ်ကို ရှင်တို့အားလုံးပေါင်း
တိုက်ရင်တောင် မနိုင်နိုင်ဘူး'

ဖေကိုးလျှန် ဒေါသထွက်သွား၏။

'ဘာပြောတယ်၊ ကွန်လုံဝမ်က ဘာခေါင်မို့လဲ၊ ရေထဲ
ခေါင်းမြုပ်နေတဲ့နဂါးကို အမြီးကကိုင်ပြီး ဆွဲထုတ်ပြမယ်'

ဖေကုိးလျှန်သည် ဂိုဏ်းချုပ်ကြီးအိုယန်ထုံအား လှည့်
ပြောပြန်၏။



'ဂိုဏ်းချုပ်ကြီး၊ ဒီမိန်းကလေးဟာ အင်မတန်စွာနေတယ်၊
စကားမပြောနိုင်အောင် ဆုံးမတဲ့အနေနဲ့ အကြောကိုပိတ်
တစ်နေရာရာမှာဝှက်ထားပြီး အပြင်က ရန်သူတွေကို ရင်
ရင် မကောင်းဘူးလား၊ အပြင်မှာ ကွန်လုံဝမ် ဆိုတဲ့
ါင်းမဖော်တဲ့နဂါး ရောက်နေရင်လဲ ကျုပ်တို့သိချင်တဲ့ကိစ္စ
ခါသည်းပြတ်တခုပေါ့၊ မကောင်းဘူးလား'

အိုယန်ထုံ သဘောတူသည်။

ဟိုကစော်ကြီးက ဘွားဘွားယီအား မေတ္တာရပ်ခံလိုက်၏။

'ဘွားဘွားယီ၊ ခကောင်မလေး လေးယောက်ကို သွားကူ
သား၊ မကြာခင် ကျွန်မတို့လဲ လိုက်လာခဲ့မယ်'

ဘွားဘွားယီက ဗျစ်တောက်ဗျစ်တောက် ပြောသေး၏။

'ကျွန်မပြောသားပဲ၊ ဒီလူတွေဟာ အန္တရာယ်တွေကို ဖိတ်
လာတဲ့လူတွေမှန်း ယိုမိန်းကလေးရဲ့ ခေါ်ကွက်ကို မြင်
သည်းက သိတယ်'

အဘွားအိုသည် မကျေနပ်သော်လည်း ဟိုကတော်၏အမိန့်
ငြင်းဆန်ရဲသူမဟုတ်ပါ။

အမိန့်အတိုင်း ခုခံရန် ထွက်ခွာသွားရသည်။

တက်မှုဆရာတော်ကလည်း သူ၏ညီတော်ဖန်မှုဆရာတော်အို
နိုပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ညီနောင်ဖန်မူ၊ သူတို့အစွမ်းကုန် ခုခံမှာသေချာ ပါတယ်၊ ဒါပေမယ့် ဗိုလ်ပြီးအင်အား တောင့်တင်းသွားအောင် ညီနောင်ကိုယ်တိုင်လိုက်သွားပြီး ခုခံတိုက်ခိုက်ပါ၊ မကြာခင် နောင်တော်တို့ လိုက်လာခဲ့မယ်'

ဖန်မူဆရာတော်သည် သူ့နောင်တော်ကို လက်အုပ်ချီ ရှိခိုးပြီး ဘွားဘွားယီနောက်သို့ လိုက်သွား၏။

ဂိုဏ်းချုပ်ကြီးအို ယန်ထု သည် နိုင်ချစ်နော်၏ ဆွံ့အအသေ အကြောကို ထိုးပိတ်လိုက်၏။

'ကဲ...ဟိုကဒေါ်၊ ခင်ဗျားပဲ သူ့ကို ထိန်းသိမ်းထားလိုက်ပါ၊ ကျုပ်တို့အပြင်က ရန်သူတွေကိုရင်ဆိုင်မယ်'

'ခနကြာပါဦး၊ ကျုပ် မြေ့ပါရစေဦး၊ ဒီမိန်းကလေး အကြောပြေသွားပိတ်ထားမယ့်အစား သူ့သိုင်းပညာတွေကို ဖျက်ဆီးပစ်လိုက်ရင် မကောင်းဘူးလား'

ဖေကူးလျှန်၏ စကားကြောင့် စကားမပြောနိုင်တော့သော နိုင်ချစ်နော်မှာ ဆံပင်များ ထောင်သွားမတတ် ထိတ်လန့် ကြောက်ရွံ့ သွားလေတော့၏။

အခန်း ( ၆၉ )

## စစ်ကူ

အိုယန်ထုံက ခေါင်းညိတ်သည်။

'နောင်ကြီးဖေကူးလျှန်ရဲ့စကားက မဆိုးပါဘူး၊ ဒါဟာ အမြော်အမြင်ကြီးကြီးနဲ့ ပြောလိုက်တဲ့စကားပဲ၊ ကျုပ်သဘော တူပါတယ်'

နိုင်ချစ်နော်သည် တက်မှုဆရာတော်အား အသနားခံသော မျက်လုံးများဖြင့် လှမ်းကြည့်နေ၏။

'ဆရာတော်တယ်မမှုသာလျှင် တပည့်တော်မ ယက်သာရ- ရပါတော့မည်ဘုရား'

ဟု အသနားခံနေသည့်အစီပွာယ်မျိုးပင်....'

www.burmeseclassic.com



တက်မုဆရာတော်ကသာ သဘောတူခဲ့လျှင် သူမ၏သိုင်းပညာများ ပျက်စီးဆုံးပါးကုန်ပေလိမ့်မည်။

သိုင်းလောက၌ အသက်မသေသူပမာ ဖြစ်သွားရပေလိမ့်မည်။

တက်မုဆရာတော်က သက်ပြင်းချ၍ ပြော၏။

'သိုင်းသမားဟာ ကိုယ့်သိုင်းပညာ ပျက်စီးမှာ အစိုးရိမ်ဆုံးပဲ၊ အသက်သာ အသေခံ လိုက်ချင်တယ်၊ သိုင်းပညာတော့ အပျက် မခံနိုင်ကြဘူး၊ ဒါပေမယ့် ဒီ ဒကာမလေးကတော့ တကယ့်ကို ရက်စက်ကြမ်းကြုတ်တယ်၊ သူ့ကျတော့ ခြွင်းချက်နဲ့ သဘောတူရတော့မှာပဲ'

တက်မုဆရာတော်၏ သဘောတူသံကြောင့် နိုင်ချစ်နော်မှာ သွားပြီဟု စိတ်ထဲမှ ပြောမိသည်။

ထိုသော် တစ်ချိန်တည်းမှာပင် မြေပြင်အထက်မှ အော်သံပေါက်သံ ဆူသံပူသံများကို စတင်ကြားလိုက်ရတော့သည်။

နိုင်ချစ်နော်မှာ အလွန်တရာ ဝမ်းသာလှသဖြင့် မျက်လုံးများ အရောင်တောက်ပလာသည်။

ထိုအသံများကြောင့် သူမ၏ သိုင်းပညာကို ဖျက်ဆီးမည့်သူများမှာ ယခုချက်ချင်းပင်လျှင် အာရုံပြောင်းသွားပြီ မဟုတ်ပါလား။



တက်မုဆရာတော်က ချက်ချင်းပင် ဆက်ပြောသည်။

'ဒကာကြီးတို့ပဲ ဒီဒကာမလေးကို စောင့်ကြည့်နေကြပေတော့၊ ကျုပ်အပြင်ကိုထွက်ကြည့်မယ်'

ဆရာတော်သည် မည်သူ့အပြောမှ မစောင့်တော့ဘဲ ပြေးထွက်သွားသည်၊

ဖေကုံးလျှန်ကလည်း ဒိုင်ချစ်နော်ကို တစ်ချက်ကြည့်ပြီးလျှင် အရေးတကြီး ပြော၏။

'ဆရာတော်ကတော့ ပြေးထွက်သွားပြီ၊ သူ့ စစ်ကူလိုချင်လိုလိမ့်မယ်၊ ဂိုဏ်းချုပ်ကြီးပဲ ဒီမိန်းကလေးကို စောင့်ကြည့်လိုက်ပါတော့၊ ကျုပ် သွားကူလိုက်ဦးမယ်'

ဘုသည် ပြောပြောဆိုဆို ပြေးထွက်သွားရာ အခန်းထဲ၌ အိုယန်ထုံနှင့် နိုင်ချစ်နော်တို့ နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့သည်။

အိုယန်ထုံသည် နိုင်ချစ်နော်ထံမှ သိလိုသမျှကို သိနိုင်ရန်အတွက် စကားပြောဆိုနိုင်သည့် အကြောကို လက်ဖြင့် ပုတ်၍ ဖွင့်ပေးလိုက်၏။

'မိန်းကလေး....အခုလာတဲ့လူတွေဟာ ဘယ်သူတွေလဲ၊ ကျန်လုံဝမ်ကိုယ်တိုင်တော့ မဖြစ်နိုင်ဘူးဆိုတာ ကျုပ်သိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း...ဟင်း...ဟင်း...ကျွန်မရဲ့ မွေးစားဖခင်ကြီး ကိုယ်တိုင် လိုက်လာလို့ကတော့ ရှင်တို့ ဘယ် သက်သာလိမ့်မလဲ ရှင်တို့အားလုံး သေလူချည်ပဲ ဖြစ်ကုန်မှာပေါ့'

'ဒါဖြင့် အခုလာတာ ဘယ်သူတွေလဲ'

'လက်ထောက်တွေပဲဖြစ်မှာပေါ့၊ သူတို့ဟာ သိုင်းပညာနဲ့ ပတ်သက်လာရင်တော့ ရှင်တို့နဲ့ ပြိုင်ဘက် မဟုတ်ပါဘူး၊ ဒါပေမယ့် သူတို့မှာ တခြားစစ်ကူတွေ ပါလာလိမ့်မယ်'

အပြင်မှ အသံ ခေါက်သံများသည် တဖြည်းဖြည်း နီးလာသဖြင့် အိုးယန်ထုသည် နိုင်ချစ်နော်၏ အကြောကို ဖြန့် ပိတ်လိုက်သည်။

'မိန်းကလေး...ခဏတော့ သည်းခံလိုက်ဦး'

အိုးယန်ထုသည် နိုင်ချစ်နော်ကို အခန်းထောင့်သို့ ပြောင်းရွှေ့ပြီး သူပါ အပြင်သို့ ထွက်ပြေးတော့သည်။

သူ မြေပေါ် ရောက်သည်နှင့် တစ်စုံတစ်ခုသည် သူ့ဦးခေါင်း အနီးမှ ဝူးခနဲ ဖြတ်သန်းသွားသဖြင့် လက်ဖြင့် ရိုက်ချလိုက်

'ဝှီး....'

လက်သည် လေကိုသာ ရိုက်မိသည်။



သူ သေသေချာချာ ကြည့်လိုက်သောအခါ ငှက်တစ်ကောင် ပျံနေကြောင်း တွေ့ရ၏။

'ဘုရားရေ...သူတို့က တိုက်တတ်ခိုက်တတ်တဲ့ ငှက်ကိုတောင် မွေးထားတာပါကလား'

ငှက်သည် နောက်တစ်ကြိမ် ထိုးသုတ်ပြန်၏။

စွန်ရဲလိုလို သိမ်းငှက်လိုလို ငှက်မျိုးဖြစ်၏။

ဒုတိယအကြိမ် ထိုးသုတ်သောအခါ အိုးယန်ထု၏လက်ဝါး အဖျားခတ်သွားသဖြင့် ငှက်မွေးများကျွတ်ထွက်သွားပြီးအဝေးသို့ ပျံပြေးတော့သည်။

အိုးယန်ထုသည် ထိုအခါကျမှ ပတ်ဝန်းကျင်ကို အကဲခတ်နိုင်သည်။

တက်မုဆရာတော်သည် လူသန်ကြီး သုံးယောက်တို့နှင့်လည်းကောင်း၊ ဟိုဘာခေါ်က လူသန်ကြီး နှစ်ယောက်နှင့်လည်းကောင်း၊ ဖေကုံးလျှန်က လူသန်ကြီး သုံးယောက်တို့နှင့်လည်းကောင်း အကြိတ်အနယ် တိုက်ခိုက်နေသည်။

'ဩော်...နှောင်ကြီးထန်ရှင်ဟာ တယ်လဲ အတွေးအခေါ်ကောင်းတာပဲ၊ နိုင်ချစ်နော်ကို စခန်းကို ခေါ်သွားမိရင် ရန်သူတွေအားလုံး ငါတို့စခန်းကို ရောက်လာတော့မှာပဲ၊ အခုတော့ တော်သေးတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



သူ တွေးတောနေစဉ်မှာပင် ကျားပေါက်ပမာ ကြီးမားလှသည့် ခွေးကြီးနှစ်ကောင်သည် အို့ယန်ထုံအနီးသို့ တဝုန်းဝုန်း ဟောင်၍ ပြေးလာ၏။

သည်ခွေးလောက်တော့ အို့ယန်ဘုံ မမှုပါ။

ကျောက်ခဲနှစ်လုံးကို ကောက်ယူပြီး လှမ်းပစ်လိုက်၏။

ခွေးနှစ်ကောင်မှာ အော်ပင် မအော်နိုင်ဘဲ ခဲထိမှန်သည့် နေရာ၌ပင် လဲကျသေဆုံးသွားတော့သည်။

အို့ယန်ထုံ ဒေါသထွက်သွားသည်။

ကျန်လုဂိုဏ်းချုပ်ကြီးသည် တော်ရုံတန်ရုံနှင့် ဒေါသမထွက်ပါ။

ယခုကဲ့သို့ ဇက်နှင့်တိုက်၊ ခွေးနှင့်တိုက် တိရစ္ဆာန်ချည်းဖြင့် တိုက်နေသဖြင့် သူ ဒေါသထွက်လာခြင်း ဖြစ်ပါသည်။

အို့ယန်ထုံ ရှေ့သို့ တိုးဝင်လာသောအခါ ဖေကုံးလျှန်နှင့် တိုက်သည့်လူသုံးယောက်ထဲမှတစ်ယောက်နှင့် တက်မုဆရာတော်တို့တိုက်သည့် လူသုံးယောက်ထဲမှ တစ်ယောက်သည် ရုတ်တရက် ခွဲထွက်လာပြီး ဂိုဏ်းချုပ်ကြီး အို့ယန်ထုံကို တိုက်ခိုက်လေတော့သည်။

လက်ယာဘက်မှ လူသန်ကြီးသည် ကြောက်မက်ဖွယ်ရာ လက်သီးဖြင့် ဝှီးခနဲ ဝင်ထိုးသည်။



သို့သော် လျှပ်တစ်ပြက်ပင် ပြောင်းလဲသွားပြီး လက်ဝဲလက်က အို့ယန်ထုံ လည်ပင်းကို လှမ်းထောက်၏။

သို့သော် ဂိုဏ်းချုပ်ကြီးအို့ယန်ထုံ၏ သိုင်းပညာမှာ အလွန်တရာ အဆင့်မြင့်လှသဖြင့် ထိုလူ၏ တိုက်ကွက်ကို အသာအယာ ရှောင်တိမ်းပြီး ထိုလူ၏ တံတောင်ဆစ်ကို ဆွဲကိုင်ကာ သူ့အား ဘယ်ဘက်မှ ဝင်တိုက်သူဆီသို့ အရှိန်နှင့် ပစ်လွှတ်လိုက်သည်။

'ဝုန်း....'

ဘယ်ဘက်မှ တိုက်ခိုက်သူသည် မည်သို့မျှ မရှောင်တိမ်းနိုင်တော့ဘဲ ကိုယ့်လူကိုယ် ပြန်တိုက်ခိုက်မိသည်။

'ဝုန်း....'

အို့ယန်ထုံ၏ ဆွဲကိုင်ပေါက်ခြင်းခံရသူမှာ လုံးဝမခုခံနိုင်ဘဲ သေကွင်းကို အရိုက်ခံလိုက်ရ၏။

'အား....'

သူ့စရိုက်နှင့်သူ သွားပေပြီ။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် ကျန်သည့်သူကို ပြုံးကြည့်သည်။

သို့သော် ထိုလူမှာ စောစောကလူလောက် မညံ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထုံကို တို့ပြန် တိုက်ခိုက်နိုင်စွမ်းရှိသည်။

သို့သော် အို့ယန်ထုံ၏ အတွင်းအား အလွန် ကောင်းမွ... မှန်းသိ၍ ထိုလူသည် အို့ယန်ထုံအား လိုက်စစ်ဆင်နိုင်ရန်ထ... သူ့ကို မထိစေရန် ခံစစ်ကိုပို၍ ဦးစားပေးသည်။

'ဝှန်း....'

တစ်ကြိမ်တွင် ရန်သူနှင့် အို့ယန်ထုံတို့ လက်ဝါးချင်းယှ... ရိုက်မိကြသည်။

အို့ယန်ထုံလည်း အနည်းငယ် တုန်ခါသွားသည်။

ရန်သူမှာ နောက်သို့ ခြောက်လှမ်းအထိ ဆုတ်သွားပြီး... သွေးများ ထိုးအန်သည်။

သို့သော် ရန်သူသည် စိတ်ဓာတ်ကျခြင်းမရှိဘဲ ရှေ့သို့ပြန်တိုး... လာသည်။

အို့ယန်ထုံသည် ဤရန်သူအား အပြတ်ရှင်းရန် ဆုံးဖြတ်... ချက်ချလိုက်သည်။

'နောက်တစ်ကြိမ် ရင်ဆိုင်မိသောအခါ ရန်သူ၏ ပခုံး... ဖမ်းကိုင်မိသဖြင့် လက်ယာ လက်မောင်းအဆစ်ကို ဖြုတ်ချ... လိုက်သည်။



...ထိုရန်သူမှာ မျက်နှာ၌ ချွေးတဒီးဒီး ကျနေသော်လည်း ...မျက်မျှ ညည်းညူခြင်းမရှိပေ။

'...မင်း သိပ်ပြီး သတ္တိရှိတယ်'

...ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက ချီးကျူးလိုက်သည်။

...ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် ဤမျှကြီးမားသော ဂိုဏ်း ...ကြီးရာထူးကိုရလာခဲ့လင့်ကစား တစ်ဖက်ရန်သူများအပေါ် ...က်စွာ လုပ်ခဲ့သည်။

...အတွန်တရာ ညှာတာတတ်သူ ဖြစ်၏။

...ယခုသော်....

...သူ့အား ငှက်နှင့် တိုက်ခိုက်ခြင်း၊ ခွေးနှင့် တိုက်ခိုက်ခြင်း ...ပ်ခံရသဖြင့် သူ့သိက္ခာ အစော်ကားခံရသည်ဟု ယူဆကာ ...ရက်ရက်စက်စက်လုပ်နေခြင်း ဖြစ်သည်။

...ထိုစဉ်....

...တက်မှုဆရာတော်၏အသံကို ကြားရသည်။

'...ဘာလဲ၊ ဇကာတို့က လူများတယ်၊ နိုင်မယ်လို့ ထင်နေ... ...ား'

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏တိုက်ကွက်များမှာ တဒင်္ဂအတွင်း လျှပ်စီး သကဲ့သို့ လျှင်မြန်လာကာ ရန်သူနှစ်ယောက်စလုံးကို သေး ပိတ်ပစ်လိုက်သည်။

ဟိုကတော်ကလည်း သူ့ရန်သူများကို ကောင်းစွာထိန်း ၍ တိုက်ခိုက်နေသည်။

ဖေကုံးလျှန်သည် သူ့ရန်သူ နှစ်ယောက်စလုံးကို ပြင်း သော တိုက်ကွက်များကိုသုံးလျက် အဆုံးစီရင်ပစ်လိုက်၏

ဖေကုံးလျှန်သည် ဟိုကတော်နှင့်တိုက်နေသည့် ရန်သူ နှင့် ဂိုဏ်းချုပ်ကြီး အိုယန်ထုံက အဆစ်ဖြုတ်ထားသည် တိုကိုပါ အပြတ်ရှင်းပစ်သည်။

ဖေကုံးလျှန်ကား အရပ်ပုသလောက် စိတ်ဓာတ် ရက်စက်သူပေတည်း။

'ခင်ဗျားတို့က ရန်သူကို သိပ်ညှာနေကြတာကိုး၊ ရန်သ တာ ဒီခြံအပြင်ဘက်က သစ်တောထဲမှာ ဘယ်လော တယ်ဆိုတာ ဘယ်သူမှမသိနိုင်ဘူး၊ စစ်ကူမရောက်ခင် သုတ်သင်ယားမှ ကျုပ်တို့ အခြေးသာတော့မပေါ့'

မှန်သည်။

သူ့စကားမဆုံးမီ ခြံဝင်းအပြင်ဘက် ပတ်ဝန်းကျင် ခေါက်ငဲ့ အချက်ပေးသံများ ကြားရတော့သည်။



ဟိုခနေရာတစ်မျိုး သည်နေရာတစ်မျိုး အမျိုးမျိုး ခေါက်နေ သဖြင့် ရန်သူအင်အား မနည်းကြောင်း ခန့်မှန်း၍ရပေသည်။

'ကဲ....ကျုပ် အပြင်ထွက်ကြည့်မယ်'

'ကျုပ်လဲ လိုက်ခဲ့မယ် နောင်ကြီး ဖေကုံးလျှန်'

ဖေကုံးလျှန် ခုန်ထွက်သွားသောအခါ အိုယန်ထုံလည်း နောက်မှလိုက်သွားလေ၏။

ဟိုကတော်ကြီးလည်း လိုက်ပါသွားသည်။

ဟိုကတော်ကြီးသည် ကျေးရွာ အစွန်အဖျား ခြံဝင်းကြီးထဲ သို့ တောနက်ဂိုဏ်းကို လျှို့ဝှက်သိပ်သည်းစွာ ဖွဲ့စည်းထားခဲ့ရာ ယခုကဲ့သို့ မအေးချမ်းသော အဖြစ်များ ရောက်ရှိလာသဖြင့် လွန်တာရာ စိတ်ပူပြီး လိုက်သွားခြင်း ဖြစ်သည်။

တက်မုဆရာတော်တစ်ပါးတည်းသာ ကျန်ခဲ့သည်။

မကြာမီ တုံးခေါက်သံများ ရပ်သွား၏။

ဟိုကတော်၏ ခြံဝင်းထဲသို့ လူတစ်ယောက် ခုန်ပျံဝင်ရောက် လာသည်။

တက်မုဆရာတော်သည် သတိကြီးစွာထား၍ အကဲခတ်နေလေ ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာတော်'

အနီရောင်ဝတ်စုံဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက်သည် တက်မုဆရာတော်ရှေ့သို့ ရောက်ရှိလာ၏။

ထိုမိန်းကလေးသည် အလွန်လှပသည်။

ကျစ်ဆံမြီးရှည် နှစ်ဖက်ချထားပြီး ကြည်လဲ့သော မျက်လုံးကလေးများ ရှိသည်။

သို့သော်....

သူမ၏သိုင်းပညာက အံ့ဖွယ်ဖြစ်ရသည်။

'ဆရာတော် တပည့်တော်အစ်မ ဘယ်မှာလဲ'

'ဘယ်သူလဲ၊ မင်းရဲ့အစ်မက ဘယ်သူလဲ'

'ဝတ်စုံဖြူအမြဲဝတ်ဆင်တယ်လေ၊ နိုင်ချစ်နော်လို့ခေါ်တယ်'

'ဪ....သူက မင်းရဲ့အစ်မကိုး'

'ဪ....မင်းရဲ့အစ်မကို ကျုပ်တို့ အရှင်ဖမ်းထားပြီ ကွယ်'

'တပည့်တော်ရဲ့အစ်မကို ဖမ်းထားတယ် ဟုတ်လား'



'ဟုတ်တယ် ဖမ်းထားလိုက်ပြီ၊ ဒါထက် မင်းတို့ရဲ့ မွေးစားဖခင် ကွန်လုံဝမ် ပါမလာဘူးလား'

အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးက ဟက်ဟက်ပက်ပက် ရယ်သည်။

'တကယ်လို့ အဖေကိုယ်တိုင် ဒီကိုလိုက်လာရင် ဟောဒီ ခြံဝင်းတစ်ခုလုံး လောင်မီးကျသလို ဖြစ်သွားမယ်ရှင့်'

စင်စစ် သူတို့သည် ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်၏ တပည့်များသာ ဖြစ်သည်။

သို့သော်....

သူတို့သည် ကွယ်ရာတွင် ကွန်လုံဝမ်အား မွေးစားဖခင်ကြီးဟုပင် ပြောဆိုခေါ်ဝေါ်ကြသည်။

'တပည့်တော်ရဲ့အစ်မကို ဘယ်မှာ ထုက်ထားသလဲ၊ အဲဒါ မှန်မှန်ပြောပါ၊ တကယ်လို့ မပြောခဲ့ရင် တပည့်တော်တို့ရဲ့ မွေးစားဖခင်ကြီးကိုယ်တိုင် ရောက်ရှိလာနိုင်တယ်၊ အဲဒီအခါကျမှ အားလုံး ဒုက္ခရောက်ကုန်မယ်'

တက်မုဆရာတော်က ပြုံးသည်။

'ကျုပ်တို့ကမင်းရဲ့အစ်မကို အရှင်ဖမ်းထားတယ်ဆိုတဲ့နောက် ဘာ့ မင်းရဲ့ မွေးစားဖအေကြီးကို မကြောက်လို့ပဲပေါ့ မိန်းကလေးရယ်'

www.burmeseclassic.com

www.burmeseclassic.com



အဒီရှောင်ဝတ်စုံ ဝတ်ဆင်သည့် မိန်းကလေးသည် စိတ်ဆိုး သွား၏။

သူ့အိတ်ထဲမှ ခရာကလေးတစ်ခုကို ထုတ်ပြီး မှုတ်သည်။

ခရာသံ ဆူညံစွာ ပေါ်လာ၏။

ထိုအခါ အဝေးမှ တုံးခေါက်သံများ စည်းကိုက်ဝါးကိုက် ထွက်ပေါ်လာပြန်သည်။

တက်မှုဆရာတော်က ပြုံး၍ပြောသည်။

'ဘာလဲ ဒါက စစ်ကူခေါ်တာလား'

'ဟုတ်တယ်'

'အေး...မင်းရဲ့စစ်ကူမလာခင် မင်းဒီကနေ မြန်မြန်ကလေ ထွက်သွားပေတော့၊ ကျုပ်တို့ မိတ်ဆွေတစ်ယောက်ဟာ အ မတန် ရက်စက်တယ်၊ သူပြန်လာရင် မင်းပြောပုံ ဆိုပေါက်မျိုး မြန်မြန်အသတ်ခံရမှာ သေချာတယ်'

ဆရာတော်သည် ဖေကုံးလျှန်အား ရည်ရွယ်၍ပြောနေခြ ဖြစ်သည်။

ယခုမှ ဖေကုံးလျှန်သည် ဘယ်ဆီရောက်နေပြီ မသိပေ။

မိန်းကလေး၏မျက်လုံးများသည် ခြံဝင်းထဲ လှည့်ပတ်ကြ ရှုနေ၏။



ထို့နောက် ဆရာတော်အား စကားမပြောတော့ဘဲ လျှို့ဝှက် င်ပေါက်ဖြစ်သည့် ပန်းခြံအနီးသို့ လျှောက်သွားသည်။

တက်မှုဆရာတော်သည် မြေအောက်ဝင်ပေါက်ဆီသို့ မိန်း လေး တန်းတန်းမတ်မတ်သွားနေသောအခါ ထိတ်လန့်သွား တော့၏။

'ဟင်...သူက ဝင်ပေါက်ကို သိနေပါလား၊ အံ့ဩစရာပဲ'

တက်မှုဆရာတော်သည် စိတ်ထဲမှ တွေးမိသည်နှင့် လှမ်း၍ ဘော်ဟစ်လိုက်၏။

'ဟေ့...ရပ်လိုက်စမ်း'

မိန်းကလေးသည် ရပ်လိုက်၏။

'ဘာလဲ ဆရာတော်က တပည့်တော်ကို အမိန့်ပေးနိုင်မယ် င်နေသလား၊ ဆရာတော်သာ သတိထားပါ'

သူမသည် တက်မှုဆရာတော်အား ပြန်လည်ခြိမ်းခြောက်ပြီး ပန်းချုံတံခါးအနီးသို့ တိုးသွားပြန်သည်။

တက်မှုဆရာတော်သည် မတတ်သာတော့ဘဲ မိန်းကလေး နောက်သို့ ခုန်ပျံလိုက်ကာ တားဆီးရတော့သည်။

'ဘာလဲ ဆရာတော်က တပည့်တော်ကို အနှောင့်အယှက် ပေးပြန်ပြီလား'

www.burmeseclassic.com

www.burmeseclassic.com



လူမသည် သူမ၏နောက်သို့ ပြန်သွန်ပြရင်း....

'ဆရာတော် တပည့်တော်ကို လက်ဖျားနဲ့မတို့ခင် ဟိုနှစ်ယောက်ကို နိုင်အောင်တိုက်ခိုက်ပါဦး'

တက်မုဆရာတော်က ခြံဝသို့ ကပျာကယာ လှမ်းကြည့်လိုက်ရာ ပိန်ခြောက်သော အဘိုးအိုနှစ်ယောက် လမ်းလျှောက်လာသည်ကို တွေ့ရသည်။

လူ့ခန္ဓာကိုယ်ကသာ ပိန်ခြောက်သည်၊

မျက်လုံးများကတော့ အရောင်တောက်ပလှသည်။

တက်မုဆရာတော်မှာ စိတ်ထဲ၌မသက်မသာ ဖြစ်သွားသည်

'ဟင်း....ဒီလူတွေဟာ ရိုးရိုးသိုင်းသမားတွေ မဟုတ်နိုင်ဘူး ရေခဲတောင် နှင်းတောင်ကလာတဲ့ သိုင်းသမားတွေ ဖြစ်ယိမ်မယ်၊ သူတို့အသားအရေက သွေးမရှိတဲ့လူလို ဖြူပြီး မျက်လုံးအရောင်က အစိမ်းရောင် သမ်းနေတယ်'

ထိုလူနှစ်ယောက်သည် မီးခိုးရောင်ဝတ်စုံကို ဆင်တူဝတ်ဆင်ထားကြ၏။

ဆရာတော်၏အနီးသို့ရောက်လာသော်လည်း ထိုလူနှစ်ယောက်စလုံး လုံးဝစကားမပြောကြပေ။

တက်မုဆရာတော်က စတင်၍ နှုတ်ဆက်သည်။



'ဒကာတို့ရဲ့ပုံပန်းသဏ္ဌာန်ကိုကြည့်ရတာ သိုင်းလောကသားတွေ အပြောများတဲ့ ညီအစ်ကိုနှစ်ယောက်ရဲ့ ပုံသဏ္ဌာန်ပဲ၊ ဒါပေမယ့် ဒကာတို့ ဘယ်သူဖြစ်တယ်ဆိုတာ ခုထက်ထိ စဉ်းစားလို့မရဘူး'

လက်ဝဲဘက်မှအဘိုးကြီးက ရှိုင်းရှိုင်းစိုင်းစိုင်းပင် ပြောသည်၊

'ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ကို သိုင်းလောကသားတိုင်း သိတယ်၊ ဘုန်းကြီးမသိတာ ဘုန်းကြီးညံ့လို့ပဲ'

အနီရောင်ဝတ်စုံဝတ်မိန်းကလေးနှင့်ထိုအဘိုးကြီးနှစ်ယောက်တို့သည် လျှို့ဝှက်ပန်းချုံအတွင်းသို့ ခွတ်ဝင်ရန် ဟန်ပြင်ကြသည်။

ဆရာတော်က လက်ကမြှောက်၍ တားသည်၊

'သည်းခံကြပါ၊ ဒါဟာ တောနက်ဂိုဏ်းရဲ့ ပိုင်နက်ဖြစ်တယ်၊ ကိုယ့်အရပ်ကိုယ့်ဒေသ မဟုတ်ဘဲနဲ့ အခွင့်မလို အတင်းအဓမ္မဝင်တာ မကောင်းပါဘူး'

လက်ယာဘက်မှ အဘိုးအိုက မောက်မာစွာ ပြောသည်။

'ဘာဖြစ်သလဲ၊ ကျုပ်တို့ကို ဘယ်သူတားရဲလို့လဲ၊ ကျုပ်တို့ဘာသာ ဝင်ချင်ရင်ဝင်မယ်၊ ထွက်ချင်ရင်ထွက်မယ်'

စကားဆုံးသည်နှင့် အဘိုးအိုနှစ်ယောက်သည် တက်မုဆရာတော်အား တရစပ် တိုက်ခိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



လေဟာပ်သောအခါ အအေးဓာတ် လွှင့်ပျံလာသည်ကို ခံစားလိုက်ရသဖြင့် ဤသူနှစ်ယောက်သည် အအေးဓာတ် အဆိပ်လက်ဝါးကို လေ့ကျင့်ထားသူများဖြစ်ကြောင်း သိလိုက်ရ၏။

တက်မုဆရာတော်သည် မနေပါဆင့်ဘော့ပေ။

တဖြည်းဖြည်း နောက်ဆုတ်ပေးသွားရ၏။

ဆရာတော်က နောက်ဆုတ်လေ အတိုးအိုနှစ်ဦးက မိတိုက်ကြလေပင်။

ထိုအချိန်မှာပင် ခြံထဲသို့ လူရိပ်များ ပြေးဝင်လာကြသည်။

ရေခဲတောင်မှ အဘိုးကြီးနှစ်ဦးသည် သူတို့၏ တိုက်ကွက်များကို ရုပ်သိမ်းလိုက်သဖြင့် တက်မုဆရာတော်အနေဖြင့် ဝင်လာသူများကို အကဲခတ်ခွင့်ရလိုက်သည်။

အနက်ရောင်ကိုယ်ကျပ်ဝတ်စုံ ဝတ်ဆင်ထားသည့် ခါးသမားငါးယောက်ပေတည်း။

ကိုယ်ကျပ်ဝတ်စုံဝတ် ခါးသမားများသည် လှချင်းပိတ်ပြီး တန်းစီရပ်နေကြသည်။

သူတို့လက်ထဲတွင် တောနက်ဂိုဏ်းမှ အစိမ်းရောင် ဝတ်စုံဝတ်သည့် မိန်းကလေးနှစ်ယောက်ကို ဖမ်းဆီး ချုပ်ကိုင်ထားကြ၏။



မိန်းကလေးနှစ်ဦးမှာ သွေးကြောပိတ်ခံထားရဟန်တူသည်။

လုံးဝ စကားမပြောနိုင်ပေ။

အကျီနီဝတ်ထားသည့် မိန်းကလေးက ထိုအကျဉ်းသားနှစ်ယောက်ကို လက်ညှိုးထိုးပြလျက် တက်မုဆရာတော်အား ပြောသည်။

'ဆရာတော် တွေ့ပြီမဟုတ်လား၊ ဒီပတ်ဝန်းကျင်မှာ ဆရာတော်ကစ်ယောက်ပဲ ကျန်တော့တယ်၊ ကျန်တဲ့လူအားလုံး ဂိစ္စချောကုန်ပြီ၊ ပြေးတဲ့လူလဲ ပြေးကုန်ပြီ'

တက်မုဆရာတော်သည် ထိုစကားကို မယုံပေ။

အိုယန်ထိုနှင့် ဖေကုံးလျှန်တို့ကဲ့သို့သော လူများသည် သူ့အား မညီသည့်နည်းနှင့်မျှ တစ်ယောက်တည်း ထားပစ်ခဲ့ကြမည့်သူများ မဟုတ်ပေ။

သို့သော် လက်ရှိ အခြေအနေကလည်း အံ့ဩစရာကောင်းနေသည်။

အိုယန်ထိုနှင့် ဖေကုံးလျှန်တို့ မည်သည့်နေရာသို့ ရောက်ရှိနေကြသနည်း။

အကျီနီမိန်းကလေးသည် တက်မုဆရာတော် တွေးနေသည်ကို ကြည့်ပြီး တခစ်ခစ် ရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာတော်…တပည့်တော်က သိပ်မရိုင်းပါဘူး၊ ဆရာတော် လက်မြောက် အရှုံးပေးမယ်ဆိုရင် ကိစ္စက အေးသွားပါပြီ၊ ခါကနတော့ စဉ်းစားချိန်ပေးမယ်'

တက်မုဆရာတော်သည် အတွေးလွန်နေရာမှ အင်္ဂါနီ မိန်းကလေး၏စကားကို ကြားလိုက်ရပြီး သတိပြန်ဝင်လာသည်။

'ဟာင်း…ဟာင်း…ဟာင်း၊ ကျုပ်ကတော့ အဖမ်းခံချင်ပါရဲ့ ဒါပေမယ့် ရှောင်လင်ကျောင်းတော်ရဲ့ သိက္ခာကို အထိခံနိုင်တဲ့အတွက် အဖမ်းမခံလိုတော့ပါဘူး'

'ဘာဖြစ်လဲ၊ ဆရာတော် တစ်ကိုယ်တည်း အဖမ်းခံတာပဲ ရှောင်လင်တစ်ကျောင်းလုံး အဖမ်းခံရတာမှမဟုတ်ဘဲ'

'ကျုပ်က ရှောင်လင် ဘုန်းကြီး ဆိုတော့ ကျုပ်ကြောင့် ရှောင်လင်ကျောင်း သိက္ခာကျသွားနိုင်တာပဲ'

အင်္ဂါနီ မိန်းကလေးသည် ကိုယ်ကျပ်ဝတ်စုံ ဝတ်ဆင်ထားသည့် သိုင်းသမားများကို လှည့်ကြည့်ပြီး အမိန့်ပေးလိုက်၏။

'ကဲ…မင်းတို့ဖမ်းလာတဲ့ မိန်းမနှစ်ယောက်ကို အဆုံးစီရင်ပစ်လိုက်တော့'

တက်မု ဆရာတော်သည် ငယ်ရွယ် ချောမောသလောက် ရက်စက်သည့် စိတ်ဓာတ်ရှိသည့် မိန်းကလေးအား အံ့သြသွားသည်။



ကိုယ်ကျပ်ဝတ်စုံဝတ်ဆင်ထားသည့် သိုင်းသမားနှစ်ယောက်သည် ဓားများကို ဆွဲထုတ်ပြီး အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်သည့် မိန်းကလေးနှစ်ဦးအား သတ်ရန် ဟန်ပြင်လိုက်ကြ၏။

သို့သော်…

'အင့်….'

'အင့်….'

ကိုယ်ကျပ်ဝတ်စုံဝတ်ဆင်သည့် သိုင်းသမားနှစ်ယောက်စလုံး တစ်ချက်စီမျှသာ ညည်းညူပြီး လဲကျသွားသည်။

အင်္ဂါနီ ဝတ်ဆင်သည့် မိန်းကလေးကော ရေခဲတောင်မှ အဘိုးအိုနှစ်ဦးပါ ထိတ်လန့်သွားကြသည်။

အင်္ဂါနီဝတ် မိန်းကလေးသည် ခုန်ဝင်သွားပြီး ကိုယ်ကျပ်ဝတ်စုံနှစ်ယောက်ကို စစ်ဆေးလိုက်သည်။

ဒဏ်ရာမရှိ။

သို့သော် ပုတီးစေ့ တစ်လုံးစီသည် ကိုယ်ကျပ်ဝတ်စုံကို ဖောက်ထွင်းလျက် လက်ပြင်အကြောသဲသို့ နစ်ဝင်လျက်ရှိ၏။

အင်္ဂါနီဝတ် မိန်းကလေးက ဒေါသနှင့်မောနှင့် လှည့်၍ ရန်တွေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာတော်...ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက် လက်နက်ပုန်းနဲ့ ပစ်တာလဲ'

တက်မှုဆရာတော်က လေအေးအေးဖြင့် ရှင်းပြသည်။

'အထင်မမှားပါနဲ့လေ၊ ကျုပ်က ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက် လုပ်ရမှာလဲ၊ ကျုပ်က ဟိုမိန်းကလေး နှစ်ယောက်ရဲ့ အသက်ကိုကယ်ဖို့ ပုတီးစေ့နဲ့ပစ်ပြီး အကြောပိတ်လိုက်တာပါ၊ ကျုပ် ဖြောင်လုပ်တာကို မင်းမှ မတွေ့ဘဲကိုး'

'ဟင်း....ဆရာတော်က တပည့်တော်တို့ကို ပညာပြတယ်ပေါ့၊ ကောင်းပြီ၊ ဆရာတော်ရဲ့ပညာ ဘယ်လောက်ကောင်းသလဲဆိုတာ အခု စမ်းကြည့်မယ်'

အင်္ဂျီနီမိန်းကလေးသည် စကားဆုံးသည်နှင့် လျှပ်တစ်ပြက် ခုန်အုပ်လေတော့သည်။

တက်မှုဆရာတော်သည် ယခုရောက်ရှိလာသည့်အုပ်စု၌ ဤအင်္ဂျီနီ မိန်းကလေးသာ ခေါင်းဆောင်ဖြစ်မှန်း သိရှိပြီး ဖြစ်သည်။

'အင်း...ဟို အအေးခာတ်အဆိပ်ကျင့်ထားတဲ့ အသိုးကြီး နှစ်ယောက်ကို အနိုင်ယူချင်ရင် ဒီကလေးမကလေးကို အနိုင်ယူ ထားမှဖြစ်မယ်၊ သူခိုးအုပ်စုကိုမဖမ်းခင် သူခိုးခေါင်းဆောင်ကို ဖမ်းရတဲ့ သဘောအတိုင်းပဲပေါ့'



တက်မှုဆရာတော်သည် နတ်သား ဆယ့်နှစ်ယောက် သိုင်း ကွက်ကို ရိုက်ထုတ်ပြီး မိန်းကလေးကို အမိအရ ဖမ်းနိုင်ရန် ကြိုးစားသည်။

သူ၏ပညာဖြင့် ကလေးမလေးအား အသေသတ်လည်း ကောင်း၊ ဒဏ်ရာရစေရန် သော်လည်းကောင်း တိုက်ခိုက်နိုင် သည်ဟု ယုံကြည်သည်။

သို့သော် အမိဖမ်းပြီးစစ်ဆေးရန် စိတ်ထက်သန်နေသဖြင့် ပြင်းထန်သောသိုင်းကွက်ကို မသုံးပေ။

ဆရာတော်က သူ့စိတ်ထဲမှ ထင်သာ ထင်မိသည်၊

အကယ်စင်စစ် မိန်းကလေးအား လုံးဝမထိခိုက်ဘဲ ဖြစ် နေ၏။

ဖမ်းလျှင်လည်း လျှောခနဲလျှောခနဲ ထွက်သွားသည်။

တက်မှုဆရာတော်က သုံးကြိမ်လောက်တိုက်မှ မိန်းကလေး က တစ်ကြိမ်လောက်သာ ပြန်တိုက်သည်။

ဤအကြိမ်များ၌ လှပစွာ ရှောင်တိမ်းရုံသာ ရှောင်တိမ်း သည်။

သူမသည် တမင်သက်သက်ပင် သူမ၏ဖျတ်လတ်မှု သွက်မြန် မှုများကို ပညာပြသလိုက်သလိုဖြစ် နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကွက် ဆယ်ကွက်ကျော်ပြီဖြစ်သော်လည်း နှစ်ယောက်သား အရှုံးအနိုင်မခွဲပါသေးပေ။

တက်မုဆရာတော်မှာ စိတ်မရှည်ချင်တော့ပေ။

လက်ဝါးသိုင်းကွက်ကို ရုတ်တရက် ပြောင်းလဲလိုက်၏။

ရှောင်လင်ကျောင်း၏ သံမဏိလက်ဝါးသိုင်းကို သုံး၍ နှစ်ချက်ဆက်တိုက် ရိုက်သည်။

အင်္ဂျီနီမိန်းကလေးသည် တက်မုဆရာတော်၏ တိုက်ကွက်ကို အလွန်ဘာရာ ကြောက်လန့်သည့်ပုံစံဖြင့် နောက်သို့ ခုန်ရှောင်သွား၏။

ခုနစ်ပေရှစ်ပေခန့်အထိ ခုန်ရှောင်သွားသဖြင့် တက်မုဆရာတော် အံ့အားသင့်သွား၏။

အဘယ်ကြောင့် နောက်ဆုတ်သွားရသနည်း။

သို့ရာတွင် အင်္ဂျီနီမိန်းကလေးသည် သူရှောင်သွားသည့်နေရာ၌ ပြုံးပြုံးဘလေးရပ်ပြီး ကြည့်နေသည်။

တက်မုဆရာတော်၏ဦးခေါင်းထဲ၌ တစ်စုံတစ်ခု ထူးခြားနေပြီဟု ထင်ပြူမိလိုက်သည်။

ထိုတစ်ခဏ၌ပင် မူးရိပ်ရိပ်ဖြစ်သွားသဖြင့် ဆရာတော်မှာ လဲကျတော့မည်ကဲ့သို့ ဖြစ်သွားသည်။



သို့သော် သူ့ခန္ဓာကိုယ်ကို ထိန်းလိုက်သဖြင့် လဲကျမသွားပေ။

ဆရာတော်သည် အတွေ့အကြုံ ဗဟုသုတ ကြွယ်ဝသူဖြစ်၏။

သူကဲ့သို့သော သိုင်းသမားအရင့်အမာကြီး တစ်ယောက်ကယ့်သို့ မူးဝေခြင်းဖြစ်လာသည်ကိုသိသည်နှင့် အင်္ဂျီနီမိန်းကလေး၏ယုတ်မာကောက်ကျစ်မှုကို တစ်ချက်တည်းနှင့်သိလိုက်မိတော့သည်။

'ဟင်း....သူက ငါ့ကိုတမင်ရှောင်တိမ်းပြီး အနံ့အသက်မရှိတဲ့ အဆိပ်ငွေ့ကို လေထဲ လွှင့်ပေးနေတာကိုး၊ အင်း....ငါလုပ်ကြံခံရဘာလဲ အင်မတန်နှစ်နာတာပဲ၊ ဒီမလောက်လေးလောက်စား ကလေးမကလေး ငါ့ကို လုပ်ကြံလိုက်တယ်လို့ကမ်းလောကသားတွေသိရင် ရယ်ကြတော့မှာပဲ'

စင်စစ် ဆရာတော် အတွေး မှားနေခြင်းသာ ဖြစ်သည်။

မြွေဆိုးဟူသည် ကြီးသည်ငယ်သည်မဟူ အန္တရာယ်ပေးနိုင်သည်သာ ဖြစ်၏။

ဤမိန်းကလေးသည် အလွန်ဟာရာ ရက်စက်ကြမ်းကြုတ်လှသော ကွန်လုံဝမ်၏ မွေးစားသမီးဖြစ်ရာ အဘယ်မှာလျှင်မိန်းကလေးတစ်ယောက် ဖြစ်နိုင်ပါတော့မည်နည်း။

တက်မုဆရာတော်သည် အဆိပ်မှုန့်ဖြင့် လုပ်ကြံ ခံရပြီကိုသိမိသည်နှင့် ရှောင်လင်ဂိုဏ်း၏ အထက်တန်း အတွင်းအား

www.burmeseclassic.com



ပညာကို လေ့ကျင့်၍ အဆိပ်များ တစ်ကိုယ်လုံးသို့ မပျံ့နှံ့စေ ကြိုးစားသည်။

သူ၏စိတ်ကို တစ်နေရာတည်း၌ တည်ငြိမ်နေအောင် စားသည်။

ဆရာတော်၏ကြိုးစားမှုမှာ အချည်းအနှီးမဖြစ်ပေ။

မူးဝေခြင်းများ ပျောက်ကွယ်သွားပြီး ဦးခေါင်း ကြည်လင်လာသည်။

အင်္ကျီနီမိန်းကလေးသည် လူကငယ်သည်။

အတွေ့အကြုံက မငယ်ပေ။

ဆရာတော် ဘာလုပ်နေသည်ကို ချက်ချင်း ရိပ်မိ၏။

အဘယ်မှာလျှင် ဤသို့ ခွင့်ပြုနိုင်ပါမည်နည်း။

'ဟေ့...ဒီတရုတ်ဘုန်းကြီးကို ဒီအတိုင်းကြည့်မနေနဲ့ တိုက်ကြစမ်း'

ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသည့် သိုင်းသမား ယောက်သည် လျှပ်တစ်ပြက် ပြေးဝင်လာကြ၏။

တက်မုဆရာတော်မှာ နောက်ထပ် အချိန်အနည်းငယ် အတွင်းအား လေ့ကျင့်ချိန်ရလျှင် သူမိထားသည့် အဆိ များ ပျက်ပြယ်သွားနိုင်သည်။



ယခုသော်...

တက်မုဆရာတော်သည် အတွင်းအားလေ့ကျင့်ခြင်းကို ရပ်င်း၍ ရန်သူ့ဓားသမားများအား ရင်ဆိုင်ရတော့သည်။

'ဝှီး...ဝှစ်...ဝှစ်'

ကိုယ်ကျပ်အင်္ကျီဝတ် ဓားသမားများ၏ ဓားများသည် က်မုဆရာတော်၏ နားရွက်အနီးမှလည်းကောင်း၊ လက်မောင်း နီးမှလည်းကောင်း၊ ခါးအနီးမှလည်းကောင်း ပွတ်ကာသီ ာဖြတ်သန်းသွားကြ၏။

ဆရာတော်သည် ခေါင်းငုံ့၍ ကိုယ်စောင်း၍ ခြေထောက် စက်ဝိုင်းပမာလှည့်၍ လှုပ်ရှား ရှောင်တိမ်း သွားလေ၏။

လူ့လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

ရှောင်လင်ကျောင်း၏ သံသဏ္ဍာလက်ဝါး၊ ကျောက်ခဲကို ကြေမွခစေနိုင်သည့်လက်ဝါး၊ ကြောက်မက်ဖွယ်ရာ သတ်ဝါး။

'ဝုန်း....'

ကိုယ်ကျပ်အင်္ကျီ ဝတ်ထားသည့် ဓားသမား တစ်ယောက် စဉ်ထွက်သွားသည်။

တစ်ချက်တည်းနှင့် အသက်ထွက် သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်မှာလျှင် အသက်မထွက်ဘဲ ခံနိုင်ပါအံ့နည်း။

ဦးခေါင်းတစ်ခုလုံး ကြေမွသွားသည် မဟုတ်ပါလား။

ကျန်နှစ်ယောက်က ဆက်လက် တိုက်ခိုက်ကြသည်။

ဓားစွမ်းကောင်းလှသည်ကတော့ အမှန်။

တော်ရုံတန်ရုံ ဓားသမားသည် သူတို့၏ ဓားချက်အော ခန္ဓာကိုယ် အပိုင်းပိုင်း အတစ်တစ် ဖြစ်သွားနိုင်သည်။

'ဂွီး....ဝှစ်....ဝှစ်'

တက်မုဆရာတော်သည် ရှောင်တိမ်းရင်းမှ ဓားသမား ယောက်ကို တွန်းထုတ်လိုက်၏။

သူသည် ရှောင်လင်ဘုန်းတော်ကြီးဖြစ်သည့်အတွက် လူ တို့၏အသက်ကို ပုရွက်ဆိတ်များပမာ မသတ်လိုပေ။

ဆရာတော်က အင်္ဂျီနီ မိန်းကလေးအား လှမ်းပြော

'ဟဲ....ဒကာမ၊ ခင်းဟာ အသက်ငယ်သလောက် မ ရက်စက် ကြံဘာပါပဲလား၊ သိုင်းပညာချင်းပြိုင်တာ ဘာ အဆိပ်မှုန့် သုံးရတာလဲ'

အင်္ဂျီနီ မိန်းကလေးက ရယ်သည်။



'သိုင်းပညာပြိုင်တာတော့ ဟုတ်တယ်၊ ဒါပေမယ့် ဒီမှာ တာမသုံးရဘူး ညာမသုံးရဘူးလို့ စည်းကမ်းထားတာမှ မဟုတ် တာ'

'ဟဲ....သိုင်းလောကရဲ့ စည်းကမ်းကို ဘယ်သွားထားမလဲ၊ ွန်လုံဝမ်ရဲ့ လက်အောက်က လူတွေက ဒီလိုပက်စက်တာချည်း လား'

'ရက်စက်တယ်၊ ဟောဟိုမှာ ကြည့်စမ်း'

တက်မုဆရာတော်သည် အင်္ဂျီနီမိန်းကလေးပြသည့် နေရာသို့ မ်းကြည့်လိုက်၏။

စောစောက သူ အသက်ကယ်တင်ခဲ့သည့် အစိမ်းရောင် တ်စုံဝတ် မိန်းကလေးနှစ်ဦးမှာ သွေးအိုင်ထဲ၌ အသက်ပျောက် နေပေပြီ။

အလွန်တရာ ရက်စက်သော လူသတ်မှုဖြစ်ပေသည်။

တရားသော ယှဉ်ပြိုင်မှု မဟုတ်ပေ။

သိုင်းလောက၏ထုံးစံလည်း မဟုတ်ပေ။

တက်မုဆရာတော် စိတ်ပျက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၀)

## ပြန်လည်ကယ်တင်ခြင်း

အင်္ဂါနီမိန်းကလေးက တက်မုဆရာတော်၏ စိတ်ပျက်နေမှု[...] ကြည့်ပြီး တခစ်ခစ် ရယ်လေ၏။

'ဟပဉ္စတော် ဒီကိုရောက်လာတာ အကောင်းမဟုတ်[...] ဟပဉ္စတော်ရဲ့အစ်မကို လာကယ်တာ၊ အစ်မကို မတွေ့ရင်[...] ဟောဒီ အဆောက်အအုံတွေအားလုံး မီးရှို့ပစ်မယ်၊ ခြံထဲ[...] မြက်ပင်တစ်ပင်တောင် မကျန်စေရဘူး၊ အားလုံးကို မီး[...] ပစ်မယ်'

'ဪ အဲဒါဖြစ်သလဲ၊ လုပ်နိုင်မှုင်လုပ်ပေါ့'

'ဘပဉ္စတော်က တောနက်ဂိုဏ်းရဲ့ ကိုယ်စားအဖြစ် ဆ[...] တော်ကို ဆက်ဆံဆွေးနွေးနေတာ'



'ကျုပ်က တောနက်ဂိုဏ်းရဲ့ ဂိုဏ်းချုပ် ဟိုကာတော်မဟုတ်ပါဘူး၊ ဆွေးနွေးနေလို့ အပိုပါပဲ'

တက်မုဆရာတော်သည် အို့ယန်ထု၊ ဖေကုလျှန်နှင့် ဟိုကာတော်တို့ ပျောက်ကွယ်သွားပုံကို တွေး၍မရဘဲ ဖြစ်နေသည်။

ထို့ပြင် မြေအောက်ခန်းထဲ၌ နိုင်ချစ်နော်ဆိုသည့် စုန်းကဝေကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသည့် မိန်းကလေး ကျန်ရစ်ခဲ့သေးသည် မဟုတ်ပါလော။

ဆရာတော်အနေဖြင့် တစ်ချက်တွေးမိသည်မှာ ဟိုကာတော်၏ တပည့် လက်သားများသည် အခြား လျှို့ဝှက်ဝင်ပေါက်မှနေ၍ နိုင်ချစ်နော်ဆိုသည့်မိန်းကလေးကို မထုတ်သွားနိုင်သည်ဆိုသည့် အချက်ပင်ဖြစ်ပေသည်။

'ဆရာတော် အဖမ်းခံဖို့ စဉ်းစားပြီးပြီလား၊ အဖမ်းမခံချင်ဘူးဆိုရင်၊ ဟောဒီက အဆောက်အအုံတွေလဲ မီးရှို့မခံချင်ဘူးဆိုရင်တော့ ကျွန်မအစ်မကို ပေးအပ်ပေတော့'

'ဒကာမလေး... ကျုပ်ရဲ့ ရှောင်လင်ကျောင်းတော်နဲ့ပိုင်တဲ့ [...]ဆိုရင်တောင် ကျုပ်တို့ရဲ့ဂိုဏ်းချုပ် ဆရာတော်ကြီးတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒသဘောသားကို မေးလျှောက်ရဦးမယ်၊ အခု ဒကာမလေး ကိစ္စက ကျုပ်နဲ့ ဘယ်လိုမှ မပတ်သက်ဘူး၊ တောနက်ဂိုဏ်းဆိုတာလဲ ကျုပ်နဲ့ မပတ်သက်ဘူး၊ ဒကာမလေးရဲ့ အစ်မကို လာဖမ်းတာကလဲ ကျုပ်မဟုတ်ဘူး'

'ဒီလိုဆိုရင် ရှင်းနေပြီပေါ့၊ ဆရာတော်ကို ဘာမှ အရေး စိုက်စရာ မလိုတော့ဘူးပေါ့'

ထိုသို့ စကားပြောနေစဉ် ဆရာတော်မှာ မျက်လုံးများ ပြာဝေသွားသည်။

အဆိပ်....အဆိပ်က အစွမ်းပြနေလေပြီ။

အင်္ဂျီနီ မိန်းကလေးသည် တက်မှုဆရာတော် အဆိပ်တက်စေရန် တမင်ပင် စကားကြောရှည်နေခြင်း ဖြစ်သည်။

သို့မှသာ ဆရာတော်သည် အဆိပ်ဒဏ်ကို အတွင်းအားဖြင့် တန်ပြန်မခုခံနိုင်ဘဲ မြန်မြန် အဆိပ်ပျံ့နှံ့ပေလိမ့်မည်။

တက်မှုဆရာတော်သည် အဆိပ်ဒဏ်ကို တောင့်ခံရင်း ခပ်တိုးတိုး ပြောသည်။

'ဒကာမလေး....မင်းဟာ ကျုပ်တွေ့ဖူးတဲ့ ရန်သူတွေထဲမှာတော့ အကောက်ကျစ်ဆုံးပဲ၊ မင်းရဲ့ အစ်မတောင် ဒီလိုကောက်ကျစ်မယ် မထင်ဘူး'



ဆရာတော် မတွေးမိ၍သာ ဤစကားကို ပြောခြင်းဖြစ်၏။

နိုင်ချစ်နော်က သူမထက်ပင် ပိုဆိုးသေးသည်။

သူမ၏ အဆိပ်ပညာ၊ အတိုက်မေ့ဆေးပညာဖြင့် ထိပ်သီး သိုင်းသမားအတော်များများကို ထိန်းချုပ်နိုင်ပြီမဟုတ်ပါလား။

အင်္ဂျီနီ မိန်းကလေးသည် နောက်ဆုံးကျန်ရှိနေသည့် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသည့်ဓားသမားကို ဝင်တိုက်ရန်အချက် ပေးသည်။

ထိုလူက ကျားသစ်ခုန်အုပ်သလို ဆရာတော်ဆီသို့ ခုန်ဝင်၏။

'ဝုန်း....'

ထိုလူ ပြန်လည်လွင့်စဉ်ထွက်လာသည်။

လက်ထဲမှ ဓားလည်း လွင့်စဉ်သွားသည်။

သွေးအန်ပြီး ထိုနေရာ၌ ပွဲချင်းပြီးလေသည်။

'တက်ကြတော့'

အင်္ဂျီနီမိန်းကလေးသည် အအေးဓာတ်အဆိပ်ကို လေ့ကျင့်ထားဟန်တူသည့် အဘိုးကြီးနှစ်ယောက်အား ရှေ့တက်တိုက်ခိုက်ရန် အမိန့်ပေး၏။

www.burmeseclassic.com



သူမလည်း ဝင်တိုက်သည်။

တက်မုဆရာတော်သည် သေရေးရှင်ရေး အချိန်အခါဖြစ်၍ အားတင်းပြီး အစွမ်းကုန် ခုခံသည်။

သူ့အတွက်ဆိုပါက ဤမျှခုခံမည် မဟုတ်ပေ။

ရွှေပ်လင်ကျောင်းတော်၏ ဂုဏ်သိက္ခာအတွက် ဤသို့တိုက်ခိုက်နေရခြင်း ဖြစ်ပေသည်။

ဟအေးခေတ် အဆိပ်လက်ဝါး လေ့ကျင့်ထားသည့် အဘိုးကြီး နှစ်ယောက်သည် တက်မုဆရာတော်ကို လွယ်လွယ်နှင့် ဖမ်းဆီးနိုင်မည်ဟု ဆင့်ထားရာမှ ယခုကဲ့သို့ အသေအကြေတိုက်ခိုက်နေကြရသောအခါ ချွေးပြန်မဟုတ်ဖြစ်လာကြ၏။

'တက်မုဆရာတော်ဟာ ဒါကြောင့်လဲ နာမည်ကျော်ကြားတာပဲကိုး၊ အဆိပ်မိနေတာတောင်မှ သုံးယောက် တစ်ယောက် ခုခံနိုင်စွမ်းရှိသေးတယ်'

အဘိုးကြီးတစ်ယောက်က တွေးနေခြင်းဖြစ်သည်။

သူသည် တက်မုဆရာတော်အား အရှင်ဖမ်း၍မရနိုင်ဟု ယုံကြည်ထားသူလည်းဖြစ်သည်။

ထိုတခဏ်အတွင်းမှာပင် တက်မုဆရာတော်သည် မြေပြင်သို့ လဲကျသွားတော့၏။



အစ်ကိုဖြစ်ဟန်ရှိသည့် အဘိုးကြီးသည် တက်မုဆရာတော်၏ သွေးကြောကိုပိတ်ရန် ဆရာတော် အနီးသို့ ခုန်ဝင်သွား၏။

ဆရာတော်၏ လက်ကောက်ဝတ်ကို ကိုင်မိသလိုဖြစ်နေစဉ်မှာပင် ဆရာတော်၏လက်သည် ရုတ်တရက် မြောက်တက်လာ၏။

ကြောက်မက်ဖွယ်ရာ လက်သီးသည် အဘိုးကြီး၏ ရင်ခွင်အတွင်းသို့ လျှပ်ပြက်သည်နှယ် ဝင်သွား၏။

'ဂုန်း...'

အဘိုးကြီးမှာ အပေါ်သို့ပင် မြောက်တက်သွား၏။

ထို့နောက် မြေပြင်သို့ ပြန်ကျကာ ဆန့်ငင် ဆန့်ငင်ဖြင့် အကြောဆွဲပြီး အသက်ထွက်သွားသည်။

သေခြင်းတရားဟူသည် ဆန်းကြယ်လှပေစွတကား။

ဆရာတော်သည် သူ၏ နောက်ဆုံး သတိမလွတ်မီအချိန်ကလေးအထိ အားပြည့်အင်ပြည့် ခုခံသွားခဲ့သည်။

ထိုလက်သီးတစ်ချက် ထုတ်ပြီးသည်နှင့် ဆရာတော်လည်း မေ့မြောသွားလေတော့သည်။

အကိုနီ မိန်းကလေးသည် သူ့ဘက်တော်သား အများအပြား သေဆုံးရခြင်းအတွက် မည်သို့မျှ စိတ်ထိခိုက်ခြင်းမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် နောက် အတိုးကြီး ထပ်မံမဝင်ရန် လက်ဖြင့် တားလိုက်၏။

သူမကိုယ်တိုင် ဆရာတော်အနီးသို့ ချဉ်းကပ် စစ်ဆေးသည်။

'ဒီတစ်ခါတော့ သူ ဘာမှမလုပ်နိုင်တော့ပါဘူး၊ သူ့တကယ် မေ့သွားပါပြီ'

✻

ကာမုဆရာတော်သည် သတိမေ့မြောနေရာမှ ရုတ်တရက် ပြန်လည်သတိရလာ၏။

သူ မြေပြင်ပေါ်၌ လဲနေခြင်း မဟုတ်ကြောင်းကိုလည်း သတိပြုမိသည်။

'ဟင်....ငါ့ကို ခေါင်းတလားထဲ ထည့်ထားတာများလား'

ဆရာတော်သည် သူ့ပတ်ဝန်းကျင်ကို အသေအချာ လေ့လာသည်။

ကိုယ်သက်မလှုပ်ရှားနိုင်သော်သည်း ဦးခေါင်းတော့ လှုပ်နိုင်သည်။



ဘယ်ဘက်သို့လည်းကောင်း၊ ညာဘက်သို့ လည်းကောင်း စောင်းငဲ့ကြည့်ရှုနိုင်သည်။

ထိုအခါကျမှ သူ၏ အခြေအနေမှန်ကို တွေ့ရတော့သည်။

သူသည် ကြာပွင့်ကြောင့်သဏ္ဌာန်ရှိသော ကြေးခေါင်းကြီး ထဲ၌ လဲလျောင်းနေရသည်။

ထိုကြေးခေါင်းကြီးသည် ယခုအခါ ကြာပွင့်ကဲ့သို့ပွင့်ဟနေသည်။

ကြာငုံကဲ့သို့ ပြန်ပိတ်ရန် ခလုတ်များ ပါရှိပုံရသည်။

အဘယ်ကြောင့်ဆိုသော် ကြာငုံအတွင်း၌ သံချွန်ပေါင်း မြောက်မြားစွာရှိနေသည်ကို သူ တွေ့ရသောကြောင့်ပေတည်း။

ထိုကြေးခေါင်းကြီးကိုသာ ပိတ်လိုက်လျှင် အတွင်း၌ ရှိနေသည့် သံချွန်ပေါင်းမြောက်မြားစွာသည် မိမိ၏ ခန္ဓာကိုယ်ထဲ စူးဝင်ပြီး မိမိအသက်ကို ဇီဝိန်ခြွေသွားပေလိမ့်မည်။

ဆရာတော်သည် သေရမည်ကို မကြောက်ပေ။

အလွန်ဘုရာ ရက်ရက်စက်စက် စိတ်ကူးတတ်သည့် ကွန်နိုလုံဝမ်နှင့် သူ့ မွေးစားသမီးများ၏ ကြမ်းကြုတ်မှုကိုသာ အံ့ဩနေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အင်ဂျီနီမိန်းကလေး၏ သာယာနာပျော်ဖွယ်ကောင်းသောအသံ ပေါ်လာသည်။

သို့သော် အသံက သာယာသည်။

စကားပြောလာသည့် အကြောင်းအရာက မသာယာ မလှပပေ။

'ဆရာတော်...သတိရလာပြီလား၊ အဲဒီမှာ ငြိမ်ငြိမ်သာအိပ်နေပါ၊ ဟောဒီက ခလုတ်တစ်ချက်နှိပ်လိုက်တာနဲ့ ဒီကြေးခေါင်းကြီး ပိတ်ပြီး ဆရာတော် တစ်ချက်တည်းနဲ့ ပျံလွန်သွားနိုင်တယ်'

ဆရာတော်သည် ချောင်းဟန့်လိုက်၏။

အသံသည် ပီသစွာ ထွက်ပေါ်လာသည်။

'အင်း...ကျုပ်က ဒကာမလေးရဲ့ ညစ်ပတ် ယုတ်မာမှုကို ကိုယ်တွေ့သိပြီးတဲ့လူဆိုတော့ ဒကာမလေးဟာ ပြောတဲ့အတိုင်း လုပ်မယ့် မိန်းကလေးဆိုတာ ကျုပ် လက်ခံပြီးပါပြီ၊ ဒါပေမယ့် စိတ်ချပါ၊ ကျုပ်က အကြောပိတ်ခံထားရတော့ ဘယ်မှာ လှုပ်လှုပ်ရှားရှား လုပ်နိုင်ပါ့မလဲ'

'အကြောပွင့်လာလို့ လှုပ်ရှားရဲရင်လဲ လှုပ်ရှားကြည့်ပေါ့လေ'



ဆရာတော်က ပြုံးလိုက်၏။

'ကျုပ်ကို သတ်ချင်လဲ သတ်ပစ်လိုက်ပါလေ၊ ကျုပ်က သေမှာကို သိပ်ကြောက်လှတယ်လဲ မဟုတ်ပါဘူး'

'ကြံကြီးစည်ရာရှင်၊ သိုင်းသမား တော်တော်များများဟာ သေရမှာကို ဘယ်ကြောက်ကြမလဲ၊ ဒါကြောင့်မို့လဲ ကပ္ပိယတော် ဒီကြေးခေါင်းတလားကို စီစဉ်ထားရတာပေါ့၊ သေချင်လို့လဲ သေမရတဲ့ ဝေဒနာကို ဒီကြေးခေါင်းတလားက ပေးပါလိမ့်မယ်'

တကယ်မှ ဆရာတော်မှာ ထိုစကားကို ကြားလိုက်ရသဖြင့် အနည်းငယ် ထိတ်လန့်သွားသည်ကတော့ အမှန်ပင်။

သို့သော်....

ဆရာတော်သည် လုံးဝမျက်နှာမပျက်ချေ။

မျက်နှာမပျက်သည်မှာလည်း အကြောင်းရှိသည်။

ဆရာတော်၏ သိုင်းလောကအတွေ့အကြုံ သက်တမ်းသည် ထိုအင်ဂျီနီမိန်းကလေး၏ အသက်ထက်ပင် ကြီးရင့် ကြာရှည်နေခဲ့ပြီ မဟုတ်ပါလား။

'ကောင်းပြီ၊ ဒကာမလေးက ကျုပ်ကိုနှိပ်စက်ပြီးမသတ်ခင် ကျုပ်သိချင်တာလေးတွေတော့ သိသွားပါရစေဦး'

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂျီနီ မိန်းကလေးသည် သေဘောကိုဂရုမစိုက်ဘဲ အခြား အကြောင်းအရာများကို စိတ်ဝင်တစား မေးနိုင်စွမ်းရှိသည့် ဆရာတော်ကို ချီးကျူးအံ့ဩမိသည်။

'ဆရာတော်က ဘာများသိချင်လို့လဲ'

'ကျုပ်တို့ အခု တောနက်ဂိုဏ်းတည်ရှိတဲ့ ခြံကြီးထဲမှာ မဟုတ်တော့ဘူး မဟုတ်လား'

'ဆရာတော်ကို အဲဒီက သယ်လာခဲ့ကြပြီ'

'အဲဒီခြံဝင်းကြီး အခြေအနေ....'

ဆရာတော်၏ စကားမဆုံးမီ အင်္ဂျီနီ မိန်းကလေးက ကြား ဖြတ် ပြောလိုက်၏။

'အားလုံး မီးရှို့ပစ်လိုက်လို့ ပြာကျသွားပြီ၊ တပည့်တော် ပြောခဲ့တယ်မဟုတ်လား၊ မြက်ပင်တစ်ပင်တောင် မကျန်စေခဲ့ ပါဘူးလို့၊ တစ်ခြံလုံးကို မီးရှို့ပစ်ခဲ့တာ'

'လူတွေ ထွက်မလာကြဘူးလား'

'ဘယ်သူတွေလဲ'

'အဲဒီ အဆောက်အအုံထဲမှာရှိတဲ့ တောနက်ဂိုဏ်းသားတွေ ပေါ့၊ တစ်ယောက်တလေတော့ ကျန်ရှိဦးမှာပေါ့'



'တစ်ယောက်မှထွက်မလာဘူး၊ အထဲမှာ မီးလောင်ခံအသေ ခံရင်တော့ မပြောတတ်ဘူး၊ တပည့်တော်ကတော့ လူမပြောနဲ့ မြက်ပင်တောင် မကျန်အောင် မီးရှို့ပစ်မယ်လို့ စိတ်ဆုံးဖြတ် ထားတာ'

တက်မုဆရာတော် ဘုရားတမိသွားသည်။

'အင်း.... ရက်စက်ပါပေ့ကွယ်၊ ဒီအဆောက်အအုံထဲမှာ ဒကာမလေးရဲ့အစ်မ ပါသွားတယ်ဆိုရင်ကော'

အင်္ဂျီနီမိန်းကလေးက ပေါ့ပေါ့ပါးပါး ရယ်သည်။

'ဓါအဆန်းလား၊ သူ့သက်တမ်းက ဒီလောက်ပဲ နေရမှာ မို့လို့ သေတာပေါ့၊ မဆန်းပါဘူး'

'ဟင်....ကိုယ့်ညီမအချင်းချင်း အပေါ်မှာတောင် နည်းနည်း လေးမှ အကြင်နာတရား မရှိဘူးလားကွယ်'

'ဒါက ဘုန်းကြီးအလုပ် မဟုတ်ပါဘူး'

တက်မုဆရာတော်က အေးချမ်းစွာ ရှင်းပြသည်။

'အဲဒါ ဘုန်းကြီးအလုပ်ပေါ့၊ ဘုန်းကြီးဆိုတာ လူသားတွေ အပေါ် အကြင်နာတရားထားရတယ်၊ မေတ္တာတရား ထားရ တယ်'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတွေဟာ ခုအချိန်မှာ ပြောရမယ့်စကားတွေ မဟု
တော့ဘူး၊ အခု တပည့်တော် မေးမယ့် မေးခွန်းတွေကို
မှန်မှန်ဖြေပါ'

'ရွှေလင်ကျောင်းတော်ကြီးရဲ့ ဂိုဏ်းသိက္ခာကို မထိ
ဘူးဆိုရင် ကျုပ်အနေနဲ့ ဘာမှ ကွယ်ဝှက်နေဖို့ အကြောင်း
ပါဘူး၊ ဖြေနိုင်ရင် ဖြေမှာပါပဲ'

'ဆရာတော်ဟာ တောနက်ဂိုဏ်းရဲ့ ပိုင်နက်နယ်မြေထဲ
နေတယ်၊ ဆရာတော်နဲ့အတူ ဘယ်သူတွေ ရှိနေသလဲ၊ မှ
ပြော၊ မပြောရင် ပထမဦးဆုံး လက်ချောင်းကလေး
ချိုးပစ်မယ်'

တက်မုဆရာတော်၏ဖြေသံ မကြားရမီမှာပင် တဟား
ရယ်မောသံများကို ကြားလိုက်ရလေတော့၏၊

ဆရာတော်သည် ခေါင်းကိုစောင်းငဲ့၍ ကြည့်လိုက်၏၊

သူတို့နှင့် ကိုက်ငါးဆယ်ခန့်အကွာ၌ သူ မျှော်လင့်
သည့် လူတစ်စုကို အံ့သြဖွယ်ရာ တွေ့ရှိလိုက်ရလေ၏၊

ရပ်နေသူများကား ကျွန်လုဂိုဏ်းချုပ်ကြီး၊ အို့ယန်ထို
ယန်ထို၏နောက်ပါး၌ သက်တော်စောင့်ကြီး ကျိုးတာကြ
ကျိုးတာကြည်၏နောက်ပါး၌ မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်
သည့် ကျွန်လုဂိုဏ်းသားများကို တွေ့ရသည်၊



ကျွန်လုဂိုဏ်းသားများသည် များသောအားဖြင့် လက်နက်
ကိုင်ဆောင်လေ့ မရှိကြပေ၊

သို့သော်....

ယခုတွေ့ရသည့် မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ကျွန်
လုဂိုဏ်းသားများ၏ နောက်ကျောတွင် ဓားကိုယ်စီ သိုင်းလွယ်
ထားလျက်ရှိကြောင်း အံ့သြဖွယ်ရာ တွေ့ရှိရပေသည်၊

❖

အို့ယန်ထိုသည် သူ့ဂိုဏ်းမှ အရေးပေါ်တပ်ဖွဲ့ကို ခေါ်ယူ
လာပြီး မိမိအားလာရောက်ကယ်တင်လေပြီဟု တက်မုဆရာတော်
သဘောပေါက်လိုက်လေ၏၊

'ဟား....ဟား....ဟား၊ မိန်းကလေးက ဘယ်ဆိုးလို့လဲ၊ သိုင်း
လောကသား တော်တော်များများဟာ တက်မုဆရာတော်ကို
ဝါစဉ်ကြီး ဆရာတော်ဆိုပြီး တော်ရုံတန်ရုံ သိုင်းသမားဟာ
ဆရာတော်ကို စကားတောင် ဟဟမပြောရဲကြဘူး၊ မင်းကတော့
ဆရာတော်ကို လက်ချောင်းကလေးတွေ ချိုးပစ်မယ်လို့တောင်
ခြိမ်းခြောက်ရဲပါကလား'

ထိုစကားကို ပြောသူကား ဂိုဏ်းချုပ်ကြီး အို့ယန်ထိုပင်
ဖြစ်ပါတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com



သူက ဆက်၍ မေးမြန်းစုံစမ်းလေ၏။

'မိန်းကလေး၊ ကျွန်လုံဝမ်ဆီမှာ မွေးစားသမီး လေးယောက် ရှိတယ်လို့ သိထားဖူးတယ်၊ မင်းက အဲဒီထဲကတစ်ယောက်လား'

အင်္ကျီနီ မိန်းကလေးက ခေါင်းသဖြင့် ပြန်လည် အော်ငေါက်သည်။

'ရှင်ကဘာဖြစ်လို့ ကျွန်မကို မေးခွန်းထုတ်ရတာလဲ၊ ကျွန်မကသာ ရှင်တို့ကို မေးခွန်းထုတ်ရမှာရှင့်'

'ဩော်....ဟုတ်လား'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက ပြုံး၍ ခေါင်းညိတ်နေလေ၏။

ဂိုဏ်းချုပ်ကြီးသည်ကြေးခေါင်းတလားအတွင်းမှဆရာတော်၏စိတ်ဆန္ဒကိုကြိုတင်သိနေသည့်အလား ဆရာတော်အားအလေး ပေး၍ ရှေးဦးစွာ ရှင်းပြသည်။

'ဆရာတော်....တောနက်ဂိုဏ်းထဲက မိန်းကလေး နှစ်ဦးမှ တစ်ပါး တခြား ဘယ်သူမှ ထိခိုက်ခြင်း၊ သေကြေခြင်းမရှိကြ ပါဘူး၊ ဒါပေမယ့် တောနက်ဂိုဏ်းရဲ့ ဌာနချုပ်ကတော့ လုံး၀ ပျက်စီးသွားခဲ့ပါတယ်'

'ဂိုဏ်းချုပ်ကြီးရဲ့ လူတွေကော'



'တပည့်တော်တို့ရဲ့လူတွေလဲ တစ်ယောက်မှထိခိုက်ခြင်း၊ ဒဏ်ရာရခြင်း မရှိပါဘူး'

တက်မုဆရာတော်သည် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံတို့ လူစုဘယ်ကြောင့် တောနက်ဂိုဏ်း၏ ဌာနချုပ်အတွင်းမှ ထွက်သွားကြပါသနည်းဟု မေးလိုသော်လည်း အင်္ကျီနီ မိန်းကလေး ရှိနေသဖြင့် မမေးအပ်ဟု ယူဆကာ နှုတ်ပိတ်နေလိုက်သည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက အင်္ကျီနီမိန်းကလေးကို ကြည့်ကာ ဆက်၍ပြောပြနေ၏။

'မိန်းကလေး....မင်းဟာ အင်မတန်ဘဲ ငယ်ရွယ်နုနယ်ပါသေးတယ်၊ မင်းဦးဆောင်ပြီး တောနက်ဂိုဏ်းကို လာဝိုက်တာမှန်တယ်၊ ဒါပေမယ့် မင်း မအောင်မြင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းခေါ်လာတဲ့ တပည့်လက်သားတွေ အတော်များများသေပြီး မင်းအတွက် အကျိုးရှိရာရှိကြောင်း ဘာမှမဖြစ်ခဲ့ဘဲ၊ တက်မုဆရာတော်ကို ဖမ်းနိုင်တယ်ဆိုလို့လဲ မခေါ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ အခုရောက်လာတာက တက်မုဆရာတော်ကို ပြန်ခေါ်မလို့ဘဲ'

အင်္ကျီနီ မိန်းကလေးက ပမာမခန့် ပြုံးနေသည်။

ကြေးခေါင်းတလားကြီးကိုသည်း မေးငေါ့ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဘာတွေလာပြောနေတာလဲ၊ ဟောဒီ ခလုတ်တစ်ခုကို နှိပ်လိုက်တာနဲ့ ကြေးခေါင်းတလားကြီးဟာ ကြာငံ့လို ပြန့်ငံ့သွားလိမ့်မယ်၊ အဲဒီအခါမှာ ဆရာတော်လဲ ပျံလွန်သွားလိမ့်မယ်၊ ဆရာတော်ရဲ့အသက်ဟာ ကျွန်မလက်ထဲမှာ ရှိနေတယ်ရှင့်'

ဂိုဏ်းချုပ်ကြီးအို့ယန်ထု က ရယ်မောလိုက်သည်၊

'အဲဒီလို အပိုင်မှတ်ယူမထားနဲ့ဦးလေ၊ မိန်းကလေးအနေနဲ့ အဲဒီခလုတ်လှည့်ပြီးရင် မိန်းကလေးလဲ အသက်နဲ့ယှဉ်ပြီး ဒီနေရာက ထွက်သွားနိုင်မှာ မဟုတ်တော့ဘူး'

ဂိုဏ်းချုပ်ကြီး အို့ယန်ထု သည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်၏၊

ကြေးခေါင်းတလားကြီး၏ နောက်၌ အင်္ကျီနီမိန်းကလေး၏ ဘက်တော်သားများဖြစ်သည့် ကိုယ်ကျပ်အင်္ကျီဝတ် သိုင်းသမားများ တန်းစီရပ်နေသော်လည်း သူ၏ ကျွန်လုဂိုဏ်းသားတာ ပို၍ အရေအတွက် များပြားနေကြောင်း သူတွေ့ရသည်၊

သူသည် အရေအတွက်ကို သိပ်ဂရုမစိုက်သော်လည်း ငယ်ရွယ်သော မိန်းကလေးကိုမူ အရေအတွက်ရော အရည်အချင်းနှင့်ပါ ခြိမ်းခြောက်ရမည်ဖြစ်ကြောင်း အို့ယန်ထု သတိပြုဆင်ခြင်မိပြီး ဖြစ်သည်၊



'မိန်းကလေး၊ ကျွန်လုဂိုဏ်းဟာ သိုင်းလောကမှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့တယ်၊ ဘာဖြစ်လို့ အဲဒီလို တည်တံ့နိုင်မြဲလာသလဲ၊ မတရားမှုမှန်သမျှကို ဖြိုဖျက်ဆန့်ကျင်ခဲ့လို့ပဲ၊ တကယ်လို့ မိန်းကလေးကသာ ကျုပ်စကားကို အေးအေးဆေးဆေး လက်မခံဘူးဆိုရင်တော့ ကျုပ်အနေနဲ့ တစ်ယောက်မှအရှင်မထားခဲ့ဘူးလို့ ခိုင်ခိုင်မာမာ ပြောလိုက်ပါရဲ့'

အင်္ကျီနီ မိန်းကလေးသည် အို့ယန်ထု ကို အသေအချာလေ့လာနေ၏၊

သူမသည် ကျွန်လုဂိုဏ်းချုပ်ကြီးကို နာမည်သာ ကြားဖူးသည်၊

လူကို မမြင်ဘူးချေ၊

ယခု သူမအား စကားပြောနေသည့်အဘိုးကြီးသည် ရုပ်ရည်တည်ကြည်ရုံမျှမက အသံသြဇာလည်း ပြည့်စုံသဖြင့် ကျွန်လုဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးများ ဖြစ်နေမလားဟု တွေးခဲတာနေမိသည်၊

'သူ့ရုပ်ရည်နဲ့ သူ့လေသံက အတော်လေး သြဇာတိက္ကမရှိတယ်၊ ကျွန်လုဂိုဏ်းချုပ်ကြီး ဖြစ်နိုင်တယ်'

သူမ တီးတိုးရေရွတ်ပြီးနောက် တည့်တည့်ပင် မေးမြန်းလိုက်၏၊

www.burmeseclassic.com

www.burmeseclassic.com



'ရှင်က--ကျွန်လုဂိုဏ်းချုပ်ကြီးလား'

'ဟုတ်တယ်...အို့ယန်ထု ဆိုတာ ကျုပ်ပဲ'

အင်္ဂျီနီမိန်းကလေးသည် သိပ္ပံပညာ ထက်မြက်သလောက် သိုင်းလောကအခြေအနေတွေ့အကြုံ နည်းပါးသူဖြစ်၍ မာနခိုးထိနေသူကလေး ဖြစ်သည်။

ဤပုဂ္ဂိုလ်ကြီးမျိုးကိုတွေ့ပါက ရန်သူပင်ဖြစ်စေ ဂါရဝပြုရမည်ဆိုသည့်အချက်ကိုပင် မသိဘဲ ရှိနေသည်။

'မိန်းကလေး...မင်းတို့ရဲ့မွေးစားဖခင်ဖြစ်တဲ့ ကွန်လုံဝမ်ကို တွေ့ရင် ကျွန်လုဂိုဏ်းချုပ်ကြီးက သူ့ဌာနချုပ်က စောင့်မျှော်နေတယ်လို့ ပြောပြလိုက်ပါ၊ သုံးလအထိ စောင့်မျှော်နေမယ့်အကြောင်း သတင်းကောင်း ပါးလိုက်စမ်းပါ'

အင်္ဂျီနီမိန်းကလေးက ဟက်ဟက်ပက်ပက် ရယ်မောတော့သည်။

'ကွန်လုံဝမ်ကို ရှင်တို့မမျှော်တာ ကောင်းပါတယ်'

'ဘာဖြစ်လို့လဲ'

'ကွန်လုံဝမ် ရောက်တဲ့ နေရာတိုင်းဟာ သွေးလွှမ်းတတ်တယ်၊ အလောင်းတွေ တောင်လိုပုံတတ်တယ်၊ လင်းတတွေ



ပျံဝဲတတ်တယ်၊ ရှင်တို့ ကျွန်လုဂိုဏ်း ဌာနချုပ်ကို ကွန်လုံဝမ် ရောက်လာရင် အဲဒီအတိုင်းပဲဖြစ်လိမ့်မယ်'

အင်္ဂျီနီမိန်းကလေး၏စကားသံမှာ ယုံကြည်မှု အပြည့်အဝ ရှိသည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုကို လုံးဝဂရုမစိုက်ဘဲ သူမပြောချင်ရာကိုသာ ပြောနေသည်၊

မိန်းကလေးက ဆက်ပြောသည်။

'စိတ်ချပါ...ရှင်တို့ ကျွန်လုဂိုဏ်း ဌာနချုပ်ကို ကွန်လုံဝမ် ရောက်လာမှာ သေချာပါတယ်၊ ဒါပေမယ့် အချိန်ကိုတော့ ကန့်သတ်ထားလို့ မရဘူးရှင့်'

'ကိစ္စမရှိဘူး၊ ဒီကိစ္စကို မင်းအနေနဲ့ ဘာမှ ဆုံးဖြတ်ပိုင်ခွင့်ရှိတာမဟုတ်တော့ ဆက်မပြောလိုတော့ဘူး၊ အခု မင်းဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ ကိစ္စကိုပဲ ပြောတော့မယ်၊ တက်မုဆရာတော်ကို ကြေးတလားခေါင်းကြီးထဲက ထုတ်လိုက်စမ်းပါ၊ ဆရာတော် သက်သောင့်သက်သာဖြစ်ပါစေ၊ ဒါကလဲ မင်းကို စေတနာနဲ့ပြောတာပဲ၊ မင်းဟာ ကျုပ်တို့နဲ့ ပြိုင်ဘက်မဟုတ်ပေဘူး'

အို့ယန်ထုံ၏ လေသံက အကြီးအကဲတစ်ဦး၏ ဩဇာအာဏာသံ အပြည့်အဝ ပါရှိသဖြင့် အင်္ဂျီနီ မိန်းကလေးမှာ ယခင်ကလောက် မဟာင်းမာတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



'ဒီအတိုင်း လွှတ်ဖို့ ဆိုတာတော့ မဖြစ်နိုင်ပါဘူး'

'မင်းက ဘယ်လိုများဖြစ်စေချင်လို့လဲ'

'ရှင့် လေသံအရ ကျွန်မအစ်မဟာ ရှင်တို့လက်ထဲမှာ မသေမပျောက် ရှိနေသေးတယ်လို့ ယူဆရတယ်'

အိုးယန်ထုံက ပြုံးလိုက်၏။

'မင်းဟာ ငယ်ရွယ်ပေမယ့် ဥာဏ်ထက်သလောက်တော့ မသိနားမလည်တာ မဟုတ်သေးဘူး၊ မင်းအနေနဲ့ ဆရာတော်ကိုသာ လွှတ်လိုက်ပါ၊ မင်းကို မင်းအစ်မနဲ့ တွေ့ဆုံနိုင်အောင် ကျုပ်ခေါ်သွားပေးမယ်'

မိန်းကလေးက အိုးယန်ထုံကို သေချာစွာ ကြည့်ပြီး ပြန်မေး၏။

'ကျွန်မအစ်မနဲ့ တကယ် တွေ့ခွင့်ရမှာလား၊ ကျွန်မက ဘယ်လိုယုံမှတ်ရမှာလဲ'

'ကျုပ်က ကျွန်လုဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးပဲ၊ ကျုပ်ရဲ့စကားတစ်လုံးဟာ ဥပဒေကျမ်းထဲက စကားတစ်လုံးထက်ပိုပြီး ယုံမှတ်လို့ရတယ်'

'ကောင်းပြီ'



သူမသည် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်သည့် သိုင်းသမားများအား အမိန့်ပေးလိုက်၏။

'ဆရာတော်ရဲ့သွေးကြောတွေကို ဖွင့်ပေးလိုက်စမ်း'

ကိုယ်ကျပ်အင်္ကျီဝတ် သိုင်းသမားတစ်ယောက်က ရှေ့သို့ တိုးလာပြီး ဆရာတော်၏ သွေးကြောများကို ဖွင့်ပေးလိုက်သည်။

ဆရာတော် အမိခံထားရသည့် အဆိပ်အစွမ်းမှာ ပျက်ပြယ်သွားပုံ ရပေသည်။

ဆရာတော်သည် ကြေးခေါင်းတလားထဲမှ ထထိုင်သည်။

ထို့နောက် ဖြည်းညင်းစွာ ထွက်သည်။

အိုးယန်ထုံကို လက်အုပ်ချီ၍ ဂါရဝပြုသည်။

'ဂိုဏ်းချုပ်ကြီးကို ဘုန်းကြီးအနေနဲ့ အများကြီး ကျေးဇူးတင်ပါတယ်'

အိုးယန်ထုံက လက်အုပ်ချီပြီး ပြန်လည်တောင်းပန်၏။

'တပည့်တော် ရောက်တာ နည်းနည်း နောက်ကျသွားပါတယ်၊ တပည့်တော်သာ နောက်မကျရင် ဆရာတော် အနေနဲ့ ဒီခေါင်းတလားကြီးထဲ ဝင်နေရမှာ မဟုတ်ပါဘူး၊ တပည့်တော်ကို ခွင့်လွှတ်ပါ'

www.burmeseclassic.com

www.burmeseclassic.com



တက်မှုဆရာတော်သည် အိုယန်ထုံအနီးသို့ ချဉ်းကပ်သွားပြီး တီးတိုး မေးသည်။

'ဂိုဏ်းချုပ်ကြီး....ဒကာကြီး ဖေကုံးလျှန်တို့ ဟိုကတော်တို့ အားအန္တရာယ် ကင်းရှင်းကြရဲ့လား'

'ကင်းရှင်းပါတယ် ဆရာတော်၊ တပည့်တော်တို့ ချိန်အမှုလွဲသွားတဲ့အတွက် ဆရာတော်သာ....'

'မှန်ပါတယ်၊ ကျုပ် ညံ့ဖျင်းလို့သာ အခုလို အဖမ်းခံ'

'မဟုတ်ပါဘူး ဆရာတော်၊ ဆရာတော်ဟာ အများအတွက် အနစ်နာခံခဲ့ရတဲ့ သဘောမျိုးဖြစ်ပါတယ်၊ တပည့်တော်တို့ဟာ နိုင်ချစ်နော်ကို လက်လွတ်မခံနိုင်ပါဘူး၊ တကယ်လို့ ကွန်လုံဝမ်သာ အင်နဲ့အားနဲ့ လာကယ်ရင် နိုင်ချစ်နော် ပါသွားနိုင်ပါတယ်၊ ကွန်လုံဝမ်ရဲ့ အင်အားကို ရပ်တန့်နိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်ကို ရွေးတဲ့အခါမှာ ဆရာတော်တစ်ပါးတည်းကိုသာတွေ့ရတဲ့အတွက် ဆရာတော်ကို နောက်ချန်အင်အားအဖြစ်ထားပြီး တပည့်တော်တို့က နိုင်ချစ်နော်နဲ့ ဟိုကတော်တို့လူစုကို လျှို့ဝှက်ကယ်ပေါက်ကကယ်ထုတ်သွားခဲ့ပါတယ်။ တပည့်တော်တို့ ပြန်ရောက်တော့ တောနက်ဂိုဏ်းဌာနချုပ် ခြံကြီးဟာ မီးလောင်နေပါပြီ၊ ဒါနဲ့ ဒီကို အမီလိုက်လာခဲ့တာပါ'

တက်မှုဆရာတော်သည် ထိုအခါကျမှ အိုယန်ထုံ၊ ဖေကုံးလျှန်နှင့် ဟိုကတော်တို့ ရုတ်တရက် ပျောက်ကွယ်သွားခြင်းကို နားလည်သဘောပေါက်တော့သည်။



သူ့ အဆိပ်မှုန့်ဖြင့် လုပ်ကြံခံရသည့်ကိစ္စကို နောင်အေးအေးသည့်အခါမှ ထုတ်ဖော်ပြောတော့မည်ဟု ဆုံးဖြတ်ပြီး ဆိတ်ဆိတ်ပင် နေလိုက်တော့သည်။

ထိုစဉ် အင်ကျီနီ မိန်းကလေးက ရုတ်တရက် ဝင်ပြောလာ၏။

'ကဲ....ကဲ....ရှင်တို့ကိစ္စတွေ ခဏရပ်ထားပါဦး၊ ကိုယ့်ကတိစကားအတိုင်း ကျွန်မအစ်မဆီ ခေါ်သွားဖို့ကိစ္စကိုလဲ ဆောင်ရွက်ကြပါဦး'

အိုယန်ထုံက လှည့်ကြည့်ပြီး....

'ဒါက မခက်ပါဘူး၊ တစ်ခုပဲရှိတယ်၊ မိန်းကလေး သတ္တိရှိဖို့တော့ လိုတယ်'

'ဘာလဲရှင့်၊ ဒုမှ ဘာတွေ ဝေ့လည်ကြောင်ပတ် ပြောနေတာလဲ၊ စောစောက ဒီလိုမဟုတ်ပါဘူး'

'ဒီအတိုင်းပါပဲ၊ မိန်းကလေး အစ်မဆီကို မိန်းကလေး တစ်ယောက်ပဲ လိုက်ခွင့်ရမယ်၊ မိန်းကလေးရဲ့ တပည့်လက်သားတွေတော့ လိုက်ခွင့်မရဘူး၊ ဒါကြောင့် သတ္တိရှိရဲ့လားလို့ မေးတာပါ'

ကိုယ်ကျပ်အင်ကျီ ဝတ်ဆင်ထားသည့် သိုင်းသမား ဆယ်ယောက်သည် ရုတ်တရက် ရှေ့သို့တိုးထွက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး အို့ယန်ထု၏ သက်တော်စောင့် ကျိုးတာကြည်က ရှေ့သို့ခုန်ထွက်လာ၏။

အင်ကျိနီ မိန်းကလေးသည် ကျိုးတာကြည်ကို လုံးဝဂရုမစိုက်ပေ။

သူ့လူများကို တားဆီးပြီး...

'မင်းတို့ ဒီမှာပဲ စောင့်နေကြ၊ ငါ တစ်ယောက်တည်း လိုက်သွားမယ်၊ ငါကိုယ်စီ ငါကြည့်ရှင်းမယ်'

သူမသည် အို့ယန်ထုအနီးသို့ ရဲရဲတင်းတင်းပင် လျှောက်လာသည်။

တက်မုဆရာတော်မှာ မိန်းကလေး၏လုပ်ကြံမှုကို ခံထားရသူဖြစ်၍ မိန်းကလေးအား အနည်းငယ်မျှ ယုံစား၍ မရကြောင်း သိရှိသဖြင့် အို့ယန်ထုအတွက် အလွန် စိုးရိမ်သွားသည်။

အနီးရောက်မှ အို့ယန်ထုအား အဆိပ်ဆေး တစ်ခုခုဖြင့် လုပ်ကြံလိုက်ပါက အို့ယန်ထုလည်း မည်သို့မျှ တတ်နိုင်လိမ့်မည် မဟုတ်ပေ။

သူလည်း ခံရမည်သာဖြစ်သည်။

'ဂိုဏ်းချုပ်ကြီး... သတိထား၊ ဒီမိန်းကလေးက အဆိပ်တွေကို အသုံးပြုတတ်တယ်'



ကျိုးတာကြည်သည် ဂိုဏ်းချုပ်ကြီး အို့ယန်ထု ရှေ့သို့ ခုန်ခင်လာပြီး ရပ်လိုက်၏။

ထိုအခါကျမှ တက်မုဆရာတော်လည်း ဘဝင်ကျသွား၏။

အင်ကျိနီ မိန်းကလေးသည် ကျိုးတာကြည်ကို မလုပ်ကြံဘဲ အို့ယန်ထုကို မလုပ်ကြံနိုင်တော့ပေ။

ကျိုးတာကြည်က တဟဲဟဲရယ်ရင်း...

'တက်မုဆရာတော်ဟာ အင်မတန်အတွေ့အကြုံများတဲ့ ဆရာတော်ဖြစ်တယ်၊ မင်းလို စိတ်မချရတဲ့ မိန်းကလေးမျိုးကို ကျုပ်ရဲ့ ဂိုဏ်းချုပ်ကြီးနား ဘယ်အကပ်ခံလို့ဖြစ်မလဲ'

အင်ကျိနီ မိန်းကလေးက အံကြိတ်ရင်း...

'ရှင့်စကားကို မှတ်ထား၊ တစ်နေ့ကျရင် ရှင့်ဗိုက်ကို ကျွန်မ ခွဲပြမယ်'

ကျိုးတာကြည်က တဟားဟားရယ်ရင်း...

'ငါ့ဗိုက်ကိုခွဲလို့ လွယ်သလား မလွယ်ဘူးလား သိရအောင် အခုပဲ တစ်ချက်လောက် လက်သီးနဲ့ ထိုးပြီး စမ်းကြည့်ပါသီး၊ မင်းလို မလောက်လေး မလောက်စား မိန်းကလေးရဲ့ လက်သီးကိုတော့ ကျုပ်အနေနဲ့ လုံးဝ မမှုပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



တက်မုဆရာတော်သည် မိုက်မိုက်မဲမဲ ခွင့်ပြုနေသော ကျိုးတာကြည်အတွက် ထိတ်လန့်သွားသည်။

'ဒကာကြီး....ဒီမိန်းကလေးရဲ့ သိုင်းပညာအဆင့်ဟာ မနိမ့်လှဘူး၊ ဒါတင်မကသေးဘူး၊ ဒီမိန်းကလေးဟာ အရွယ်နဲ့မလိုက်အောင် အင်မတန်ပဲ ရက်စက်ကြမ်းကြုတ်တယ်၊ မလုပ်ပါနဲ့'

ကျိုးတာကြည်သည် မည်သည့်စကားမျှ မပြောဘဲ ရယ်နေသည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည်လည်း အေးဆေးစွာ ရပ်ကြည့်နေသဖြင့် ဆရာတော်သည် နေမထိထိုင်မသာ ဖြစ်သွားသည်။

သူ့အနေဖြင့် ဤမိန်းကလေးကို မည်သည့်အခါမှ လျှော့မတွက်ချေ။

လျှော့တွက်မိသည်နှင့် ဒုက္ခရောက်ရမည်ဟု သူယုံကြည်ပေ၏။

အင်ကျီနီဝတ် မိန်းကလေးသည် သူမ၏ ညာဘက်လက်ကို မြှောက်၍....

'ကျွန်မရဲ့ လက်ဝါးရိုက်ချက်က ရှင့်ဗိုက်ထဲက အူတွေ ပြတ်သွားစေမယ်ဆိုရင်တော့ ကျွန်မအပြစ် မဟုတ်ဘူးနော်၊ ရှင့်တာဝန်နဲ့ရှင်ပဲ'



'အေးပါ၊ မင်းသာ ငါ့ဗိုက်ကိုသာ ရိုက်ပါ၊ တခြားနေရာတိုတော့ မရိုက်နဲ့၊ ငါ့ဗိုက်ကိုရိုက်လို့ကတော့ ငါ့ဗိုက်ကို ပန်းနဲ့ပေါက်တာလိုပဲ ငါခံယူနိုင်တယ်'

အင်ကျီ နီမိန်းကလေးသည် ကျွန်လုဂိုဏ်းချုပ်ကြီး အို့ယန်ထုံ အနေဖြင့် မည်သို့ တားဆီးလိုသေးသနည်း ဟူသော အဓိပ္ပာယ်ဖြင့် လှမ်းကြည့်သည်။

အို့ယန်ထုံက ပြုံး၍ပြောလေ၏။

'ကျုပ်တပည့်ဟာ ဘာမှနားမလည်ဘူး၊ မိန်းကလေးရဲ့ပညာကိုလဲ အထင်သေးပုံရတယ်၊ သူ ဒုက္ခလှလှကြီးတွေ့အောင် တစ်ချက်လောက် ဆုံးမလိုက်စမ်းပါ၊ နောက်တစ်ခါ ဒီလို မစွန့်စားရဲအောင်ပေါ့'

'ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ'

တက်မုဆရာတော်က ထိတ်လန့်တကြား လှမ်း၍တားသည်။

အို့ယန်ထုံက တက်မုဆရာတော်အား လက်အုပ်ချီ၍ ရှိခိုးပြီး....

'ဆရာတော် ကိစ္စမရှိပါဘူး၊ မိန်းကလေးက တစ်ချက်လောက် ဆုံးမပါစေ၊ ဒါမှ မှတ်သွားမယ်'

တက်မုဆရာတော်မှာ ချက်ချင်းနှုတ်ပိတ်သွားတော့သည်။

အို့ယန်ထုံက မိန်းကလေးကို ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'တကယ်လို့ မင်းမစမ်းကြည့်ချင်ဘူးဆိုရင်လဲ ကျုပ်တို့ တော့ အားအင်းမတိုက်တွန်းပါဘူး၊ တကယ်လို့ စမ်းကြည့် တော့ ကျုပ် ဘာမှ မပြောလိုပါဘူး'

အိုယန်ထု၏စကားဆုံးသည်နှင့် မိန်းကလေး၏ လက် သည် မြောက်တက်သွားပြီး ကျိုးတာကြည့်၏ ဝမ်းဗိုက်ကြ ဖောင်းခနဲ ခုတ်ချလိုက်လေ၏။

မိန်းကလေး၏ လက်ဖါးစောင်းခုတ်ချက်သည် သားေ ကြီးကို လက်ဝါးနှင့် ခုတ်ခိုသကဲ့သို့ ပြန်လည် ခုန်တက်လာ

ကျိုးတာကြည့်မှာ ဘာမျှမဖြစ်ဘဲနေသည်၊

ထူးဆန်းသော ခံနိုင်ရည်ရှိမှုပေတည်း၊

တက်မုဆရာတော်သည် ကျိတ်၍ သက်ပြင်းချလိုက်မိသ

'ဒီမိန်းကလေးရဲ့ သိုင်းပညာဟာ အဆင့်မြင့်တယ်၊ အ အားပညာလဲ ကောင်းတယ်၊ အခု သူရိုက်လိုက်တဲ့ အား အတော်ပြင်းထန်တယ်၊ ဒါ့တောင် ဟိုဒကာကြီးက ခံနိုင် ရှိနေတယ်၊ အံ့သြစရာပဲ'

ကျိုးတာကြည့်က ရယ်၍…

'ကဲ…မင်းအလှည့်တော့ ပြီးသွားပြီ၊ ကျုပ် ရိုက်ဖို့အလှ ကျန်တော့တယ်'

အင်္ဂါနီမိန်းကလေးမှာ လုံးဝကြောင်သွားသည်၊



ရုတ်တရက် စကားမပြောနိုင်ဘဲ ဖြစ်သွားသည်၊

အိုယန်ထုက ဝင်၍ တားလေ၏၊

'ကျိုးတာကြည့်၊ မိန်းကလေးကို အဲဒီလိုမကျီစားပါနဲ့၊ မင်း လိုလိုချင်ချင် အရိုက်ခံပြီးတော့၊ မင်းတို့ ကတိစကားထဲမှာ ပြန်အရိုက်ခံမယ်ဆိုတဲ့စကား မပါပါဘူး'

ကျိုးတာကြည့်က ပြုံး၍ ဘေးကပ်သွားလေ၏၊

'ဂိုဏ်းချုပ်ကြီး ရှေ့ကကြွပါ၊ ကျွန်တော် နောက်ကလိုက် ခဲ့ပါ့မယ်၊ ဒီမိန်းကလေးကိုလဲ လမ်းပြ ခေါ်ဆောင်ခဲ့ပါ့မယ်'

အိုယန်ထုသည် ခေါင်းညိတ်ပြီး လူအားလုံးရှေ့မှ တက်မု ဆရာတော်နှင့်အတူ ရင်ခေါင်တန်း၍ ထွက်ခွာလာသည်၊

၎င်းတို့နောက်မှ ကျိုးတာကြည့်သည် အင်္ဂါနီမိန်းကလေးနှင့် ရင်ပေါင်တန်း လမ်းလျှောက်လာသည်၊

ကျွန်လုဂိုဏ်း၏ မီးခိုးရောင်ဝတ်စုံဝတ် ခေးကိုင်အဖွဲ့သည် ကိုယ်ကျုပ်အင်္ကျီဝတ် သိုင်းသမားများကို မမှိတ်မသုန်ကြည့်ရင်း ကျန်ရစ်ခဲ့ကြ၏၊

ဂိုဏ်းချုပ်ကြီး အိုယန်ထုတို့ မိုင်ဝက်မျှရောက်ပြီးသောအခါ ထိုအဖွဲ့သည် အိုယန်ထုတို့နောက်သို့ ရောက်ရှိလာသည်၊

ကိုယ်ကျုပ်အင်္ကျီဝတ် သိုင်းသမားများသည် အင်္ဂါနီ မိန်း ကလေး၏ အမိန့်ကို တစ်သဝေမတိမ်း နာခံသောင်သည်ကိုတွေ့ ရမှ ထိုအဖွဲ့ထွက်လာခြင်း ဖြစ်သည်၊

www.burmeseclassic.com



ကိုယ်ကျပ်အင်္ကျီဝတ် သိုင်းသမားများမှာမူ ကြေးခေါ တလားကြီးနှင့်အတူ ထိုသစ်တော၌ ကျန်ရစ်ခဲ့ကြသည်။

ငါးမိုင်ခန့် လမ်းလျှောက်လာပြီးကြသောအခါ သစ်တေ တစ်ခုအတွင်းသို့ ရောက်ရှိလာကြသည်။

ခြုံစည်းရိုးမြင့်မြင့် ကာရံထားသည့်နေရာ၌ ရပ်တန့်လိုက် သည်။

ထိုခြံထဲမှ ဟိုက စော်ကြီး ပြုံးပြုံးရွှင်ရွှင် ထွက်လာသ တွေ့ရ၏။

ဟိုက်စော်ကြီးသည် တက်မုဆရာတော်အား လက်အုပ် ရှိခိုး၏။

'ဟိုကစော်ကြီး'

'မှန်လှပါ၊ တပည့်တော် ကျန်လုဂိုဏ်းထဲဝင်လိုက်လို့ ဂ ည ဂိုဏ်းသား ဖြစ်သွားပါပြီဘုရား၊ ကျန်လု ဂိုဏ်းချုပ်ကြ တပည့်တော်မနဲ့ ထိုက်သင့် ဌာနန္တရကို ပေးအပ်လို့ ခေ ပြီးပါပြီဘုရား'

တက်မုဆရာတော်သည် အံ့လည်းအံ့ဩ၊ ဝမ်းလည်း သာသွားသည်။

'ကောင်းတယ်၊ ကျုပ်တော့ အများကြီး ဝမ်းသာမိတ



အိုယန်ထုံက ဆရာတော်ဘက်သို့လှည့်၍ ရှင်းပြ၏။

သူ့လေသံက ဆရာတော် ကြားရုံမျှသာ။

'ဒီလိုပါဆရာတော်၊ နောင်ကြီးထန်ရှင်ဟာ တပည့်တော်တို့ ဂိုဏ်းက ထွက်ခွာတော့မယ့်ရက် နီးကပ်လာတဲ့အတွက် တပည့် တော်တို့ရဲ့ ဂိုဏ်းဖွဲ့စည်းပုံကို စနစ်ကျအောင် ပြင်ဆင်ရေးဆွဲ ခဲ့ပါတယ်၊ ဟိုကစော်ကြီးကိုလဲ နောင်ကြီး ထန်ရှင်ကိုယ် ်နေရာပေးခဲ့တာပါပဲ'

တက်မုဆရာတော်က စိတ်မကောင်းသံဖြင့် ပြောလေ၏။

'ဟင်....ဒကာကြီးထန်ရှင် ထွက်ခွာမယ့်ရက်က ဒီလောက် ာင်ပဲ နီးကပ်နေပြီလား'

တက်မုဆရာတော်သည် အိုယန်ထု၏ မျက်နှာကိုလှမ်းကြည့် ည်။

တရုတ်ပြည်သိုင်းလောက၌ ကျော်ကြားလှသည့် ကျန်လု ဂိုဏ်းချုပ်ကြီးအိုယန်ထု၏ မျက်နှာ၌ ပူဆွေးသောက အရိပ် ယောင်များ ဖုံးလွှမ်းနေသည်။

ဤသူရဲကောင်းကြီးသည် အဝတ်အစား၊ အနေအထိုင် ခြိုးခြံ သောက် ကိုယ်ကျင့်တရား ကောင်းလှသဖြင့် သိုင်းသမား တော်စင်အဖြစ် ရှေးနှင့်လင်ကျောင်း၊ ဟူတန်းဂိုဏ်း၊ နန်း ဂိုဏ်းနှင့် ဝါခမင်းတို့က အလွန် လေးစားမှာ ဆက်ဆံ သည်။

www.burmeseclassic.com



ယခုမူ သူတော်ကောင်းလည်းဖြစ်၊ သူရဲကောင်းလည်း ဖြစ်သော အိုယန်ထုသည် သူ အလွန်သံယောဇဉ်ရှိလှသည့် မြေ ရှိ ထန်ရှင် ခွဲခွာသွားတော့မည့် အရေးအတွက် စိတ်ဒေ မခိုင်မာနိုင် ဖြစ်နေရှာတော့သည်။

## အခန်း (၇၁)

### အတိတ်မေ့ ဆေးလုံး

တက်မုဆရာတော်သည် ဂိုဏ်းချုပ်ကြီးအိုယန်ထု ၏မျက်နှာ အမူအရာကို ကြည့်ရုံမျှနှင့် ပညာရှိ ထန်ရှင်အပေါ် အိုယန်ထု မည်မျှသံယောဇဉ်ကြီးကြောင်းကို သတိပြုမိသည်။

ထို့ပြင် ထန်ရှင်သည် ကျွန်ုပ်ဂိုဏ်းအတွက် မည်မျှအရေး ပါသည့် ဇာတ်ကောင် ဖြစ်ကြောင်းကို နားလည် သဘော ပေါက်လိုက်မိသည်။

တက်မုဆရာတော်က ဆက်ပြင်းချ၍....

www.burmeseclassic.com

www.burmeseclassic.com



'အင်း...ကျုပ် ရှောင်လင်ကျောင်းမှာ ဘယ်မှမထွက်ဘဲနေခဲ့ကာသည်းက ပညာရှိထန်ရှင်ရဲ့ ထက်မြက်ပုံ ၊ ဂုဏ်သတင်းကို အမြဲပဲကြားနေခဲ့ရတယ်၊ သူဟာ ဒကာကြီးတို့ဂိုဏ်းသားအဖြစ် ဆယ်နှစ်တောင်နေခဲ့တယ်ဆိုတော့ ဒကာကြီးတို့ ထပ်တောင်းပန်ရင် နောက်ထပ် သုံးနှစ်သို့မဟုတ် ငါးနှစ်လောက် တာဝန်ဆက် ထမ်းဆောင်နိုင်မယ်လို့ ကျုပ်တော့ထင်မိတာပဲ'

အိုယန်ထုံက ဖြည်းညင်းစွာ ခေါင်းကိုခါသည်။

'ဟင့်အင်း...မရနိုင်တော့ပါဘူးဆရာတော်၊ ဆယ်နှစ်ဆိုတဲ့ အချိန်ကာလ အတွင်းမှာ သူဟာ တပည့်တော်တို့ကျွန်လုဂိုဏ်းကို အထက်ရောက်အောင်ဆွဲတင်ပေးခဲ့သူ ကျေးဇူးရှင် ဖြစ်ပါတယ်၊ သူလဲ ပင်ပန်းလှပြီမို့ တပည့်တော်လဲ ထပ်ပြီးဆွဲမထားရက်တော့ပါဘူး'

'အင်းလေ...အခက်အခဲ အကျပ်အတည်းဆိုတာကလဲ ဂိုဏ်းတစ်ဂိုဏ်းအဖို့ တစ်ခုမဟုတ် တစ်ခုတော့ ပေါ်နေတာပါပဲလေ'

ဟိုကတော်ကြီးသည် ဂိုဏ်းချုပ်ကြီး အိုယန်ထုံ၊ တက်ခူဆရာတော်တို့အနားၐ ရှိနေသဖြင့် ဆရာတော်နှင့် အိုယန်ထုံတို့ ပြောနေသည့်စကားများ မည်မျှတိုးညင်းသည်ဖြစ်စေ ကွဲကွဲပြားပြား ကြားနေခဲ့ရပေသည်။

'ဒါတော့ မတရားဘူး၊ တပည့်တော်မသို မှုဆိုးမ တစ်ယောက်ကို ကျွန်လုဂိုဏ်းထဲရောက်အောင် ဆွဲထည့်ပြီးတော့မှ



သူကတော့ ဒီဂိုဏ်းထဲက ထွက်ခွာမယ်ဆိုတာ လုံးဝမဟုတ်ဘူး၊ ဒီတစ်ခါ ပညာရှိထန်ရှင်နဲ့တွေ့ရင် ဘာကြောင့်ဒီက ထွက်ခွာမယ်ဆိုတာ ရှင်းပြခိုင်းရမယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံသည် သူ စိတ်ဓာတ်ကျနေပါက အခြားသူများ ပိုမိုစိတ်ဓာတ်ကျကုန်မည်ကိုစိုးရိမ်သဖြင့် စကားလမ်းကြောင်း ပြောင်းလိုက်ရသည်။

'ဆရာတော်...ခြံဝင်းထဲကို ကြည့်ပါဆရာတော်၊ ဒီစခန်းဟာ တပည့်တော်တို့ နောက်ဆုံးဆောက်လုပ်ထားတဲ့ စခန်းအသစ်တစ်ခု ဖြစ်ပါတယ်'

အိုယန်ထုံက လက်အုပ်ချီ၍ ရိုသေစွာ လျှောက်ထားသည်။

ဆရာတော်ကလည်း လက်အုပ်ချီပြီး ရှေ့မှဝင်သည်။

ဂိုဏ်းချုပ်ကြီး အိုယန်ထုံ ဝင်ပြီးသောအခါ ဟိုကတော်ကြီးက အင်္ဂျီနီမိန်းကလေးအား လှမ်းပြောလေ၏။

'မိန်းကလေး...ညည်း ဝင်လို့ရပြီ'

အင်္ဂျီနီမိန်းကလေးက မကျေမချမ်းဖြင့် ဟိုကတော်ကြီးကို လှမ်းကြည့်၏။

ဟိုကတော်ကြီးက ဘောက်ခေါက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း...ညည်းကများ ငါ့ကို တပြန်စီးပြီး မျက်စေ့င်းထိုးရတယ်ရှိသေးတယ်၊ ဂိုဏ်းချုပ်ကြီး အိုယန်ထု သာမရှိရင် ညည်းကို ငါ အမှုန့်ချေပစ်လိုက်ပြီ သိရဲ့လား၊ ဟင်း...ဟင်း...ဟင်း....'

'ရှင်...ကြီးကြီးကျယ်ကျယ်မပြောပါနဲ့၊ ရှင့်စကားကို ရှင်မှတ်ထား၊ တစ်နေ့ကျရင် ရှင်နဲ့တွေ့မယ်၊ ရှင်ပြောတဲ့အတိုင်း အမှုန့်ချေနိုင်ရဲ့လား ဆိုတာ စမ်းကြည့်မယ်၊ ပြောသလိုမဖြစ်ရင်တော့ ရှင်အသိပဲ'

ကျိုးဘာကြည်က ရယ်မောရင်း ပြန်ဖြေလိုက်၏။

'ဟိုကတော်ကြီး၊ ခဏလောက်တော့ သည်းခံလိုက်ပါဦးဗျာ၊ နောက်ကျတော့ တွေ့ကြတာပေါ့၊ ကျုပ်ကတော့ ဒီမိန်းကလေးကို သိပ်အထင်မကြီးဘူးဗျို့၊ ဟဲ....ဟဲ....ဟဲ....'

အက်ကျိုနီမိန်းကလေးသည် ခေါင့်ဆောင့်ခအောင့်ခအောင့်နှင့် ဝင်သွားသည်။

တဲကြီးအတွင်းရှိ ခည့်ခန်းဆောင် တစ်နေရာတွင်မူ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် နိုင်ချစ်နော်ရှိနေ၏။

လူမအား အကြောပိတ်ထားမည်ကတော့ သေချာလှသည်။

သို့ သော် စကားတော့ ကောင်းစွာပြောနိုင်ပေသည်။



အက်ကျိုနီမိန်းကလေးသည် နိုင်ချစ်နော် အနီးသို့ ပြေးကပ်သွားပြီး...

'မမ....မသေသေးဘူးနော်'

နိုင်ချစ်နော်က မရယ်ချင့် ရယ်ချင်ဖြင့် ရယ်၏။

'ဩော်...နင် လိုက်လာသကိုး'

အက်ကျိုနီမိန်းကလေးသည် နိုင်ချစ်နော်၏ ခန္ဓာကိုယ် တစ်ခုလုံးကို လှည့်ပတ်စစ်ဆေးသည်။

ထို့နောက်....

'သူတို့က မခကို မနှိပ်စက်ကြဘူးကိုး'

တက်မုဆရာတော်က ပြုံး၍ ဖြေလေ၏။

'ဒကာမလေး...အထက်လမ်း သိုင်းဂိုဏ်းကြီးတွေဟာ သူတို့ရဲ့ သုံ့ပန်းတွေကို ဘယ်တော့မှ နှိပ်စက်ပြီး မစစ်မေးကြဘူး'

အက်ကျိုနီ မိန်းကလေးသည် တက်မုဆရာတော်၏ စကားကို လုံးဝဂရုမစိုက်ပေ။

'မမကို သူတို့ ဘာမှမမေးကြဘူးလား'

'သူတို့ ငါ့ကို သွေးကြောပိတ်တာတစ်ခုပဲ လုပ်တယ်၊ ကျန်တာ ဘာမှမနှိပ်စက်ဘူး၊ မညှဉ်းပန်းဘူး'

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ မေးခွန်း မထုတ်ကြဘူးလား'

'မထုတ်ပဲ နေမလား'

'မမ အကုန် ဖြေလိုက်သလား'

နိုင်ချစ်နော်က အင်္ဂျီနီမိန်းကလေးအား ခက်ထန်စွာ စိုက်ကြည့်သည်။

'ညည်းက ဘာသဘောနဲ့ ငါ့ကိုလာပြီးစစ်မေးနေရတာလဲ၊ ရန်သူတွေကတောင် ညည်းလောက်မျိုးနဲ့ငါ့ကို မမေးဘူး'

အင်္ဂျီနီ မိန်းကလေးသည် နိုင်ချစ်နော်၏စကားကို လုံးဝ ဂရုမစိုက်ဘဲ ဂိုဏ်းချုပ်ကြီး အို့ယန်ထု ဘက်သို့ လှည့်၍ မေးလေ၏။

'ကျွန်မ ဒီကိုလိုက်လာခဲ့တာ တစ်ယောက်တည်းနော်၊ ရှင်က တစ်ယောက်တည်း' လိုက်လာခဲ့ရမယ်ဆိုလို့ တစ်ယောက်တည်းပဲ ခြေလွတ်လက်လွတ်လိုက်လာခဲ့တယ်၊ ကျွန်မရဲ့သတ္တိကို ရှင် အသိအမှတ်ပြုရဲလား'

အို့ယန်ထု က ခေါင်းညိတ်၏။

'ပြုတယ်'

'ကောင်းတယ်...ကျွန်မက သတ္တိရှိရှိ လိုက်လာတယ်၊ ပြန်ပို့ကိစ္စကျတော့လဲ ရှင်တို့က သတ္တိရှိရှိ ခွင့်ပြုနိုင်ရဲ့လား'



မိန်းကလေးသည် ကျွန်ုပ်လုဂိုဏ်းတို့ သူတို့ဂိုဏ်းလိုအဖွဲ့အစည်းမျိုးဟု စိတ်၌ထင်ဟန် ရှိနေသည်။

မတော်မတရားပြုမည့် လူများဟုလည်း အမှတ်မှားနေပုံရသည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထု က ပြုံး၍ပြောသည်။

'အိုး...မိန်းကလေးက ဘာတွေ မေးတာလဲ၊ မိန်းကလေးရဲ့ အစ်မနဲ့ တွေ့ခွင့်ပြုမယ်ဆိုပြီး မိန်းကလေးကို ဒီခေါ်လာတယ်၊ ခေါ်လာတာနော်၊ ဖမ်းလာတာမဟုတ်ဘူး၊ ဘာဖြစ်လို့ ကျုပ်တို့ဂိုဏ်းသိက္ခာကျစေမယ့်စကားတွေပြောနေရတာလဲ၊ မိန်းကလေး ပြန်ချင်တဲ့အချိန် ပြန်နိုင်တယ်၊ ဒါပေမယ့် နောင်တစ်ချိန်ချိန် မိန်းကလေးဘာသာ အလိုအလျောက် ဝင်လာမယ်ဆိုရင်တော့ အစိုးရှာယ်တင်မျိုးပေါ့၊ ကျုပ်ပြောတာ ရှင်းတယ်မဟုတ်လား'

အင်္ဂျီနီ မိန်းကလေး၏ မျက်နှာမှာ ကြည်လင်သွားသည်၊

'ကောင်းတယ်၊ ကျွန်မက ဒါမျိုးမှကြိုက်တာ'

သူမသည် နိုင်ချစ်နော်ဘက်သို့ ပြန်လှည့်သွား၏။

'မမ....'

'ဘာလဲ'

'မမကသာ ကျွန်မတို့ မွေးစားဖခင်ကြီးရဲ့ လျှို့ဝှက်ချက်တွေကို ထုတ်ဖော်လိုက်ရင်....'

www.burmeseclassic.com



'ညည်း ဘာပြောချင်လဲ'

'အဲဒီလျှို့ဝှက်ချက်တွေသာ ပေါက်ကြားသွားပြီးရင် မမအနေနဲ့ မွေးစားဖခင်ကြီးရဲ့ဒဏ်ပေးခြင်းက လွတ်မှာမဟုတ်ဘူး'

နိုင်ချစ်နော် ဒေါသထွက်သွားသည်။

အကြီးအကျယ် ပြန်အော်ပစ်သည်။

'ငါ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်လိုက်ပြီလို့ ဘယ်သူက ပြောသလဲ၊ ညည်းပါးစပ်က ထွက်လာတာမဟုတ်လား'

အင်္ဂါနီ မိန်းကလေးသည် နိုင်ချစ်နော်၏ ဒေါသကို လုံးဝဂရုမစိုက်ပေ။

'မဖော်ထုတ်ရင်တော့ အကောင်းဆုံးပဲပေါ့၊ ဒါပေမယ့် အကောင်းဆုံးဖြစ်နိုင်တဲ့ နည်းလမ်းက....'

သူမသည် အိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ထုတ်နေ၏။

သူမ လက်ဝါးဖြန့်လိုက်သောအခါ ဆေးလုံးတစ်လုံး။

'ဒီဆေးလုံးကို မမ အမြန်ဆုံး သောက်ပစ်လိုက်၊ ဒါဆိုရင် မမအနေနဲ့ လျှို့ဝှက်ချက်တွေ မဖော်ထုတ်ဖြစ်တော့ဘူးပေါ့၊ ဒါဆိုရင် မွေးစားဖခင်ကြီးကလဲ သံသယရှိမှာ မဟုတ်တော့ဘူး'

နိုင်ချစ်နော်မှာ အကြီးအကျယ် ချက်နှာပျက်သွားလေ၏။

'အဝိတ်မေ့ဆေးလုံး'



နိုင်ချစ်နော်၏ အသံ၌ တုန်လှုပ်သံများ ရောစွက်လာသည်။ အင်္ဂါနီ မိန်းကလေးက ခေါင်းညိတ်၏။

'ဟုတ်တယ်လေ၊ ဒါ အဘိတ်မေ့ဆေးလုံးပဲပေါ့၊ ဘာများ ထူးဆန်းနေလို့လဲ'

နိုင်ချစ်နော်က ခြောက်ကပ်စွာ ဖြေလိုက်၏။

'မထူးဆန်းပါဘူး'

'မထူးဆန်းရင် သောက်လိုက်ပေါ့၊ ကျွန်မလုပ်တဲ့ အလုပ်ကို အစ်မ သဘောပေါက်ဖို့ ကောင်းပါတယ်'

'ဘာသဘောပေါက်ရမှာလဲ'

'ကျွန်မက စေတနာနဲ့ပဲ'

'ဘာစေတနာလဲ'

'အစ်မ မသိဘူးလား'

'ငါ အတုန်သိတယ်'

'သိရင် သောက်သင့်တယ်၊ ဒါသောက်လိုက်ရင် မွေးစားဖခင်ကြီးက မမကို လျှို့ဝှက်ချက်တွေ ထုတ်မပြောတော့ဘူးလို့ ယုံကြည်သွားလိမ့်မယ်၊ အတိတ်မေ့ဆေးလုံး သောက်ထားတဲ့ လူက ဘယ်ပြောနိုင်တော့မတုန်း၊ တကယ်လို့ နောက်ပိုင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ဒီကရန်သူတွေက စိတ်ရှုပေါက်ပြီး နှိပ်စက်စစ်မေးရင်လဲ့ မေ အတွက် မပူရတော့ဘူး၊ ကျွန်မက ဖျားလဲစွဲသာအောင် ရှဉ့်လဲ လျှောက်သာအောင် လုပ်ပေးခဲ့တာပဲ'

နိုင်ချစ်နေဒ်၏ နဖူးမှ ချွေးသီးချွေးပေါက်ကြီးများ ကျလာသည်၊

အလွန်တရာ တည်ငြိမ်မှု ရှိခဲ့သည်ဟု ထင်မှတ်ခဲ့ရသော မိန်းကလေး၏ စိတ်လှုပ်ရှားမှုကို ကြည့်ပြီး တက်မုဆရာတော် သနားနေမိသည်၊

ဆရာတော်မှာ ရှောင်လင်ကျောင်း၏ ဘုန်းတော်ကြီးဖြစ် နေ၍ အခြားလူများထက်ပို၍ စိတ်သဘောထား နူးညံ့ပျော့ ပျောင်းပေသည်၊

အင်ဂျီနီ မိန်းကလေးက သူမ ထုတ်ပေးသည့် ဆေးလုံးကို သောက်ရန် ထပ်မံ ချော့မော့နေသည်၊

'မမက ကျွန်မထက် သာပါတယ်၊ ဒီဆေးလုံး တစ်လုံး သောက်ခြင်းကြောင့် အကျိုးကျေးဇူးတွေ အများကြီး ရရှိတယ် ဆိုတာ မမ သိတာပဲ၊ ဒီဆေးလုံးက ခဲတစ်လုံးတည်းနဲ့ ငှက် သုံးကောင်ကို ပစ်ချတဲ့ သဘောမျိုးပဲ'

ဤ ရက်စက်သော စကားလုံးများမှာ ဆယ်ကျော်သက်မျှ သာ ရှိသေးသည့် ငယ်ရွယ်နုပျိုလှသော မိန်းကလေး၏ နှုတ် ထွက်ကောင်းစင်စစ် ဖြစ်နေပေသည်၊



လေသံက လုံးဝ တည်ငြိမ်လှသည်၊

သူမ မသောက်ရတိုင်း ဇွတ်အတင်းတိုက်မနေသည်လားတော့ မဆိုနိုင်ပေ၊

နိုင်ချစ်နေဒ်ကဲ့သို့ စိတ်ဓာတ်မာကျောသူပင် ဤဆေးလုံးကို ကြောက်နေသည် ဆိုသည့်နောက် ဤဆေးလုံး၏ အစွမ်းထက်ပုံ ကို တဲအတွင်းရှိ လူအားလုံး ခန့်မှန်းနိုင်ခဲ့ကြပြီ ဖြစ်ပေသည်၊

ဂိုဏ်းချုပ်ကြီး အို့ယန်ဆု နှင့် တက်မုဆရာတော်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးနောက် မိန်းကလေး နှစ်ယောက်နှင့် ဆေးလုံးကို မမှိတ်မသုန် ပြန်စိုက်ကြည့်နေကြ လေ၏၊

နိုင်ချစ်နေဒ်သည် အတန်ကြာမျှ ဆေးလုံးကို ငိုင်ကြည့်နေ သည်၊ ထို့ပြင် ယနေ့မှ အခန်းထဲမှ လူများကို သတိရပြီး လှမ်းကြည့်မိသည်၊ အို့ယန်ဆု ၊ တက်မုဆရာတော်၊ ဟိုကတော် ကြီးတာကြည့်တို့က သူမအား မမှိတ်မသုန် ငိုင်းကြည့်နေသည် ကို တွေ့ရသောအခါ မျက်နှာရဲခနဲ ဖြစ်သွား၏၊

'ငါ ကြောက်လန့်နေတာကို သူတို့ သိသွားကြပြီ'ဟူသည့် အတွေး ဝင်သွားခြင်းသာတည်း၊

နိုင်ချစ်နေဒ်က ပိုင်းဖြတ်သည့်လေသံဖြင့်....

''ကောင်းပြီ....ဆေးလုံးကို ငါ့ပါးစပ်ထဲ ထည့်လိုက်ပေတော့ ငါ့ဘာသာ မျိုချပစ်မယ်၊ ငါအကြောပိတ် ခံထားရတယ်

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီနီမိန်းကလေး၏ မျက်နှာမှာ ချက်ချင်းပင် ပေါ့ . . . ကြည်ရွှင်သွားသည်။

'ဒါမှပေါ့....ဆေးသောက်ပြီးရင် မမအတွက် အေးချမ်း . . . သွားပါပြီ၊ ကျန်မလဲ မွေးစားဖခင်ကြီးဆီ အမြန်ပြေးမယ . . . ထိပ်သီးသိုင်းသမားတွေကို စုစည်းပြီး အမြန်ဆုံးလာကယ်မယ . . .

သူမသည် စကားဆုံးသည်နှင့် လက်ကိုဆန့်တန်းလိုက်သည . . . နိုင်ချစ်နော်၏ ပါးစပ်ထဲသို့ ဆေးလုံးထည့်ပေးရန် လ . . . လှမ်းလိုက်ခြင်း ဖြစ်သည်။

ထိုစဉ်....

လူရိပ်တစ်ခုသည် နိုင်ချစ်နော်နှင့် အင်္ကျီနီမိန်းကလေး . . . နှစ်ဦး၏ ခေါင်းပေါ်မှ ရုတ်တရက် ဖြတ်သန်းသွား၏။

'ဘာလဲ....အယ်သူလဲ'

အင်္ကျီနီမိန်းကလေး အော်ဟစ်လိုက်စဉ်မှာပင် ဆေးလုံးသ . . . ထိုအရိပ်နှင့်အတူ ပါသွား၏။

တစ်ဖက်၌ ရိပ်ခနဲကျသွားသူမှာ ဂိုဏ်းချုပ်ကြီး အို့ယန်ထ . . . ပင် ဖြစ်တော့သည်။

တက်မုဆရာတော်မှာ စိတ်ထဲမှကျိတ်၍ ပြောမိ၏။

'ဒီလူ တကယ်ပဲပေါပါးဟာကိုး၊ ဒီလောက် သွက်လက်ခြ . . . ဆန့်တဲ့ ကိုယ်ဖော့ပညာကို လုံးဝမတွေ့ဖူးသေးဘူး'



အင်္ကျီနီမိန်းကလေးသည် ထိုဆေးလုံးကို လက်လွှတ်စပယ် တိုက်နေခြင်းမဟုတ်ပေ။

ရန်သူများ ရုတ်တရက် ဝင်လာပါက ကာကွယ်ရန် သတိရှိပြီး ဖြစ်သည်။

သို့သော်....

အို့ယန်ထုံ၏ လှုပ်ရှားမှု မြန်ဆန်လှသဖြင့် သူမမှာ လှုပ်ပင် မလှုပ်လိုက်ရတော့ချေ။

မည်သို့ပင်ဖြစ်စေ အို့ယန်ထုံ ဤသို့လုယူသွားသဖြင့် နိုင်ချစ်နော်၏မျက်လုံးများ၌ ဝမ်းသာသည့် အရိပ်အယောင်များ ယှက်သမ်းသွားသည်ကိုမူ တက်မုဆရာတော်က ရိပ်မိသိရှိလိုက်လေသည်။

အို့ယန်ထုံသည် သူ၏ သက်တော်စောင့် ကျိုးတာကြည်ထံသို့ ဆေးလုံးကို ပစ်ပေးလိုက်ပြီး....

'ကျိုးတာကြည်....ဒီဆေးလုံးကို ကောင်းကောင်းသိမ်းထားလိုက်စမ်း၊ နောင်ကြီးထန်ရှင်လာမှ ဒီဆေးလုံးကို စစ်ဆေးခိုင်းရမယ်'

သူသည် စကားဆုံးသည်နှင့် အင်္ကျီနီ မိန်းကလေးဘက်သို့ ပြန်လှည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မိန်းကလေး...မင်းနဲ့ကျုပ် သဘောတူထားတဲ့ ကတိထက် ဘာမှ ပိုမလုပ်ပါနဲ့'

'ဘာပိုလုပ်လို့လဲရှင်'

'မင်းကို ကျုပ်ခေါ်လာတာက မင်းအစ်မနဲ့ တွေ့ဆုံဖို့သက်သက်ပဲ၊ အတိတ်မေ့ဆေးပေးတာတို့၊ အဆိပ်ဆေး ပေးတာတို့ သေဆေးပေးတာတို့ လုံးဝမပါဘူး၊ ကျုပ်လဲ ခွင့်မပြုဘူး'

အင်္ဂျီနီမိန်းကလေးက ပါးနပ်စွာ ဖြေ၏။

'ဒါတွေ မတိုက်ရဘူးလို့ ကတိထဲမှာ မပါပါဘူး'

'မင်းကို အသက်ရှင်လျက် ပြန်လွှတ်ပေးမယ်ဆိုတဲ့ ကတိလဲ မပါပါဘူး၊ ဒီအချက်တွေကတော့ နားလည်မှု သက်သက်သာ ဖြစ်တဲ့ ကတိခံဝန်တွေပဲ'

'ဒါက ကျွန်မတို့ ညီအစ်မနှစ်ယောက်ရဲ့ ကိစ္စပဲ'

'အေး...မင်းကိစ္စက မဆိုင်ပေမယ့် သူ့ကိစ္စကတော့ ကျုပ်တို့နဲ့ဆိုင်တယ်၊ မင်းအစ်မဟာ ကျုပ်တို့ရဲ့ သို့ပန်းပဲ၊ ကဲ... မိန်းကလေးလဲ ပြောချင်ရာတွေ အတော်ပြောပြီးပါပြီ၊ အခု အချိန်မှာ ဒီကထွက်သွားဖို့ ကောင်းနေပြီ'

'ရှင်က ကျွန်မကိုနှင်ထုတ်တာလား'

အို့ယန်ထိုက အေးဆေးစွာ ဖြေ၏။



'မေတ္တာရပ်ခံတာပါ'

အင်္ဂျီနီ မိန်းကလေးသည် ဤအခန်းထဲရှိ လူအားလုံး သူမ၏ ပြိုင်ဘက်မဟုတ်ကြောင်း နားလည် သဘောပေါက်သည်။

'ကောင်းပြီ၊ ဒါဆို ကျွန်မ ခုပဲ ထွက်သွားတော့မယ်၊ နားလည်မှု ကတိအရပေါ့'

အို့ယန်ထုက သက်တော်စောင့် ကျီးတာကြည်အား လှမ်း၍ အမိန့်ပေးသည်။

'ဒီမိန်းကလေးကို လိုက်ပို့လိုက်ပါကွယ်'

အင်္ဂျီနီမိန်းကလေးသည် လှည့်ထွက်သွား၏။

ခြေလှမ်း ငါးလှမ်းသို့ လှမ်းပြီးသောအခါမှ သူမ၏ အစ်မဖြစ်သူ နိုင်ချစ်နေဝ်ကို လှမ်းပြောသည်။

'မမ...အသက်ရှင်သန်တာဟာ ကောင်းပါတယ်၊ ဒါပေမယ့် ဝန်ခံပြီး အသက်ရှင်နေတာကတော့ မကောင်းပါဘူး၊ မမ သဘောပေါက်ပါလိမ့်မယ်လို့ ကျွန်မ ထင်တယ်'

နိုင်ချစ်နေဝ်က ခေါင်းညိတ်၏။

'ညီမလေး...စိတ်သာချပါ၊ အဖေ ကိုသာ အကြောင်းကြားပေးပါ၊ အဖေ ကြည့်စီစဉ်ပေးပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'တတ်နိုင်သလောက်ကတော့ ကြိုးစားပါမယ်'

နိုင်ချစ်နော်သည် စိတ်ထဲ၌ မသက်မသာ ဖြစ်သွား၏။

'ညည်း....ဘယ်လိုပြောလိုက်တာလဲ'

'အမှန်အတိုင်း ပြောတာပဲလေ၊ ကြာနိုင်တစ်ဝိုက် ကျုံရွယ်တစ်ဝိုက်မှာ လူအင်အားတွေ ပျံ့နှံ့နေတယ်၊ ချက်ချင်းစုစည်းဖို့ဆိုတာ မလွယ်ဘူး၊ စုစည်းပြီးရင် လာကယ်ဖို့ ကြိုးစားပါ့မယ်'

နိုင်ချစ်နော်မှာ အောင့်သက်သက်ပြောလိုက်ရသည်။

'ကျေးဇူးတင်ပါတယ်၊ အဆင်ပြေသလိုသာ စီမံပါတော့'

အက်ဂျိနီမိန်းကလေးက ထပ်တွန့်တက်သည်။

'ကျွန်မတို့ လူစုတာ ကြာချင်ကြာမယ်၊ တကယ်လို့ ကျွန်မတို့သာ ကြာနေရင်တော့ မမပဲ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်ပေတော့၊ မမ ဘာမှမပူနဲ့၊ မမအတွက် ကျွန်မတို့က ပြန်ပြီး လက်စားချေပါ့မယ်'

အက်ဂျိနီမိန်းကလေး၏ ပြောပုံဆိုပေါက်၌ မေတ္တာစေတနာဟူ၍ လုံးဝမပါပေ။

ညီအစ်မဟူ၍လည်းကောင်း၊ တစ်ဖွဲ့သားတည်းဟူ၍ လည်းကောင်း လုံးဝ သံယောဇဉ်မရှိချေ။



အို့ယန်ထုံနှင့် တက်မုဆရာတော်တို့သည်ကွန်လုံဝမ်၏တပည့်လက်သားများ၏စိတ်ဓာတ် ဤမျှရက်စက်ကြမ်းကြုတ်နေသည်ကို တွေ့ရသောအခါ စိတ်ထဲ၌ မသက်မသာ ဖြစ်သွားကြရ၏။

နိုင်ချစ်နော်သည် သက်ပြင်းချလိုက်ပြီး....

'ညီမလေးရဲ့ သဘောထားကို မမ မှတ်သားထားပါ့မယ်၊ နောက်ဆုံး အခြေအနေကျရင် မမဟာ ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ ကြိုးစားပါ့မယ်'

အက်ဂျိနီ မိန်းကလေးက....

'ကောင်းတယ်၊ အဲသလိုသာလုပ်နိုင်ရင် မွေးစားဖခင်ကြီးရဲ့ ကျေးဇူးဟာ ဘယ်အလဟဿ ဖြစ်တော့မလဲ'

ကျိုးတာကြည်သည် ဖကောင်းစလက်စမသတ်နိုင်သော အက်ဂျိနီမိန်းကလေးအား စိတ်မရှည်တော့ပေ။

'ကဲ....ဘယ်လိုလဲ၊ မပြီးနိုင်တော့ဘူးလား'

အက်ဂျိနီ မိန်းကလေးသည် ကျိုးတာကြည်အား မျက်စောင်းထိုးပြီး ရန်တွေ့သည်။

'ဒီမှာကြုံတွေ့နေရတဲ့ကိစ္စကသေရေးရှင်ရေးကိစ္စထက်တောင် အရေးကြီးတယ်ရှင့်'

www.burmeseclassic.com

www.burmeseclassic.com



'အော်....ဒါဆိုရင် မင်းပါ ဒီမှာပဲ အချုပ်ခံပြီး မကုန်ခန်းနိုင်တဲ့ စကားတွေကို ပြောပါလား'

အက်ဂျီနီ မိန်းကလေးသည် ခြေဆောင့်၍ ထွက်သွား၏။

ကျီးတာကြည်သည် နောက်မှ လိုက်ထွက်သွား၏။

ခားကိုင် ကျန်လုဂိုဏ်းသားအဖွဲ့သည် မိန်းကလေး ထွက်လာသဖြင့် ရှေ့မှ ဘားဆီးလိုက်၏။

နောက်၌ ကျီးတာကြည် ပါလာသည်ကိုမြင်မှ ဖယ်ရှောင်ပေးကြသည်။

ကျီးတာကြည်က အခြေအနေကို ရှင်းပြလိုက်၏။

'ဂိုဏ်းချုပ်ကြီးက ပြန်လွှတ်ခိုင်းလိုက်တာပါ၊ မင်းတို့ ဘာမှ မပူပန်ကြပါနဲ့'

ခားကိုင် ကျန်လု ဂိုဏ်းသားများက ကျီးတာကြည်အား ဦးညွှတ်ဂါရဝပြုကြသည်။

အက်ဂျီနီ မိန်းကလေးသည် ခားကိုင်အဖွဲ့အား ယခုမှ အသေအချာ ကြည့်မိ၏။

ဆယ့်ခြောက်ယောက်ခန့်ရှိသော ခားသမားများသည် အသေတူ အလုံးတူလူများဖြစ်ရုံမျှမက အပြုအမူများကလည်း အလွန်တရာ တူညီကြသည်။



'အင်း....ဒီလူတွေဟာ ကျန်လုဂိုဏ်းရဲ့ လက်ရွေးစင် အဖွဲ့ပဲ ဖြစ်ရမယ်၊ သူတို့ဟာ စားအတူ၊ သွားအတူ၊ လေ့ကျင့်အတူ နှစ်ပေါင်းများစွာ အတူတကွ နေထိုင်လေ့ကျင့်ခဲ့လို့ အခုလို တစ်ပုံစံတည်းဖြစ်နေကြတာပဲ၊ ဒီအဖွဲ့ကို သတိထားရမယ်'

ကျီးတာကြည်သည် သူမအား သုံးမိုင်ခန့်အထိ လိုက်လံပို့ဆောင်၏။

'ကဲ...မင်းခရီးကို မင်းဘာသာပဲဆက်ပေတော့၊ ကျုပ်လိုက်မပို့တော့ဘူး'

'ရတယ်....တကယ်ဆိုရင် ဒီအထိတောင် ရှင် လိုက်ပို့ဖို့မလိုဘူး'

'ကျုပ်လဲသိသားပဲ၊ တစ်မိုင် ပတ်လည်အတွင်းကနေ ပြန်ခိုဝင်လာမှာစိုးလို့ ဒီအထိလိုက်ပို့တာ၊ ကဲ....ကဲ....ကြွပေတော့'

ကျီးတာကြည် ဤသို့ပြန်လွှတ်နေချိန်ဝယ် ဂိုဏ်းချုပ်ကြီး အိုယန်ထိုက နိုင်ချစ်နော်အား မေးမြန်း စုံစမ်းနေပေသည်။

'ဒီကလေးမဟာ အရွယ်နဲ့မလိုက်တဲ့ ရက်စက်တဲ့ စိတ်သဘောထားမျိုးရှိတယ်၊ မိန်းကလေးရဲ့ ညီမ အရင်းပဲလား'

'ဂိုဏ်းတူ ညီအစ်မလို့ပဲ ခေါ်နိုင်မှာပေါ့၊ ကွန်လုံမိကာ မွေးစားတဲ့ မွေးစားသမီးတွေချည်းပဲ'

www.burmeseclassic.com

www.burmeseclassic.com



'တခြားဂိုဏ်းတွေမှာဆိုရင် ဂိုဏ်းတူ ညီအစ်ကိုမောင်နှမတွေဟာ မောင်နှမအရင်း၊ ညီအစ်ကိုအရင်းတွေထက် ချစ်ခင်ကြတယ်၊ အသက်စွန့်ကူညီကြတယ်၊ မင်းတို့ကျတော့ ဘာဖြစ်လို့ ဒီလောက်စိမ်းကားနေရတာလဲ'

နိုင်ချစ်နော်က မေးငါ၏။

'ရှင်တို့ထင်သလိုမဟုတ်ပါဘူး၊ သူက တကယ် စေတနာနဲ့ ပြောသွားတာပါ'

'တုရားရေ....စေတနာနဲ့ ဟုတ်လား'

'ဟုတ်တယ်....စေတနာနဲ့ပါ၊ အတိတ်မေ့ဆေးလုံးသောက်ခိုင်းတာက ရှင်တို့နှိပ်စက်မေးရင် ကျွန်မတို့ရဲ့ လျှို့ဝှက်သတင်းတွေလဲပေါ်မယ်၊ ကျွန်မလဲ နှိပ်စက်ခံရမှာစိုးလို့ပါ၊ သတ်သေခိုင်းတာကတော့ တကယ်လို့ ကျွန်မ ထုတ်ဖော် ပြောဆိုမိပြီး ကျွန်မဖခင်ကြီးဆီပြန်ရောက်ရင် ညှဉ်းဆဲ အသတ်ခံရမှာစိုးလို့ သတ်သေခိုင်းတာပါ'

ထိုသို့ မေးမြန်းနေခိုက်မှာပင် ကျိုးတာကြည်သည် တဲခန်းသို့ ပြန်လည်ရောက်ရှိလာသည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက လက်ဖြန့်တောင်းခံလိုက်သည်။



'ကျိုးတာကြည်....စောစောက မင်းကိုပေးခဲ့တဲ့ ဆေးလုံးငါ့ကို ပြန်ပေးစမ်း'

ကျိုးတာကြည်က ရိုသေစွာ လှမ်းပေးပြီး နောက်ဆုတ်သွား၏။

'မိန်းကလေး....ဒီဆေးလုံးရဲ့အာနိသင်က ဘယ်လိုလဲ'

'အတိတ်မေ့စေတယ်၊ လူကို ကြောင်သွားစေပါတယ်'

'တန်ပိုးပျက်သွားတဲ့ အထိလား'

'ဟုတ်ပါတယ်၊ ကိုယ့်စိတ်ကို ကိုယ် အစိုးမရနိုင်တော့ပါဘူး'

'ဒါကြောင့်မို့ ဒီဆေးလုံးကို မိန်းကလေး ကြောက်နေတာမဟုတ်လား'

ကျွဲလူကြီးများကို လိမ်ညာ၍ မရကြောင်း နိုင်ချစ်နော် သိသည်။

'ဟုတ်ကဲ့....ကျွန်မ ကြောက်တယ်'

'မိန်းကလေးက ဒီပြင်လူတွေကို ဒီဆေးမျိုးတိုက်တဲ့အခါမတော့ ဘာဖြစ်လို့ ကိုယ်ချင်းစာတရား မထားတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါကတော့ ကျွန်မတို့ဂိုဏ်းရဲ့အကျိုး ဆောင်ရွက်ရတာပါ။ ကျွန်မတို့ မွေးစားဖခင် ကွန်လုံဝမ်ရဲ့ ဩဇာကိုလဲ ပယ်လှန်လို့ မရပါဘူး'

'အခု မိန်းကလေးပါးစပ်ထဲထည့်လိုက်ရင်....'

အိုယန်ထုံသည် နိုင်ချစ်နော် အနီးသို့ ချဉ်းကပ်လာပြီး ပါးစပ်ကို ဆွဲဟလိုက်၏။

ဆေးလုံးကို ပါးစပ်ထဲထည့်ရန် ဟန်ပြင်သည်။

'ဂိုဏ်းချုပ်ကြီး....ဒီမိန်းကလေးကို ကျုပ်တို့ ကျောင်းတော်ဆီ ခေါ်သွားပြီး စစ်ဆေးဖို့ ကျန်ပါသေးတယ်၊ အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့၊ သူ အတိတ်မေ့သွားရင် ကျုပ်တို့ ဘယ်လို စစ်နိုင်တော့မှာလဲ'

အိုယန်ထုံသည် ဆေးလုံးကို ပြန်သိမ်းပြီး နောက်ဆုတ်လာလေ၏။

'အင်း....ကွန်လုံဝမ်ဟာ ဒီဆေးမျိုးတွေနဲ့ လက်အောက်ငယ်သားတွေကို ထိန်းချုပ်နိုင်ခဲ့တာပဲ၊ ဘာတွေနဲ့ ရောနှောဖော်စပ်တယ်ဆိုတာ နောင်ကြီး ထန်ရှင်ရှိရင် အမှန် သိနိုင်မှာပဲ'

အိုယန်ထုံသည် ဆေးလုံးကိုကိုင်၍ စဉ်းစဉ်းစားစား ပြောနေလေ၏။



နိုင်ချစ်နော်မှာ အိုယန်ထုံ၏အပြုအမူကြောင့် ချက်ချင်းပင် ဇောချွေးများ ပြန်သွားခဲ့ရသည်။

တက်မုဆရာတော် ကယ်တင်လိုက်သဖြင့် သူမသည် လူ့ဘဝ၌ လူဖြစ်ရှုံးတော့မည့်အရေးမှ လက်မတင်ကလေးလွတ်မြောက်ခဲ့ရလေသည်။

တက်မုဆရာတော်သည် နိုင်ချစ်နော်အား သနားကြင်နာစွာ လှမ်းကြည့်၏။

သူ့စိတ်ထဲမှလည်း တွေးသည်။

'အင်း....ဒီဆေးလုံးကို ဒီမိန်းကလေး ကြောက်မယ်ဆိုရင်လဲ ကြောက်လောက်ပါတယ်လေ'

ထိုစဉ် အစောင့် တစ်ယောက် ပြေးလွှား ဝင်ရောက်လာလေ၏။

'ဂိုဏ်းချုပ်ကြီး....ဆရာကြီးထန်ရှင် ပြန်လာပါပြီ ခင်ဗျာ'

အိုယန်ထုံ၏မျက်နှာမှာ ချက်ချင်းပင် ဝင်းထိန်သွား၏။

www.burmeseclassic.com



သူ၏နောင်ကြီး ထန်ရှင်အား အပြင်ထွက်ကြိုရန် ဟန်ပြင်ရင်း...

'ဆရာတော်....ဒီမှာ ခေတ္တခဏနေခဲ့ပါနော်၊ တပည့်တော် နောင်ကြီးထန်ရှင်ကို သွားကြိုလိုက်ပါဦးမယ်'

တက်မုဆရာတော်က လက်အုပ်ချီပြီး....

'ကျုပ်လဲထွက်ကြိုမှာပေါ့ ဂိုဏ်းချုပ်ကြီးရယ်'

ဂိုဏ်းချုပ်ကြီး အို့ယန်ထု၊ တက်မုဆရာတော်၊ ပရိုကတော်ကြီးနှင့် ကျိုးတာကြည်တို့သည် တဲအိမ်အပြင်၊ ခြံဝင်းအပြင်သို့ တန်းစီထွက်လာကြသည်။

## အခန်း (၄၂)

### ပညာရှိ၏ ပရိယာယ်

ခြံဝင်းရှေ့သို့ မြင်းလှည်းငါးစင်း ဆိုက်ရောက်လာသည်။

ကျွန်လုဂိုဏ်း၏ လေ့ကျင့်ရေးမှူးကြီး ကွမ်းစန်စင်၊ ဖန်မုဆရာတော်၊ မောကုံးလျှန်၊ တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့ ပါရှိလာသည်။

ထန်ရှင်သည် မြင်းလှည်းပေါ်မှဆင်းသည်နှင့် ဂိုဏ်းချုပ်ကြီး အို့ယန်ထုကို လက်သီးနှစ်ဖက်ဆုပ်ကာ ဦးညွှတ် ဂါရဝပြုလေ၏။

ဂိုဏ်းချုပ်ကြီးအို့ယန်ထုက သူ့အား သွားရောက် တားမြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'နှောင်ကြိုးထန်ရှင်....ဒါတွေ လုပ်မနေစမ်းပါနဲ့ဗျာ၊ ကျုပ် ခဏခဏပြောထားလျက်သားနဲ့'

'အို...ဘယ်ဟုတ်မလဲ၊ ဂိုဏ်းချုပ်ကြီးကို ကျွန်တော်တို့က မလေးစားရင် ဘယ်သူက လေးစားမှာလဲ'

ထန်ရှင်သည် အိုယန်ထု တားမြစ်၍မရပေ။

အရိုအသေ သပေးမြဲ ပေးလေ၏။

ထန်ရှင်ကဲ့သို့သော ပညာဉာဏ်ကြီးသူကိုယ်တိုင်က ဤကဲ့သို့ အရိုအသေပြုသောအခါ အခြားအခြားသော ဝါစဉ်ကြီးသိုင်းသမားများသည် ဂိုဏ်းချုပ်ကြီး အိုယန်ထုံကို လုံးဝ မလေးမစား မပြုဝံ့ကြတော့ပေ။

ဖေကုံးလျှန်ကဲ့သို့သော သိုင်းသမားကြီးများသည် မည်သည့်ဂိုဏ်းချုပ်ကိုမဆို သိပ်တန်ဖိုးထားလေ့မရှိပေ။

ယခုသော်....

ဂိုဏ်းချုပ်ကြီး အိုယန်ထုကဲ့သို့သော လူမျိုးကိုမူ တန်ဖိုးမထားဘဲ ဆက်ဆံရန် ခက်ခဲသွားပေတော့သည်။

အဘယ့်ကြောင့်ဆိုသော်....

ထန်ရှင်၏ ဉာဏ်ပညာကြီးကျယ်မှုမှာ သိုင်းလောကတစ်ခုလုံး ကျော်ကြားသွားနေသောကြောင့်ပေတည်း။



ထန်ရှင်သည် ဟိုကတော်အားကြည့်ပြီး ဂါရဝပြုပြန်သည်။

'ဟိုကတော်ကြီး....ကွန်လုံဝမ်ရဲ့ လူတွေ လာတိုက်တဲ့အတွက် တောနက်ဂိုဏ်းသားအချို့ ကျဆုံးသွားတယ်လို့ သိရပါတယ်၊ ကျုပ် အများကြီး စိတ်မကောင်း ဖြစ်မိပါတယ်'

ဟိုကတော်မှာ ပျာပျာသလဲ ဖြစ်သွားပြီး ပြန်လည် ဂါရဝပြုသည်။

'ကိစ္စမရှိပါဘူး ဆရာကြီးထန်ရှင်၊ သူတို့ လာတိုက်တာနဲ့ ကျွန်မအနေနဲ့ အထိတ်တလန့်ရပ်တည်လို့ မဖြစ်ဘူးဆိုတာလဲ ရိပ်မိသိရှိခဲ့တာပါ'

ထန်ရှင်က ရယ်၍ပြောသည်။

'မှန်ပါတယ်...မှန်ပါတယ်၊ ဟိုကတော်လို အစွမ်းထက်တဲ့ မိန်းမသားမျိုးအနေနဲ့ တောနက်ဂိုဏ်းလို အင်မတန် အင်အားနည်းပါးတဲ့ ဂိုဏ်းကလေးမျိုးနဲ့ အထီးတည်း ရပ်တည်မနေသင့်ပါဘူး၊ တကယ်လို့ ဟိုကတော်အနေနဲ့ အခုလို ကျုပ်တို့ဂိုဏ်းထဲ ပါဝင်ခဲ့ပြီးပြီဆိုရင် ဟိုကတော်ရဲ့ အစွမ်းအစဟာ သိုင်းလောကထဲမှာ ဟိုးဟိုးကျော်သွားမှာ သေချာပါတယ်၊ ကျုပ်တို့ဂိုဏ်းမှ မဟုတ်ပါဘူးလေ၊ ဘယ်ဂိုဏ်းကြီးနဲ့မဆို ဟိုကတော် ပူးပေါင်းသင့်ပါတယ်၊ ဒါမှ ပတ္တမြားမှန်ရင် နွံမနစ်ဆိုတဲ့ စကားနဲ့ ကိုက်ညီတော့မပေါ့'

ဟိုကတော်က ပြုံး၍ပြော၏။

www.burmeseclassic.com



'ဆရာကြီး ထန်ရှင်၊ ကျွန်မကို ဒီသက် မြှောက်မနေပါနဲ့တော့၊ ကျွန်မကို ခေါ်လိုရာခေါ်ပါတော့' ဆိုပြီး ဂိုဏ်းချုပ်ကြီး အို့ယန်ထိုထံမှာ အပ်နှံပြီးပါပြီ၊ ကျွန်မရဲ့ အသက်၊ ခန္ဓာကိုယ်နဲ့ အစွမ်းအစအားလုံး ကျန်လှုဂိုဏ်းအတွက် ပေးလှူဖို့ အသင့်ဖြစ်နေပါပြီ'

'ကောင်းတယ်....သိပ်ကောင်းတယ်၊ သိုင်းလောက ကောင်းကျိုးအတွက် ခင်ဗျားရဲ့စေတနာနဲ့ ပြတ်သားမှုကို ခုလို အသုံးချတဲ့အတွက် အားလုံးက သာခုခေါ်ကြမှာပါ'

ထိုအချိန်တွင်....

ကွမ်းစန်စင်၊ ဖန်မုဆရာတော်နှင့် ဖေကိုးလျှန်တို့လည်း မြင်းလှည်းများပေါ်မှ ဆင်းသက်လာပြီ ဖြစ်သည်၊

ဆန်ကွမ်းချီတစ်ယောက်သာ ငေးငေးငိုင်ငိုင်ဖြင့် ထိုင်ကျန်ရစ်ခဲ့၏၊

ဂိုဏ်းချုပ်ကြီး အို့ယန်ထိုသည် ဆန်ကွမ်းချီကို အကဲခတ်လိုက်ပြီး....

'ကျန်တဲ့လူတွေကော'

ကွမ်းစန်စင်က ဂိုဏ်းချုပ်ကြီးအား ဦးညွှတ် ဂါရဝပြုပြီး အခြေပေး၏၊



'ချင်းချန် အဘိုးကြီးနှစ်ယောက်ကိုတော့ သူတို့ ချင်းချန်ဂိုဏ်းသားတွေလက်ထဲ ပြန်ပေးလိုက်ပါပြီ၊ ဟိုရုပ်ဆိုးဆိုး လူငယ်လေးကတော့ ကျွန်တော်တို့ ခေါ်လာတဲ့ ခရီးတစ်ဝက်မှာပဲ ထွက်ပြေးလွတ်မြောက်သွားပါတယ်'

'ဟင်....ဘာဖြစ်လို့ သူ့ကိုလိုက်မဖမ်းတာလဲ'

ဖေကိုးလျှန်က ဝင်၍ ရှင်းပြ၏၊

'ဂိုဏ်းချုပ်ကြီး....ဒီကောင်က သိပ်မြန်တာ၊ ကျုပ်လဲ သိုင်းလောကမှာ ကျင်လည်တာ ကြာပါပြီ၊ သူ့လောက် မြန်တဲ့လူ သူ့လောက်သန်စွမ်းတဲ့လူကို တစ်ခါမှ မတွေ့ဖူးဘူး၊ ကျုပ်နဲ့ ဖန်မုဆရာတော် ဘားတားတောင် မရလိုက်ပါဘူး၊ သိုင်းပညာက အတော်ကောင်းတာပဲကိုး'

ဖန်မုဆရာတော်ကလည်း ဆက်ပြင်းချကာ ဝင်ပြောသည်၊

'ဒကာကြီး ဖေကိုးလျှန် ပြောတဲ့စကားက အမှန်ပါပဲ၊ အဲဒီလူငယ်ဟာ ရုပ်ဆိုးသလောက် လှုပ်ရှားမှု တကယ်မြန်တယ်၊ သစ်ပင်တွေအကြားမှာ လျှပ်တစ်ပြက် ပျောက်ကွယ်သွားတာပဲ၊ သူ့လို လိုက်မြန်ဖို့ဆိုတာလဲ မလွယ်လှဘူး'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုသည် ယှမ်ရှောက်၏ စွမ်းရည်ကို သာမန်မျှသာ မြင်ဖူးသူဖြစ်ပေသည်၊

'သူဘာကယ်ပဲ ဒီလောက်ထက်မြက်သလား'

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန်စင်က....

'တကယ်ပဲ ထက်မြက်ပါတယ်'

ထိုစဉ် ပညာရှိထန်ရှင်က ဝင်ပြောလေ၏။

'ဂိုဏ်းချုပ်ကြီး....ဘာမှ မပူပါနဲ့၊ အဲဒီလူငယ်ဟာ မိုးမ[illegible] မီ ဒီစခန်းကို ရောက်လာမှာ မသေချာပါတယ်'

အိုယန်ထုံသည် ထန်ရှင် ပြောလည်းစကားကို မည်သ[illegible] အခါကမျှ မယုံမကြည်မရှိခဲ့ပေ။

'ကဲ....ကဲ....အားလုံး ခရီးပန်းလာကြတယ်၊ တဲထဲဝင်[illegible] အနားယူ အပန်းဖြေကြပါဦး၊ တဲထဲကျမှပဲ ဖော်ဖော်[illegible] ဆေး စကားပြောကြတာပေါ့'

စကားဆုံးသည်နှင့် တဲသဲလှည့်ဝင်သွားရာ ထန်ရှင်မှတစ်[illegible] သိုင်းသမားအားလုံး သူ့နောက်မှ လိုက်ပါသွားကြသည်။

ဆန်ကွမ်းချိကိုမူ ကွမ်းစန်စင်ကပင် လှည်းပေါ်မှ ခေါ်[illegible] ပြီး ခြံဝင်းတဲသို့ ဝင်စေသည်။

ထန်ရှင်သည် ခြံဝင်းအမြင့်ဘက်၌ စောင့်ကြည့်နေသည့် မီး[illegible] ရောင်စတဲစုံဝတ်အဖွဲ့ကို စစ်ဆေးရန် ကျန်ခဲ့ခြင်းဖြစ်သည်။

ထိုအဖွဲ့ကို ထန်ရှင်က ရွေးချယ် လေ့ကျင့်ပေးထားခြ[illegible] ဖြစ်ပေသည်။



မီးကိုင်အဖွဲ့သည် ထန်ရှင်လျှောက်လာသောအခါ အားလုံး [illegible]ဒူးထောက်ထိုင်ကာ ဂါရဝပြုကြသည်။

'ထကြပါ....ထကြပါ၊ ငါတို့ ကျန်လုဂိုဏ်းမှာ အမှတ် လေး[illegible]ယ့်ရှစ်အုပ်စုဟာ နာမည်အကျော်ကြားဆုံး တိုက်ခိုက်ရေး[illegible]ုပ်စုဖြစ်ပေမယ့် သိုင်းလောကသားတွေကလဲ ဒီအုပ်စုကို သိရှိ[illegible]ကြတယ်၊ မင်းတို့အဖွဲ့ဟာ အဲဒီအုပ်စုကို အမီလိုက်နိုင်စေဖို့ ငါ [illegible]စုပျိုးထောင်ပေးခဲ့တယ်၊ မင်းတို့ ကြိုးစားပါမှ လေးဆယ့်ရှစ် [illegible]ုပ်စုကို မီလိမ့်မယ်၊ မင်းတို့ အမီလိုက်နိုင်ပြီဆိုရင် လေးဆယ့် [illegible]စ်အုပ်စုနဲ့ မင်းတို့အဖွဲ့ဟာ ကျန်လုဂိုဏ်းရဲ့အကျိုးနဲ့ ဂိုဏ်းချုပ်ရဲ့ [illegible]ကျိုးကို ဘက်ညီညီ ထမ်းဆောင်နိုင်ပြီလို့ ဆိုရမယ်'

စင်စစ် ထိုလေးဆယ့်ရှစ် အုပ်စုကိုလည်း ထန်ရှင် ဖွဲ့စည်း [illegible]လေ့ကျင့်ပေးခဲ့ခြင်းသာ ဖြစ်သည်။

ယခု မီးအဖွဲ့သည် ဒုတိယအကြိမ်မြောက်ဖွဲ့သည့် အဖွဲ့ [illegible]ဖြစ်သည်။

မီးကိုင်အဖွဲ့ ခေါင်းဆောင်က ဦးညွှတ်၍ပြော၏။

'ဆရာကြီးရဲ့ ရှစ်နှစ်လုံးလုံး တွန်းတင်ပေးမှုကို တစ်နေ့မပြတ် [illegible]အာရုံထားပြီး ကျွန်တော်တို့ ကြိုးစားခဲ့ကြပါတယ်၊ အခု ရက် [illegible]အတွင်းမှာ ကျွန်တော်တို့ရဲ့ အင်အားကို ပြသရမယ့်တိုက်ပွဲတွေကို [illegible]စောင့်စားနေပါတယ်၊ တိုက်ပွဲမှာ ကျွန်တော်တို့ ဘယ်လောက် [illegible]စွမ်းထက်နေတယ်ဆိုတာ ပြသပါမယ် ဆရာကြီး'

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်က သူ့ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏

'ဒီလိုလဲ မဟုတ်သေးဘူးလေ'

'ခင်ဗျာ... ကျွန်တော်တို့က ဆရာကြီးပြုစုပေးရကျိုးနပ်တ... ဆိုတာ သိရအောင် တိုက်ပွဲကို တောင့်တနေတာပါ'

'ရှေးရိုးစကားသစ်ခု ရှိသကွယ်၊ ကိုယ့်ကိုယ်ကို အထင်ကြီး... သော စေ်သားသည် ရှုံးမြဲတဲ့၊ မင်းတို့ ရှစ်နှစ်လုံးလုံး ကြိုး... လေ့ကျင့်လာတာ မှန်ပေမယ့် အစွန်းဆုံး ပြည့်ဝသော စစ်သား... များ မဖြစ်ကြသေးဘူး၊ ကိုယ်က တိုက်ပွဲကို ရှာဖို့မလိုဘူး... တိုက်ပွဲက ကိုယ့်ကို ရှာသလိမ့်မယ်၊ ဆိုလိုတာက လိုအပ်... အချိန်ကျမှ မင်းတို့ရဲ့စွမ်းရည်ကို ထုတ်ပြကြပါလို့ မှာကြားနေ... တာပါပဲ'

မီးခိုးရောင်ဝတ်စုံများ ဝတ်ဆင်ထားသည့် အဖွဲ့သားမျာ... သည် အားလုံး ခေါင်းငုံ့သွားကြ၏

'ကျွန်တော်တို့ မှားပါတယ်၊ ဆရာကြီးရဲ့ ဆုံးမသွန်သ... ချက်ကို မြေဝယ်မကျ နားထောင်ပါ့မယ်'

'ကောင်းတယ်၊အပြင်မှာ နိုးနိုးကြားကြားစောင့်ရှောက်ကြ...

ထန်ရှင်သည် သူ့အဖွဲ့သားများအား ဆုံးမစကား ပြောပြ... နောက် ခြံဝင်းထဲသို့ ပြန်ဝင်သွား၏



ဂိုဏ်းချုပ်ကြီး အိုယန်ထုံ သည် ဧည့်သည်များအား စား သောက်ဖွယ်ရာများဖြင့် ဧည့်ခံလျက်ရှိ၏

ထန်ရှင်သည် အိုယန်ထုံ အနီးသို့ ချဉ်းကပ်သွားပြီး....

'ဂိုဏ်းချုပ်ကြီး....ဒီမိန်းကလေးဆီက ကွန်လုံဝမ်အကြောင်း မေးမြန်းလို့ ရပြီလား'

အိုယန်ထုံက ခေါင်းခါပြ၏

'ကွန်လုံဝမ် ရက်စက်ကြမ်းကြုတ်တယ်ဆိုတဲ့အချက်ကလွဲလို့ တာတစ်ခုမှ မသိရဘူး၊ ဒီမိန်းကလေးဟာ အင်မတန် နှုတ်လုံ တယ်'

ဖေကျုံးလျှန်က ခက်ထန်စွာ ဝင်ပြော၏

'ဂိုဏ်းချုပ်ကြီးတို့က သူ့ကို အေးအေးဆေးဆေး စစ်မေး နေတာကိုး၊ ကျုပ် စစ်မေးစမ်းပါရစေ၊ ဒီမိန်းကလေးရဲ့ ခန္ဓာ ကိုယ်သံနဲ့ ဘာညည်ခေါက်ထားတာ မဟုတ်ပါဘူး၊ သူ မပြောဘူးဆိုရင် ကျုပ်ခေါင်းကို ဖြတ်ပစ်လိုက်'

သူသည် ခုန်ထလာ၏

နှိုင်ချစ်နော်ဆီသို့ တန်းတန်းမတ်မတ် လျှောက်သွား၏

သို့သော် တက်မုဆရာတော်က ရှေ့မှ တားဆီးလိုက်သည်

www.burmeseclassic.com



'ဒကာကြီး...ဒီလိုမလုပ်ပါနဲ့၊ ဒီမိန်းကလေးကို ရှောင်လင် ကျောင်းတော်အထိ ခေါ်သွားရမယ့် တာဝန်ဟာ ကျုပ်တို့ဆီမှာ ရှိနေတယ်၊ သူ ဒဏ်ရာအနာတရ ရနေရင် ကျုပ်တို့ ယယ်ဆောင်တဲ့အခါ အခက်အခဲ ရှိနေလိမ့်မယ်'

ဆန်ကွမ်းချီသည် လက်တစ်ဖက်၌ နွားသားရေဖြင့် အတုပ် အနှောင် ခံထားရသည်။

သူသည် ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများဖြင့် နိုင်ချစ်နော်ကို လှမ်းကြည့်နေသည်။

တိဗက် ကျားပွတ်ဆရာကြီး တုထန်ဟိုမှာမူ ချောင်ထဲ၌ ခပ်ကုပ်ကုပ်လေး ထိုင်နေသည်။

သူလည်း လက်နှစ်ဖက်ကို ကြိုးဖြင့် ချည်နှောင်ခံထားရသည် သာ။

စင်စစ် တုထန်ဟိုသည် ရေလယ်တိုက်ပွဲတွင် သူတို့ဘက်မှ ကူညီခဲ့သူဖြစ်၏။

သို့သော် ဖေကုံးလျှန်၏ အစီအမံကြောင့် ဤသို့ ကြိုးတုပ် ခံနေရခြင်းဖြစ်သည်။

နိုင်ချစ်နော်သည် ဆန်ကွမ်းချီကို တွေ့လိုက်သည်နှင့် မျက်လုံးများ အရောင်တောက်သွား၏။



သူမသည် ငသွေးကြောအပိတ် ခံထားရသဖြင့် အမိန့်ပေး ခြားကို မကိုင်နိုင်တော့။

သို့သော် အစဉ်အမြဲ အမိန့်ပေးနေခဲ့သည့် သူမ၏ မျက်နှာနှင့် သူမ၏လေသံကို ဆန်ကွမ်းချီ သိလိမ့်မည်။

မှတ်မိလိမ့်မည်ဟု ယုံကြည်သည်။

နောက်ဆုံး မမှတ်မိတောင်မှ စမ်းသပ်ကြည့်၍ မမှားနိုင်ဟု ယူဆသည်။

'ဆန်ကွမ်းချီ...ကျွန်မကို လာကယ်စမ်း'

ဆန်ကွမ်းချီသည် ဝုန်းခနဲ ထရပ်လိုက်၏။

သူ့လက်ရှိ အထပ်ထပ် ရစ်ပတ် နှောင်ဖွဲ့ထားသည့် နွားသားရေကြိုးကို ဖြုန်းခနဲ ဆွဲဖြတ်ပစ်လိုက်သည်။

ကြီးမားလှသည့် အတွင်းအားပညာပေတည်း။

လက်ကောက်ဝတ်နှစ်ခုကို ပူးချည်ထားသည့် အထပ်ထပ်သော နွားသားရေကြိုးကို တော်ရုံတန်ရုံ ပညာရှင်က ဖြတ်တောက်နိုင်လိမ့်မည် မဟုတ်ပေ။

ဆန်ကွမ်းချီသည် နိုင်ချစ်နော်အနီးသို့ ခုန်ဝင်သွား၏။

'ဆန်ကွမ်းချီ...ကျွန်မကို ချီပြေးပါ'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီသည် နိုင်ချစ်နော်အား အရှင်ကလေး ကစ်ရှပ်ကဲ့သို့ပွေ့ယူပြီး တဲအပြင်သို့ ခုန်ထွက်သွားလေတော့၏။

ဖေကုံးလျှန်၏စိတ်ထဲ၌ ဗလောင်ဆူသွား၏။

ဤအဘိုးကြီးသည် စိတ်ခံ့တ်မာကျောသလို လုပ်ကိုင်ရာတွင်လည်း မြန်လှသူ ဖြစ်၏။

စိတ်နောက်ကိုယ်ပါ လုပ်တတ်သူ ဖြစ်၏။

'အင်း....ဒီနှစ်ယောက်ကို ခက်ခက်ခဲခဲ ဖမ်းလာခဲ့ရတယ် နောက်[illegible]ကြိမ်ထပ်ဖမ်းဖို့ မလွယ်ဘူး'

သူ့စိတ်ကူးဆုံးသည်နှင့် သူက ဆန်ကွမ်းချီ၏နောက်မှ ပိတ်ဆို့ပြီးသွားလေပြီ။

ဆန်ကွမ်းချီသည် အလျှော့မပေးချေ။

လက်သီးသုံးချက် ပစ်သွင်းသည်။

အလွန်တရာမြန်လှသဖြင့် လက်သီးတစ်ချက်တည်းဟု ထင်မှတ်ရ၏။

သို့သော် ဖေကုံးလျှန်က ထိုလက်သီးကို ဖယ်ထုတ်နိုင်သည်။

တက်မုဆရာတော်သည်လည်း ဖေကုံးလျှန်နှင့် အတွေးချင်းတူသဖြင့် ထိုင်ခုံနေရာမှ လွှားခနဲ ခုန်ထကာ ဖေကုံးလျှန်ဘက်မှ ကူညီတိုက်၏။



တက်မုဆရာတော် ပါလာသောအခါ ဖန်မုဆရာတော်သည်လည်း သူ့နေရာင်တော်ဘက်မှ ဝင်ရောက် တိုက်ခိုက်လေတော့၏။

ဆန်ကွမ်းချီသည် သုံးယောက် တစ်ယောက် တိုက်နေသည့်ကြားမှ ဖန်မုဆရာတော်အား လွင့်ထွက်သွားအောင် ရိုက်ထုတ်နိုင်ခဲ့သည်။

သို့သော် ဆရာတော်သည် ချက်ချင်းပင် ပြန် ခုန်ဝင်လာသည်။

'ဝုန်း....'

ပုဆိုးယအကြိမ်လွင့်ထွက်သူမှာ ဖေကုံးလျှန် ဖြစ်၏။

သူ့ကို တက်မုဆရာတော်က နောက်မှ ထိန်းပေးလိုက်ရ၏။

ဆရာတော်ကသာ ထိန်းမပေးလျှင် မည်မျှအထိ လွင့်သွားမည် မသိပေ။

ဝါစဉ်ကြီး သိုင်းဆရာကြီးသုံးယောက် အခြေအနေဆိုးနေစဉ်မှာပင် ဆန်ကွမ်းချီသည် တဲအပြင်မှ ခြံဝင်းအပြင်သို့ ပြေးထွက်သွားလေ၏။

တုယန်ဟိုတို့လည်း နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်သွားသည်။

www.burmeseclassic.com



သို့သော်....

ခြံအပြင်၌ ကိုးယောက်တစ်တန်း စီတန်း၍ နှစ်တန်း ရပ်နေသော ဓားတိုအဖွဲ့နှင့် တွေ့လိုက်ရသောအခါ ဆန်ကွမ်းချိုမှာ တန့်ခနဲ ရပ်သွား၏။

ဤအဖွဲ့မှာ အလွန်တရာ သိပ်သည်း ကျစ်လျစ်လှသောအဖွဲ့ဖြစ်၍ ဆန်ကွမ်းချိုအဖို့ ထို တစ်ဆယ့်ရှစ်ယောက်လုံးကို အနိုင်ယူရန် ခဲယဉ်းလှပေသည်။

လူ ဆယ့်ရှစ်ယောက်သည် တစ်ယောက်တည်းကဲ့သို့ လေ့ကျင့်သားရနေခြင်းက တစ်ဦးကောင်း တစ်ယောက်ကောင်းထက် အပေါင်းအစုအင်အားက သာလွန်ကြောင်း သက်သေပြနိုင်ခွင့် ရနေပေသည်။

သို့သော် ဖေကုံးလျှန်တို့ နောက်မှ ထက်ကြပ်မကွာ လိုက်လာသော ထန်ရှင်၏ ခေါက်ယပ်တောင်ကလေး လေထဲ ဝှေ့ယမ်းသွားပြီးနောက် ထိုတစ်ဆယ့်ရှစ်ယောက်သော အဖွဲ့ဝင်များသည် ကျောက်ရုပ်ကြီးများလို မကုန်မလှုပ် ရပ်နေကြတော့သည်။

ဆန်ကွမ်းချိုသည် သူ့အား မဘိုက်ခိုက်သူများအား ကွေ့ရှောင် ဖြေးထွက်သွားသည်။

တုထွန်ဟိုသည်း ကွေ့ရှောင် ပြေးလိုက်သွားသည်။



ဖေကုံးလျှန်၊ တက်မုဆရာတော်နှင့် ဖန်မုဆရာတော်တို့မှာ စိတ်ဓာတ်ပျက်ပြားသွားပြီဖြစ်၍ ဆန်ကွမ်းချိုနောက်သို့ ဆက်မလိုက်ကြတော့ပေ။

ဤအခြေအနေအားလုံးကို ဂိုဏ်းချုပ်ကြီး ဒို့ယန်ထု မြင်နေရသည်။

ကျန်လုဂိုဏ်း၏ ဓားကိုင်အဖွဲ့အား ထန်ရှင် အချက်ပြလိုက်သည်ကိုလည်း မြင်နေရသည်။

ထန်ရှင်သည် ဂိုဏ်းချုပ်ကြီး ဒို့ယန်ထု ဘက်သို့ ဦးညွှတ်ဂါရဝပြုသည်။

'ဂိုဏ်းချုပ်ကြီး၊ ဒီသုံးယောက် ဝေးဝေးမပြေးနိုင်ပါဘူး၊ ဘာမှမစိုးရိမ်ပါနဲ့'

ထိုအခါကျမှ ဒို့ယန်ထု သက်ပြင်းချမိသည်။

ထန်ရှင်၏စိတ်ထဲ၌ အစီအစဉ်တစ်ခု ရှိနေပေပြီ။

တက်မုဆရာတော်၊ ဖန်မုဆရာတော်၊ ဖေကုံးလျှန်တို့သည် စိတ်ပျက်ဝမ်းနည်းစွာဖြင့် တဲအတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသည်။

ဖေကုံးလျှန်က....

www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်တော့ သိပ်ရှက်တာပဲ၊ တပည့်တော်တို့တား ဆီးနေလျက်က...'

တက်မုဆရာတော်သည်း စိတ်ပျက်နေသည်သာ။

သို့သော် ဆရာတော်က ထိန်းထိန်းသိမ်းသိမ်းပြော၏။

'ဒကာကြီး...ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့၊ ဒီသူငယ်က သိုင်းပညာ အလွန်တရာထူးချွန်နေတော့ ကျုပ်တို့လဲ မတတ်နိုင်ဘူးပေါ့'

'သူ့ လက်နှစ်ဖက်ကို တုပ်ထားတဲ့ နွားသားရေကြိုးဟာ အထပ်ထပ်ပါ၊ သံကြိုးကိုဆွဲဖြတ်နိုင်ရင် တပည့်တော် မအံ့သြဘူး၊ အခုဟာကတော့...'

ဂိုဏ်းချုပ်ကြီး အို့ယန်လုံက ဖေကုံးလျှန်အား ဝင်၍ နှစ်သိမ့်မှုပေးလေ၏။

'နောင်ကြီး ဖေကုံးလျှန်၊ ဒီသူငယ်ရဲ့သိုင်းပညာဟာ ကျုပ်တို့ သိထားတာထက် အများကြီးအဆင့်မြင့်နေပါတယ်၊ ဒါကြောင့်လဲ သူ လွတ်မြောက်သွားနိုင်တာပေါ့၊ ဘာမှ စိတ်မကောင်းမဖြစ်မနေပါနဲ့'

ဖေကုံးလျှန်က သက်ပြင်းချလေ၏။



'ဪ...ကျုပ်တို့သိုင်းလောကသားတွေဟာ ပင်လယ်ထဲက လှိုင်းလုံးတွေလိုပါပဲလား၊ ပထမပေါ်လာတဲ့ လှိုင်းလုံးကြီးဟာ အင်နဲ့ အားနဲ့ ပါပဲ၊ အဲဒီလှိုင်းလုံးကြီးကို နောက်လှိုင်းလုံးက ကမ်းစပ်ကိုပစ်တင် ပျောက်ကွယ်သွားစေသလို အသစ်အသစ် သိုင်းသမားတွေကလဲ ကျုပ်တို့လို ခုနစ်အိုဆွေး ရှစ်အိုဆွေး သိုင်းသမားကြီးတွေကို ဂုဏ်သိက္ခာမဲ့စွာနဲ့ ပျောက်ကွယ်သွားစေတာပါပဲလား'

သူသည် သူ့ဆံပင်ဖြူများကို လက်ဖြင့်စမ်းပြီး ဆက်၍ညည်းညူလေ၏။

'အင်း...ကျုပ်တို့က အတော်ကလေး အသက်ထောက်ကြပြီကိုး'

ဖေကုံးလျှန်သည် အရပ်ပုသလောက် စိတ်တိုပြီး စိတ်လိုက်မာန်ပါ ပြုလုပ်တတ်သူလည်း ဖြစ်သည်။

သို့ရာတွင်...

ယခုအခါတွင်မူ သံဝေဂစကားမျိုး ပြောနေခဲ့လေပြီ။

ဖေကုံးလျှန်၏ ကြေကွဲဝမ်းနည်းမှုသည် တရားရှိသော တက်မုဆရာတော်သို့ပင် ကူးစက်သွားလေ၏။

'ကျုပ်ကလဲ ရှောင်လင်ကျောင်းတော်ကို ပြန်ပို့ဖို့ကောင်း နေပြီ၊ ကျောင်းတော်ထဲက ဘယ်မှမထွက်ဘဲ သေတဲ့အထိ တရားအားထုတ်နေဖို့ပဲ ကောင်းပါတော့တယ် ဒကာကြီးရယ်'

www.burmeseclassic.com

www.burmeseclassic.com



တက်မှုဆရာတော်ပင် ဤမျှ စိတ်ဓာတ် ကျနေသောအခါ ညီတော်ဖြစ်သည့် ဖန်မှုဆရာတော် အဖို့ကား ပြောစရာ မသိတော့ပေ။

တက်မှုဆရာတော်၏ စကားကို ကြားလိုက်ရသောအခါ ဂိုဏ်းချုပ်ကြီးအို ယန်ထုံပင် စိတ်ထိခိုက်သွားလေ၏။

သို့သော် ထန်ရှင်ကမူ....

'ဆရာတော်နဲ့ နောင်ကြီး ဖေကျုံးလျှန်တို့က အတော်ကလေး စိတ်ဓာတ်ကျနေတာကိုး၊ အဲဒါ ဆရာတော်တို့ မှားနေကြပြီ တပည့်တော် လျှောက်လိုပါတယ်'

ဆရာတော်က ထန်ရှင်အား ခေါင်းထောင်ကြည့်၏။

ထန်ရှင်က....

'အဲဒီလို ပြောလိုက်တဲ့အတွက် တပည့်တော် စကားဟာ အရှင်ဘုရားနဲ့ နောင်ကြီး ဖေကျုံးလျှန်တို့အပေါ် ရင့်သီးစွာ ကျကောင်းကျနေပါလိမ့်မယ်၊ ဒီပွဲမှာ ဟိုသူငယ် ထွင်းဖောက် ထွက်ပြေးနိုင်ခြင်းဟာ ဆရာတော်တို့ တပည့်တော်တို့ အားလုံး သူသေကိုယ်သေ မတိုက်ကြလို့ ဒီလို ထွက်ပြေးသွားနိုင်ခြင်းဖြစ်ပါတယ်'

တက်မှုဆရာတော်က သဘောတူကြောင်း ခေါင်းညိတ်၏။



ထန်ရှင်က ဆက်ပြော၏။

'အဲဒီသူငယ်ဟာ သိုင်းပညာ ထူးချွန်ကောင်း ထူးချွန်မယ်၊ ဒါပေမယ့် သိုင်းလောကအတွေ့အကြုံနဲ့ တိုက်ပွဲ အတွေ့အကြုံ မှာတော့ ဟောဒီမှာရှိနေတဲ့ လူအားလုံးကို အဲဒီသူငယ် မမီပါဘူး၊ တပည့်တော်က အလွတ်ပေးခဲ့ပါလေ'

နောက်ဆုံးစကားကို ထည့်ပြောခြင်းမှာ ထန်ရှင်သည် သိုင်းပညာ လုံးဝမတတ်သောကြောင့် ဖြစ်ပေသည်။

သူသည် စကားပြောရာ၌ပင် အကွက်မကျန်အောင် ပြောတတ်လေသည်။

ဖေကျုံးလျှန်က မချိပြုံးပြုံး၍ ပြောသည်။

'ကျုပ်တို့အားလုံးဟာ အသက်ခြောက်ဆယ် ပတ်ဝန်းကျင်မှာရှိနေတဲ့ လူတွေချည်းပဲဖြစ်ပါတယ်၊ အငယ်ဆုံးဆိုတဲ့ လူဟာ အသက်ငါးဆယ်အထက်တော့ ရှိမှာသေချာပါတယ်၊ ကျုပ်တို့ကို လွယ်လွယ်ကလေး ထွင်းဖောက်သွားတဲ့ သူငယ်ကတော့ အသက်နှစ်ဆယ်ကျော်ရုံပဲ ရှိတယ်၊ ရှက်စရာကောင်းတာတော့ အမှန်ပဲဗျာ'

ထန်ရှင်က ရယ်၍ပြောသည်။

'ဒီအချက်ကို ကျုပ်ကတော့ လက်မခံပါဘူးဗျာ၊ ဒီသူငယ်ဟာ ပါရမီကောင်းတဲ့သူငယ် ဖြစ်ချင် ဖြစ်နေမယ်၊ တချို့ဟာ

www.burmeseclassic.com



ပါရမီအခံ ကောင်းလွန်းတဲ့အတွက် တစ်ထောင်မှာ တစ်ယောက် တစ်သောင်းမှာ တစ်ယောက်ဆိုတာလို သိုင်းပညာ အလွန်ပဲ ထူးချွန်ကြတယ်၊ ဒီလိုသူငယ်မျိုး ဖြစ်ကောင်း ဖြစ်နိုင်တာပေါ့'

တက်မုဆရာတော်က ထိုအချက်ကို လက်ခံ၏။

'မှန်တယ်၊ သိုင်းလောကမှာ အသက် ငယ်ငယ်ရွယ်ရွယ်နဲ့ အင်မတန်ထူးချွန်တဲ့ သိုင်းလူစွမ်းကောင်းတွေ ပေါ်ခဲ့ဖူးတယ် အဲဒီလူတွေဟာ အင်မတန်ရှားတာပဲ၊ သူတို့မှတ်ဉာဏ်ဟာ အံ့ဩစရာကောင်းလောက်အောင်ကို ကောင်းနေတတ်တယ်'

ထန်ရှင်က....

'ခု ဒီသူငယ်လဲ ဒီသဘောမျိုးပဲဖြစ်မှာပါပဲ၊ ဒီသူငယ်ရဲ့ဇာစ်မြစ်ကို လိုက်ရှာရင်လဲ မှားနိုင်စရာမရှိဘူး၊ တကယ်လို့ ဒီသူငယ်သာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က သိုင်းလောကမှာ ဟိုးဟိုး ကျော်ခဲ့တဲ့ မြှောက်ရှဲဂိုဏ်းထွက် တပည့်ဖြစ်နေရင်တော့'

ထန်ရှင်သည် စကားဆက်မပြောတော့ပေ။

လမ်းခုလပ်တွင်ပင် ရပ်သွားလေ၏။

ဖေကုံးလျှန်က ဝင်၍ ထောက်ခံသည်။

'မှန်ပါတယ်၊ တကယ်လို့သာ မြှောက်ရှဲဂိုဏ်းရဲ့ တပည့်ဖြစ်နေခဲ့ရင်တော့ ကျုပ်တို့အနေနဲ့ ဘာမှ အံ့ဩစရာ မရှိတော့ပါဘူးဗျာ'



ထန်ရှင်က ခေါင်းညိတ်ကာ....

'နောက်တစ်ချက် ရှိသေးတယ်၊ သူ့မျက်နှာဟာ မူလမျက်နှာ မဟုတ်ဘူး၊ သားရေတုမျက်နှာလဲ ဟုတ်ဟန်မတူဘူး၊ ရုပ်ဖျက်ဆေးတစ်မျိုး ရေးခြယ်ထားပုံရတယ်၊ တစ်ချက် တွေးနိုင်တာက သူဟာ လူငယ်လေးတစ်ယောက် ဖြစ်ချင်ဖြစ်မယ်ဆိုတာပဲ'

တက်မုဆရာတော်သည် ထန်ရှင်၏ တွေးဆချက်များအားလုံး ဖြစ်နိုင်သည်ဟု လက်ခံသည်။

'မှန်နိုင်တယ်၊ ရှိပါစေတော့ ဟောဒီ ကွန်လုံဝမ်ကိစ္စ မပြီးမချင်း ကျုပ် ရှောင်လင်ကျောင်းကို မပြန်တော့ဘူး၊ ဂိုဏ်းချုပ် ဆရာတော်ကြီးက အပြစ်ပေးမယ်ဆိုရင်လဲ ပေးပါစေတော့'

ဤစကားမှာ ဆရာတော်၏စိတ်ခံတတ် ပြောင်းလဲသွားပုံကို ပြသသည့် စကားပင် ဖြစ်တော့သည်။

ဆရာတော်သည် စောစောကလို စိတ်ဓာတ် ကျမနေတော့ပေ။

ရန်သူ သို့မဟုတ် သိုင်းလောကအား ဒုက္ခပေးရန် ကြံနေသူ ကွန်လုံဝမ်ကို ရင်ဆိုင်ယှဉ်ပြိုင်လိုသည့် စိတ်ဓာတ်များ ပြန်လည် ပေါ်ပေါက်လာနေပေသည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထိုလည်း တက်မုဆရာတော် စိတ်ဓာတ် တက်လာသည်ကို တွေ့လိုက်ရသဖြင့် အလွန်တရာ ဝမ်းသာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကွန်လုံဝမ်ကို အထင်မသေးပေ။

ကွန်လုံဝမ်ကို ရင်ဆိုင်ရာတွင် တက်မုဆရာတော်၊ ဖေကုံးလျှန်တို့ကဲ့သို့သော ဝါစဉ်ကြီးသိုင်းသမားကြီးများ၏ အကူအညီကို ရပါမှ အောင်မြင်အောင် တိုက်ခိုက်နိုင်မည်ဟု ယုံကြည်သည်။

ထို့ကြောင့်....

အားတက်ဖွယ်စကားကို ဆက်ပြောလေ၏။

'ဆရာတော်တို့....နောင်ကြီးဖေကုံးလျှန်တို့ ဘာမှစိတ်မပျက်ကြပါနဲ့၊ ကျွန်လုကိုက်းသားတွေဟာ တရှတ်ပြည်အနှံ့ ရှိတယ်။ အထူးသဖြင့် ဟောဒီစခန်းကို ဗဟိုပြုတဲ့ မိုင်နှစ်ရာအတွင်းမှာ ပိုပြီး သိပ်သည်းမှုရှိတယ်၊ ထွက်ပြေးသွားတဲ့ လူသုံးယောက်သတင်းကို လွယ်လွယ်ကလေး ရနိုင်မှာပါ'

ထန်ရှင်က တစ်ချက်လောက်ပြ၏။

'ဒီလူသုံးယောက်ဟာ သိုင်းသမားများ ဖြစ်သော်ငြားလည်း လူသားတွေပဲဖြစ်ပါတယ်၊ လာမန် အရုပ်သားဟာ ခုနစ်ရက် အစာခံနိုင်ရင် သူတို့ အလွန်ဆုံး ဆယ့်လေးရက်ပဲ အစာခံနိုင်ကြမှာပါ၊ သူတို့ ဘာမှ မစားမသောက်ရသေးဘူး၊ သူတို့ အစာရှာဖွေရဦးမယ်'

ဖေကုံးလျှန်က....

'သူတို့နောက်ကို ကျုပ်တို့လိုက်ရင် မုချ တွေ့နိုင်ပါတယ်၊ အကယ်တမ်း အမိဖမ်းမိဖို့သာ ခက်တာပါ'



ထန်ရှင်သည် သူ၏ မခါက်ယပ်တောင်ကလေးကို ဖြန့်၍ ယပ်ခတ်သည်။

'ကျုပ်တို့ရဲ့ အမိက သား ကောင်က နိုင် ချမ် နော် ဆိုတဲ့ ကောက်ကျစ်တဲ့ မြေခွေးမလေး မဟုတ်ပါဘူး၊ ရေထဲမှာ အမြီးဖော်ပြီး ဦးခေါင်းနှစ်ဘားတဲ့ နဂါးကြီးပဲဖြစ်ပါတယ်၊ မြေခွေးမလေးကို ဖမ်းမယ့်အစား ကြိုးရှည်ရှည်လှန်ထားပြီး နောက်က စောင့်ကြည့်နေတာက ပိုကောင်းတယ်လို့ ထင်ပါတယ်'

ဖေကုံးလျှန်သည် သူ၏ အမြော်အမြင်မရှိသည့် အဖြေကို အရှက်ရသွား၏။

သို့သော်....

ထန်ရှင်ကို ပွင့်ပွင့်လင်းလင်းပင် ချီးကျူးသည်။

'နောင်ကြီးထန်ရှင်ကတော့ ဘာပဲပြောပြော ကျုပ်တို့ထက် သာလက်ရှိတာ အမှန်ပဲ'

ထိုအခါကျမှ ခြံဝင်းအဖြင့်မှ ခါးကိုင်အဖွဲ့သားများ၊ အဘယ်ကြောင့် ဆန်ကွမ်းချီအား မတားဆီးကြသည်ကို သိုင်းသမားကြီးများ သဘောပေါက်မိကြတော့သည်။

ထန်ရှင်က....

'အခု ကျုပ်တို့ သတင်းထူးတွေရနေတယ်၊ ကျုံရွာတစ်ဝိုက်မှာ လူစိမ်းတွေ အသွားအလာ သိပ်များနေဆိုပဲ၊ ရွာစွန်ရွာဖျားက တည်းခိုအိမ်တွေမှာ လူတွေပြည့်နေတယ်လို့ဆိုတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဖေကုံးလျှန်က....

'ဒီလိုဆိုရင် ကျုပ်တို့လဲ ကာကွယ်ရေး အစီအစဉ်တွေ လုပ်ရတော့မှာပေါ့'

ထန်ရှင်က ခေါင်းညိတ်ပြီး....

'အသင့်အတင့်တော့ ရှိပြီးပါပြီ၊ ကျုပ်တို့လုပ်ရမယ့် အခါက အလုပ်က ကြီးကိုင်ညွှန်ကြားနေသူကို ရှာဖွေဖော်ထုတ်ဖို့ပဲ'

ထန်ရှင်က ဆက်ပြော၏။

'ဒီ နိုင်ချစ်နေဝ်ဆိုတဲ့ မိန်းကလေးဟာ သိုင်းပညာ သိပ်ကောင်းတယ်၊ ရက်လဲရက်စက်တယ်၊ သူ လွတ်မြောက်သွားရင် ကြီးကိုင်သူဟာ ဒီမိန်းကလေးကို ဆက်သွယ်မှာ သေချာတယ်၊ သူက လက်ရုံးတစ်ဖက်လို အားကိုးရတာကိုး'

ဖေကုံးလျှန်က....

'သူတို့ကို အထင်သေးလို့တော့ မရဘူး၊ နောင်ကြီးထန်ရှင် အမြင်ပဲလေ၊ ကျုပ်တို့ကို ထိုးဖောက်သွားတာ'

'အထင်မသေးပါဘူး၊ အထင်မသေးလို့လဲ လက်ဝဲရုံနဲ့ လက်ယာရုံ နှစ်ယောက်ကို ဌာနချုပ်စခန်းဆီ ပြန်လွှတ်လိုက်ပါပြီ၊ ဒီမှာတော့ လေးဆယ့်ရှစ်အဖွဲ့နဲ့ တဲပြင်မှာစောင့်နေတဲ့ ခေးကိုး



အဖွဲ့ ရှိနေတယ်၊ ဒီအဖွဲ့နှစ်ခုရယ်၊ ဆရာတော်တို့၊ နောင်ကြီးတို့ရယ် ပေါင်းပြီးတိုက်ရင်တော့ ရှုံးနိုင်စရာ ရှိမယ်မထင်ဘူး'

တက်မုဆရာတော်က ထန်ရှင်အား မေးမြန်းစုံစမ်းသည်။

'စောစောက ဒကာကြီးထန်ရှင် ပြောခဲ့တယ်၊ ချင်းချန် အဘိုးကြီးနှစ်ယောက်ကို သူတို့ဂိုဏ်းသားတွေ လက်ထဲကို အပ်ခဲ့တယ်တဲ့၊ အဲဒီဂိုဏ်းကတော့ ခုလှုပ်ရှားမှုထဲမှာ ဘယ်လိုပါဝင်မလဲ၊ ကျုပ်တို့ကို ကူမလား'

'ဟင့်အင်း....ကူမယ်မထင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ချင်းချန် အဘိုးကြီးနှစ်ယောက်ကို လက်ခံပြီး ပြန်သွားလို့ပဲ'

တက်မုဆရာတော်သည် သူ၏ညီတော် ဖန်မုဆရာတော်ဘက်သို့ လှည့်၍မေးသည်။

'ညီတော်....စောစောက ရိုက်ချက်တစ်ချက် ခံလိုက်ရတယ်၊ အတွင်းဒဏ်ရာ ရသွားသလား'

ဖန်မုဆရာတော်က ခေါင်းခါ၏။

'မရပါဘူး၊ အသေးအဖွဲ့ပါ နောင်တော်'

'ကောင်းပါလေရဲ့၊ ဒါဖြင့် ညီတော် အနေနဲ့ အခုဖြစ်ပျက်တွေကြုံတွေ့ သိုင်းလောက အခြေအနေကို ရှင်းလင်းလျှောက်

www.burmeseclassic.com

သွားဖို့ ရှောင်လင်ကျောင်းတော်ကို ပြန်ပါ၊ နောင်တော်ကတော့ ဒီကိစ္စဖြေရှင်းဖို့အတွက် ကျွန်လုဂိုဏ်းမှာ ကျန်ရစ်တဲ့အကြောင်း လျှောက်ထားပေးပါ’

‘စိတ်ချပါ နောင်တော်၊ ညီတော် အခုပဲ ခရီးထွက်ပါမယ်’

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက ဝင်ပြောလေ၏။

‘ဖန်မုဆရာတော်၊ ရှောင်လင်ကျောင်းတော်ရဲ့ ဂိုဏ်းချုပ်ဆရာတော်ကြီး ကျန်းမာချမ်းသာစေဖို့ ကျွန်လုဂိုဏ်းချုပ် အို့ယန်ထုံက ဆုမွန်ကောင်း တောင်းလိုက်ကြောင်းကိုလဲ လျှောက်ထားပေးပါ’

‘စိတ်ချပါ ဂိုဏ်းချုပ်ကြီး၊ ကျုပ်ကောင်းကောင်းကြီးအမှတ်ထား လျှောက်ထားပေးပါမယ်’

‘ဖန်မုဆရာတော်....လမ်းမှာဘုဉ်းပေးဖို့ ရိက္ခာခြောက်များ စီစဉ်ပေးလိုက်ရမလား’

‘မလိုပါဘူး၊ ကျုပ်တို့ ရှောင်လင်ဘုန်းကြီးတွေပဲ၊ အစားအသောက်အတွက် ကျုပ်တို့မှာ ဘာမှ အပူအပင် မရှိပါဘူး’

ဖန်မုဆရာတော်သည် တက်မုဆရာတော်ကို ရှိခိုး၏။



ဂိုဏ်းချုပ်ကြီး အို့ယန်ထုံနှင့်တကွ ကျွဲဘာကြည်အဆုံး လက်အုပ်ချီ၍ ဂါရဝပြု၏။

ထို့နောက် ခြံဝင်းအတွင်းမှ ပြေးထွက်သွားတော့သည်။

ဝါစဉ်ကြီး သိုင်းသမားကြီးများသည် ဖန်မုဆရာတော်၏ ကိုယ်ဖော့ပညာ ကောင်းလှပုံကိုကြည့်၍ စိတ်ထဲ၌ ချီးကျူးမိကြသည်။

အို့ယန်ထုံက တက်မုဆရာတော်အား လျှောက်၏။

‘ဖန်မုဆရာတော် ပြန်သွားတဲ့အတွက် တပည့်တော်တို့ ဘာအားလျော့တာပဲ ဘုရား၊ နို့မို့ရင်....’

‘မပြန်လို့လဲ မဖြစ်ဘူးလေ၊ ကျုပ်တို့ ရှောင်လင်ကျောင်းတော်က ထွက်လာတာ ကြာနေပြီ၊ နောက်ပိုင်းက ဆက်သားလိုက်မလာသေးတာကိုက ဂိုဏ်းချုပ်ဆရာတော်ကြီးက ကျုပ်တို့အပေါ် ဘယ်လောက် အလေးထားပြီး ခွင့်ပြုထားတယ်ဆိုတာ သက်သေပြနေတယ်၊ ဆက်သားမလာခင် ကျုပ်တို့ကလဲ အခြေအနေ အရှပ်ရှပ်ကို ပြန်တင်ပြသင့်တယ်လေ’

အို့ယန်ထုံက....

‘အင်း...ဒါလဲ ဟုတ်သားပဲ၊ ဘာပဲဖြစ်ဖြစ် တပည့်တော်တို့နဲ့ အတူ ကူညီဖို့ ဆရာတော်နေခဲ့တဲ့အတွက်တော့ ကျေးဇူးတင်လှ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ကဲ…ကဲ…အထဲကို ဝင်ထိုင်ကြပါဦး၊ ခြံဝင်းထဲ စကားပြောနေရတာ မကောင်းလှပါဘူး'

ဂိုဏ်းချုပ်ကြီး ဒိုယန်ထု ဦးဆောင်ပြီး ဝင်သွားသဖြင့် တက်မုဆရာတော်၊ ဖေကုံးလွှန်၊ ထန်ရှင်၊ ကွမ်းစန်စင်နှင့် ကျိုးတာကြည်တို့လည်း နောက်မှ လိုက်ဝင်သွားကြလေတော့သည်။

## အခန်း (၇၃)

### လှတ်မြောက်သူတို့၏ ခရီးစဉ်

ဆန်ကွမ်းချီသည် နိုင်ချစ်နော်ကို မြေပြင်ပေါ်သို့ ချပေး လိုက်၏။

နိုင်ချစ်နော်က အမိန့်ပေးလိုက်၏။

'ကျွန်မအကြောတွေကို ထိုးဖွင့်ပေးစမ်းပါ'

ဆန်ကွမ်းချီက အမိန့်အတိုင်း ဆောင်ရွက်ပေးသည်။

နိုင်ချစ်နော်သည် တုသန်ဟိုအားလက်မှ နွားသားကြိုး လှမ်းကြည့်ပြီး ဖြတ်တောက်ပေးလိုက်ဟု အမိန့်ပေးလိုက်၏။

တုသန်ဟိုလည်း ယခုမှ လွတ်လပ်ခွင့်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဆန်ကွမ်းချီ၏ အခြေအနေကို စောင့်ကြည့်နေ၏။

သတိပြန်သည်ပုံမရသေးသဖြင့် အကျိုးအကြောင်း မပြောနိုင်ဘဲ ပါးစပ်ပိတ်နေရတော့သည်။

သူ တစ်ချက်အံ့သြသည်မှာ နိုင်ချစ်နော်သည် အမိန့်ပေးခေါ်ကို မကိုင်ဘဲ ဆန်ကွမ်ချီအား အမိန့်ပေးနိုင်သည့်အချက်ကို တည်း။

နိုင်ချစ်နော်သည် လုံးဝလွတ်မြောက်ခဲ့ပြီဖြစ်၍ ကွမ်လုံဝမ်၏ အားထားရသော မွေးစားသမီးအဖြစ် လည်းကောင်း၊ ကွန်လုံဝမ်၏ဂိုဏ်းထဲမှ သခင်မအဖြစ်လည်းကောင်း ပြန်လည်နေရာဝင်လာ၏။

သူမက ဆန်ကွမ်းချီနှင့် တုထန်ဟိုတို့ကို အချက်ပြပြီးခေါ်ဆောင်သွား၏။

ဆေးမိထားသူများအဖြစ် ယုံကြည်နေသဖြင့် တုထန်ဟိုတို့အား စကားတစ်ခွန်းမျှမပြောပေ။

မကြာမီ ရွာတစ်ရွာသို့ ရောက်နိုင်သည့် လမ်းတစ်လမ်းကို တွေ့ရသည်။

သူတို့ ဆက်လျှောက်လာရာ ရွာထဲမရောက်မီပင် ကြီးမားသော အိမ်ကြီးတစ်လုံးကို တွေ့ရလေသည်။

နိုင်ချစ်နော်၏ ခြေလှမ်းများ ရုတ်တရက်ရပ်ဆိုင်းသွား၏။



'အင်း…ဒီလိုအိမ်ကြီးမျိုး ရွာအပြင်မှာ လာဆောက်နိုင်ဝလူရဲ့ ချမ်းသာမှုအင်အားဟာ မသေးဘူး၊ ဒီမှာ ခဏ ဝင်နိုးမယ်'

နိုင်ချစ်နော်သည် ခြံတံခါးကိုဖွင့်ပြီး အိမ်ထဲသို့ဝင်သည်။

အိမ်ကြီးသို့ရောက်သောအခါ တံခါးမကြီးကို တခေါက်ခေါက် ခေါက်လိုက်၏။

'ကျွိ…'

ဆိမသည့်သည်မှာ ကြာပြီဖြစ်သော တံခါးမကြီးသည်ကျွပလောင်သော အသံပြုပြီး ပွင့်သွားလေ၏။

အသက်နှစ်ဆယ်ဝန်းကျင်ရှိ လူငယ်တစ်ယောက် ဦးခေါင်းပြူထွက်လာ၏။

လူငယ်သည် လှပချောမောသည့် နိုင်ချစ်နော်ကို တွေ့လိုက်ရသောအခါ အံ့သြသွားပုံရသည်။

ထို့နောက် မျက်လုံးများ တဖျပ်ဖျပ် အရောင်တောက်လာ၏။

ထို့နောက် တံခါးမကြီးကို အစွမ်းကုန်ဖွင့်ပြီး ဖျာဖျာ မေးမြန်းသည်။

'ဘာများ အကူအညီလိုလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့ခရီးသွားတွေပါ၊ မနေ့ညက ဓားပြတွေနဲ့ တိုးပြီး ပစ္စည်းပစ္စယတွေ အလုခံရလို့ ဒီမှာ တစ်ရက် နှစ်ရက်လောက် တည်းခိုခွင့်ရမလားလို့ ဝင်စုံစမ်းတာပါ'

လူငယ်၏မျက်လုံးများကား နိုင်ချစ်နော်၏ ခန္ဓာကိုယ်ပေါ်မှ မခွာတော့ပေ။

သူသည် မကြာခဏအရိုအသေပေးနေရုံမျှမက နိုင်ချစ်နော်အပေါ်လည်း အလွန်တရာ စေတနာ သဒ္ဓါတရား ထက်သန်နေ၏။

'အို….ဒုက္ခရောက်လာတဲ့လူတွေပဲ၊ ဘာဖြစ်လို့ ခွင့်မပြုနိုင်ရမှာလဲ၊ ဒီမှာ အခန်းတွေ အများကြီးရှိပါတယ်၊ ခင်ဗျားတို့ချောင်ချောင်ချိချိ တည်းခိုနိုင်ပါတယ်'

'သိပ် ဝမ်းသာတာပဲ၊ ရှင်တစ်ယောက်တည်း နေသလားဟင်'

'ဟင့်အင်း….ကျွန်တော့် အမေနဲ့ပါ၊ အဖေကတော့ မနှစ်က ဆုံးသွားပြီလေ၊ လယ်မြေတွေ ကျန်ရစ်ခဲ့တယ်၊ လယ်ပိုင်ရှင်ကလေးပေါ့ဗျာ၊ ဟဲ….ဟဲ….ဟဲ….ကျွန်တော့်မှာ အလုပ်သမားနှစ်ယောက်ရှိတယ်၊ သူတို့ကတော့ ဒီမှာမနေပါဘူး၊ ရွာထဲမှာနေတယ်၊ ဒီအိမ်မှာ တောက်တိုမယ်ရ ခိုင်းစရာရှိရင် သူတို့ရဲ့သားသမီးကလေးတွေက တစ်ခါတစ်ရံ လာလုပ်ပေးပါတယ်'

'ဪ….ရှင်က လူလွတ်ကိုး'



လူငယ်က မျက်နှာပိုးမသေသော မျက်နှာဖြင့် ရယ်ကျဲကျဲပြောသည်။

'ပြောရမှာတောင် ရှက်ပါတယ်ဗျာ၊ မိန်းမယူရမယ့်အချိန်တောင်ကျော်နေခဲ့ပြီ၊ ဒါပေမယ့် ခုထက်ထိကိုမရနိုင်သေးဘူး၊ အမေကလဲ ကျုပ်ကို အမြဲဆူနေတာပဲ၊ ဟင်း….ခင်ဗျားလိုချောချောလှလှမိန်းမမျိုးတွေ့ရင်တော့ ကျုပ်အမေက သဘောကျမှာပဲ'

လူငယ်က အရှက်မရှိဘဲ နိုင်ချစ်နော်အား သူ သဘောကျနေပြီဖြစ်ကြောင်း ဖွင့်ပြောနေလေပြီ။

နိုင်ချစ်နော်က ယဲ့ယဲ့ကလေး ပြုံးလိုက်၏။

'ကဲ….ဒါဖြင့်….'

သူမက နောက်ဘက်သို့လှည့်ကြည့်သဖြင့် လူငယ်သည်းလိုက်ကြည့်သည်။

'လာကြ….လာကြ'

နိုင်ချစ်နော်၏ခေါ်သံကြောင့် ဆန်ကွမ်းချီနှင့် တုထန်ဟိုဟိုအိပ်မက်ထဲ လမ်းလျှောက်နေသလို ခပ်ကြောင်ကြောင် လမ်းလျှောက်လာကြလေ၏။

'ကျွန်မအစ်ကိုနဲ့ ကျွန်မဦးလေးလေး၊ သူတို့လဲ ဓားပြတိုက်ခံရပြီး စိတ်တွေ ဂယောင်ချောက်ချား ဖြစ်သွားကြတယ်'

www.burmeseclassic.com



လူငယ်က ပျာပျာသလဲ ပြော၏။

'အို....ဒီလိုဆိုရင် ဝင်ပါ၊ ဝင်ပါ၊ သူတို့ ဧည့်ခန်းထဲမှာ ထိုင်နေပါစေ'

နိုင်ချစ်နေဉ်သည် ဧည့်ခန်းထဲဝင်သွားပြီး ဆန်ကွမ်းချိုတို့အား ထိုင်စေသည်။

'ကဲ....ရှင့်အမေဆီသွားကြရအောင်'

လူငယ်မှာ သွားအဖြံသား ဖြစ်သွား၏။

ထခုန်မိမတတ် ဖြစ်သွားသည်။

'လာပါ... လာပါ၊ ကျွန်တော် လမ်းပြပါ့မယ်'

တုထန်ဟိုသည် နိုင်ချစ်နေဉ်၏စိတ်ဓာတ်ကို သိသဖြင့် ထိုလူငယ်အတွက် သနားနေမိသည်။

'ဟင်း....ဒီမိန်းကလေးက အင်မတန်မှ သွေးအေးအေးနဲ့ နှက်စက်တတ်တယ်၊ သူရောသူ့အမေရော သေရင်သေ မသေရင် ဒုက္ခကဖြစ်မှာ သေချာတယ်'

ထိုစကားများကို တုထန်ဟိုသည် စိတ်တွင်းမှ ပြောမိခြင်းသာ ဖြစ်သည်။

နိုင်ချစ်နေဉ်သည် ထိုလူငယ်နှင့် ပခုံးချင်း ယှဉ်လျှောက်ကာ အတွင်းခန်းထဲသို့ ဝင်သွား၏။

တုထန်ဟိုသည် ထိုသားအမိ၏ အသက်ကို ကယ်တင်ချင်သော်လည်း မိမိကိုယ်တိုင် ဟန်ဆောင်နေရသူဖြစ်၍ မတတ်သာဘဲ ဒီအတိုင်း ထိုင်နေရတော့သည်။

မကြာမီ နိုင်ချစ်နေဉ်ပြန်ထွက်လာ၏။



လူငယ် ပါမလာတော့ပေ။

သေပြီလား၊ မေ့နေပြီလား၊

တစ်ခုခုတော့ဖြစ်နေပြီဟု တုထန်ဟို တွေးသည်။

တစ်ချိန်တည်းမှာပင် တံခါးခေါက်သံ ကြားလိုက်ပြန်၏။

'ဝင်ခဲ့၊ ခစ့ ရုံပဲ စေ့ထားတယ်'

နိုင်ချစ်နေဉ်က ခပ်တည်တည်ပင် လှမ်းပြောသည်။

ကျွီခနဲမြည်ပြီး တံခါးပွင့်လာ၏။

လယ်သမား အဝတ်အစား ဝတ်ဆင်ထားသည့် လူ တစ်ယောက်ကို မြင်ရသည်။

သူ့နောက်၌ လူဆယ်ယောက်ခန့် ရှိနေပြန်သည်။

ထိုလူက နိုင်ချစ်နေဉ်ကို မြင်မြင်ချင်း ဦးညွှတ် ဂါရဝပြုလေသည်။

'သခင်မလေး လွှတ်မြောက်လာပြီလို့ သတင်းရရချင်း ကျွန်တော် လိုက်လာတာပါ၊ ဒီအိမ်ကိုလဲ ကျွန်တော်တို့....'

'ကိစ္စမရှိဘူး၊ ငါ ကြည့်စီမံပြီးပြီ'

ထိုအခါ လူဆယ့်တစ်ယောက်စလုံး အိမ်ထဲသို့ ဝင်လာကြလေ၏။

တုထန်ဟိုသည် ကွန်လုံဝမ်၏ အဆက်အသွယ်များ သတင်းအပို့အယူ မြန်ပုံကို သြချအံ့သြနေ၏။

လမ်းခရီး၌ သူတို့ မည်သူ့ကိုမျှမတွေ့ဘဲ ရှိခဲ့သည်မဟုတ်ပါလား။

မည်သို့ သတင်းရောက်သွားမှန်း မခန့်မှန်းနိုင်ဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ ဘယ်လိုညွှန်ကြားချက် ရထားသလဲ'

'ညနေမှောင်ရင် ကျန်သူဂိုဏ်းသားတွေကို ပိပိရိရိ သုတ်သင်ရမယ်လို့ ညွှန်ကြားထားပါတယ်'

'ကျန်လူဂိုဏ်းသားတွေဟာ သိပ်ပြီး ဖျတ်လတ်တယ်၊ အမြင်သန်တယ်၊ အကြားကောင်းတယ်၊ ဒီလို့ ဝှက်ချက် ပေါက်ကြားရင် မင်းတို့ပဲ အရင်ဆုံး အသတ်ခံရမှာ သေချာတယ်'

'ကျွန်တော်တို့ကို စောင် စေလွှတ်လိုက်ကတည်းက လယ်သမား အဝတ်အစားနဲ့ ဒီနယ်ထဲ ဝင်ရမယ်လို့ ညွှန်ကြားထားပါတယ်၊ နောက်ပြီး အုပ်စုလိုက်မသွားဘဲ နှစ်ယောက်တစ်တွဲ အလွန်ဆုံး သုံးယောက်တစ်တွဲပဲ သွားရမယ်လို့ ညွှန်ကြားခဲ့ပါတယ်'

နိုင်ချစ်နော်က ပြုံးလိုက်၏။

သူမ ပြုံးလိုက်သဖြင့် သူ့ရှေ့မှ ဂိုဏ်းသားမှာ အနေမတတ် အထိုင်မတတ် ဖြစ်သွား၏။

နိုင်ချစ်နော်ပြုံးလျှင် သေမင်း သဘောကျတတ်သည်ကို သူတို့အားလုံး သိထားကြပေသည်။

နိုင်ချစ်နော်က ဒေါသအလျဉ်းမထွက်ဘဲ အေးဆေးစွာ ပြောပြသည်။

'ကျွန်လူဂိုဏ်းမှာ ထန်ရှင်ဆိုတဲ့ လူကြီးတစ်ယောက်ရှိတယ်၊ သူဟာ သူ့ဘာစ်ပါးထက် ဉာဏ်ပညာ ပိုထူးချွန်တယ်၊ သူ့ကိုမင်းတို့ ကျော်နိုင်ပါ့မလား၊ သခု ဒီအိမ်ကို မင်းတို့ ဘာသဘောလုပ်တာလဲ'



'သခင်မလေး မလာခင် ဒီအိမ်ကို စခန်းလုပ်ထားဖို့ ညွှန်ကြားချက် ရလို့လာတာပါ၊ အခုတော့ သခင်မလေး ရောက်နေတော့ ကျွန်တော်တို့...'

'ဘယ်သူက ညွှန်ကြားသလဲ'

'သခင်မလေးရဲ့ ညီမတော်က'

'သူမှားနေပြီ၊ ဒီနေရာကို စခန်းမလုပ်သင့်ဘူး၊ ရွာအပြင်မှာ ရှိနေပြီး လူမြင်ရှူးစရာဖြစ်နေတဲ့ ဒီလို အိမ်ကြီးမျိုးကို စခန်းလုပ်ထားရင် ကျွန်လူဂိုဏ်းသားတွေက မီးရှို့သွားလိမ့်မယ်'

ယိုဂိုဏ်းသားမှာ ဘာမျှ ပြန်မပြောရဲဘဲ နှုတ်ဆိတ်နေလေ၏။

'မင်းဟာ ဘယ်ဂိုဏ်းခွဲကလဲ'

'ကျွန်တော်က တိုပင်ဂိုဏ်းခွဲကပါ၊ နာမည်က တန်ကွန်းလို့ ခေါ်ပါတယ်ခင်ဗျာ'

'သွားစမ်း၊ ဒီအိမ်မှာရှိတဲ့ အစားအသောက်တွေကို အမြန်ဆုံး ပြင်ဆင်ခဲ့စမ်း၊ ကျွန်တဲ့လူတွေက အိမ်သားတွေလို ရုပ်ဖျက်နေကြ၊ အားလုံး သွားကြ'

တန်ကွန်းသည် မီးဖိုဆောင်သို့ဝင်ပြီး အမြန်ဆုံး ချက်ပြုတ်ပေးရတော့၏။

မကြာမီ...

အခင့္ တခလောင်းလောင်းတနေသည့် ဟင်းလျာများ ရောက်လာ၏။

တုထံန့်ဟိုသည် ဆာလောင်လှပြီဖြစ်၍ အူလိမ်နေလေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ယုံ့သော်....

ဆေးမိထားသူတစ်ယောက်အနေဖြင့် ဆာလောင်သည့်အ
အရာပြ၍ မဖြစ်ရကား သည်အတိုင်းပင် ငြိမ်သက်နေရသေ
သည်။

နိုင်ချစ်နော်က ဆန်ကွမ်းချီနှင့် တုတန့်ဟိုတို့အား
သောက်ရန် အမိန့်ပေးသည်။

သူမကိုယ်တိုင်လည်း မြိန်ရည်ယှက်ရည် စားသောက်သ
တန်ကွန်းမှာ ဘေးမှ ရပ်စောင့်နေရ၏။

နိုင်ချစ်နော်သည် သူတို့ကို လုံးဝမထိုင်ခိုင်းပေ။

သုံးယောက်စလုံး တဝကြီးစားသောက်ပြီးမှ ပန်းကန်
ယောက်များကို သိမ်းဆည်းရန် လက်ကို ဇွေ့ယမ်းအချက်
သူတို့စားသောက်သည့်အခန်းမှာ ဧည့်ခန်းသဘောမျိုးဖြ
နိုင်ချစ်နော်က ဆန်ကွမ်းချီ၏ပခုံးကိုပုတ်၍ ချီးကျူးသ
'ရှင့်သိုင်းပညာ သိပ်ကောင်းတယ်၊ တကယ်လို့ ရှင်
မရှိရင် ဒီနေ့အဖို့ ကျွန်လုဂိုဏ်းထဲက ထွက်ရမှာ မဟုတ်
သူမသည် တုတန့်ဟိုကိုပါ ဆက်၍ပြော၏။

'ရှင်တို့နှစ်ယောက်စလုံး ဒီအခန်းထဲမှာရှိတဲ့ ခုံတွေကိုဆ
ပြီး အိပ်ကြ'

တုထန့်ဟိုသည် ဆေးမိထားသူများ ပြုလုပ်သည့် ဟ
အတိုင်း ခုံများကို ထ၍ဆက်သည်။



ဆန်ကွမ်းချီကလည်း ထိုအတိုင်းပင် ပြုလုပ်သည်။

ထို့နောက် လှဲအိပ်လိုက်တော့၏။

ထိုအချိန်တွင် ဆန်ကွမ်းချီ မအိပ်သေးပေ။

နိုင်ချစ်နော်သည် သူမ၏အိတ်အတွင်းမှ တစ်စုံတစ်ခုကို နှိုက်
ထုတ်ပြီး ချီတုံချတုံဖြစ်နေ၏။

တုထန့်ဟိုသည် မျက်စိကိုမှေး၍ စောင့်ကြည့်နေ၏။

ထိုစဉ်မှာပင်....

နိုင်ချစ်နော်ထံမှ တီးတိုးစကားသံများ ထွက်ပေါ်လာတော့
၏။

'အင်း....သူ့ကို အဆိပ်ဖြေဆေးတော့ တိုက်ချင်ပါရဲ့၊ တိုက်
လိုက်ရင် သူဟာ ရန်သူဖြစ်သွားဦးမယ်၊ ဟင်း....မတိုက်တာဘဲ
ကောင်းပါတယ်လေ'

သူမသည် သူမနာသသဆုံးဖြတ်ကာ ဆေးလုံးကို ပြန်သိမ်း
လိုက်တော့၏။

တုထန့်ဟိုမှာ အလုံးစုံကို တွေ့မြင်ကြားသိနေရသဖြင့် စိတ်
ထဲ၌ မသက်မသာ ဖြစ်သွားရတော့သည်။

'ဆန်ကွမ်းချီတော့ ဒုက္ခပဲ၊ သူမိထားတဲ့ ဆေးရှိန်ဟာ အချိန်
ဒီလောက်ကြာကြာ တက်နေမှတော့ သူ့ခေါင်းတွေ ဘယ်ခံ
နိုင်တော့မှာလဲ'

တုထန့်ဟိုသည် ဆန်ကွမ်းချီအတွက် စိတ်ပူမိသော်လည်း
မည်သို့မျှ မတတ်နိုင်ဘဲ ရှိသည်။

နိုင်ချစ်နော်သည် ဆန်ကွမ်းချီ၏ရှေ့ ထိုင်ခုံတစ်လုံး၌ ထိုင်
ကာ မျက်နှာ စေ့စေ့ကြည့်၍ အကဲခတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုမှာမူ ခပ်ကြောင်ကြောင်ပင် ပြန်ကြည့်နေသည်။ ဆေးမပြယ်သေးကြောင်း မျက်လုံးများက သက်သေခံနေ၏။

‘ဆန်ကွမ်းချို၊ ရှင့်သိုင်းပညာဟာ သိပ်ထူးခြားတယ်၊ ဒီပညာကို ဘယ်က သင်လာသလဲ’

ဆန်ကွမ်းချိုသည် မျက်လုံးများမှိတ်ပြီး အတန်ကြာစဉ်းစားနေ၏။

သူ စဉ်းစားပုံ ကြာမြင့်လွန်းသဖြင့် နိုင်ချစ်နော်သည်ပင် စိတ်မရှည်တော့ပေ။

‘ဆန်ကွမ်းချို... ဒီပညာကို ဘယ်က သင်လာသလဲ၊ မှန်မှန်ပြောစမ်း’

ဆန်ကွမ်းချို၏မျက်လုံးများ ပွင့်လာ၏။

‘ဘုရားကျောင်း တစ်ခုထဲမှာ’

နိုင်ချစ်နော် လန့်သွား၏။

‘ဘာလဲ...ရှောင်လင်ကျောင်းလား’

ဆန်ကွမ်းချို ခေါင်းခါ၏။

‘မဟုတ်ဘူး’

‘ဒါဖြင့် ဘာကျောင်းလဲ’

‘ဘုန်းကြီးကျောင်း၊ ဘုန်းကြီးကျောင်း၊ ကျောင်းပျက်ကြီး ကျောင်းပျက်ကြီး’

‘ကျောင်းပျက်ကြီး ဟုတ်လား’

‘ဟုတ်တယ်၊ ဘုန်းကြီးတွေ တစ်ပါးမှ မရှိတော့ဘူး၊ အရိုးတွေပဲ ရှိတော့တယ်’



‘ဘာ’

‘အရိုးတွေ၊ ဘုန်းကြီးတွေရဲ့ အရိုးတွေ၊ အရိုးတွေ ထိုင်နေတယ်’

တရားထိုင်ရင်း အရိုးကျနေသည့် ကမ္မဋ္ဌာန်းရှင်များကို ဆန်ကွမ်းချိုက ပြောနေခြင်း ဖြစ်သည်။

သို့သော်...

နိုင်ချစ်နော်ကမူ ဆန်ကွမ်းချို ပေါက်ကရတွေ ပြောနေသည်ဟု ထင်မှတ်သွား၏။

နိုင်ချစ်နော် မဲ့တဲ့ပြုံးလိုက်သည်။

‘ဟဲ...ဟဲ...ရှင်လဲ ပတ်ခနဲ့လားကြို၊ ထိပ်သေးတော့’

တုယန်ပိုသည် ကမန်းကတန်း မျက်လုံးမှိတ်လိုက်ရလေ၏။

နိုင်ချစ်နော်က လှည့်ကြည့်သောကြောင့်ဖြစ်၏။

ဆန်ကွမ်းချိုသည် နှစ်လုံးဆက် ကုလားထိုင်ပေါ်၌ ချက်ချင်း အိပ်ပျော်သွားလေ၏။

နိုင်ချစ်နော် အခန်းထဲသို့ ဝင်သွားသဖြင့် တုယန်ပိုလည်း မျက်လုံးများ ဖွင့်လိုက်၏။

သို့သော် ခြေသံများ ပြန်ကြားလာရသဖြင့် မျက်လုံးကို မှေးကြည့်လိုက်ရာ နိုင်ချစ်နော်သည် စောင်ဘက်ထည် ယူလာပြီး ဆန်ကွမ်းချိုအား လွှမ်းခြုံပေးလိုက်သည်ကို တွေ့ရလေ၏။

‘အင်း...ဒီမိန်းကလေးရဲ့ မြွေခွေး ရင်ခေါင်းထဲမှာ ကြင်နာတတ်တဲ့ အသည်းနှလုံး ရောက်ရှိလာပါပကော’

ထိုစဉ်မှာပင် နိုင်ချစ်နော်သည် ဆန်ကွမ်းချို၏ မျက်နှာကို အနီးကပ် လေ့လာနေကြောင်း တွေ့ရ၏။

www.burmeseclassic.com



သူမ၏ အတွင်းအိတ်ထဲမှ ပဝါတစ်ထည်ကို နှိုက်ယူကာ မွှတ်သပ် ချေဖျက်နေ၏။

'ရော…ခက်ပြီ၊ ဒီမိန်းကလေးဟာ ဆန်ကွမ်းချီ ရုပ်ဖျက်ထားတာ တွေ့သွားပြီ၊ အင်း….တော်သေးရဲ့၊ ရုပ်ဖျက်ဆေးကို ပြန်ဖျက်နိုင်တဲ့ဆေးကို ငါက သူ့ပေးမထားပေလို့၊ ငါ့ဆေးကို မိန့်ပ်ထဲမှာ ဝှက်ထားခဲ့မိတာ ကံကောင်းတာပဲ၊ ဒီမိန်းကလေးဟာ သက်ာမကောင်းဖြစ်ပြီး ငါ့ကို ရှာချင်ရှာနိုင်တယ်'

နိုင်ချစ်နော်သည် မျက်နှာပေါ်မှ ဆေးများကို ဖျက်၍မရသေးအခါ ဆန်ကွမ်းချီ၏ တစ်ကိုယ်လုံးကို ရှာဖွေတော့၏။

မည်သည့်ပစ္စည်းမျှ မတွေ့သောအခါ တုသန်ဟိုအိပ်နေသည့်နေရာသို့ လျှောက်လာတော့၏။

တုထန်ဟိုမှာ အိပ်မောကျနေဟန် ဟန်ဆောင်နေရသည်။

သူ့ခန္ဓာကိုယ် အနှံ့အပြား လိုက်လံရှာဖွေသော်လည်း မည်သည့်ပစ္စည်းမှ မတွေ့ရသောအခါ နိုင်ချစ်နော် စိတ်ပျက်သွားသည်။

'သိပ်အံ့ဩစရာကောင်းတာပဲ၊ သူတို့ဆီမှာ ဘာသဲလွန်စမှ မတွေ့ရဘူး'

တုထန်ဟိုသည် မျက်လုံးကို အသာကလေးမှေး၍ ကြည့်လိုက်၏။

နိုင်ချစ်နော်သည် သူ့ကိုကျောခိုင်းပြီး စဉ်းစားနေကြောင်း တွေ့လိုက်ရသဖြင့် သူမ၏အကြောကို ထိုးပိတ်ပြီး ဆန်ကွမ်းချီအတွက် အဆိပ်ဖြေဆေး လုယူရန် ကြံလိုက်သည်၊



ထိုခဏမှာပင် နိုင်ချစ်နော်သည် ပြုန်းခနဲ ရှေ့သို့ထွက်သွားသဖြင့် တုထန်ဟိုမှာ သူ့အကြံအစည်ကို ထမြောက်အောင်မြင်အောင် အကောင်အထည် မဖော်လိုက်ရဘဲရှိသည်။

'ဟင်း…ဖြစ်ရလေ'

တုထန်ဟိုသည် စိတ်ထဲ၌ပင် ကျိတ်၍ သက်ပြင်းချလိုက်မိ၏။

မကြာမီ သူမသည် သူမ၏ အခန်းထဲသို့ ဝင်သွားတော့၏။

ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်သွားသည်။

ဆန်ကွမ်းချီ၏ အသက်ရှူသံသာ အခန်းထဲ၌ လွှမ်းမိုးနေသည်။

တုထန်ဟိုမှာ ပင်ပန်းနေ၏။

သို့သော် သူ အိပ်မပျော်နိုင်ဘဲ ရှိနေ၏။

သူ အိပ်ရမည်။

သို့မှသာ အင်အားများ ပြန်ပြည့်မည်။

နိုင်ချစ်နော်ဆိုသည့် ဝံပုလွေကဲ့သို့ရက်စက်သော မိန်းကလေးကလည်း သံသယကင်းမည်။

သို့သော် သူ အိပ်၍မရပေ။

ထိုအချိန်မှာပင် ခြေသံများ ကြားရသဖြင့် မျက်စိများကို ပြန်မှေးလိုက်ရသည်၊

နိုင်ချစ်နော်သည် သူမ၏ အခန်းထဲမှ ပြန်ထွက်လာခြင်းတည်း။

သူမသည် ဆန်ကွမ်းချီကို သေချာစွာ အကဲခတ်နေ၏။

သူမ၏ မျက်နှာပေါ်၌ ဆန်ကွမ်းချီအပေါ်၌ ဒုံးဖြတ်၍ ခက်သည့် အမူအရာများပေါ်နေကြောင်း တုထန်ဟိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ နိုင်ချစ်ခနော်သည် ဆန့်ကွမ်းချိုကို ခွေ့ခနဲ ပွေ့ကာ သူမ၏ အခန်းထဲသို့ သယ်ဆောင်သွားလေ၏။

အိပ်မောကျနေသည့် ဆန့်ကွမ်းချိုကား တုတ်တုတ်မျှ မလှုပ်ချေ။

တုထန့်ဟိုကား အဖိတ်ကြီး ထိတ်သွားလေပြီ။

သို့သော် သူလည်း ချက်ချင်း မလိုက်ရဲပေ။

နိုင်ချစ်နော်၏ လှုပ်ရှားမှုက မြန်ပါဘိသနဲ့။

သူ ထိုသည်နှင့် ဟိုကထွက်သလျှင် သူ ပက်ပင်းကြီး မိသွားနိုင်သည်။

ထို့ကြောင့် အဟန့်ကြာအောင် ဆိုင်းနေရသည်။

သို့တိုင် မည်သည့်အသံမျှ မကြားရသောအခါ တုထန့်ဟိုမှာ ဆန့်ကွမ်းချိုအတွက် စိတ်အပူကြီး ပူလာမိတော့၏။

သူသည် ဖြည်းညင်းစွာ ထထိုင်ပြီး ဖြည်းညင်းစွာ ထရပ်သည်။

ထို့နောက် ကိုယ်ကိုဖော့လျက် အခန်းဝ၌ ကျောကပ်ရပ်ပြီး အသံကို နားစွင့်ထောင်သည်။

မည်သည့်အသံကိုမျှ မကြားရသောအခါမှ ချောင်းကြည့်သည်။

ဆန့်ကွမ်းချိုသည် ခုတင်ပေါ်၌ အိပ်ပျော်လျက်ရှိသည်။

သူမသည် ဆန့်ကွမ်းချိုကို ကျကျနန ခေါင်းအုံးနှင့် သိပ်ထား၏။

သူမကမူ ဆံပင်များ ဖားလျားချလျက် ပြတင်းပေါက်မှ အပြင်သို့ ငေးမောနေသည်။



လေပြည် တသုန်သုန် မြူးလိုက်သောအခါ သူမ၏ ဆံပင်များ လေထဲ၌ ဝေ့ဝဲ၍သွား၏။

တုထန့်ဟိုသည် သူမ၏ မျက်နှာကို မမြင်ရချေ။

ကျောပြင်ကိုသာ မြင်နေရ၏။

'ဟင်း....'

နိုင်ချစ်နော်ထံမှ သက်ပြင်းချသံ ကြားလိုက်ရသောအခါ ထိုမိန်းကလေး၌ စိတ်ဆိုးဖြစ်ရခက်သော ပြဿနာ တစ်ခု ဝင်နေပြီဟု တုထန့်ဟို နားလည် သဘောပေါက်လိုက်သည်။

'အင်း... သူဟာ ဆန့်ကွမ်းချိုအပေါ် သဘောထားမြင့် လာတာတော့ အမှန်ပဲ။ ဒါကြောင့်မို့ ဖေဖေက အဖြေဆေးကျွေးမလို့ ကြံတာပေါ့။ နောက်ပြီး ကြင်ကြင်နာနာ သိပ်ထားပုံကလဲ....'

တုထန့်ဟို ဆက်မတွေးတော့ပေ။

ဆက်တွေးလျှင် ဤမိန်းကလေးသည် ဆန့်ကွမ်းချိုအား ရှေ့ပြီဟုသော မှတ်ချက်မျိုး ချရမည်မှာ သေချာလှတော့သည်။

ထိုစဉ် ခြေသံဖွဖွပြင်းပြင်းဖြင့် နင်းလာသံကို ကြားမိသောအခါ တုထန့်ဟို ခေါင်းနားပန်းကြီးသွားတော့သည်။

သူ နေရာ၌လည်း ပြန်မအိပ်နိုင်။

ဤနေရာ၌လည်း ဆက်လက်မရပ်နိုင်တော့ပေ။

နောက်ဆုံး ကြံရာမရတော့သဖြင့် စိတ်ကို အတည်ငြိမ်ထားကာ အခန်းထဲသို့ ခုန်ဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ခုန်ဝင်ခြင်းမှာ နိုင်ချစ်နော်လှည့်ကြည့်သည်နှင့် အံကိုက်ဖြစ်နေသည်။

နိုင်ချစ်နော်သည် တုထန်ဟိုခုန်ဝင်လာခြင်းအတွက် ဝမ်းသာသွားပုံရသည်။

ဤအချက်ကို တုထန်ဟို နားမလည် သဘောမပေါက်ပေ။

'ဆန်ကွမ်းချီကို မြန်မြန် ပွေ့ချီထားလိုက်'

တုထန်ဟိုသည် နိုင်ချစ်နော်၏ စကားအဓိပ္ပာယ်ကို တွေးတောချိန်မရဘဲ ချက်ချင်း ကောက်ယူပွေ့ချီလိုက်သည်။

ထိုအချိန်မှာပင် အခန်းဝသို့ လူတစ်ယောက် ရောက်ရှိလာပြန်လေသည်။

ထိုလူသည် အထက်အောက် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ထိုလူသည် အမူအရာအားဖြင့် ခက်ထန် ကြမ်းကြုတ်ဟန်ရှိ၏။

မည်းနက်သောမုတ်ဆိတ်မွေးများက ထိုသူအား ပို၍အရုပ်ဆိုးစေသည်။

မျက်လုံးများကမူ မီးကျီခဲလို ရဲရဲနီနေစေသည်။

သူသည် နိုင်ချစ်နော်အား တစ်ကိုယ်လုံး ဖောက်ထွင်းသွားမတတ် စူးရှသောအကြည့်ဖြင့် ကြည့်လျက်ရှိနေသည်။

နိုင်ချစ်နော်ကလည်း စူးရှခက်ထန်စွာ ပြန်ကြည့်နေသည်။



သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် နှိ
တီးသောအကြည့်၊ မသက်သာသောအကြည့်များဖြင့် ကြည့်
ကြခြင်းဖြစ်သည်။

အတန်ကြာမှ....

'သခင်မ ပင်ပန်းသွားပြီလား'

'အလံအဖွဲ့ ခေါင်းဆောင်ရော နေကောင်းရဲ့လား၊ ငါ
တို့ချင်း မတွေ့ကြတာ သုံးနှစ်လောက်ရှိပြီ မှတ်တယ်'

ထိုလူက ရယ်လိုက်သည်။

သူ့ရယ်ခြင်းက ဖြဲခြောက်သည့်ပုံစံမျိုး ဖြစ်နေ၏။

'သခင်မ....ရတနာပစ္စည်း သုံးမျိုးကို ရခဲ့ပြီးပြီပေါ့
လား'

'မတွေ့သေးပါဘူး၊ အခြေအနေအားလုံးကို ကျွန်မ
ကြီးဆီ အစီရင်ခံပြီးပါပြီ'

ထိုလူ၏မျက်လုံးအကြည့်များသည် တုထန်ဟိုနှင့် တုထ
ပွေ့ချီထားသည့် ဆန်ကွမ်းချီပေါ်သို့ ရောက်ရှိလာ၏။

'ဒီလူတွေက သခင်မ သိမ်းသွင်းထားတဲ့ လူသစ်တွေ

'ရပ်နေတဲ့လူက ဖခင်ကြီးသိမ်းသွင်းထားတဲ့လူလေ၊ သ
ထားတဲ့လူကတော့ ကျွန်မ သိမ်းသွင်းထားတဲ့လူ'

'ဂိုဏ်းချုပ်ကြီး သိမ်းသွင်းထားတဲ့လူကို ကျုပ် သိ
မတွေ့ဘူးပါလား'

'သိမ်းသွင်းတာ ကြာမှမကြာသေးဘဲ၊ ဘယ်လိုလုပ်မြ
မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'သိုင်းပညာကတော့ ထိပ်တန်းကပဲ ဖြစ်လိမ့်မယ်နဲ့တူတယ်'

'ထိပ်တန်းက ဖြစ်သလား မဖြစ်သလားတော့ မသိဘူး၊ သူက တိဗက်က ကျော်ကြားတဲ့ဘုရင်ကြီး တုထန်ဟို့ပဲ၊ ရှင် ကြားဖူးမှာပေါ့'

ထိုလူက ခေါင်းညိတ်၏။

'အင်း...မဆိုးဘူး၊ နားပည်ရှိတဲ့လူပဲ၊ ဗီသောက်ဆိုရင်တော့ ဂိုဏ်းချုပ်ကြီးရဲ့ ကိုယ်ရံတော်တပ်သားဖြစ်နိုင်လောက်ပါတယ်'

တုထန်ဟိုမှာ အောက်သက်သက် ဖြစ်သွား၏။

သိုင်းလောက၏ ထိပ်တန်း သိုင်းပညာရှင် တစ်ယောက်၏ စွမ်းရည်သည် သူတို့က ဂိုဏ်းချုပ်ကြီးဟု ခေါ်နေသည့် ကွန်လုံဝမ်၏ ကိုယ်ရံတော်ဖြစ်ရုံလောက်တင်ပဲလား။

တုထန်ဟိုသည် မခံချင်စိတ်ကို မျိုသိပ်၍ မျက်နှာမပျက်အောင်၊ သူတစ်ပါးမရိပ်မိအောင် ဆင်ဆင်ခြင်ခြင်နေရလေ၏။

ထိုစဉ် နိုင်ချစ်နော်က မေးခွန်းထုတ်သည်။

'အလံအဖွဲ့ခေါင်းဆောင်၊ ရှင့်မှာ တာဝန်တွေ ဗီလောက်များနေရက်နဲ့ ဒီကို လာချိန်ရသေးသလား'

အလံအဖွဲ့ခေါင်းဆောင်သည် နိုင်ချစ်နော်၏ မေးခွန်းကို မဖြေဘဲ ရှေ့တိုးလာပြီး ဆန်ကွမ်းချီကို အကဲခတ်သည်။

ဤအချက်က ထိုလူ၏အဆင့်အတန်းကို ပြသသည်။

ထိုလူသည် နိုင်ချစ်နော်အမိန့်ပေးစေခိုင်းသမျှလိုက်နာရမည့် ဂိုဏ်းသားမျိုး မဟုတ်ပေ။



နိုင်ချစ်နော်နှင့် တန်းတူရည်တူ သို့မဟုတ် နိုင်ချစ်နော်ထက် အဆင့်မြင့်သော ရာထူးရှိနိုင်ပေသည်။

'သူက သခင်မ သိမ်းသွင်းထားတဲ့ လူလား'

'ဟုတ်ပါတယ်၊ ကျွန်မလက်အောက်မှာပဲ တာဝန်ချထားပါတယ်၊ ဖခင်ကြီးကလဲ ခွင့်ပြုထားတယ်'

အလံအဖွဲ့ ခေါင်းဆောင်၏ ပည်းနက် ဝိန်လှုံနေသောလက်သည် ဆန်ကွမ်းချီ၏ရင်ဝသို့ စမ်းသပ်ရန် ဆန့်တန်းရောက်လာသည်။

နိုင်ချစ်နော်သည် လျှပ်ပြက်သကဲ့သို့ လှုပ်ရှားသွား၏။

သူ့ခေါင်း၌ ထိုးစိုက်ထားသည့်ဆံထိုးဖြင့် အလံအဖွဲ့ခေါင်းဆောင်၏ လက်ကောက်ဝတ် သွေးကြောကို လှမ်းထောက်သည်။

'အလံအဖွဲ့ခေါင်းဆောင်၊ ကိုယ့်ဒိတ်ကို ကိုယ်ထိန်းမှပေါ့၊ ဘာဖြစ်လို့ ကျွန်မလက်အောက်ကလူကို စမ်းသပ်ဖို့ လက်လှမ်းရသလဲ'

နိုင်ချစ်နော်၏အသံက အေးစက်သွားသည်။

ထိုလူက သူ့လက်ကို ပြန်ရုပ်သိမ်းလိုက်၏။

မီးတောက်သောမျက်လုံးဖြင့် လှမ်းကြည့်ကာ...၊

'သခင်မ...ဒီနေရာ ဘာနေရာလဲဆိုတာ သိရဲ့လား'

နိုင်ချစ်နော်က အေးစက်စက် ရယ်မောလိုက်၏။

'ရှင့်ပိုင်နက်နယ်မြေလို့ ဆိုလိုတာလား'

www.burmeseclassic.com



'ကျုပ်ဟာ ဂိုဏ်းချုပ်ကြီးရဲ့အမိန့်အရ ဒီနယ်ကို ရောက်လာခဲ့တဲ့ လူပဲ'

နိုင်ချစ်နော်သည် ကျောက်ရုပ်ကြီးကဲ့သို့ ဆန်ကွမ်းချီကိုပွေ့ချီ ရပ်နေသည့် တုထန်ဟိုအား လှမ်း၍ အမိန့်ပေးလေ၏၊

'တုထန်ဟို....သူ့ကို ခုတင်ပေါ်ချထားလိုက်၊ သူ့ဒဏ်ရာက သိပ်အရေးမကြီးပါဘူး'

ဆန်ကွမ်းချီမှာ ပင်ပန်းမှုဒဏ်၊ အဆိပ်ဆေး၏ဒဏ်ကြောင့် အနည်းငယ်မျှမလှုပ်ရှားဘဲ အိပ်မောကျနေသည်၊

တုထန်ဟိုသည် နိုင်ချစ်နော်၏ အမိန့်အတိုင်း ဆန်ကွမ်းချီကို ခုတင်ပေါ် သွားတင်ပြီး နိုင်ချစ်နော်၏ နောက်ဘက်၌ သွားရပ်နေလိုက်၏၊

စာစဉ် ၅ ပြီး၏။

(စာစဉ် ၆ ဆက်လက်ဖတ်ရှုပါရန်)

www.burmeseclassic.com